New Tiger

# နားစွန် နားဖျား ကြားမိသော...



ညကျော်ထွန်း (ရေနံ)

DESIGN LUZAWTHIT PICA MEDIA 095060260

| | | |
|---|---|---|
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၂၀၀ ကျပ် |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၁၄ ခုနှစ်၊ မတ်လ |
| အဖုံးဒီဇိုင်း | - | လူဇော်သစ် |
| ကွန်ပျူတာစာစီ | - | အနာဂတ်ကမ္ဘာ |
| အတွင်းဖလင် | - | ကိုဦး |
| ထုတ်ဝေသူ | - | ဦးအောင်အောင် (မြဲ-၀၄၆၃၉) |
| | | **နယူးတိုက်ဂါးစာပေ** |
| | | ၂၁၆၊ ကမ်းနားလမ်း၊ |
| | | ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးထင်အောင်ကျော် (မြဲ-၀၉၉၅၈) |
| | | **ရွှေပြည်ဟိန်းပုံနှိပ်တိုက်** |
| | | ၂၁၄၊ ဗိုလ်တထောင်ဈေးလမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်။ |

ညဏ်ထွန်း(ရေနံ)
နားစွန်နားဖျားကြားမိသော အင်တာနက်သတင်းများ/
ညဏ်ထွန်း(ရေနံ)။ - ရန်ကုန်။
နယူးတိုက်ဂါးစာပေ၊ ၂၀၁၄။
၂၁၈ - စာ၊ ၁၃·၅ × ၂၁ စင်တီ။
(၁) နားစွန်နားဖျားကြားမိသော အင်တာနက်သတင်းများ

# နားစွန်နားဖျားကြားမိသော အင်တာနက်သတင်းများ

ညကျော်ထွန်း(ရေနံ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆန်းကြယ် အံ့ဖွယ် စကားပြေ<br>ဓမ္မစေတီခေါင်းလောင်း | ၆ |
| ၂။ | ထူးထွေသည့် အံ့ရာသောဝ် | ၁၄ |
| ၃။ | အသိလေးပွား သတိလေးထားဖယ်လီဖုန်းစကား | ၂၀ |
| ၄။ | အကယ်၍သာ | ၂၆ |
| ၅။ | လမ်းတံတားနှင့် အန္တရာယ် | ၃၂ |
| ၆။ | ဖိမ်ခံကားများ ယာဉ်အန္တရာယ်ကင်းဝေးရေး | ၃၈ |
| ၇။ | ကားသစ် ဝယ်မည်ကြံလျှင် | ၄၄ |
| ၈။ | ဘဝနေဝင်ချိန်နှင့် သုတေသီများ | ၅၂ |
| ၉။ | အလှဆင် ရင်တုပြဿနာ | ၆၀ |
| ၁၀။ | အန္တရာယ်နှင့် သူ၏အခြေအနေများ | ၆၆ |
| ၁၁။ | မစ္စဟူစတန် (သို့မဟုတ်)<br>အနုပညာရှင်များအတွက် သင်ခန်းစာ | ၇၂ |
| ၁၂။ | တလွဲဆံပင် ကောင်းကြသူများ | ၇၈ |
| ၁၃။ | ပညာသတိ ဉာဏ်ရှိအတိုင်း ဆုံးအားပိုင်း၍ | ၈၄ |
| ၁၄။ | စာမေးပွဲနှင့် မသမာမှု | ၉၀ |
| ၁၅။ | အားလုံးကို ကျော်ဖြတ်ရမယ် | ၉၆ |
| ၁၆။ | စင်ကာပူရောက်လျှင် ထားရမည့်သတိ | ၁၀၂ |
| ၁၇။ | စာအုပ်စာပေ လူ့မိတ်ဆွေ | ၁၀၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ဈေးကြီးလာသော အင်္ဂလိပ်စာ | ၁၁၄ |
| ၁၉။ | မြန်မာ့ပညာရေးနှင့် အပြည်ပြည်ဆိုင်ရာအဆင့် | ၁၂၀ |
| ၂၀။ | သူတို့နိုင်ငံမှ ခိုးကူးခတ်ပြား ပပျောက်ရေးနည်း | ၁၂၈ |
| ၂၁။ | အကျိုးမပြု၊ အဆိုးစု၊ လူကုန်ကူးမှု | ၁၃၄ |
| ၂၂။ | အကြမ်းဖက်မှုနောက်ကွယ်၌ | ၁၄၀ |
| ၂၃။ | လမ်းပေါ်မှာ လမ်းပျောက်နေကြသူများ | ၁၄၈ |
| ၂၄။ | အလှူရှိသူတို့ရဲ့ အလှူပွဲ | ၁၅၄ |
| ၂၅။ | အတုယူစဖွယ် အထည်ချုပ်စီးပွားရေး | ၁၆၀ |
| ၂၆။ | တီထွင်ဆန်းစစ်၊ စွမ်းအင်သစ်များ | ၁၆၆ |
| ၂၇။ | ဆင်းရဲခြင်းမှ လွတ်ကင်းရန် | ၁၇၄ |
| ၂၈။ | ရှေးဟောင်းပစ္စည်းနှင့် အနုပညာပစ္စည်းများ ဝယ်မည်ကြံလျှင် | ၁၈၀ |
| ၂၉။ | အစွဲထုတ် အပေါက်မြန် ကြော်ငြာဟာန် | ၁၈၆ |
| ၃၀။ | အရှုံးဗလာ အမြတ်သေချာသည့် လုပ်ငန်းများ | ၁၉၄ |
| ၃၁။ | သဘာဝဘေးအန္တရာယ်နှင့် တိရစ္ဆာန်တို့၏ဆဋ္ဌမအာရုံ | ၂၀၂ |
| ၃၂။ | မြန်မာ့ငလျှင်နှင့် ကမ္ဘာ့အမြင် | ၂၀၈ |

## စာရေးသူ၏အမှာ

(၂၁) ရာစုသည် ပညာခေတ်ဖြစ်၏။ ပညာနှင့် ပတ်သက်၍ ပြိုင်ဆိုင်မှုများရှိလာ၏။ တစ်ဦးထက်တစ်ဦး နှာတစ်ဖျားသာအောင် ကြိုးစားကြ၏။ နည်းပညာများ ဆန်းပြားလာ၍ ဗဟုသုတဖွေရှာရန် နည်းလမ်းမျိုးစုံရှိလာပါပြီ။ ယနေ့ ခေတ်စားနေသော "အင်တာနက်" ဝက်(ဘ)ဆိုက်ကို အများစုက "သက်မဲ့ဆရာ" အဖြစ်မှတ်ယူထားရာ လက်ရှိစာပေသင်ကြားနေသော ဆရာ၊ ဆရာမများနှင့် ပေါင်းလိုက်က ကျောင်းသားတစ်ဦးအတွက် စာပေဗဟုသုတရရှိရန် အခွင့်အလမ်းပိုလာပါသည်။ သို့သော် ထိုင်နေလို့တော့ ဘာမျှဖြစ်လာမည်မဟုတ်ပါ။ "တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်" ဟူသော စကားကို လက်ကိုင်ထား၍ ကြိုးစားရပါမည်။

"အင်တာနက်" ဝက်(ဘ)ဆိုက်တွင် ဂီတ၊ "ဂိမ်း" ကစားနည်းများနှင့် ဗဟုသုတမျိုးစုံပါရှိရာ ယနေ့လူငယ်များက အင်တာနက်မှ ဂီတကို ခံစားကြ၏။ "ဂိမ်း" ကစားနည်းမျိုးစုံကို စိတ်ဝင်တစား ဆင်နွှဲသူများလည်းရှိ၏။ သို့သော် ပညာရပ်မျိုးစုံနှင့် သုတအဖုံဖုံကို

ရှာဖွေလေ့လာရန် "ဝက်(ဘ)ဆိုက်" ကိုအသုံးပြုသူကား နည်းလှ၏။ မြန်မာစာဖြင့် ရေးသားထားသော အကြောင်းအရာများထက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်ကများ၍ ဖြစ်ပါသည်။ သုတမျိုးစုံတွင် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ အလှအပ၊ အနုပညာစသော ဘာသာရပ်ပေါင်းစုံပါဝင်၏။ ယင်းတို့ကို "အင်တာနက် ကဖီး"တွင် အခကြေးငွေပေးမှ ဖတ်ခွင့်ရ၏။ သို့သော် "တစ်ပိုင်း၊ တစ်စ"သတင်းအချက်အလက်များသာ ဖြစ်နေ၏။ ပြည့်ပြည့်စုံစုံကို ဖတ်ရှုနားလည်ရန် အချိန်များစွာယူရ၏။ တစ်ခါတစ်ရံ သုတ၊ ရသ သတင်းများသည် စာရှုသူတို့ သိသင့်သိထိုက်သော အကြောင်းအရာများ ဖြစ်နေတတ်၏။ တစ်ခါတစ်ရံ စာဖတ်ပရိသတ်အချို့သည် နားစွန်နားဖျားကြားမိသော သတင်းကို အပြည့်အစုံသိရှိလိုကြ၏။ ထိုကဲ့သို့ စိတ်လှုပ်ရှားရသော သတင်းမျိုးကို ရှာဖွေ၍ ဂယနဏ ရေးသားတင်ပြရန် စာရေးသူ၌ တာဝန်ရှိသည်ဟု ခံစားမိပြီး "ဆူရာရွှေနုတ်၊ သည်းခြေဖြုတ်" ၍ တင်ဆက်အပ်ပါသည်။

စာဖတ်ရန် ပျင်းရိသောသူသည် အတတ်ပညာမရနိုင်ပါ။ သုတပညာမဲ့သူသည် ဥစ္စာမရှာနိုင်ပါ။ ငွေကြေးမပြည့်စုံက မိတ်ဆွေကောင်းမရှိ၍ ချမ်းသာခြင်းကင်းတတ်၏။ ချမ်းသာမဲ့သူသည် ကောင်းမှုပြုရန် မဖြစ်နိုင်သည့်အပြင် နိဗ္ဗာန်ကို မမျှော်မှန်းနိုင်ကြောင်း မြန်မာတို့က ခံယူထားသည်ကို အသိပေးရင်း စာများများဖတ်၍ ဘဝ၏ တိုးတက်မှုများကို ရှာကြံကြပါစို့ဟု ဆန္ဒပြုလျက် . . .။

ဆန်းကြယ် အံ့ဖွယ်စုကာပေါင်း
ဓမ္မစေတီခေါင်းလောင်း



မော်လမြိုင်မြို့၊ ကျိုက်သန်လန်ဘုရားကြီး ရင်ပြင်တော်၌ ထူးခြားသောခေါင်းလောင်းကြီး ရှိ၏။ ခေါင်းလောင်းကြီး၏ အနားကွပ်ပေါ်တွင် အောက်ဖော်ပြပါ အဓိပ္ပာယ်ပေါက်သော စာတန်းကို အင်္ဂလိပ်လို ရေးထွင်းထားခဲ့၏။

"ဤခေါင်းလောင်းတော်ကြီးကို 'ကောဇာလင်္ကာရ' မဟာထေရ်က လှူဒါန်းပါသည်။ ပိဿာချိန် (၆၀၀) ရှိသော ဤခေါင်းလောင်းတော်ကြီးကို မည်သူတစ်ဦးတစ်ယောက်မျှ မဖျက်ဆီးရန် အသိပေးပါသည်။ ဖျက်ဆီးသူသည် မဟာအဝီစိတွင် အမြဲကျရောက်ခံစားနေရပါစေ မော်လမြိုင်မြို့ ၁၈၅၅ ခု မတ်လ (၃၀) ရက်" ဟူ၏။ ထိုစဉ်က ခေါင်းလောင်းစာအဖြစ် မြန်မာလိုသာ ရေးထိုးလေ့ရှိကြရာ အင်္ဂလိပ်စာဖြင့် ရေးထိုးသည်မှာ ရှားပါးလှကြောင်း အင်္ဂလိပ်စာရေးဆရာကြီး "ဂျေ၊ ဂျော့စကော့" က မှတ်တမ်းတင်ခဲ့ပါသည်။

အင်္ဂလိပ်လိုရေးသားထားသော ခေါင်းလောင်းစာကြောင့် "ဗိုလ်ရူးတွေ"၊ "အနောက်မျှော်သူတွေ" ဟု မထင်လိုက်ပါနှင့် ထိုအချိန်က အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကြီး ပြီးခါစအချိန် ဖြစ်၏။ အင်္ဂလိပ်စစ်သားများ သောင်းကျန်းမှုကြောင့် ဘုရားစေတီပုထိုးများ ဖောက်ထွင်းခံရပြီး

ရှုးတွေ''၊ ''အနောက်မျှော်သူတွေ'' ဟု မထင်လိုက်ပါနှင့် ထိုအချိန်က အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲကြီး ပြီးခါစအချိန် ဖြစ်၏။ အင်္ဂလိပ်စစ်သားများ သောင်းကျန်းမှုကြောင့် ဘုရားစေတီပုထိုးများ ဖောက်ထွင်းခံရပြီး ဌာပနာတိုက်များ လုယက်ဖျက်ဆီးခံရချိန်ပင်။ ရွှေတိဂုံဘုရားကြီး၏ ဌာပနာတိုက်ကိုပင် ဂေါ်ရာစစ်သားများက လိုက်လံရှာဖွေနေသည့် မှတ်တမ်းများလည်း ရှိ၏။ ၁၈၅၄ ခုနှစ်တွင် အင်္ဂလိပ်တို့က စစ်အောင်နိုင်သည့် အထိမ်းအမှတ်အဖြစ် ရွှေတိဂုံကုန်းတော်ပေါ်မှ၊ စဉ့်ကူမင်း လှူဒါန်းခဲ့သော ခေါင်းလောင်းကြီးကို ဖြုတ်ယူကာ လန်ဒန်သို့ပို့ရန် သင်္ဘောပေါ်တင်ခိုက်၊ ရေထဲသို့ ကျရောက်သွားခဲ့ဖူးပါသည်။ ကျိုက်သန်လန်ဘုရားကြီးရှိ ခေါင်းလောင်းစာကို အင်္ဂလိပ်လိုရေးထိုးထားမှုကြောင့် အင်္ဂလိပ်များဖြံ့၍ ဖျားသွားသည်ထင့်၊ မထိရဲကြပါ။

ထိုခေတ်က ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ ခဲစသော ပြည်တွင်းရှိ သတ္တုစပ်များဖြင့် မြန်မာတို့သည် ခေါင်းလောင်းကြီးများကို သွန်းလုပ်လေ့ရှိ၏။ အဂ္ဂိရတ်ပညာထွန်းကားကြောင်း သိသာလှ၏။ မြန်မာတို့ ရင်းနှီးနေသောအမည်ရှင် 'ရှင်အဒ္ဓဂေါဏ' ကား အဂ္ဂိရတ်ပညာရှင်ကြီးပင်။ ဓာတုဗေဒပညာရှင်ဟု ဆိုကမမှားပါ။ ယုံချင်ယုံ မယုံချင်နေနိုင်၏။ သူ၏ ပြဒါးရှင်လုံးကြောင့် ပုဂံတစ်မြို့လုံး ချမ်းသာသွား၏။ ပုဂံတစ်မြို့တည်းတွင် 'လှည်းဝင်ရိုးသံ၊ တည်ည်' ဟူသော အဆိုအရ ဘုရားအဆူပေါင်း (၄၄၄၆၇၃၃)ဆူ ရှိခဲ့ကြောင်းပင်။ ခေါင်းလောင်းပေါင်းမည်မျှ လှူဒါန်းခဲ့သည်ကိုမူ တွက်ဆ၍ကြည့်နိုင်၏။

## စဉ့်ကူမင်းနှင့် သာယာဝတီမင်းတို့၏ ခေါင်းလောင်းတော်များ

မြန်မာ့ခေါင်းလောင်းကြီးများတွင် ရာဇဝင်မှတ်တမ်းများရှိ၏။ နိုင်ငံခြားသား၊ ခရီးသွားများကလည်း မှတ်တမ်းတင်ထား၏။ ရွှေတိဂုံရင်ပြင်

တော်ပေါ်မှ အနောက်မြောက်နှင့် အရှေ့မြောက်အရပ်ရှိ တန်ဆောင်းကြီးများ၌ ထားရှိသော စဉ့်ကူမင်း၏ခေါင်းလောင်းတော်ကြီးနှင့် သာယာဝတီမင်း၏ ခေါင်းလောင်းတော်ကြီးတို့က ထူးခြားထင်ရှား၏။ သာယာဝတီမင်းကြီးသည် အင်္ဂလိပ်လက်အောက်ရောက်နေသော ဒဂုံမြို့ရှိ ရွှေတိဂုံစေတီ တော်ကြီးအား ဖူးမြော်ကာအထိမ်းအမှတ်အဖြစ် ခေါင်းလောင်းကြီးအား လှူဒါန်းခဲ့၍ပင်။ တစ်ဖန် ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် ကြေးညို (၁၆)တန်ခန့်ဖြင့် သွန်းလုပ်ထားသော စဉ့်ကူမင်းခေါင်းလောင်းတော်ကြီးကို မူ စစ်အောင်နိုင်သည့် အထိမ်းအမှတ်အဖြစ် လန်ဒန်မြို့၌ ထားရှိရန် အင်္ဂလိပ်တို့က ရွှေတိဂုံကုန်းတော်ပေါ်မှ အခမ္ဘ သိမ်းယူခဲ့၏။ သင်္ဘောပေါ်သို့တင်စဉ် မြစ်ထဲသို့ပြုတ်ကျသွား၏။ ရွှံ့ကလည်းထူ၊ လေကလည်းထန်၊ လှိုင်းလုံးကြီးများကလည်း အဆက်မပြတ်ဝင်ရောက်နေ၍ အင်္ဂလိပ်အင်ဂျင်နီယာများ အခက်တွေ့ခဲ့၏။ အကြိမ်ကြိမ်ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ မြန်မာတို့ကား ကြိတ်မနိုင်ခဲမရ ဖြစ်ခဲ့ရ၏။ ခေါင်းလောင်းကြီးကို မြန်မာတို့က ရှာဖွေဆယ်ယူ၍ ရွှေတိဂုံစေတီတော်အား လှူဒါန်းရန် ဆန္ဒရှိကြောင်း၊ ဆရာတော်ကြီးများက အင်္ဂလိပ်မြို့စောင့်တပ်မှူးနှင့် ဆွေးနွေး၏။ 'မြန်မာတွေ ဆယ်ယူနိုင်လျှင် ကြိုက်သလိုလုပ်နိုင်ပါတယ်' ဟု ပြက်ရယ်ပြုသည့်သဘောဖြင့် ပြန်ကြား၏။ မြန်မာတို့၏စည်းလုံးညီညာစွာ ကြိုးစားမှုကြောင့် ခေါင်းလောင်းကြီးကို ပြန်လည်ရရှိ၏။ အင်္ဂလိပ်အင်ဂျင်နီယာများ မြန်မာတို့ကို အထင်မသေးရဲတော့။ စေတီတော်ကြီး၏ တန်ခိုးတော်ကို အင်္ဂလိပ်တို့ မျက်မြင်တွေ့ရခြင်းပင်။ မြေငလျင်ကြီး ရှစ်ကြိမ်နှင့် ၁၉၃၁ခုနှစ်တွင် ရင်ပြင်တော်၌ မီးအကြီးအကျယ်လောင်ခဲ့ဖူးသော်လည်း အပျက်အစီးမများလှပါ။ အင်္ဂလိပ်ဘုရင်ခံ 'ဆာဟူးဘာတ်ရန့်(စ)'က ပင် ဧည့်သည်တော်မှတ်တမ်း၌ 'စေတီကြီးကို ဖူးမြင်ရ၍ ကိုယ်စိတ်နှလုံး ချမ်းမြေ့ရပါသည်။ ကမ္ဘာတည်သရွေ့ တည်မြဲပါစေ' ဟု ရေးထိုးခဲ့၏။

## ဓမ္မစေတီမင်းကြီး၏ ခေါင်းလောင်းတော်

သက်တမ်းအရင့်ဆုံးနှင့် အရွယ်အစားအကြီးဆုံး ခေါင်းလောင်းတော်ကြီးကို ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်းကြီးက ရွှေတိဂုံစေတီအား လှူဒါန်းခဲ့၏။ မင်းကြီး၏လက်ထက်တွင် စစ်မက်ကင်း၍ သာယာဝပြော၏။ ဘဏ္ဍာတိုက်တွင် ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံ၊ ခဲ စသော သတ္တုများကလည်း အလျှံပယ်ပင်။ သို့မို့ကြောင့် ယောက္ခမတော် ရှင်စောပု ဘုရင်မကြီး အာရုံပြုရာ ရွှေတိဂုံစေတီတော်တွင် တန်(၂၇၀)ခန့် ရှိသော ခေါင်းလောင်းတော်ကြီးကို ခရစ်နှစ် ၁၄၇၆ခုနှစ်တွင် လှူဒါန်းခဲ့ခြင်းပင်။ အဆိုအရ ဓမ္မစေတီမင်းကြီးကား ရဟန်းလူထွက်ဖြစ်၍ 'အင်းအိုင်လက်ဖွဲ့စမ' စသည်တို့ကို လိုက်စားတတ်မြောက်၏။ ခေါင်းလောင်းတော်ကြီးကို အနှောင့်အယှက်ကင်းအောင် အင်းများချ၍ စမများ ရေးသွင်းကာ ပြုဆောင်ထားပေမည်။ ပဲခူးမြို့ရှိ ရွှေမော်ဓောစေတီတော်ကြီး၌ ဓမ္မစေတီမင်းကြီး လှူဒါန်းထားသော ခေါင်းလောင်းကြီး၌ စမများ ရေးသွင်းထားသည်ကို ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။

၁၆၀၈ခုနှစ်တွင် သန်လျင်စား ပေါ်တူဂီလူမျိုး 'ဖီးလစ်ဒီဘရစ်တို' (ငဇင်ကာ)က လက်နက်ခဲယမ်းနှင့် အမြောက်ကြီးများပြုလုပ်ရန် ရွှေတိဂုံစေတီတော်ရှိ ဓမ္မစေတီခေါင်းလောင်းတော်ကြီးကို လုယက်ယူငင်သွား၏။ သင်္ဘောဖြင့် သယ်ယူစဉ် သင်္ဘောဝမ်းဗိုက်ကွဲ၍ ခေါင်းလောင်းကြီး ရေထဲသို့ ကျရောက်သွား၏။ ရှေးလူကြီးများ၏ ပြောကြားချက်အရ ခေါင်းလောင်းကြီးသည် ပဲခူးမြစ်၊ ရန်ကုန်မြစ်နှင့် ပုဇွန်တောင်ချောင်းစသော မြစ်သုံးဆိုင်တွင် ကျသွားပြီး ရေကျသောအခါ ခေါင်းလောင်းကြီးသည် ပုဇွန်တုပ်ကွေးသဏ္ဌာန် ထောင်လျက်ပေါ်နေလေ့ရှိကြောင်း သိရ၏။ ယခုနှစ်ပေါင်း (၄၀၀)ကျော်ပါပြီ။ ခေါင်းလောင်းကြီးကို မကြာခဏရှာဖွေခဲ့သော်လည်း နေရာအတိအကျကိုပင် မပြောနိုင်သေးပါ။ ခေါင်းလောင်း

ကြီးကို နုန်းမြေများက အထပ်ထပ်ဖုံးအုပ်သွား၍လည်း ဖြစ်နိုင်ပါသည်။ သေချာသည်မှာ တန်(၂၇၀)ခန့် လေးသော ခေါင်းလောင်းကြီးသည် ရေစီးဖြင့် ပင်လယ်ထဲသို့ မျောပါရန်ကား မဖြစ်နိုင်ပါ။ ၁၉၉၇ ခုနှစ်တွင် အမေရိကန် ရေငုပ်ပညာရှင် 'JIM BLUNT' က အဆိုပါ ခေါင်းလောင်းကြီးကို သာကေတ ရှုခင်းသာပန်းခြံ၏ ကမ်းနားစပ်တွင် တွေ့ရှိကြောင်း၊ နုန်းမြေများ အဆမတန်ဖုံးအုပ်လျက်ရှိကြောင်း သက်ဆိုင်ရာသို့ အသိပေးခဲ့၏။ သို့သော် (၁၅)နှစ်တိုင် ဆယ်ယူနိုင်ခြင်း မရှိသေးသည်ကလည်း ထူးခြားမှုတစ်ခုပင်။

စင်ကာပူနိုင်ငံသား စေတနာရှင် MR.DEAN LIMဆိုသူ S.D MARK INTERNATIONAL LLPကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်နှင့် မိတ်ဆွေ CAPTAIN MIKE ခေါ် ကပ္ပတိန် မိုက်ကယ် 'မိုက်(ခ)' ဟင်ချာ' တို့သည် ဩဂုတ်လအတွင်း အဆိုပါခေါင်းလောင်းကြီးကို ဆယ်ယူရန် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် လာရောက်ညှိနှိုင်းမည်ဖြစ်၏။ မစ္စတာလင်း(မ)သည် လတ်တလော အမေရိကန်ဒေါ်လာ (၁၀)သန်း မတည်ပေးပြီး၊ ခေါင်းလောင်းကြီး ဆယ်ယူရရှိသည်အထိ လိုအပ်မည့်ငွေကြေးကို စိုက်ထုတ်ပေးမည်ဖြစ်၏။ ကပ္ပတိန် 'မိုက်' ကား ရှေးဟောင်းသင်္ဘောပျက်များကို ရှာဖွေဖော်ထုတ်ပေးသော ရေငုပ်ပညာရှင် ဖြစ်ပါသည်။ မစ္စတာ 'လင်း(မ)' ၏ ဆန္ဒမှာ ခေါင်းလောင်းတော်ကြီးဖြင့် ရွှေတိဂုံစေတီတော်ကြီးအား ပြန်လည် ပူဇော်နိုင်ရေးပင်။ သာဓုအနုမောဒနာ ခေါ်ဆိုထိုက်လှပါသည်။ ကပ္ပတိန် 'မိုက်' ကမူ ရွှေတိဂုံကုန်းတော်ပေါ်တွင် ခေါင်းလောင်းကြီးပြန်လည်ရောက်ရှိရန် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှထုတ်၍ ဆောင်ရွက်ရန် ဆန္ဒရှိ၏။ ခေါင်းလောင်းကြီးဆယ်ယူသည့်ဖြစ်စဉ်ကို စာတစ်စောင်ပေတစ်ဖွဲ့ဖြင့်ရေးသားရန်လည်း ဆန္ဒရှိ၏။ သူ၏မှတ်တမ်းစာအုပ်များကား နာမည်ကျော်ကြား လူကြိုက်များ၏။ ခေါင်းလောင်းကြီးနှင့် ပတ်သက်၍


'ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်၊ ပေါ်ချိန်တန်ပေါ်' ဟူသော သက်ကြီးစကားကိုလည်း ကြားဖူး၏။

အကယ်၍ 'မေ့စေတီခေါင်းလောင်းတော်' ကြီးကိုသာ ဆယ်ယူရရှိလျှင် ယနေ့ ကမ္ဘာပေါ်၌ အကြီးဆုံးဟု သတ်မှတ်ထားသော ရုရှနိုင်ငံ၊ မော်စကိုမြို့ရှိ 'GREAT MONARCH' ဆိုသော ခေါင်းလောင်းကြီးသည် 'ဒုတိယ' နေရာသို့ ရောက်ရှိသွားမည်ပင်။ နှစ်ပေါင်း (၄၀၀)ကျော်ခန့် ရေအောက်၌ ထူးခြားဆန်းကြယ်စွာ ခိုနားနေသော ခေါင်းလောင်းကြီးကို မကြာမီ ဆယ်ယူရရှိ၍ ရွှေတိဂုံစေတီတော်ကြီး၌ ပူဇော်ထားသည်ကို မြန်မာတိုင်းမြင်လိုကြ၏။ ဆုတောင်းတိုင်းပြည့်ကြပါစေသောဝ်။

REF : THE BURMAN BY SHWAY YO.(ii) THE SINGUMIN BELL OF BURMA BY HAROLD LUCUS. (iii) FOLK ELEMENTS IN BURMESE BUDDHISM BY DR. HTIN AUNG. (iv) THE N.L.M DT(3.8.2012). (v) ၂၉·၇·၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ


10'
15'
20'
25'
RANGOON
Pegu R.
Syriam Pt
Pagoda 312
Middle Pt
Da Silva North Pt
E
G
U
T
H
A
Kyaukkan
Elephant Pt
Bassein Creek
China Bakir Flats

# ထူးထွေသည့် အံ့ရာသော၆



ယခုတင်ပြမည့်ဖြစ်ရပ်များသည် ယုံကြည်ရန်ခက်ခဲ၏။ ကျိုးကြောင်းဆင်ခြင်၍ မရနိုင်သော်လည်း အမှန်တကယ်ဖြစ်နေ၍ ယုံရမည်ပင်။ မြတ်ဗုဒ္ဓကလည်း 'ကာလာမသုတ္တ' ဒေသနာတွင် 'သတင်းစကားကြားရုံ၊ မိဘဘိုးဘွားလူပြောများသည့် ထုံးတမ်းစဉ်လာဖြစ်ရုံ၊ ရှေးသူဟောင်းတို့ ရေးသားခဲ့သည့် ကျမ်းကြီးကျမ်းခိုင်များဖြစ်ရုံ၊ ကိုးကွယ်ဆည်းကပ်သောဆရာသမား၊ လူကြီးသူမများဖြစ်ရုံဖြင့် မိန့်ကြားချက်များကို ယုံကြည်လက်ခံမှုမပြုလေနှင့်။ မိမိကိုယ်တိုင် အသေအချာ ကြည့်ရှုလေ့လာသုံးသပ်ပြီးမှ ယင်းကိစ္စကို ယုံကြည်ပါလေ'ဟု မြွက်ကြားခဲ့ပါသည်။ ထို့ပြင် ဤကမ္ဘာကြီးတွင် (Miracle) 'အံ့ဖွယ်ပြာဋိဟာ' ဆိုသည်မှာ သဘာဝတရားနှင့် ဆန့်ကျင်နေ၍ ယုံရခက်ခက်ပင်။ သို့သော် လက်တွေ့ဖြစ်နေ၍ မယုံ၍မရပါ။

ခရစ်ယာန်သာသနာပိုင်၊ ပုတ်ရဟန်းမင်းကြီး (Pope Benedict XVI) 'ဘဲနဒစ်(၁၆)'သည် ဂျာမန်ဇာတိဖြစ်၏။ ရိုမန် ကက်သလစ် ဘုရားကျောင်းတော်ကြီး၏ ၂၅၆ ပါးမြောက် ရဟန်းမင်းကြီးဖြစ်၏။ ယခု သက်တော် ၈၅ နှစ်ရှိပြီဖြစ်၍ ကျန်းမာရေးမကောင်းပါ။ သာသနာရေးကိစ္စများကို စွမ်းစွမ်းတမံမလုပ်နိုင်တော့ပါ။ သူသည် ရဟန်း

မင်းကြီးအဖြစ် ရှစ်နှစ်ခန့် တာဝန်ထမ်းခဲ့သူဖြစ်၏။ ပုတ်ရဟန်းမင်းကြီး 'ဂျွန်ပေါ်(လ)-၂'၏ အရိုက်အရာကို ဆက်ဆံခဲ့သော ရဟန်းမင်းကြီးသည် သူနုတ်ထွက်မည့်အကြောင်းကို ရောမရှိ ထိပ်တန်းဘာသာရေးခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား အကျေအလည်ဆွေးနွေးခဲ့၏။ ထို့နောက် အရေးပေါ်သတင်းစာရှင်းလင်းပွဲကို ၁၁.၂.၂၀၁၃ ရက်နေ့က ပြုလုပ်၍ ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ နှစ်ပေါင်း ၆၀၀ အတွင်း ရာထူးတာဝန်ကို မိမိဆန္ဒအလျောက်စွန့်လွှတ်သည့် ပထမဦးဆုံးသော ပုတ်ရဟန်းမင်းကြီးဖြစ်၏။ ရဟန်းမင်းကြီး၏ နုတ်ထွက်စာအရ ၂၈.၂.၂၀၁၃ ရက် နံနက် ၈ နာရီတွင် တာဝန်မှ အနားယူမည်ဖြစ်ပါသည်။ ယင်းနေ့တွင် အထူးသီးသန့်ဆွေးနွေး၍ နောင်ဆက်ဆံမည့် ပုတ်ရဟန်းမင်းကြီးကို ရွေးချယ်တင်မြှောက်ရန် စီစဉ်ထား၏။

ပုတ်ရဟန်းမင်းကြီး အနားယူတော့မည့် သတင်းကို ရောမမြို့သူမြို့သားများ မမျှော်လင့်ဘဲ ကြားလိုက်ရ၍ အလွန်စိတ်လှုပ်ရှားနေကြကြောင်း သိရသည်။ အီတလီဝန်ကြီးချုပ် 'မာရီယိုမွန်တီ' ကလည်း အလွန်စိတ်မကောင်းဖြစ်ရကြောင်း ထုတ်ဖော်ပြောကြားပါသည်။ ရဟန်းမင်းကြီးသည် ကျန်းမာရေးအခြေအနေကြောင့် တာဝန်မှ သူ၏ဆန္ဒအလျောက် အနားယူတော့မည့်သတင်းကို ထုတ်ပြန်ပြီး ယင်းနေ့ညနေပိုင်းတွင် တစ်မိုးလုံးမှိုင်းညို့လာပြီး မိုးမှောင်ကြီးကျလာခဲ့၏။ ရဟန်းမင်းကြီး သီတင်းသုံးတော်မူရာ 'စိန့်ပီတာ' ခရစ်ယာန်ဘုရားရှိခိုးကျောင်းတော်ကြီးဝန်းကျင်တွင် လျှပ်ပန်းလျှပ်နွယ်များ လက်လက်ထပြီး မိုးကြိုးများ အကြိမ်ကြိမ်ပစ်ချခဲ့ကြောင်းကို Stephanie Boyd ဆိုသောပုဂ္ဂိုလ်က ၁၃.၂.၂၀၁၃ ရက်နေ့က သတင်းပေးပို့ထားပြီး ဗီဒီယိုမှတ်တမ်းကိုလည်း အင်တာနက်တွင် တင်ထားပါ

သည်။ မိုးမှောင်ကျနေ၍ မိုးကြိုးပစ်ချိန်၊ လျှပ်လက်ချိန်များတွင်သာ စိန့်ပီတာဘုရားကျောင်းတော်ကြီး၏ အရိပ်မည်းကြီးကို မြင်တွေ့ရပါသည်။

ထိုစဉ်က စိန့်ပီတာဘုရားကျောင်းပရိဝုဏ်တွင် ဘုရားကျောင်းသို့ လာရောက်သူ၊ ပန်းခြံထဲ၌ အနားယူနေသူ အများအပြားရှိနေ၏။ ယင်းထူးခြားသော အဖြစ်အပျက်ကို ပြက်ပြက်ထင်ထင်မြင်တွေ့ကြ၍ ကြောက်လန့်တကြားပြေးလွှားခဲ့ကြကြောင်း သတင်းတွင်ဖော်ပြထားပါသည်။ ယင်းဘုရားကျောင်းသည် ဗာတီကန်မြို့တော်၏ ကျက်သရေဆောင် စိန့်ပီတာဘုရားကျောင်းဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်က တည်ဆောက်ထားပြီး ပုတ်ရဟန်းမင်း အဆက်ဆက်တို့၏ ဘာသာရေးပွဲတော်များ ကျင်းပရာ သာသနိက အဆောက်အအုံကြီး တစ်ခုဖြစ်ပါသည်။ ရှေးဟောင်းအနုလက်ရာများဖြင့် ထုံမွမ်းထားသော ရပ်ဝန်းတစ်ခုဟုလည်း ခေါ်ဆိုနိုင်ပါသည်။

၁၆.၂.၂၀၁၃ ရက်နေ့ကလည်း ရောမမြို့၏ အရှေ့တောင်အရပ်ရှိနယ်မြေတွင် ၄.၈ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်သွားကြောင်း၊ အီတလီနိုင်ငံရှိ National Institute of Geophysics And Vulcanology ဌာနကြီးက ထုတ်ပြန်ခဲ့ပါသည်။ အပျက်အစီးမည်၍ မည်မျှရှိသည်ကို ထုတ်ဖော်ကြေညာခြင်းမပြုပါ။ မြေငလျင်လှုပ်မှုကို ရောမမြို့တော်နှင့် နေပယ်မြို့ကြီးများမှပင် သိရှိခံစားရကြောင်း ဆိုပါသည်။ သဘာဝတရားကပင် ပုတ်ရဟန်းမင်းကြီး၏ တာဝန်မှ အနားယူတော့မည့် ဆန္ဒကို အတိအလင်းငြင်းဆိုနေသလောဟုလည်း သို့လော သို့လော ခံစားတွေးထင်နေကြပါသည်။

တစ်ဖန် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်ဘုရား၊ ပင်မတန်ဆောင်းတော်ကြီးထဲတွင် ဗုဒ္ဓ၏မြတ်စွယ်တော် အစစ်အမှန်ဖြစ်

ကြောင်း စာတန်းကို မှန်ပေါင်သွင်း၍ ပူဇော်ထားသည်မှာ ဝမ်းသာကြည်နူးစဖွယ်ဖြစ်ပါသည်။

'သိပ္ပံပညာရှင်များက ဗုဒ္ဓ၏ စွယ်တော်မြတ်ကို သိပ္ပံနည်းကျ စစ်ဆေးကြခြင်း' ဟူသော အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် သတင်းတစ်ပုဒ်ကို ၂.၈.၂၀၀၂ ရက်နေ့ထုတ် 'မြန်မာနယူး(စ)ဝိ(ခ)' ဂျာနယ်အချပ်ပို (ဘီ) တွင် တွေ့ရှိရပေရာ ဗဟုသုတအသစ်တစ်ရပ်အဖြစ် မှတ်သားရပါသည်။ အနောက်တိုင်း သိပ္ပံပညာရှင်များက နှစ်ပေါင်း ၂၆၀၀ ကျော်သက်တမ်းရှိပြီဖြစ်သည့် ဗုဒ္ဓ၏စွယ်တော် (သွားတော်)အပေါ် သို့လော သို့လော သံသယမျက်လုံးများဖြင့် ကြည့်ခဲ့ကြကြောင်း။

အနောက်နိုင်ငံသား သိပ္ပံပညာရှင်တို့က ထိုစွယ်တော်မြတ်ကို (Genetic Engineering) 'မျိုးဗီဇ အင်ဂျင်နီယာနည်းပညာစနစ်' ဖြင့် ဆန်းစစ်လိုကြောင်း တရုတ်အစိုးရထံ အကြိမ်ကြိမ်တောင်းဆိုခဲ့ဖူး၏။ နောက်ဆုံးတွင် တရုတ်အစိုးရက မြတ်ဗုဒ္ဓစွယ်တော်နှင့် ပတ်သက်၍ သိပ္ပံပညာရှင်တို့၏ မမှန်မကန် သုံးသပ်ပြောဆိုမည့်အရေးကိုမြင်၍ အလျှော့ပေးခွင့်ပြုခဲ့၏။ သိပ္ပံပညာရှင်များ၏ စမ်းသပ်တွေ့ရှိချက်မှာ-

(၁) ယင်းသွားတော်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့်က သွားတော်ဆိုသည်မှာ မှန်ကန်ကြောင်း။

(၂) လူသားတစ်ဦး၏ 'သွား' ဆိုသည်မှာလည်း မှန်ကန်ကြောင်း။

(၃) ယင်းသွားတော်ထဲ၌ပါရှိသော DNA (Deoxyribo Nucleic Acid) ကား သာမန်လူသားတစ်ဦး၏ DNA နှင့်မတူဘဲ (Supreme Lord) အတုမရှိသော အရှင်သခင်တစ်ဦးအဖြစ် ကောက်ချက်ချနိုင်ကြောင်း ဖော်ပြထားရာ ကျွန်ုပ်တို့ ထေရဝါဒဗုဒ္ဓဘာသာ၊ သာသနာ့နွယ်ဝင်သူတော်စင်များ

အနေဖြင့် ဝမ်းမြောက်ခြင်း၊ ကြည်နူးခြင်း၊ ကြည်ညိုခြင်း ဆတက်ထမ်းပိုးတိုး၍ ယုံကြည်မြတ်နိုးဖြစ်ရပါကြောင်း တင်ပြအပ်ပါသည်။

(မှတ်ချက် - DNA ဆိုသည်မှာ သက်ရှိဘဝအတွက် အခြေခံဒြပ်ဝတ္ထုဖြစ်ပါသည်) သာသနာ့အလင်းဂျာနယ်၊ အတွဲ (၂)၊ အမှတ် (၁၇)

'ဦးအောင်ကြီး၊ ဒေါ်နန်းတိုးတိုးရွှေ၊ သားမောင်တင်ထွန်းအောင်တို့မှ ဒါနပြုပါသည်' ဟူ၏။ ဤကား ကောင်းမှုမြတ်နိုးကောင်းအောင်ကြိုးစားခြင်းဖြစ်၍ အလှူရှင်တို့၏ လုပ်ရပ်ကို သာဓုခေါ်ထိုက်လှပါဘိ။ ယင်းအသိကြောင့် ဘုရားမဲ့ဝါဒီများ၊ ယုံမှားသံသယရှိသူများကား သူတို့၏စိတ်သန္တာန်တွင် ကိန်းအောင်းနေသော မတင်မကျဖြစ်နေမှုများ ရှင်းလင်းသွားနိုင်လောက်၏။ ဗုဒ္ဓဓမ္မကိုလက်ခံသော ယနေ့ မြန်မာခေတ်ပညာတတ်အချို့ပင် ဘုရားရှင်၏ သုတ္တန်ဒေသနာတော်များကို အစစ်အမှန်မှ ဟုတ်ရဲ့လားဟု သံသယဖြစ်နေသူများရှိနေ၍ပင်။

REF : LIGHTNING STRIKES DOME OF ST. PETER'S CATHEDRAL AFTER POPE RESIGNATION BY STEPHANIE BOYD. ရွှေဘုန်းပွင့် ပင်မတန်ဆောင်းမှ မှန်ပေါင်သွင်းစာတန်း။

# အသိလေးမှား သတိလေးထား
# တယ်လီဖုန်းစကား



သမ္မတကြီးဦးသိန်းစိန်သည် သူတို့အစိုးရတာဝန်ယူချိန်မှစ၍ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် နည်းမျိုးစုံဖြင့်ကြိုးစားနေကြောင်း သိရပါသည်။ သမ္မတကြီးအပြင် ဆက်သွယ်ရေးဝန်ကြီးဟောင်းနှင့် ယခင် စီမံကိန်းဝန်ကြီးဟောင်းတို့ကလည်း ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံလူဦးရေ၏ ၅၀%ခန့် လက်ကိုင်ဖုန်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း အာမခံထားကြပါသည်။ ယနေ့ ကမ္ဘောဒီးယားတွင် လူဦးရေ၏ ၇၀%၊ လာအိုတွင် ၈၀%နှင့် ထိုင်းနိုင်ငံတွင် ၁၀၀%ခန့် လက်ကိုင်ဖုန်းကို အသုံးပြုနေကြပါပြီ။ ယခု ဆက်သွယ်ရေးဌာနမှ နိုင်ငံခြားမှရင်းနှီးမြှုပ်နှံမှုအတွက် ကုမ္ပဏီ(၂)ခုကို ပဏာမ လုပ်ခွင့်ပြုမည့်အကြောင်း ကြေညာချိန်တွင် ကမ္ဘာ့အရပ်ရပ်မှ နာမည်ကျော်တယ်လီဖုန်းကုမ္ပဏီ ၉၀%ခန့်က ကူညီမည်ဖြစ်ကြောင်း ကမ်းလှမ်းလာပါသည်။ သို့မို့ကြောင့် လိုအပ်သည့် ဥပဒေဆိုင်ရာ ကိစ္စအဝဝကို လျင်မြန်စွာပြဋ္ဌာန်းပေးနိုင်လျှင် လာမည့်ဧပြီလဆန်းတွင် ပြည်သူအများ လက်လှမ်းမီနိုင်မည့်ဈေးနှုန်းဖြင့် မိုဘိုင်း(လ)ဖုန်း "ဆင်း(မ)ကဒ်" များကို ရောင်းချပေးနိုင်မည်ဖြစ်ကြောင်း သိရပါသည်။

ဆောင်သင့်တာဆောင်၊ ရှောင်သင့်တာရှောင်

တစ်ဆူသော ဘုရားကုန်းတော်ပေါ်ရှိ တန်ဆောင်းထဲမှ မြင်ကွင်းဖြစ်၏။ ဗုဒ္ဓရုပ်ပွားတော်များရှေ့တွင် ဘုရားအာရုံပြုသူများ ပုတီး စိပ်သူများ ရှိနေ၏။ ထို့ပြင် အလှူခံပုံးများ၏ရှေ့၌ "ကိုတ် ဆိတ်စွာ ဝတ်ပြုခြင်းဖြင့် ကုသိုလ်ယူပါ" ဟူသော စာတန်းလည်း ရှိနေ၏။ ထိုစဉ် တီ ... တီ... တီ ...

တန်ဆောင်းထဲရှိ အမျိုးသမီးတစ်ဦးသည် ဘုရားအာရုံပြုခြင်း ကို ခေတ္တရပ်နား၍ သူမ၏လက်ကိုင်အိတ်ထဲမှ ဖုန်းကိုမွှေနှောက်ရှာဖွေ ကာ ဖုန်းကိုဖွင့်၍ စကားစတင်ပြောဘော့၏။

"ဟယ်လို၊ ငါပါ။ အေး . . . အေး။ ထမင်းစား ပြီးပြီလား။ ဘာဟင်းနဲ့ စားသလဲ။ ဝက်သားတုတ်ထိုး သိပ်မစားနဲ့နော်။ အဆီတွေ တက်လာလို့ ဝပြဲလာရင် ကိုယ့်ကိုကြိုက်မယ့်သူမရှိဖြစ်နေဦးမယ်။ အေး ဒါပါပဲ။ ငါနောက်တစ်နာရီလောက်ဆို (...) ဘုရားကို ရောက်မယ်။ အဲဒီတော့မှ ဖုန်းထပ်ဆက်လိုက်နော်။ ဘိုင့် ဘိုင်" ဟူ၏။ ဘုရားအာရုံပြုသူ၊ စိပ်ပုတီးစိပ်သူများကား အာရုံပျက်တော့၏။ သူမ ကမူ ကစားစရာအသစ်ရသော ကလေးတစ်ဦးလို ဖုန်းကိုင်၍ စကား ပြောနေသည်မှာ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်အတိုင်းပင်။ "တိတ်ဆိတ် စွာ ဝတ်ပြုခြင်းဖြင့် ကုသိုလ်ယူပါ" ဟူသော စာတန်းကို လည်း ဂရုမစိုက်အားပါ။ စည်းကမ်းဆိုတာ လူ၏တန်ဖိုးဆိုသည်ကိုမူ ကြားဖူးဟန်ပင်မတူ။ ခရစ်ယာန်များက တနင်္ဂနွေနေ့တိုင်း ဘုရား ကျောင်း တက်လေ့ရှိ၏။ မွတ်စလင်တို့ကား သောကြာနေ့တိုင်း ဗလီ တက်လေ့ရှိ၏။ ဤသည်ကား သူတို့၏ ဘာသာရေးတာဝန်ဖြစ်၏။ ဗုဒ္ဓဘာသာဝင်များကား လွတ်လပ်၏။ အဖိတ်နေ့လည်း ကျောင်းကန် ဘုရားသို့ သွားသူနည်း၏။ ဥပုသ်နေ့တွင် ဘုရားကျောင်းကန်သို့

သွားရောက်ကြည့်ညိုရမည်ဟု ပြောဟောထားသော်လည်း ဘုရားမရောက်၍ မည်သူကမျှ ထိုသူအား ပြစ်တင်ရှုတ်ချခြင်းမရှိပါ။ ထို့ပြင် ခရစ်ယာန်နှင့် မွတ်စလင်များကား သူတို့ဝတ်ပြုရာနေရာတွင် အရေမရ၊ အဖတ်မရ၊ တယ်လီဖုန်းပြောမည်ဆိုက လက်ခံမည်မဟုတ်ပါ။ သူတို့က သူတို့ဘုရားကို ရိုသေ၏။ ဗုဒ္ဓဘာသာဝင်များကလည်း မြတ်ဗုဒ္ဓကို ရိုသေမှသာ ဘာသာမျိုးခြားများက လေးစားမည်ဆိုသည်ကို မမေ့အပ်ပါ။ သို့မို့ကြောင့် ဘုရားကုန်းတော်၊ တန်ဆောင်းများတွင် တယ်လီဖုန်းဖြင့် မဟုတ်မဟတ်လုပ်ဇာတ်တွေ မခင်းကြဖို့ မေတ္တာရပ်ခံပါရစေ။ အလေးထား စဉ်းစားသင့်သည့် ကိစ္စပါ။

တစ်ဖန် လက်ကိုင်ဖုန်းဆိုသည်ကား အလွန်သေးငယ်သော်လည်း မသုံးတတ်က အဆင့်မြင့်ရန်သူ ဖြစ်သွားနိုင်၏။ ဓာတ်ဆီဆိုင်များ၊ ဓာတ်ဆီ သိုလှောင်ကန်များ၊ ဖောက်ခွဲရေးလုပ်ငန်းများ၊ ဆေးရုံများ၊ ဓာတုဗေဒ စက်ရုံများအနီးတွင် ဖုန်းဖြင့်ခေါ်ဆို အသုံးပြုခြင်းလုံးဝမလုပ်ရဟု သတိပေး နှိုးဆော်ထားလေ့ရှိပါသည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင်မူ မော်တော်ယာဉ်မောင်းနှင်စဉ် လက်ကိုင်ဖုန်းပြောခြင်းမပြုရဟု အမိန့်ထုတ်ထား၏။ ဖမ်းမိက ငွေဒဏ်၊ သို့မဟုတ် ထောင်ဒဏ်ခံရ၏။ အချို့နိုင်ငံများတွင် နားကြပ်ဖြင့် ဆက်သွယ်ပြောဆိုနိုင်ကြောင်းသိရ၏။ ၁၉၉၉ ခုနှစ်က မလေးရှားနိုင်ငံတွင် "ပါဂျရို" ကားကြီး မြစ်အတွင်းသို့ ထိုးကျသွားရသည်မှာ လက်ကိုင်ဖုန်းသံကြား၍ နားကြပ်ကိုခေါင်းငုံ့ရှာစဉ် ကားအရှိန်မထိန်းနိုင်ဘဲ ဖြစ်သွားရခြင်းပင်။ ယင်း ကိစ္စမျိုးမဖြစ်ရန် "ကနေဒါ" နိုင်ငံရှိ Aegis Mobility ကုမ္ပဏီမှ Drive Assist ဆိုသော "ဆော့(ဖ)ဝဲ" တစ်ခုကို ဖန်တီးထား၏။ မြီးကောင်ပေါက်များ ကားမောင်းစဉ် အခြားတစ်ဖက်မှ ဖုန်းခေါ်ခြင်းနှင့် သတင်းပို့ခြင်းတို့ကို မကြားရအောင်

ပြုဆောင်သည့် ပစ္စည်းတစ်မျိုးပါ။ ကိုယ်ရေးအတွင်းရေးမှူးပမာ တစ်ဖက်မှဖုန်းပြောသူအား လတ်တလော ကားမောင်းနေ၍ မအား သေးကြောင်း၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်ကို ပြန်ဆက်သွယ် မည့်အကြောင်း ယဉ်ကျေးစွာ ခွန်းတုံ့ပြန်လေ့ရှိ၏။ ထို့ပြင် GPS မှတစ်ဆင့် ယင်းကားရပ်နားချိန်ကိုသိနိုင်ပြီး ဖုန်းဖြင့် ဆက်သွယ်နိုင်၏။ အလွန့်အလွန် အရေးကြီးက အရေးပေါ် "လျှို့ဝှက်သင်္ကေတ" ကို သုံး၍ ဆက်သွယ်နိုင်၏။ Drive Assist ဆော့(ဖ)ဝဲကို လစဉ်ကြေးဖြင့် ဖုန်းကုမ္ပဏီများအား ငှားရမ်းလေ့ရှိပါသည်။

တစ်ခါတစ်ရံ ကားမောင်းနေစဉ် ဖုန်းဖြင့်အရောင်းအဝယ် ကိစ္စများကို ပြောတတ်၏။ စီးပွားရေးသမားများကား ငွေကြေး ကိစ္စအတွက် ဖုန်းဖြင့် ငြင်းခုံလေ့ရှိ၏။ လူငယ်များက အချစ်အကြောင်း ကိုပြောကြ၏။ ကားမောင်းစဉ် ဖုန်းစကားပြောသူများ ကျူးလွန်သော ကားတိုက်မှုများကား အရက်မူးသမားကားမောင်း၍ ကားတိုက်သော ရာနှုန်းနှင့် တူကြောင်းပင်။

ထို့ပြင် တရုတ်ပြည်အနောက်မြောက်ပိုင်းမှ လူငယ်တစ်ဦး ရှပ်အင်္ကျီအိတ်တွင် ထည့်ထားသော ဆဲလ်ဖုန်းပေါက်ကွဲမှုကြောင့် သေဆုံးဖူး၏။ ဘရာဇီးနိုင်ငံတွင်မူ မိုဘိုင်းဖုန်းငါးလုံး နှစ်လအတွင်း ပေါက်ကွဲဖူး၏။ မှောင်ခိုဆဲလ်ဖုန်းများလော၊ သို့မဟုတ် ဓာတ်ခဲများ၏ ချွတ်ယွင်းချက်ကြောင့်လောဆိုသည်ကို မသိရသေးပါ။ အချို့လူငယ် များသည် နေပူကျဲကျဲကြီးတွင် လမ်းလျှောက်ရင်း ဖုန်းပြောတတ်ကြ ၏။ ဖုန်းမပေါက်ကွဲဟု အာမခံ၍ မထားပါ။ အချို့က မိုးဖွဲဖွဲရွာနေစဉ် လမ်းလျှောက်၍ စကားပြောလေ့ရှိ၏။ အီလက်ထရောနစ်ပစ္စည်း ဆိုသည်မှာ မိုးကြိုးကိုလက်ယပ်ခေါ်တတ်သည့် အသိလေးကိုတော့ ပေးချင်ပါသည်။

ယနေ့ နောက်ဆုံးပေါ် "အဆင့်မြင့်" ဖုန်းများကား ဗိုင်းရပ်(စ) ပိုးမျိုးစုံ ပစ်မှတ်ဖြစ်နေကြောင်း ကျွမ်းကျင်ပညာရှင်များက ထောက်ပြပါသည်။ ယနေ့ ကွန်ပျူတာမျိုးစုံကို ဗိုင်းရပ်(စ)မျိုးစုံက ဝင်ရောက်နှောင့်ယှက်သကဲ့သို့ဖြစ်ကြောင်း။ "ဒီ၊ စန်ဂျိုဆေး၊ မာကျူရီ" သတင်းစာတွင် ဖော်ပြထားပါသည်။ လက်ကိုင်ဖုန်းကို ဖျက်ဆီးလေ့ရှိသော ဗိုင်းရပ်(စ) အမည်မှာ Comm Warrior-A ဖြစ်၏။ တစ်နေရာမှ တစ်နေရာသို့ ဖုန်းမှတစ်ဆင့် စာရိုက်နှိပ်ပေးပို့ခြင်းဖြင့် ယင်းပိုး၏ နှောင့်ယှက်မှုကို ခံရနိုင်ပါသည်။ တစ်ဖက်တွင်လည်း ကွန်ပျူတာဟက်ကာများက လက်ကိုင်ဖုန်းပိုင်ရှင်၏ ဘဝနှင့်ဝန်းကျင်ကို ထောက်လှမ်းသိရှိနိုင်၏။ ထိုရောအခါ မျိုးဆက်သစ် ထောက်လှမ်းရေး ကိရိယာ (Snoop Ware) မှတစ်ဆင့် ဟက်ကာများက ဖုန်း၌ ပါရှိသော (ကမ္ဘာ့လမ်းကြောင်းပြစနစ်)မှတစ်ဆင့် လက်ကိုင်ဖုန်းပိုင်ရှင်၏ ဘဝနှင့်ဝန်းကျင်ကို ထောက်လှမ်းသိရှိနိုင်၏။ မကြာတော့သော ကာလတွင် (SMART PHONE) "အဆင့်မြင့်ဖုန်း" များကို အလျှံပယ် သုံးကြပါမည်။ "ဟက်ကာ" များအတွက် ဖုန်းပိုင်ရှင်၏ ဘဝနှင့် ဇာတ်ကြောင်းကို ထောက်လှမ်းရန် အလွန်လွယ်ကူသွားမည်ပင်။ "ဟက်ကာ" ခေါ် ကွန်ပျူတာအောက်လမ်းပညာရှင်များ၏လက်ထဲ သူဌေးသူကြွယ်ကြီးများ၏ မှတ်တမ်းများရောက်သွားခဲ့လျှင် . . .။

သို့မို့ကြောင့် လက်ကိုင်ဖုန်းကို ကိုင်ဆောင်သုံးစွဲမည်ဆိုလျှင် အသိလေးပွား၍ သတိလေးထားကာ အသုံးပြုကြပါဟု နှိုးဆော် လိုက်ပါရစေ။

REF : MALWARE POSES THREAT TO MOBILE PHONES AND OTHER INTERNET NEWS.

# အကာယ်၍သာ



'(၁၉) ဇူလိုင်၊ မမေ့နိုင်' 'အာဇာနည်နေ့၊ ဒို့မမေ့' ဆိုသော ရင်နင့်ဖွယ်အဖြစ်မျိုးသာ မကြုံ၊ မဆုံခဲ့လျှင် ယနေ့ မြန်မာနိုင်ငံရဲ့အခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲနေမှာပါ' ဟု နိုင်ငံရေးသုတေသီတစ်ဦး၏ ဆိုစကားကို ကြားဖူး၏။ ယခုတော့ (၆၅)နှစ် ကြာခဲ့ပါပြီ။

အကယ်၍သာ· · ·ထိုစဉ်က 'ကျည်ကာအင်္ကျီ' များ ခေတ်စားခဲ့လျှင်၊ အာဇာနည်ခေါင်းဆောင်ကြီးများ အဖြစ်ဆိုးနှင့်ကြုံရမည်မဟုတ်ဟု၊ စာရေးသူတွေးကြည့်မိပါသည်။ ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများသည် လူထုကိုယုံကြည်လွန်း၍ လုံခြုံရေးအပြည့်ချမထားခဲ့၊ သက်တော်စောင့်အဖြစ် 'ရဲဘော်ကိုထွေး' တစ်ဦးသာရှိသည့် သဘောပင်။ လူဆိုသည်မှာ အသိရခက်၏။ အာကာသကို စိုးမိုးနိုင်သော်လည်း မိမိ၏စိတ်ကို စိုးမိုးနိုင်ခြင်းမရှိကြပါ။'အများအကြိုက်၊ ဆယ်ခါလိုက်လည်း၊ မလိုက်တစ်ခါ ရှိခဲ့ပါမူ၊ ကြီးစွာရန်သူ စွဲမှတ်ယူ၏' ဆိုသောစကားအရ လူထုအတွင်း၌လည်း ကိုယ့်ကိုလိုလားသူ၊ ကိုယ့်ကိုအလကားနေရင်းမုန်းနေသူ'၊ 'မည်သူတွေ ဘာဖြစ်ဖြစ်၊ ငါချမ်းသာလျှင်ပြီးရော' ဆိုသည့်လူစားမျိုးလည်း မြန်မာပြည်၌သာမဟုတ် ကမ္ဘာအနှံ့၌ ရှိနေပါသည်။ 'ကိုယ်ကကျူးလျှင် ကိုယ့်ဒူးကိုပင် မယုံသင့်' ကြောင်း ပညာရှိများက လူတို့ကို အသိပေးထား၏။

သို့မို့ကြောင့် ခေါင်းဆောင်လုပ်မည့် ပုဂ္ဂိုလ်များသည် လူထုနှင့် ထိတွေ့မည့် အချိန်တိုင်း၊ ကိုယ်နှင့်လိုက်ဖက်မည့် အကာအကွယ်ဝတ်စုံမျိုးကို ဝတ်ဆင်ထားခြင်းဖြင့် အန္တရာယ်ကိုကာကွယ်ပြီး ဖြစ်နေပါမည်။

မကြာသေးမီကပင် သက်တော်စောင့်များ ခြံရံနေသောအမေရိကန် သမ္မတ အိုးဘားမားအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုဖြင့် ဥဇဘက်လူမျိုးတစ်ဦးကို ထောင်ဒဏ်(၁၅)နှစ်၊ ပြစ်ဒဏ်ပေးလိုက်ကြောင်း၊ သတင်းတစ်ပုဒ်ကို ဖတ်ရှုရပါသည်။ သမ္မတကြီးကို ခက်ခက်ခဲခဲ၊ စွန့်စား၍ လုပ်ကြံခြင်း ဖြစ်ပါသည်။ ကျည်ကာအင်္ကျီဝတ်ထားသော သမ္မတကြီး၏ ပတ်ပတ်လည်တွင် သက်တော်စောင့်မျိုးစုံက ဝိုင်းဝန်းစောင့်ကြပ်နေ၍ ဖြစ်၏။

ကျည်ကာအင်္ကျီနှင့်ပတ်သက်၍ သမ္မတဟောင်း 'ရော်နယ်ရီဂင်' (၁၉၈၁-၁၉၈၉) ကို သတိရမိ၏။ သူသည် မိုးကာအင်္ကျီတစ်ပိုင်းပြတ်ပုံ 'ကျည်ကာအင်္ကျီ' ကို ဝတ်ဆင်၍ အခမ်းအနားများသို့ တက်ရောက်လေ့ရှိကြောင်း သိရ၏။ သူ၏ကျည်ကာအင်္ကျီကို သံမဏိထက်ခိုင်ခံ့သော (KEV-LAR) 'ကက်ဗလာ' ပိုက်ကွက်စများ ထည့်သွင်း၍ချုပ်လုပ်ထားခြင်းပင်။ သူ၏ပတ်လည်၌ 'ချက်ဆို နားခွက်က မီးတောက်သော' ကိုယ်ရံတော်များကလည်းအပြည့်၊ သမ္မတကြီး၏အင်္ကျီကား အသုံးတည့်လှ၏။ ၃၅၇ မဂ္ဂနမ်သေနတ်မှ ထွက်လာသော ကျည်ထိပ်ဖူးသည် 'ကက်ဗလာ' ပိုက်ကွက်၊ ပထမအလွှာကိုပင် ထိုးဖောက်ခြင်းငှာမတတ်နိုင်ကြောင်း သိရ၏။ ကျည်ဆန်၏ထိပ်ဖူးသည် ထုထောင်းခံရသည့်နှယ် ပိန်ချိုင့်သွားပါသည်။

## သံမဏိထက်မာကျောသော ကျည်ကာအင်္ကျီများ

တစ်ခါက အမေရိကန်နိုင်ငံရှိ 'အမှတ် (၇၅) ရိန်းဂျား' တပ်ဖွဲ့ဝင်များသည် 'ဒူးပွန့်' မြို့မှထုတ်လုပ်သော 'KEVLAR.KM2" (ကက်ဗလာ၊

ကေ.အမ် ၂) ပိုက်စကွက်များနှင့် ထည့်သွင်းချုပ်လုပ်ထားသော ကျည်ကာဝတ်စုံများကို ဝတ်ဆင်၍ တိုက်ပွဲဝင်ခဲ့ကြ၏။ သည်းထိတ်ရင်ဖိုဖြစ်ရပ်စုံကိုလည်း ကြုံတွေ့ခဲ့ကြ၏။ တစ်နေ့တွင် ရိန်းဂျား စစ်သည်တစ်ဦး သောင်ချာဖြင့် အပစ်ခံရ၏။ ကံကောင်းထောက်မ၍ ကျည်မကွဲခဲ့သော်လည်း စစ်သည်ကား အဝေးတစ်နေရာသို့ လွင့်စဉ်သွား၏။ နံရံတစ်ချပ်ကြောင့် အရှိန်သတ်ခံရကာ ထိုနေရာ၌ပင် ခွေခနဲ လဲကျသွားပါသည်။ ကျည်ကာဝတ်စုံက သူ၏အသက်ကို ကယ်တင်ခဲ့သည့်ဖြစ်ရပ်ပါ။ ပွန်းပဲ့သွေးထွက်သည့်ဒဏ်ရာသာ ရပါသည်။ အသက်သေဆုံးခြင်း မရှိပါ။

ထို့ပြင် အခြားရိန်းဂျားစစ်သည်တစ်ဦးသည် သူ၏အနောက်ဘက်မှ '၇.၆၆ မ.မ' ကျည်ဖြင့် အပစ်ခံခဲ့ရသော်လည်း အသက်မသေခဲ့ပါ။ ကျည်ကာတန်ခိုးကြောင့် အမာရွတ်ကြီးနှစ်ခုသာ ကျန်ခဲ့ကြောင်း ဖော်ပြထားပါသည်။ တိုင်းပြည်၏ ကာကွယ်ရေးတာဝန်ကို ယူနေရသောစစ်သည်တော်များ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးခဲ့၍ ကျည်ကာအင်္ကျီများကို ကျေးဇူးတင်ထိုက်ကြောင်း မှတ်တမ်းများလည်း ရှိပါသည်။

အသက်ကယ် ကျည်ကာအင်္ကျီများကို လက်ပြတ် အတွင်းအင်္ကျီနှင့် လက်ရှည်မိုးကာအင်္ကျီတစ်ပိုင်းပြတ်ပုံဟူ၍ နှစ်မျိုးထုတ်လုပ်ထား၏။ 'ကက်ဗလာ' ပိုက်ကွက်စ အနည်းအများပေါ်မူတည်ကာ၊ ကျည်ကာအင်္ကျီတို့၏ဈေးနှုန်း ကွာခြားပါသည်။ ၁၉၇၀ပြည့်လွန်နှစ်များက စတင်၍ 'ကက်ဗလာ' ပိုက်ကွက်စများကို ထည့်သွင်းသုံးစွဲခဲ့၏။ ထိုအချိန်က ကျည်ကာအင်္ကျီများမှာ လေးလံပြီး အချိုးမကျ ပုံမလှခဲ့ပါ။

## အကောင်းဆုံးထဲက အကောင်းဆုံး

စီးပွားရေးမျက်စိရှိသူများကလည်း ဖိုးရိုးဖားရားနိုင်သော ထိုအင်္ကျီများကို သိပ်သည်းကျစ်လျစ်၍ စွမ်းရည်မြင့်မားအောင် ပညာရှင်များအား

ထွေပုံအောင်၍ ပြုပြင်ဖန်တီးစေ၏။ 'ဇီဝဆင့်ကဲဖြစ်စဉ်ပညာရှင်' INGI AGNA-RSSON နှင့် သူ၏အဖွဲ့သည် မြစ်ချောင်း၊ အင်းအိုင်တို့၏အမြင့်ပိုင်းတွင် တွဲလွဲဖြစ်တည်နေသည့် စတုရန်းပေ (၃၀)ခန့် ကျယ်ဝန်းသော 'မဒါဂါစကာ' မှ ပင့်ကူအိမ်ကြီးများကိုတွေ့ရှိ၍ သုတေသနပြုနေကြ၏။ DAR-WIN'S BARK အမည်ရှိသော ပင့်ကူအိမ်ကြီးများ၏အမျှင်များ ဖြစ်နေ၏။ ခိုင်ခံ့သော ဇီဝပစ္စည်းတစ်မျိုးဖြစ်၏။ ပြင်ပမှ စွမ်းအင်တို့ကို စုပ်ယူထိန်းသိမ်းထားနိုင်၍ တော်ရုံဆွဲဆန့်ကာမျှဖြင့် ပြတ်တောက်ခြင်းမရှိပါ။ ပိုးချည်မျှင်များထက် (၂)ဆခန့် မာကျောပြီး 'ကက်ဗလာ' ပိုက်ကွက်တို့ထက် များစွာခိုင်ခံ့ကြောင်း သိရ၏။

ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းနည်းပညာသိပ္ပံ ကျောင်းတော်ကြီးမှ ပညာရှင် 'ရာဂျစ်ပက်ဟေး' ကလည်း 'ကက်ဗလာ' ပိုက်ကွက်အတွင်း၌ ထူထပ်ကျစ်လျစ်စွာ ရက်လုပ်ထားသည့် သိုးမွေးထည်ကို သွတ်သွင်းချုပ်လုပ်ပြီး ကျည်ဆန်တစ်တောင့်၏ထိမှန်မှုနှင့် ခံနိုင်ရည်စွမ်းအားတို့ကို စမ်းသပ်ခဲ့၏။ ထိုအင်္ကျီသည် စွမ်းဆောင်ရည်မြင့်မားပြီး စိုစွတ်သည့်အခြေအနေတွင်ပင် ဝတ်ဆင်သူအား နွေးထွေးမှုပေးကြောင်း သိရ၏။

စင်ကာပူမှ နန်ယန်နည်းပညာတက္ကသိုလ်၊ ဟားဗတ်တက္ကသိုလ်နှင့် ကယ်လီဖိုးနီးယားတက္ကသိုလ်များမှ သိပ္ပံပညာရှင်များသည် MANTIS SHRIMP ခေါ် ပင်လယ်ကျောက်ပုစွန်တစ်မျိုးကို သုတေသနပြုနေကြ၏။ ယင်း ကျောက်ပုစွန်များ၏ လက်မသည် ငါးမွေးမြူရေးကန်အဖြစ် ကာရံထားသော မှန်ချပ်များကိုပင် ခွဲနိုင်ပြီး အခွံမာဖုံးနေသော ကဏန်းကောင်၏ ကိုယ်ထည်ကို ကွဲသွားအောင်ခွဲနိုင်၏။ အင်ဒို-ပစိဖိတ်သမုဒ္ဒရာထဲ၌ တွေ့ရသော ထိုသတ္တဝါ ငယ်များ၏ တင်းပုတ်သဏ္ဍာန် လက်မတို့၌ ပါဝင်ဖွဲ့စည်းထားသည့် ကြွေ/မြေပစ္စည်းနှင့် ဓာတုပစ္စည်းများကို ရောနှောကာ ကျည်ကာဝတ်စုံကို စမ်းသပ်ပြုလုပ်ခဲ့၏။ ထွက်ရှိပြီးဝတ်စုံများထက် ပို၍

အားထားရကြောင်း THE SCIENCE JOURNAL တွင် ဖော်ပြထားပါသည်။

အကယ်၍သာ ဖော်ပြပါ 'ကျည်ကာအင်္ကျီ' တစ်မျိုးမျိုးကို ထိုအချိန်က မြန်မာ့အာဏာနည်ခေါင်းဆောင်ကြီးများ ဝတ်ဆင်ထားလျှင် မြန်မာ့သမိုင်းသည် တစ်နည်းတစ်ဖုံ ပြောင်းလဲနေမည်အမှန်ပင်။ စဉ်းစားကြည့်ပါက အာဏာနည်ခေါင်းဆောင်ကြီးများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန် သူတို့၏အသက်ကို ဂရုမထား တိုက်ပွဲဝင်ကြ၏။ လွတ်လပ်ရေးကိုရယူပေးခဲ့၏။ သို့သော် မသမာသူတို့က လုပ်ကြံသတ်ဖြတ်သွား၍ ခေါင်းဆောင်ကြီးများကား လွတ်လပ်ရေးအရသာကိုပင် မခံစားခဲ့ရပါ။ မြန်မာလူထုအများစုကား ထိုင်နေရင်း လွတ်လပ်ရေးအသီးအပွင့်တို့ကို စားသုံးခွင့်ရ၏။ အာဏာနည်ခေါင်းဆောင်ကြီးများ၏ စွန့်လွှတ်၊ စွန့်စား၊ အနစ်နာခံမှုများကို မမေ့အပ်သကဲ့သို့ သူတို့ ရယူပေးခဲ့သော လွတ်လပ်ရေးကို လက်လွှတ်ဆုံးရှုံးခြင်း မရှိအောင် ကာကွယ်ရမည်မှာ မြန်မာတိုင်း၏ တာဝန်ဖြစ်ကြောင်းပါ။

REF : ITSY BITSY SPIDER'S WEB TEN TIMES STRONGER THAN KEVLAR AND OTHER UPDATE INTERNET NEWS.

# လမ်း၊ တံတားနှင့် အန္တရာယ်



တံတားသစ်တစ်စင်းကို အခမ်းအနားဖြင့် ဖွင့်ပွဲကျင်းပနေစဉ်၊ ယင်းတံတားကြီး တုန်ခါသွားရာ မင်းပရိသတ်အပေါင်း ထိတ်လန့်သွားကြ၏။ မည်သည့်အကြောင်းကြောင့် ဖြစ်ရသည်ကို သိပ္ပံပညာရှင်များက အဖြေရှာနေကြပါသည်။

The London Millennium Bridge ဆိုသော တံတားကြီး တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်ပွဲကျင်းပရာ ပရိသတ်များ ဥဒဟိုဖြတ်သန်းသွားလာခိုက်၊ မမျှော်လင့်သော တုန်ခါမှုမျိုးကို ခံစားရကြောင်း သတင်းထွက်ပေါ်လာပါသည်။ အယူသည်းသူများကမူ ကိုယ်သန်ရာကိုစွဲ၍ ဝေဖန်ပြောဆိုခဲ့ကြပါသည်။ သိပ္ပံပညာရှင်များကမူ တံတားပေါ်၌ ဖြတ်သန်းသွားလာသည့်လူများစု၏ ဟန်ချက်ညီသော လျှောက်လှမ်းမှုပေါ်မူတည်ကြောင်း၊ ကောက်ချက်ချခဲ့ကြပါသည်။

လူအများသွားလာနေသည့် အခြားတံတားများတွင်လည်း ဤကဲ့သို့ အပြန်အလှန် အကျိုးသက်ရောက်မှုကြောင့် လှုပ်ခါလေ့ရှိပုံကို 'ဘရစ်စတို(လ)' မြို့တော်မှ နာမည်ကျော်၊ Clifton Suspension Bridge ၏ အဖြစ်ကို ထောက်ပြကြပါသည်။ ယင်းတံတားသည်လည်း ဖော်ပြပါ အဖြစ်မျိုးနှဲ ကြုံဖူး၍ဖြစ်၏။ ယင်းထူးခြားဖြစ်စဉ်သည် တံတားတည်ဆောက်

မှုနှင့် သက်ဆိုင်ခြင်းမရှိသော်လည်း၊ တံတားအသုံးပြုသူများ၏ လမ်းလျှောက်ပုံလျှောက်နည်းနှင့် ဆက်နွှယ်လျက်ရှိကြောင်း၊ သိပ္ပံပညာရှင်များက ဆိုပါသည်။ "ဘရစ်စတို(လ)"တက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာများက သူတို့၏တွေ့ရှိချက်ကို The Royal Society Journal တွင် ဖော်ပြထားပါသည်။ အခြေခံကျသော လူတို့၏ ဟန်ချက်ထိန်းညှိမှုကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါ၏။ လူတစ်စုသည် ညီညာသောခြေလှမ်းဖြင့် အမှတ်မထင်သွားလာရာတွင်၊ ခြေထောက်များသည် တူညီသောအချိန်တစ်ခုခြား၍၊ တံတားမျက်နှာပြင်ကို စည်းချက်ကျကျနင်းလိုက်ဟန်တူ၏။ ထို့ပြင် တစ်လှမ်းပြီးတစ်လှမ်း ပုံမှန်လှမ်းနေသော 'အား' သည် ကြမ်းခင်းထက်ကျရောက်ပြီး၊ အင်အားကြီးတစ်ရပ် အသွင်ဆောင်လာ၍ တံတားကြီး၏ ခိုင်မာမှုကို ပျော့ညံ့စေရာမှ တုန်ခါမှု ဖြစ်လာကြောင်း ဆိုပါသည်။

တစ်ဖက်တွင်လည်း၊ မတူညီသောခြေလှမ်း၊ စည်းချက်မကိုက်သော လျှောက်လှမ်းမှုဖြင့် တုန်ခါတတ်သော တံတားထက်၌လျှောက်လှမ်းက ခြေလှမ်းတိုင်း၏ တုန်ခါမှုဖရီကွင်စီ(Frequency) သည် တံတား၏ တုန်ခါမှုတစ်စိတ်တစ်ဒေသကို ချေဖျက်လိုက်ရာရောက်၍၊ ယင်းတံတားသည် လှုပ်ခါမှုနည်းလာမည် ဖြစ်ပါသည်။

'ဒါကိုကြည့်လျှင် တံတားရဲ့ရွေ့လျားမှုဟာ ခြေကျင်လျှောက်သူများရဲ့ခြေလှမ်းတိုင်းနှင့် ဆက်စပ်မှုရှိနေတဲ့သဘောပေါ့။ ခြေလှမ်းတိုင်းက အရှိန်အဟုန်ဟာ တံတားမျက်နှာပြင်ပေါ် မှန်မှန်ထိတွေ့နေလို့ပါပဲ' ဟုမြို့ပြအင်ဂျင်နီယာမှူးကြီး 'မစ္စတာဂျွန်မက်ဒေါနယ်'က ရှင်းပြ၏။ တံတားကြီးအတိုင်းအထွာပေါ်မူတည်၍ အခြားတံတားများလည်း၊ ယင်းကဲ့သို့ အဖြစ်မျိုးကြုံဖူးခြင်းရှိ၊ မရှိ အသေအချာ သုတေသနမပြုရသေး၍ မသိကြောင်း၊ အချိန်ယူ၍ စောင့်ကြည့်လေ့လာရမည်ဖြစ်ကြောင်း ပညာရှင်များက ဆိုပါသည်။

တစ်ခါက 'နပိုလီယန်ဘိုနာပတ်' (၁၇၆၉ - ၁၈၂၁)သည် ပြင်သစ်စစ်တပ်ကို ဦးဆောင်၍၊ စပိန်နိုင်ငံကို ကျူးကျော်စစ်ပြုခဲ့ဖူးပါသည်။ သူ၏ စစ်တပ်ကြီးသည် သံကြိုးများဖြင့်ဆိုင်းထားသော ကြိုးတံတားကို 'ဘယ်၊ ညာ' ချီတက်သံပြု၍ စည်းကမ်းတကျ ဖြတ်ကူးကြရာ တစ်ဖက်ကမ်းသို့မရောက်မီ၊ တံတားကြီး၏ တစ်ဖက်စွန်းသည် 'ဝုန်း' ဟူသော မြည်သံကြီးနှင့်အတူ မြစ်ထဲသို့လျှောကျသွား၏။ စစ်ဗိုလ်၊ အကြပ်၊ တပ်သားအများအပြား ရေထဲသို့ပြုတ်ကျကုန်၏။ စစ်မတိုက်မီ တပ်ဖွဲ့ဝင်အများအပြား သေဆုံးခဲ့၍ နပိုလီယန်သည် စစ်တိုက်ခိုက်မှုကို နောက်ဆုတ်ခဲ့၏။ စပိန်နိုင်ငံကမူ၊ သူတို့ကို နတ်ဒေဝတာများ စောင့်ရှောက်၍ ပြင်သစ်တို့ ထိုအဖြစ်မျိုးကြုံရကြောင်း ကောက်ချက်ချပြီး၊ နတ်ဒေဝတာများကို တစ်မျိုးတိုး၍ ကိုးကွယ်ခဲ့ကြ၏။ စပိန်စစ်သားများလည်း၊ စစ်နားရ၍ ပျော်ရွှင်ကြပါသည်။ စစ်အန္တရာယ်ကို မကြုံရ၍ ပျော်ကြခြင်းပင်။

သိပ္ပံပညာရှင်များကမူ ဘာသာရေးသမားများနှင့် တစ်ဘာသာပင်။ သူတို့က တံတားတိုင်းတွင် 'တုန်ခါမှုဖရီကွင်စီ' တစ်မျိုးစီရှိကြောင်း ဆိုပါသည်။ ပြင်သစ်တပ်ဖွဲ့ဝင်များ စစ်ချီတက်ရာတွင် သူတို့ပုံမှန် 'ဘယ်၊ ညာ' ခြေလှမ်းများသည်၊ တူညီသောအချိန်တစ်ခုတွင်း တံတား၏မျက်နှာပြင်ကို 'အားထည့်' ၍ နင်းသည့်အသွင်ဆောင်နေ၍၊ ယင်း 'အရှိန်' ကြောင့် တံတား၏ ဖွဲ့စည်းမှုတုန်ခါသွားလေ့ရှိကြောင်းပင်။

ယင်း 'အား' ၏ ဖရီကွင်စီသည် တံတား၏တုန်ခါသော ဖရီကွင်စီနှင့် နီးစပ်ညီမျှမှုရှိက၊ သိသာသောတုန်ခါမှုမျိုး ဖြစ်လာတတ်၏။ ထိုတုန်ခါမှုသည် အချိန်နှင့်အမျှ ပြင်းထန်လာပြီး၊ နောက်ဆုံးတွင် တံတား၏သတ်မှတ်ထားသော ဒဏ်ခံနိုင်မှု အတိုင်းအတာကို ကျော်လွန်ပါက တံတားများ တုန်ခါ၊ အက်ကွဲ၊ ပြိုလဲလေ့ရှိကြောင်း ပညာရှင်များက ရှင်းပြကြပါသည်။

ထို့ပြင် ရုရှားနိုင်ငံ 'စိန့်ပီတာစဘက်မြို့တော်' ရှိ စစ်တပ်မှ တပ်ဖွဲ့ဝင်များ 'ဗွန်ဒါဂါ' မြစ်ပေါ်ရှိတံတားကို စည်းချက်ညီညီ၊ ခြေလှမ်းမှန်မှန်ဖြင့် ဘယ်ညာလှမ်းကာ ချီတက်ဖြတ်ကျော်ကြရာ၊ ခရီးလမ်းမဆုံးမီ တံတားကြီးကျိုးကျ၍ စစ်သည်တော်အများအပြား ရေထဲသို့ကျရောက်နစ်မြုပ်ခဲ့သည့် မှတ်တမ်းလည်း ရှိပါသည်။

သို့မို့ကြောင့်၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စစ်တပ်များသည် မည်သည့်တံတားပေါ်ကိုမျှ စည်းချက်မှန်၍၊ ညီညာသောခြေလှမ်းများဖြင့် ဖြတ်ကူးခြင်းမပြုရဟု သတ်မှတ်ထားကြပါသည်။ တစ်ဖက်တွင်လည်း မေးစရာမေးခွန်းတစ်ခု ပေါ်လာပါသည်။

'တံတားကိုကူးလျှင် အန္တရာယ်ခပ်သိမ်းကင်းဝေးအောင် မည်သို့ကူးရမည်နည်း' ဟု မေးခွန်းထုတ်လိုသူများ ပေါ်လာပါသည်။

'စည်းချက်မှန်မှန်၊ ညီညာသောခြေလှမ်းများဖြင့် တံတားကိုဖြတ်မကူးရ' ဆိုသော အဓိပ္ပာယ်မှာ ခြေလှမ်းများ ညီတူ၊ ညာတူ မသွားရဆိုသည့်အတွက်၊ ခြေလှမ်းတိုင်းသည် စည်းချက်မတူညီကြတော့ပါ။ ယင်းလုပ်ရပ်ကြောင့် တံတားတိုင်း၏ မူလတုန်ခါမှု ဖရီကွင်စီကို ထိခိုက်မှုမရှိတော့ပါ။ ထို့ပြင် တုန်ခါမှု တစ်စိတ်တစ်ဒေသကို ချေဖျက်လိုက်သည့်သဘောဟုဆိုက မမှားပါ။ ယင်းဖြစ်ရပ်ကြောင့် တံတားအခြေအနေကောင်း၍ လူအများအန္တရာယ်ကင်းမည် မုချ' ဟူသော အဆိုအမိန့်များ ရှိပါသည်။

တစ်ဖန် အဝေးပြေးလမ်းမကြီးများ၌ လမ်းခရီးကို ချုံ့သည့်အနေဖြင့် အလွန်ရှည်လျားသော တစ်ဖြောင့်တည်းလမ်းပိုင်းများ မရှိသင့်ကြောင်း သိပ္ပံပညာရှင်များက အကြံပြုခဲ့၏။ အဝေးပြေးလမ်းမကြီးများပေါ်တွင်၊ မော်တော်ယာဉ်များကို မောင်းနှင်လာသော တစ်ဖြောင့်တည်းလမ်းကို အချိန်ကြာမြင့်စွာ မောင်းနှင်ရ၍ ယာဉ်မောင်းတို့သည် အပူအပင်ကင်းမဲ့စွာဖြင့် အရှိန်တင်၍ မောင်းလေ့ရှိ၏။ မမျှော်လင့်သော မတော်တဆမှုမျိုး ကြုံရသော

အခါ ထိန်းမနိုင်သိမ်းမရ ဖြစ်ရတော့၏။ ထို့ပြင် အချိန်ကြာမြင့်စွာ လမ်းဖြောင့်တွင် မောင်းနေရ၍၊ ယာဉ်မောင်းသည် ငြီးငွေ့မှု၊ ပင်ပန်းမှုတို့ကြောင့် စိတ်အာရုံထွေပြားပြီး အိပ်ငိုက်လာတတ်၏။ ထိုရောအခါ ယာဉ်မောင်းအန္တရာယ်ဖြစ်ရန် ရာခိုင်နှုန်းများလာပါသည်။

သို့မို့ကြောင့် အဝေးပြေး(High Way)လမ်းမကြီးများတွင် 'ပြေပြေမို့မို့၊ အကွေ့အကောက်၊ အတက်အဆင်း' လေးများ ပါဝင်သင့်ကြောင်း ပညာရှင်များက အကြံပြုထား၏။ ယာဉ်မောင်းသူသည် စတီယာတိုင်ကို အဆက်မပြတ်၊ 'လှည့်' တစ်ခါ၊ 'ကွေ့' တစ်နည်းလုပ်နေရ၍ ငြီးငွေ့ချိန်မရဘဲ၊ အိပ်ချင်ပြေပြီး ယာဉ်အန္တရာယ်လည်း အလိုအလျောက် ကာကွယ်ပြီးဖြစ်နေကြောင်း ထောက်ပြထား၏။ အနှစ်ချုပ်မှာ တံတားနှင့် လမ်းအသုံးပြုသူများ ကျန်းမာပကတိ၊ ချမ်းသာစွာရှိကြရန် တင်ပြခြင်း ဖြစ်ပါသည်။

REF : WHY LONDON MILLENNIUM BRIDGE "WOBBLE"? AND OTHER INTERNET NEWS.

# ဇိမ်ခံကားများ
# ယာဉ်အန္တရာယ် ကင်းဝေးရေး



ယနေ့ ရန်ကုန်မြို့တွင် တန်ဖိုးကြီးဇိမ်ခံကားများကို တွေ့နေရပါပြီ။ ဒီမိုကရေစီစနစ်၏ 'လိုတာကိုဝယ်၊ မလိုတာကိုပယ်' လုပ်ရပ်ဖြစ်၏။ သို့သော် မော်တော်ယာဉ်များလာသည်နှင့်အမျှ ယာဉ်တိုက်မှုများလည်း တိုးလာပါမည်။ သို့မို့ကြောင့် တာဝန်ရှိသူများက ခရီးသွားပြည်သူများအား နိုင်ငံအနှံ့ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ဟောပြောစည်းရုံးခြင်းများကို ပြုလုပ်နေခြင်း ဖြစ်၏။

## ယာဉ်တိုက်မှု ဘာကြောင့်ဖြစ်ရသနည်း

ထိုမေးခွန်းကို ယာဉ်မောင်းသူတိုင်းက မေးလိုကြ၏။ အမေးရှိလျှင် အဖြေရှိမည်ပင်။ သို့သော် အဖြေကား တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဟု ဆိုရပါမည်။ ယင်းကိစ္စနှင့်ပတ်သက်၍ လက်တွေ့ကျသော သုတေသီကြီးများ၏ မြင်တွေ့လေ့လာ သုတေသနပြုချက်များကို တင်ပြမှ အဓိပ္ပာယ်ရှိမည် ဖြစ်ပါသည်။

ခရီးရှည်မောင်းနှင်လာရသော ကားဆရာ၊ အိပ်ရေးပျက်သောကားမောင်းသူများကား ယာဉ်တိုက်မှုဖြစ်ရန် အလားအလာအရှိဆုံးသောသူများဟု ဆိုပါသည်။ ယာဉ်မောင်းနေစဉ် အတွေးတစ်မျိုးဝင်လာပြီး အချို့သူ

များသည် ဆဲလ်ဖုန်းကိုကောက်ကိုင်ကာ တစ်နေရာရှိမိတ်ဆွေ/ဆွေမျိုးများနှင့် စကားပြောဆိုလေ့ရှိ၏။ သို့မဟုတ် ကားထဲရှိ ရုပ်/သံစက်ကိုဖွင့်ကာ အပြင်းပြေ၊ ကြည့်ရှုနားထောင်လေ့ရှိ၏။ အမျိုးသမီးအချို့သည် ယာဉ်မောင်းနေစဉ် နောက်ကြည့်မှန်ကိုကြည့်ကာ နှုတ်ခမ်းနီ၊ ပေါင်ဒါလိမ်းခြယ်ခြင်းကိုပင်ပြု၏။ အချို့အမျိုးသားယာဉ်မောင်းများကား လမ်းဘေး၌ထောင်ထားသော ဧရာမဆိုင်းဘုတ်ကြီးများပေါ်ရှိ မော်ဒယ်လ်မလေးများ၏ဝတ်စားဆင်ယင်ပုံကို ငေးမောလေ့ရှိ၏။ ထိုသူများကား အန္တရာယ်ကိုဖိတ်ခေါ်နေသူ၊ ပြဿနာကို မီးထွန်းရှာနေသူများပင်။

ယာဉ်မောင်းသူသည် အာရုံမများသင့်။ တတ်နိုင်လျှင် မိမိ၏စိတ်ကို ကိုယ်မောင်းနှင်သည့်ယာဉ်ပေါ်တွင်သာ အာရုံစိုက်ထားသင့်၏။ သို့မဟုတ် ယာဉ်စီးနင်းသူများနှင့် မိမိ၏အသက်ကို တန်ဖိုးမဲ့လျစ်လျူရှုရာရောက်သွားပါမည်။ အဘယ်ကြောင့် အကျိုးမဲ့မည့်အလုပ်ကို လုပ်မည်နည်း။ ယာဉ်တိုက်မှု (၁၀)မှုတွင် (၈)မှုသည် ကားကိုဂရုပြု မမောင်းဘဲအာရုံထွေပြားနေ၍ ဖြစ်ရကြောင်း ကောက်ချက်ချကြပါသည်။ သုတေသီများကလည်း ယာဉ်မောင်း (၂၀၀)ကျော်ကို အနီးကပ်စစ်ဆေးလေ့လာပြီး ရိုက်ကူးထားသော ဗီဒီယိုအခွေများကို နာရီပေါင်းများစွာကြည့်ရှု၍ 'ပျော့ကွက်' များကို ရှာဖွေခဲ့ကြ၏။

'လူတွေဟာ ကားမောင်းစဉ် ဆဲလ်ဖုန်းကိုင်ပြီး စကားပြောတာတို့၊ ကုန်ပစ္စည်းဈေးနှုန်း အတက်/အကျကို လှမ်းမေးတာတို့၊ တစ်ခါတစ်ရံ ပဟေဠိအဖြေညှိတာတို့ကအစ သီချင်းဖွင့်စက်လေးတွေနှင့် အလုပ်ရှုပ်နေတာကိုလည်း တွေ့ရသေး။ တစ်ခါတစ်ရံ တစ်ဖက်မှ ပေးပို့လိုက်တဲ့ 'အီး-မေး(လ)' ကို တောင်ဖတ်လို့နေရဲ့။ ကားရဲ့မြန်နှုန်းပြမီတာကိုကြည့်လိုက်တော့ တစ်နာရီကို မိုင် ၆၀/၇၀ မောင်းနေတာ။ ဒီထက်မြန်တဲ့မိုင်နှုန်းနဲ့မောင်းတာလည်း ရှိပါတယ်'ဟု 'နိုင်ငံတော်ရှိ အဝေးပြေးလမ်း

အန္တရာယ်ကင်းရှင်းရေး အေဂျင်စီ' မှ ပြောခွင့်ရှိပုဂ္ဂိုလ်တစ်ဦးက တင်ပြသွားပါသည်။

'ငွေ' ကိုင်ထားသူတစ်ဦးသည် ကားမောင်းနေခိုက် ဘေးနားရှိ အသုံးအဆောင်ပစ္စည်းများကို လှမ်းယူလိုက်ချိန်တွင် ယာဉ်တိုက်မှုဖြစ်ပွားတတ်ကြောင်း 'THE VIRGINIA TECH TRANSPORTATION INSTITUTE'မှ တာဝန်ရှိသူကလည်း ဖြည့်စွက်တင်ပြသွားပါသည်။ ကားမောင်းနေစဉ် 'ဆဲလ်ဖုန်း' နံပါတ်ကိုနှိပ်နေခိုက် ယာဉ်တိုက်မှုဖြစ်ပွားသည့်နှုန်းမှာ ရှေးယခင်ကထက် သုံးဆခန့်များကြောင်း သိရ၏။

ယင်းဗီဒီယိုကားတွင် ယာဉ်မောင်းသူတစ်ဦးစီ၏ အခြေအနေလေးမျိုးကို အနီးကပ် ရိုက်ကူးပြသထား၏။ '(၁) ယာဉ်မောင်း၏ အနီးကပ်မျက်နှာသွင်ပြင်၊ (၂) စတီရာတိုင်(လက်ကိုင်ငွေ)နှင့် ဒက်(ရှ)ဘုတ်မြင်ကွင်း၊ (၃) ကားရှေ့ဘက်ရှိ လမ်းရှင်း/မရှင်း အခြေအနေ၊ (၄) ကား၏နောက်ဘက်ရှုခင်းတို့ ဖြစ်ပါသည်။ ယာဉ်တိုက်မှုမဖြစ်ပွားမီ အခြေအနေကို ရိုက်ကူးထားခြင်းပင်။ ထိုအခိုက် ယာဉ်မောင်းသူ အမျိုးသမီးငယ်သည် နောက်ကြည့်မှန်ကိုကြည့်လိုက်ရာ ရပ်ထားသောကားတစ်စီးကို တွေ့ရ၏။ ထိုကားသည် ယခင်က ဤနေရာ၌မရှိပါ။ သူမသည် အံ့ဩလွန်း၍ ပါးစပ်ကိုလက်ဖြင့် အသာအုပ်လိုက်စဉ် . . .ရုတ်တရက် ဘရိပ်ပေါက်သွားသော ဆီဒင်ကားတစ်စီးက အရှိန်မထိန်းနိုင်ဘဲ သူမ၏ကားကို ဝင်ဆောင့်လိုက်၏။ ထိုအခိုက် ကားအတွင်းမှလေအိတ်ပွင့်လာပြီး သူမ၏ကိုယ်ပေါ်သို့ ဖြန့်ကြက်လိုက်၏။ 'ဖော်ပြပါ ဗီဒီယိုရုပ်ရှင်သည် မော်တော်ယာဉ်မောင်းနှင်စဉ် မမျှော်လင့်သော ကိစ္စများပေါ်တတ်ကြောင်း ပြဆိုခြင်းပင်။

ထိုရုပ်ရှင်ပြကွက်ကို လေ့လာကြည့်က ယာဉ်တိုက်မှုဖြစ်ပွားခြင်းသည် အကြောင်းအချက်အမျိုးမျိုး၊ အခြေအနေအရပ်ရပ်ကြောင့်ဟု ဆိုနိုင်၏။ အဓိကမှာ စိတ်အာရုံထွေပြားသွား၍ပင်။ ခေတ်မီတိုးတက်သောနိုင်ငံများ

တွင် ယာဉ်တိုက်မှုများအဲ့ဩဖွယ်ကောင်းလောက်အောင် များပြားလာရာ အကြမ်းဖက်မှုကြောင့် သေဆုံးသောလူဦးရေထက် အဆ(၄၀၀)ခန့် များပြားကြောင်း လန်ဒန်မြို့ထုတ် (ထိခိုက်ဒဏ်ရာရမှု ကာကွယ်ရေး) 'INJURY PREVENTION' ဂျာနယ်တွင် ဖော်ပြထားပါသည်။

မော်တော်ကား ကုမ္ပဏီများမှ တိုက်ရိုက်ဝယ်ယူခဲ့သည့် မော်တော်ယာဉ်ပိုင်ရှင် (၅၀၀၀၀)ခန့်ကို တွေ့ဆုံ၍ သုတေသနပြုခဲ့ကြရာ မော်တော်ယာဉ် (၁၀၀)လျှင်၊ အထွေထွေပြဿနာ ပေါင်း (၂၀၀)ခန့်ရှိကြောင်း သိရ၏။ ကားဘော်ဒီကိုလေတိုး၍ ဆူညံမှု၊ ဘရိတ်နင်းရာတွင် အသံမြည်လွန်းမှုစသည်များပင်။ ဇိမ်ခံကားများကား ပြဿနာအနည်းဆုံး ကားများဟု 'JD Power' အဖွဲ့အစည်းမှ သုတေသီများက အကြံပြုထားပါသည်။ မြန်မာနှင့်လိုက်ဖက်သော ပထမတန်းစား ဇိမ်ခံကားများကား TOYOTA, HONDA, JAGUAR, BMW နှင့် FORD တို့ဖြစ်ပြီး ဒုတိယအဆင့် ဇိမ်ခံကားများကား VOLKWAGON, KIA, SUZUKI, SAAB နှင့် LAND ROVER ကားများ ဖြစ်ပါသည်။ ယင်းကဲ့သို့ အမှားနည်း၍ အကောင်းဆုံးဖြစ်ရန် ပြိုင်ဆိုင်ဖန်တီးနေသည့် မော်တော်ယာဉ်ဒီဇိုင်းပညာရှင်များကြောင့် မကြာမီအချိန်တွင် ကားစီးနိုင်သောလူတန်းစားများ စိတ်ချမ်း သာတော့မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ယာဉ်တိုက်မှုလျော့နည်းအောင်

အလွန်မူးနေသည့် အရက်သမားများ ကားကိုမောင်းပါက ယာဉ်တိုက်မှုဖြစ်မည်မုချပင်။ 'ဒတ်(ချ်)' နိုင်ငံတွင် သယ်ယူပို့ဆောင်ရေးဝန်ကြီးက "ALCOLOCKS" များကို အရက်ကြိုက်သူများ မောင်းသောကားများတွင် မပျက်မကွက်တပ်ဆင်ရန် ညွှန်ကြားထား၏။ ယာဉ်မောင်းသူ၏ သွေးအတွင်း၌ အရက်(1.3 mg/dl) ရှိနေက သာမန်ထက် (၆)ဆမျှ ပိုမူးနေ၍

"ALCOLOCKS" က ကား၏အင်ဂျင်ကို အလိုအလျောက် ပိတ်လိုက်၍ ကားရပ်သွားမည်ပင်။

'ဖို့(ဒ်)' ကားကုမ္ပဏီကလည်း အိပ်ငိုက်တတ်သော ယာဉ်မောင်းများအတွက် လုံခြုံရေးသတိပေးသောစနစ်ကို တီထွင်ထားပါသည်။ ကားအတွင်း၌တပ်ဆင်ထားသော ရုပ်/သံစက်၏ဖန်သားပြင်တွင် ယင်းကား၏ မှုမမှန်သော မောင်းနှင်မှုပေါ်လာပါက ခေါင်းလောင်းသံဖြင့် သတိပေးလေ့ရှိ၏။ ကားကိုမရပ်က ပို၍ကျယ်လောင်သော ခေါင်းလောင်းသံကို ကြားရမည်ပင်။ ကားစက်ရပ်မှ ယင်းအသံပျောက်သွားလေ့ရှိပါသည်။

တစ်ဖန် ဗြိတိန်နိုင်ငံ အောက်(စ)ဖို့မြို့မှ TAXI များတွင် အသေးစား "CCTV" ကင်မရာများကို လျှို့ဝှက်တပ်ဆင်ထား၏။ ဒရိုင်ဘာနှင့် ခရီးသည်တို့၏ အခြေအနေကိုသိရန်နှင့် မော်တော်ယာဉ်ကို တိုက်ခိုက်လုယက်သူများလက်မှ အကာအကွယ်ပေးရန် ဖန်တီးပေးခြင်းပင်။ အဓိကမှာ ဓိမ်ခံကားသစ်များကို ဝယ်စီးနင်းသူများသည် ယာဉ်တိုက်မှုမှကင်းလိုကြပါသည်။ ယင်းဆန္ဒပြည့်ဝရန်၊ မော်တော်ယာဉ်ထုတ်လုပ်သူများက အကောင်းဆုံးဖြစ်အောင် အပြိုင်ကြိုးစားနေကြပါသည်။ မကြာမီ "SMART VEHICLES" များထုတ်လုပ်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

REF : "ENGINE 'ALCOLOCKS' FOR DRUNK DRIVERS" AND OTHER UPDATE INTERNET NEWS.

# ကားသစ် ဝယ်မည်ကြံလျှင်



တရုတ်နိုင်ငံမှ ထုတ်လုပ်သော "ချယ်ရီ QQ 3" ကားများကို မြန်မာနိုင်ငံတွင် (၇၅) သိန်းဖြင့် ဝယ်ယူစီးနင်းနိုင်၍ အရောင်းသွက်၏။ သို့သော် အင်တာနက်နှင့် ပြည်တွင်းမှ မီဒီယာသတင်းများကြောင့် အဝယ်တန့်သွား၏။ ယင်း 'ချယ်ရီ' ကားများကြောင့် အဆုတ်ကင်ဆာဖြစ်နိုင်ကြောင်း ဖော်ပြထား၍ပင်။ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယင်းကိစ္စကို တရုတ်နိုင်ငံရှိ 'ချယ်ရီ' ကားထုတ်လုပ်သော ကုမ္ပဏီကြီးအား တရားဝင်မေးမြန်းခဲ့ပါသည်။ အဖြေမှာ အားရကျေနပ်ဖွယ်ဖြစ်၏။

"ကျွန်တော်တို့က မြန်မာနိုင်ငံရှိ လူတန်းစားမရွေး စီးနိုင်အောင် ကားတွေကို 'သာမန်' အဆင့်မျိုးထုတ်လုပ်ထားတာပါ။ 'ASBESTOS' မီးခံပြားတွေကို မသုံးပါဘူး။ သုံးဖို့လည်း မလိုပါဘူး။ မီးခံပြားက ဖိုင်ဘာအမျှင်တွေ လောင်ကျွမ်းမှုကြောင့် ထွက်လာတဲ့ အငွေ့ကသာ အဆုတ်ကင်ဆာရောဂါ ဖြစ်စေတာပါ" ဟု ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်ကြီးက ပြန်လည်ရှင်းပြပါသည်။

ဩစတြေးလျနိုင်ငံသို့ တင်ပို့သော 'ချယ်ရီ' ကား 'J3 SEDAN' နှင့် 'T11 SUV' အမျိုးအစားကားများ၌ အဆင့်မြင့်

အီလက်ထရောနစ် ပစ္စည်းများသုံးထား၍ အပူရှိန်မြင့်မား၏။ မီးလောင်မှုဒဏ်မှ ကာကွယ်ရန် 'မီးခံပြား' များကို အသုံးပြုရ၏။ အပူကြီး၍ မီးခံပြားမျှင်များ လောင်ကျွမ်းတတ်၏။ ထွက်လာသောအငွေ့သည် အဆုတ်ကင်ဆာအပြင် အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သော ရောဂါများဖြစ်တတ်ကြောင်းသိရ၏။ စင်ကာပူနိုင်ငံကလည်း 'ချယ်ရီ' ကားများတွင် အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုရှိ/မရှိ စစ်ဆေးနေပါသည်။ မြန်မာနိုင်ငံတွင် ထိုကိစ္စကြောင့် 'ချယ်ရီ' ကား 'ဈေးကွက်' အေးနေစဉ် ၇.၉.၂၀၁၂ ရက်နေ့ ညနေ ၅ နာရီခန့်တွင် အင်းယားလမ်းနှင့် ပြည်လမ်းထောင့်ရှိ မီးပွိုင့်တွင် 'SUZUKI' ကားတစ်စီး မီးလောင်၏။ လှိုင်နှင့် ကြည့်မြင်တိုင်မီးသတ်တပ်ဖွဲ့တို့မှ ကားများလာရောက်ငြိမ်းသတ်ခဲ့၏။ မည်သည့်ကိစ္စကြောင့် မီးလောင်ရသည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပါ။

## လူဒုက္ခနှင့် ကားဒုက္ခ

၂၀၁၂ခုနှစ်က 'တိုယိုတာ' ကားကုမ္ပဏီသည် နာမည်ကျော် 'CAMRY' နှင့် 'COROLLA' ကားများ၏ 'PEDALS' ခြေနင်းများ 'ငြိကပ်' တတ်ပုံကို အမေရိကန် သယ်ယူပို့ဆောင်ရေးဌာနကြီးက စစ်ဆေးတွေ့ရှိခဲ့၏။ ယာဉ်များအန္တရာယ်ဖြစ်စေသော ထိုဖြစ်ရပ်ကို ဖုံးကွယ်ထား၍ အမေရိကန်အစိုးရက တိုယိုတာမော်တော်ယာဉ်ကုမ္ပဏီကြီးအား ဒေါ်လာ (၁၆.၄) သန်း ဒဏ်ရိုက်ခဲ့၏။ ကားကုမ္ပဏီများကို ဒဏ်ရိုက်ရာတွင် အမြင့်ဆုံးဒဏ်ကြေးဖြစ်၏။ ကုမ္ပဏီသည် သူထုတ်လုပ်ထားသော မော်တော်ယာဉ်များကို ပြန်လည်သိမ်းယူခဲ့သည့်အပြင် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များ၏ တရားစွဲဆိုမှုကိုပါ ခံခဲ့ရ၏။ တိုယိုတာကုမ္ပဏီသည် အမေရိကန်နိုင်ငံမှ ယာဉ်စီးရေ ၆ သန်းကျော်နှင့်

ကမ္ဘာအနှံ့မှ ၈ သန်းကျော် ပြန်လည်သိမ်းယူရပါသည်။ ကုမ္ပဏီမှ ထုတ်လုပ်သော ကား 'မော်ဒယ်' မျိုးစုံ၏ 'လီဗာ' ပြဿနာနှင့် 'PRIUS HYBRID' ကားတို့၏ 'ဘရိတ်' ချွတ်ယွင်းမှုများကို အချိန်မီ မကြေညာသည့်အတွက် ဒဏ်ရိုက်ခံရခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ် RAY LAHOOD က ပြန်ကြားခဲ့ပါသည်။

ဖော်ပြပါကိစ္စနှင့် ပတ်သက်၍ ဂျပန်နိုင်ငံမှ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသည် 'တိုယိုတာ' မော်တော်ကားကုမ္ပဏီမှ ချွတ်ယွင်းချက်ရှိသောကားများကို ပြန်လည်သိမ်းယူသည့်စနစ်အား ပြန်လည်သုံးသပ်နေ၏။ ပင်လယ်ရပ်ခြားရှိ တိုယိုတာယာဉ် အစီး ၈ သန်းကျော်ကို အမြန်ဆုံးသယ်ယူရန် လိုအပ်ကြောင်း၊ သယ်/ပို့ ဝန်ကြီး SEIJI MEAEHARA က 'ကျိုဒို' သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။ မလိုလားအပ်သော ချဲ့ကား၍ အပုပ်ချမှုကြောင့် 'တိုယိုတာ' ကုမ္ပဏီနာမည်ပျက်နိုင်၍ ယင်းမော်တော်ယာဉ်များကို အမြန်ဆုံးပြုပြင်တပ်ဆင်ပေးရန်လည်း အကြံပြုထားပါသည်။

## ကားဒုက္ခကိုကုစားမည့်သူများ

'တိုယိုတာ' ကားများ၏ 'ရှိန်နှုန်းထိန်း' လီဗာများ၏ ချွတ်ယွင်းချက်ကို ပြုပြင်မွမ်းမံရန် အမေရိကန်အစိုးရက လေဟာပြင်သွားယာဉ်များတည်ဆောက်သော NASA အဖွဲ့ကြီးမှ ပညာရှင်များကို အကြောင်းကြားထား၏။ တိုယိုတာကားများ၏ 'ရှိန်နှုန်းထိန်း' အီလက်ထရောနစ် 'လီဗာ' များကို 'နာဆာ' အဖွဲ့မှ ပြန်လည်စစ်ဆေး၍ အန္တရာယ်ကင်းအောင် ပြုပြင်မွမ်းမံဆောင်ရွက်ပေးရန် ညှိနှိုင်းကြပါသည်။ အစိုးရချင်းကူညီသည့် သဘောလည်းပါ၏။

'နာဆာ' အဖွဲ့ကြီးမှ 'အီလက်ထရောနစ်' ပညာရပ်ဆိုင်ရာ

ကျွမ်းကျင်သော သိပ္ပံပညာရှင် ၉ ဦးကို ရွေးချယ်၍ တာဝန်ပေးခဲ့ပါသည်။ 'လျှပ်စစ်သံလိုက်လှိုင်း' ဆိုင်ရာပညာရှင်၊ 'ဆော့(ဖ)ဝဲ' ပညာရှင်များနှင့် ထူးထွေဆန်းပြားသော 'အီလက်ထရောနစ်' ပညာရပ်ဆိုင်ရာပညာရှင်များက 'တိုယိုတာကားများ၏ အခက်အခဲကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း သိရပါသည်။

ထို့ပြင် ခေတ်ပေါ်ကားတိုင်း၌ တပ်ဆင်အသုံးပြုသော ကွန်ပျူတာများရှိ ဆက်သွယ်ရေးကိရိယာများအား 'ဗိုင်းရပ်' ရန်မှ ကာကွယ်ဖို့ 'INTEL CORP' မှ လုံခြုံရေးပိုင်းဆိုင်ရာ ကွန်ပျူတာပညာရှင်များက ရှာဖွေနေကြပါသည်။ 'ဖို့ဒ်' ကားကုမ္ပဏီမှ 'ALLAN HALL' ဆိုသော ပုဂ္ဂိုလ်ကြီးကလည်း ဖို့ဒ်ကားများ၌ တပ်ဆင်ထားသော ဆက်သွယ်ရေးနှင့် ဖျော်ဖြေရေးကိရိယာများ၏စနစ်ကို 'ဗိုင်းရပ်' ဒဏ်ခံနိုင်ရန် စွမ်းရည်မြှင့်ထားကြောင်း ဆိုပါသည်။ အမေရိကန်နိုင်ငံရှိ 'CYBER CONSEQUENCES UNIT' မှ ထိပ်တန်းပညာရှင် 'ဂျွန်ဘမ်ဂါနာ' ကလည်း အောက်ပါအတိုင်း ဝန်ခံသွားပါသည်။

'ကွန်ပျူတာနဲ့ ထိန်းချုပ်ထားတဲ့ မော်တော်ယာဉ်များကို ခိုးယူမှု၊ ကားထဲ၌ ပြောဆိုနေသော စကားတို့ကို ခိုးယူနားထောင်မှု၊ ကားမောင်းခိုက် 'မတော်တဆ' မှုမျိုးဖြစ်အောင် 'ဟက်ကာ' များက လုပ်ဆောင်နိုင်ပါတယ်။ ဒါပေမယ့် ယနေ့တိုင် ယင်းကိစ္စများမဖြစ်အောင် ပညာရှင်များက ရာနှုန်းပြည့်တာဝန်မယူနိုင်သေးပါ' ဟု ဆိုပါသည်။ ကွန်ပျူတာသိပ္ပံပညာရှင်များ၏အလိုအရ ကားကိုလိုသည်ထက်ပို၍ အရှိန်မြှင့်မောင်းလျှင် 'ဗိုင်းရပ်' တို့က ကားကိုပျက်စီးအောင် ပြုနိုင်ခြင်းပင်။

## စီးပွားပျက်ချိန် တစ်ပတ်ရစ်ကားအရောင်းသွက်


စပိန်နိုင်ငံတွင် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ရစဉ် တစ်ပတ်ရစ်ကားများ အရောင်းအဝယ်ဖြစ်ခဲ့၏။ ၇၀%ခန့်ရောင်းရ၍ ၆၀%မှာ (၁၀) နှစ်ခန့် အသုံးပြုပြီးကားများဖြစ်နေ၏။ သို့သော် လမ်းအန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကိုမူ အကာအကွယ်မပေးနိုင်ပါ။ တစ်ဖန် ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ကားသစ်ဝယ်ယူသူများသည် တန်ဖိုးပေါ်ထပ်ဆောင်းသည့်အခွန် ၂၁% ပေးဆောင်ရမည်ဖြစ်ကြောင်း အစိုးရက သတင်းထုတ်ပြန်ထား၏။ နိုင်ငံ၏ စီးပွားရေးဦးမော့လာရန် ကြိုးစားခြင်းပင်။ စပိန်နိုင်ငံတွင် ၂၀၀၇ ခုနှစ် စီးပွားရေးကောင်းစဉ်က ကားသစ်စီးရေ (၁.၆)သန်းကျော် ရောင်းချရသော်လည်း ၂၀၁၂ ခုနှစ်တွင် ကားသစ်စီးရေ (၇.၀) သိန်းသာရောင်းချရမည်ဟု ခန့်မှန်းထားပါသည်။ သို့မို့ကြောင့် ယခုလက်လှမ်းမီသလောက် ကားနှင့်ပတ်သက်သော အချက်အလက်များကို တင်ပြထားပါသည်။ အဝယ်မလောဘဲ စဉ်းစားချင့်ချိန်၍ ဝယ်ယူကြပါလို့ . . . ။

REF : NASA TO HELP PROBE TOYOTA ACCELERATION PROBLEM AND OTHER UPDATE INTERNET NEWS.

## မော်တော်ယာဉ်များအား ပြန်လည်သိမ်းယူမှု

| စဉ် | ၂၀၁၂နေ့စွဲ | ကုမ္ပဏီ | အမျိုးအစားနှင့်အမည် | အရေအတွက် | ချွတ်ယွင်းချက် |
|---|---|---|---|---|---|
| ၁။ | မေ | နီဆန်း | CARAVANxCOMO | ၁၉၄,၄၃၄ | ဘယ်ရင်စနစ်ချွတ်ယွင်း |
| ၂။ | ဇွန် | ဘေဂျင်းဟွန်ဒိုင်း | ELANTRA YUEDONG | ၉၇,၄၅၂ | လေအိတ်ဒီဇိုင်းချွတ်ယွင်း |
| ၃။ | ဇူလိုင် | ဆူဘားယု | IMPREE, FORRESTERxLEGACY | ၇,၄၁၂ | အင်ဂျင်ခန်း၊ ရေပန့်ချွတ်ယွင်း |
| ၄။ | ဇူလိုင် | ဖို့ဒ် | ESCAPE SUV | ၈,၂၆၆ | ဘရိတ်ချွတ်ယွင်းမှု |
| ၅။ | ဇူလိုင် | ဗော်ဗို | FM+FH TRUCKS | ၂၇၆ | အပူကာပြားများချွတ်ယွင်း |
| ၆။ | ဩဂုတ် | တိုယိုတာ | RAV 4S (HS 250h) | ၇၆၀,၀၀၀ | စပ်စပင်းရှင်းမောင်းတံချွတ်ယွင်း |
| ၇။ | ဩဂုတ် | ဂျီအမ် | SAAB (SUVS) 97.x | ၂၅၈,၀၀၀ | လျှပ်စစ်ဖြင့် ဖွင့်/ပိတ်ရသော |
| | | အီဆူဇူး | ISUZU ASCENDER | | ဘေးကာမှန်များချွတ်ယွင်း |
| ၈။ | ဩဂုတ် | ဖို့ဒ် | 2013 ESCAPE | ၇,၄၅၀ | ဆီပို့ပိုက်ယို၊ မီးလောင်မှုဖြစ် |

(မှတ်ချက် (၁၁. ၃. ၂၀၁၁) ရက်နေ့က ဂျပန်နိုင်ငံ၌ ဖြစ်ပွားသော ဆူနာမီရောမလှိုင်းလုံးများကြားမှ ရေမျောကမ်းတင်ကားစီးရေမပါဝင်)



## ဘဝနေဝင်ချိန်နှင့် သူတောသီများ



လူဟူ၍ဖြစ်လာလျှင် ကိုယ့်ကိုယ်ကိုယ် ကျန်းမာသန်စွမ်းအောင် ပြုဆောင်ရမည့် တာဝန်ရှိပါသည်။ နေ့စဉ်သွားလာလှုပ်ရှားနိုင်ပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးရန် မျှတသော အစားအစာများကို စားသုံးခြင်းနှင့် ရောဂါကင်းရှင်းအောင် နေထိုင်မှုသည် ကျန်းမာရေးစောင့်ရှောက်ခြင်းဖြစ်၏။ ထို့ပြင် လူ့ခန္ဓာကိုယ်ကို လေ့လာကြည့်က အလွန်အံ့ဩဖွယ်ကောင်းကြောင်း တွေ့ရမည်ပင်။ မည်သည့်စက်ကိရိယာမျှ လူ၏ခန္ဓာကဲ့သို့ စွမ်းဆောင်နိုင်ခြင်းမရှိသေးပါ။ မွေးစမှ နောက်ဆုံးထွက်သက်ကုန်ဆုံးချိန်အထိ လူ့ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများက ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်သွားကြ၍ပင်။ ကျန်းမာရေးကို ဂရုမစိုက်၍ အကြွေစောသူများလည်းရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများကမူ သူတို့နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးကို ဂရုစိုက်ကြ၏။ ထိုနိုင်ငံများတွင် သက်ကြီးရွယ်အိုများ ပေါများ၏။ တောင်ကိုရီးယား၊ စင်ကာပူ၊ ဂျပန်နှင့် တရုတ်နိုင်ငံများတွင် သက်ကြီးရွယ်အိုများ နှစ်စဉ် (၁၅%)ခန့် တိုးတက်နေ၏။ သူတို့နိုင်ငံများမှ "ဘိုး၊ ဘွားသက်ရှည်များ" ၏ ကျန်းမာရေးကို ပံ့ပိုးပေးမှုအား လေ့လာရသော . . .

## ဗိုက်ခေါက်ထူလျှင် သတိထား

THE AMERICAN DIETETIC ASSOCIATION (ADA) မှ သုတေသီများက လူအများ ကျန်းမာရေးဒေါင်ဒေါင်မြည်လိုက ဗိုက်ခေါက်မထူအောင် အဆီချကြပါဟု အကြံပြုထား၏။ "ကိုယ်အလေးချိန်ကိုချ၊ အဆီဓာတ်ကိုထိန်းပြီး သင့်ခါးမှာ အဆီမစုဖို့ အရေးကြီးပါတယ်။ ခါးပတ်ရှည်လေ အသေစောလေဆိုတဲ့ စကားကိုတော့ မမေ့ကြပါနဲ့"ဟု (ADA)မှ တာဝန်ရှိသူ "ဂျင်(မ)ဝှိုက်"က ထုတ်ဖော်ပြောကြားပါသည်။

ဗိုက်ခေါက်ထူလျှင် ဆီးချို၊ သွေးတိုး၊ နှလုံးနှင့် ကင်ဆာရောဂါများဖြစ်ရန် အလားအလာများ၏။ အာဟာရဖျတသော အစားအစာကိုစားပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်၍ တစ်နေ့လျှင် ခုနစ်နာရီမှ ကိုး နာရီခန့် အိပ်စက်အနားယူရန် အကြံပြုထား၏။ အထူးသဖြင့် အချိုကို တတ်နိုင်သမျှရှောင်၊ အငန်ကို အနည်းငယ်မှီဝဲ၊ အရက်လျှော့သောက်ပါက "ခါးတုတ်"မှုမှ ကင်းဝေးပြီး သက်ရှည်ကျန်းမာမည်ဖြစ်ကြောင်းသိရ၏။ အသင့်အတင့် နှလုံးသွင်း၍ စိတ်ဖိစီးမှုကိုလည်း လျှော့ချပါ။

## မျက်ခွံပေါ်မှ အဝါရောင်

ဒိန်းမတ်နိုင်ငံမှ သုတေသီများက လူတို့၏မျက်ခွံတစ်ဝိုက်၌ အဝါရောင်အရေးအကြောင်းများ "XANTHELASMATA" ဖြစ်ပေါ်လာပါက နှလုံးရောဂါနှင့် အခြားဝေဒနာများဖြစ်ရန် အလားအလာများကြောင်း ထုတ်ဖော်ပြောကြားပါသည်။ အဝါရောင်အရေးအကြောင်းဆိုသည်မှာ "ကိုလက်စထရော" ခေါ် အဆီဓာတ်ဖြစ်ပြီး ကိုယ်တွင်း၌ အများအပြားစုဝေးလာပါက နှလုံးရောဂါဖြစ်ရန် (၄၈%)

ခန့် သေချာကြောင်း (BMJ)ဝက် (ဘ) ဆိုဒ်တွင် ဖော်ပြထား၏။ နှလုံး အထူးကုဆရာဝန်ကြီးများသည် (၁၉၇၀) ပြည့်နှစ်က နှလုံးရောဂါရှင် ပေါင်း (၁၂၇၄၅) ဦးကို စတင်စစ်ဆေးခဲ့၏။ (၄.၄%)ခန့်သာ "XAN THELASMATA" လက္ခဏာများ ပေါ်ပေါက်နေကြောင်းသိရ၏။ (၃၃)နှစ်ကြာသောအခါ လူ (၁၈၇၂)ဦးသည် နှလုံးရောဂါကို အပြင်း အထန်ခံစားနေရပြီး (၃၆၉၉)ဦးကား နှလုံးရောဂါကို စတင်ခံစားနေရ၍ လူ(၈၅၀၇)ဦးကား ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်းသိရ၏။ သို့မို့ကြောင့် မျက်ခွံတစ်ဝိုက်၌ အဝါရောင်အရေးအကြောင်းများ ပေါ်လာပါက နှလုံးရောဂါဖြစ်နိုင်ချေရှိ၍ တတ်ကျွမ်းသော ဆေးပညာရှင်များနှင့် ကုသကြရန် သုတေသီများက အကြံပြုထားပါသည်။

မျက်နှာနှင့်လည်ပင်းတစ်ဝိုက်မှ အရေးအကြောင်းများ

လူတို့၌ အဓိကအရိုးနှင့် အရိုးငယ်ပေါင်း (၃၀၀)ခန့်ရှိ၏။ တစ်ဖန် လူ့အသားအရေနှင့် အရိုးတို့၏ ပရိုတိန်းပါဝင်မှုသည်လည်း ဆက်စပ်မှုရှိ၏။ အကယ်၍ အမျိုးသမီးတစ်ဦး၏ မျက်နှာနှင့်လည်ပင်း ပေါ်တွင် အရေးအကြောင်းများပေါ်လာခြင်းသည် အရိုး၏သိပ်သည်းစ နည်းလာသည့်သဘောပင်။ အရိုးသည် ကြွပ်ဆတ်၍ ကျိုးပဲ့ရန် အလားအလာများပုံကို "ယေး(လ)" တက္ကသိုလ်မှ သုတေသီများက ဆိုပါသည်။ အမေရိကန်နိုင်ငံအနှံ့အပြားမှ အမျိုးသမီး (၁၄၄)ဦးကို မီးရပ်သွေးဆုံးပြီး သုံးလခန့်ကြာသောအချိန်၌ သုတေသနပြုခဲ့ကြ၏။

အမျိုးသမီးများ၏ လည်ပင်းနှင့်မျက်နှာများရှိ နေရာ (၁၁)မျိုး ကို "DUROMETER" သုံးကာ မျက်မြင်စမ်းသပ်၍ အသားအရေ တင်းရင်းမှုကို စစ်ဆေးပါသည်။ သယ်ဆောင်ရလွယ်ကူသော "UL-TRASOUND" နှင့် "X-RAY" စက်ကိုသုံး၍လည်း အရိုး၏ထုထည်

နှင့် သိပ်သည်းဆတို့ကိုလည်း စစ်ဆေးပါသည်။ အမျိုးသမီးများကား အသက်အရွယ်မရွေးဘဲ သူတို့၏ နဖူးနှင့်လည်ပင်းတို့တွင် အရေး အကြောင်းလေးများ ပေါ်တတ်၏။ အရေးအကြောင်းများလေ အရိုး၏ သိပ်သည်းဆလျော့နည်းလေပင်။ သို့ဖြစ်ပါက နို့နှင့် နို့ထွက်ပစ္စည်း၊ လတ်ဆတ်သော အသား၊ ငါး၊ အသီးအနှံနှင့် ကျန်းမာရေးလေ့ကျင့် ခန်းယူရန် "သားဖွား၊ မီးယပ်နှင့် မျိုးပွားမှုဆိုင်ရာ "ယေး(လ)" ဆေးသိပ္ပံကျောင်း"မှ ပရော်ဖက်ဆာ "LUBNA PAL" က အကြံပြု ထားသည်။

## မှတ်ဉာဏ်ယုတ်လျော့လာလျှင် သတိထား

တစ်ဖန် လူတို့သည် ကံမကုန်မီ (၂) နှစ်မှ (၃) နှစ်အတွင်း သူတို့၏ မှတ်ဉာဏ်သည် (၈) ဆမှ (၁၇) ဆအထိ ယုတ်လျော့သွား တတ်ကြောင်း သုတေသီများက ဆိုပါသည်။ ကက်သလိပ်ဘုန်းတော် ကြီးများနှင့် သီလရှင်များ၏ မှတ်ဉာဏ်နှင့်ပတ်သက်၍ စမ်းသပ်မှုကို "RUSH UNIVERSITY MEDICAL CENTRE" မှ သိပ္ပံပညာရှင် "ရောဘတ်ဝီ(လ)ဆင်"က (၁၅) နှစ်ခန့်အချိန်ယူဆောင်ရွက်ခဲ့၍ ပင်။ အသက်ကြီးမှ "အယ်ဇိုင်းမား" သတိမေ့ရောဂါခံစားရခြင်းနှင့် ဆက်စပ်မှု ရှိ၊ မရှိကို ဆက်လက် သုတေသနပြုနေပါသည်။ ထို့ပြင် မှတ်ဉာဏ်ပိုင်းဆိုင်ရာ ဇီဝဖြစ်စဉ်များ ဦးနှောက်အတွင်း ပြောင်းလဲဖြစ် ပေါ်မှုနှင့် လူ့သက်တမ်း ဆက်နွယ်မှုရှိကြောင်း "အိုရီဂွန်" တက္ကသိုလ် ၌ စာတမ်းပြုစုထား၏။ တစ်ခါတစ်ရံ သက်ကြီးရွယ်အိုများ၏ စိတ် ဓာတ်တက်ကြွမှုကြောင့် ဦးနှောက်စွမ်းရည်မြင့်မားပုံကို "NEUROLOGY" ဂျာနယ်တွင် ဖော်ပြထားမှုအား ဖတ်ရှုနိုင်ပါသည်။

## DNA ကို စေ့ငုကာ သက်တမ်းကို ခန့်မှန်းနိုင်

နောက်ဆုံးပေါ် သုတေသနပြုချက်အရ သက်ရှိတစ်ဦး၏ မွေးခါစအချိန်၌ DNA ကို စေ့ငုကာမှုဖြင့် သူ၏ အသက်အတိုင်းအတာကို ခန့်မှန်းနိုင်ကြောင်း သုတေသီများက ဆိုပါသည်။ (၂၅) ရက်သားအရွယ် "ZEBRA FINCHES" ငှက်ငယ်တို့၏ "TELOMERE" ခေါ် DNA ကို သုတေသီများက စစ်ဆေးပြီး ယင်းတို့၏ "သက်တမ်း" ကို ခန့်မှန်းခြင်းဖြစ်၏။ သက်ဆိုင်ရာ DNA "မျိုးဗီဇသင်္ကေတ" ပါဝင်သော "ခရိုမိုဇုန်း" တို့၏ အစွန်းနှစ်ဖက်တွင် "TELOMERE" တို့က အပျက်အစီးနည်းအောင် ဖုံးအုပ်ထားလေ့ရှိ၏။ လူ၊ တိရစ္ဆာန်နှင့် အပင်တို့၏ DNA ကိုလည်း ယင်းသို့ပင် ကာကွယ်ထား၏။ "TELOMERE" များ တစ်စတစ်စပျက်စီးခြင်းသည် ကိုယ်တွင်းရှိ ကလာပ်စည်းများ တဖြည်းဖြည်းပျက်စီးခြင်းပင်။

ဂလက်ဒိုတက္ကသိုလ်မှ သုတေသီများက သက်ရှိတို့သည် ပတ်ဝန်းကျင်ကိုလိုက်၍ "TELOMERE" အရှည်အတို မညီဘဲ ပြောင်းလဲလေ့ရှိကြောင်း သိရ၏။ "ဇီဗရား၊ ဖင့်(ချ်)" ငှက်တို့၏ သက်တမ်းကား ရက်ပေါင်း (၂၁၀) မှ (၉) နှစ်အထိ အသက်ရှည်ကြောင်းသိရ၏။ စောင့်ကြည့်လေ့လာ၍ အဖြေထုတ်နိုင်၏။


## နှာခေါင်းတွင်းမှ မွေးနုလေးများ

မှုခင်းဆေးပညာရှင်များအတွက် သက်ရှိတစ်ဦး၏ ကွယ်လွန်ချိန်အတိအကျကို ခန့်မှန်းရန် မလွယ်ကူကြောင်းသိရ၏။ ခန္ဓာကိုယ်အပူချိန်၊ မကွယ်လွန်မီ ခိုက်ရန်ဖြစ်ပွားမှု ရှိ၊ မရှိ၊ ကိုယ်သားကိုယ်ရေ အခြေအနေ၊ အနံ့အသက်ထွက်လာသည့် အချိန်နှင့် ပတ်ဝန်းကျင်စသည့် ပြဿနာများရှိ၏။ အီတလီနိုင်ငံ "ဘာရီ" တက္ကသိုလ်မှ


သုတေသီများက သက်မဲ့ခန္ဓာကိုယ်ရှိ နှာခေါင်းတွင်းမှ "CILIA" ခေါ် "မွေးနု" လေးများသည် အချိန်အတိုင်းအတာတစ်ခုအထိ လှုပ်ရှားနေလေ့ရှိကြောင်းကို တွေ့ရှိခဲ့၏။ သို့မို့ကြောင့် မကြာသေးမီက ကွယ်လွန်ခဲ့သော "သက်မဲ့" လူပေါင်း (၁၀၀) ခန့်၏ နှာခေါင်းတွင်းမှ "CILIA" မွေးနုနှင့် အသားစများကို ခြစ်ယူ၍ မွေးနုလေးများ၏ လှုပ်ရှားမှုကို လေ့လာကာ၊ ထိုသူများ၏ ကွယ်လွန်ချိန်အတိအကျကို ခန့်မှန်းခဲ့ကြပါသည်။ မှန်ကန်မှုရာခိုင်နှုန်းများပါသည်။

အဓိကမှာ သက်ကြီးရွယ်အိုများကို ကျန်းမာရေးစောင့်ရှောက်ရုံမျှဖြင့် မပြီးသေးပါ။ အဘိုးအဘွားများ ပြည့်ဝသော အာဟာရကို စားသုံးရပြီး လွတ်လပ်ပျော်ရွှင်စွာ နေထိုင်နိုင်အောင် ဆောင်ရွက်ပေးသင့်ကြောင်း သုတေသီများက အကြံပြုထားသည်။

REF : DNA CAN PREDICT HOW LONG YOU WILL LIVE AND OTHER INTERNET NEWS.



# အလှဆင်ရင်တုပြဿနာ



ယနေ့ ကမ္ဘာ့အမျိုးသမီးလောကတွင် သောကပွားနေရသော ဖြစ်ရပ်၊ အပြည်ပြည်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက အနီးကပ်လေ့လာစောင့်ကြည့်နေရသည့် ဖြစ်ရပ်မှန်ကို တင်ပြပါမည်။

မြန်မာနိုင်ငံ၌ ယခုအချိန်တွင် ကြိုးမပါသည့်ဘော်လီကိုဝတ်၊ ယောက်ျားစွပ်ကျယ်မျိုးကိုစွပ်၊ ဘောင်းဘီတိုနံ့နံ့၊ ဂါဝန်ပေါင်ပေါ်လေးများကို ဝတ်ဆင်လေ့ရှိသော အမျိုးသမီးများရှိနေကြပါပြီ။ နိုင်ငံအနှံ့သို့ ဈေးဝယ် ထွက်တတ်သည့်မော်ဒယ်လေးများကား အများအပြား။ နိုင်ငံခြားမှအနုပညာ ရှင်များကို အားကျ၍ ဆေးမှင်ရည် 'တက်တူး' ထိုးသူများလည်းမရှားပါ။ ထို့ပြင် 'မိန်းမတို့အလှ တင်နှင့်ရင် အချိုးကျမှ' ဟု အလှဋ္ဌီကာချဲ့သူများ ကြောင့် သူတို့နိုင်ငံရောက်ခိုက် 'တင်' လှရန် လေ့ကျင့်ခန်းယူ၍၊ 'ရင်' လှရန်၊ 'ဆီလီကွန်' အစားထိုး၍ ခွဲစိတ်ပြုပြင်မှုများပြုကာ လှသည်ထက် လှအောင် ပြုဆောင်ခဲ့ကြမည်ပင်။

ယနေ့ ကမ္ဘာ့အနှံ့အပြားတွင် 'မလှဘူးဆိုလျှင် ငိုချင်သောအမျိုး သမီး' များသည် အမြင်လှရန် ရင်သားအလှခွဲစိတ်မှုများ ပြုလုပ်ကြ၏။ ခေတ်စားနေ၏။ ပြင်သစ်နိုင်ငံအခြေစိုက် 'ပလတ်စတစ်ဆာဂျင်' နှင့်

'အရေပြားရောဂါအထူးအဖွဲ့ (IMCAS) က အလှအပနှင့်ပတ်သက်၍ ခေတ်ပေါ်တွေ့ရှိချက်များကို ကမ္ဘာအနှံ့သို့ ဖြန့်ဖြူးခဲ့၏။ ဝမ်းဗိုက်နှင့် ခါးတုတ်သူများအတွက် အဆီပိုများကို စုပ်ယူသည့်နည်းပညာ၊ ခွဲစိတ်ကုသ၍ ရင်သားအလှဖန်တီးခြင်းနည်းပညာနှင့် Botox ထိုးဆေးထိုးနှံမှုနည်းပညာများဖြစ်၏။ ၂၀၁၁ ခုနှစ်က အမျိုးသမီးများ အလှအပဖန်တီးမှုတွင် ယူရိုငွေ (၃.၂)မှ (၃.၈)ဘီလျံခန့်သုံးစွဲခဲ့၏။ ၂၀၁၂ ခုနှစ်တွင် ထိုထက်များပြားသောငွေကြေးကို သုံးစွဲမည်ဟု ယုံကြည်ပါသည်။ တစ်ဖန် လှချင်ကြသော ကမ္ဘာအနှံ့မှ အမျိုးသမီး (၄)သိန်းကျော်သည် 'အဆင့်နိမ့်ဆီလီကွန်ဂျယ် (လ)' (Low-Grade Silicon Gel) ကို သုံး၍ ရင်သားအလှဖန်တီးပေးသော ပြင်သစ်ကုမ္ပဏီ (Poly Implant Prothese)-PIP ကြောင့် ကိုယ်တွင်းအင်္ဂါပျက်စီးမှုကို ခံစားနေရကြောင်း သိရပါသည်။

## အတုကိုရှောင် အစစ်ကိုဆောင်

ပြင်သစ်နိုင်ငံမှ ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဖြူးနေသော ရင်သားအစားထိုးအလှဆင်ပစ္စည်းများသည် စံချိန်မမီ၍ ကာယကံရှင်များ ကျန်းမာရေးထိခိုက်နေကြောင်း လန်ဒန်မြို့ထုတ်သတင်းစာ (The Daily Express) က ဖွင့်ချရေးသားခဲ့ပါသည်။ ရင်သားခွဲစိတ်ကုသရာတွင် အသုံးပြုသော ပြင်သစ်နိုင်ငံမှထုတ်လုပ်သည့် စံချိန်မမီသည့် 'ဆီလီကွန်ဂျယ်(လ)' များကြောင့် ကမ္ဘာအနှံ့မှ သုံးစွဲသူအမျိုးသမီး(၄)သိန်းခန့် သွေးဆိပ်တက်ခြင်း၊ သွေးမလျှောက်ဘဲရှိခြင်း စသောအန္တရာယ်မျိုးစုံနှင့် ကြုံတွေ့နေရကြောင်း သိရှိရ၏။ သို့မို့ကြောင့် ပြင်သစ်နိုင်ငံရှိ PIP ကုမ္ပဏီကို ဥပဒေပြဋ္ဌာန်း၍ ပိတ်ပစ်ခဲ့၏။ ယနေ့ ကမ္ဘာအနှံ့ ရင်သားခွဲစိတ်ပြုပြင်သူ အမျိုးသမီးပေါင်း (၅) သန်းမှ (၁၀) သန်းခန့်ထိရှိနိုင်ကြောင်း ခန့်မှန်းထား၏။ ယင်းကုမ္ပဏီကို ပိတ်ခဲ့သော်လည်း ထုတ်လုပ်ထားသော 'ဆီလီကွန်ဂျယ်(လ)'နှင့် ဖန်တီး

ထားသည့် ရင်တု(၉၀%)ခန့်သည် ကမ္ဘာအနှံ့ရှိ ခွဲစိတ်ဆရာဝန်ကြီးများထံ ရေကြောင်း၊ လေကြောင်းတို့ဖြင့် ပေးပို့ပြီးဖြစ်နေ၏။ ခွဲစိတ်ကုဆရာဝန်ကြီးများကလည်း ရင်သားပြုပြင်ထားသည့် အမျိုးသမီးများအား အခက်အခဲရှိလျှင် သူတို့အား ဆက်သွယ်ပါက လိုအပ်သလို ခွဲစိတ်ပြုပြင်ပေးမည်ဖြစ်ကြောင်း နှစ်သိမ့်ထားး၏။

## PIP ကုမ္ပဏီကြီး၏နိဂုံး

ကမ္ဘာ့အမျိုးသမီးထု၏ ကျန်းမာရေးကို ခြိမ်းခြောက်နိုင်မည့်အခြေအနေရောက်အောင် ပြုဆောင်ခဲ့သော အသက်(၇၂)နှစ်ရွယ် JEAN CLAUDE MAS ကို ပြင်သစ်နိုင်ငံမှ ဥပဒေပညာရှင်များက စွဲချက်တင်လိုက်ပါသည်။ သူသည် အမျိုးသမီးများရင်သားအလှ ခွဲစိတ်ပြုပြင်ရာတွင်သုံးသည့်ပစ္စည်းရောင်းချသော ပြင်သစ်နိုင်ငံမှ PIP ကုမ္ပဏီကြီးကို တည်ထောင်သူဖြစ်၏။

ကမ္ဘာအနှံ့မှ အမျိုးသမီး(၄)သိန်းခန့်က သူ၏ကုမ္ပဏီထုတ်အရည်အသွေးညံ့သော ဆီလီကွန်များကို ရင်သားအလှဆင်ရာတွင် သုံးခဲ့၍ဖြစ်၏။ စုံစမ်းစစ်ဆေးချက်အရ အချို့ဒေသများတွင် အမျိုးသမီးများ အသေအပျောက်ရှိကြောင်း သိရ၏။ MAS အား ယခု ယူရိုတစ်သိန်းတန် အာမခံဖြင့်အပြင်ထွက်နေထိုင်ခွင့်ပြုထား၏။

MAS သည် သူ၏ကုမ္ပဏီမှ တာဝန်ရှိသူပုဂ္ဂိုလ်များနှင့် သူ၏ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးနေသော အဆက်အသွယ်များကိုသက်ဆိုင်ရာအာဏာပိုင်များအား ရှောရှောရှူရှူ ပြောပြခဲ့ပါသည်။ ရဲအဖွဲ့က ယခင်အမှုဆောင်ဟောင်း CLAUDE COUNTY ကိုလည်း ခေါ်ယူစစ်ဆေးပါသည်။ "အဆင့်နိမ့်ဆီလီကွန်ဂျယ်(လ)"ကို ပြင်သစ်နိုင်ငံတစ်ဝန်းရှိ အမျိုးသမီး ၃၀၀၀၀ကျော်ခန့်၏ ရင်သားကို ခွဲစိတ်အလှဆင်ပေးခဲ့၍ ကာယကံရှင်

အမျိုးသမီးများ၏ ခန္ဓာတွင်းအင်္ဂါများ အန္တရာယ်မျိုးစုံနှင့် ကြုံနေရ၏။ တာဝန်ရှိသောသမားတော်များက ထိုအမျိုးသမီးများရင်တွင်းရှိ ဆီလီကွန်များကို အမြန်ဆုံးထုတ်ပယ်ပစ်ရန် အကြံပြုထားပါသည်။ ဂျာမနီနှင့် ချက်သမ္မတနိုင်ငံတို့ကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံတွင်းရှိ အမျိုးသမီးထုအား အထူးသတိပေးထားပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း(၆၅)နိုင်ငံမှ အမျိုး သမီး(၄)သိန်းကျော်၊ (၅)သိန်းခန့်သည် PIP ကုမ္ပဏီထုတ် အဆင့်နိမ့် ဆီလီကွန်များနှင့် ရင်သားကိုအလှဆင်ထားကြောင်း သိရ၏။ ထို့ပြင် ဥရောပနှင့် လက်တင်အမေရိကရှိ (၁၃)နိုင်ငံမှ တာဝန်ရှိသူများကလည်း ရင်တုထည့်သွင်းထားသည့် အမျိုးသမီးများအား ကျန်းမာရေးအတွက် အရေးပေါ် စစ်ဆေးကြရန် ညွှန်ကြားထားပါသည်။

## ရင်တုကယ်ပေလို့

ကမ္ဘာပေါ်ရှိ ရင်သားအလှဖန်တီးထားသော အမျိုးသမီးများ ခေါင်းစားနေစဉ် ရင်တုကြောင့် အသက်ဘေးမှ သီသီကလေးလွတ်ခဲ့သည့် ဓာတ်လမ်းလည်း ရှိပါသည်။ အမေရိကန်အမျိုးသမီးကြီးတစ်ဦးနှင့် သူမ၏ သည်းထိတ်ရင်ဖိုဖြစ်ရပ်စုံ အံ့ဩကုန်နိုင်ဖွယ်ဖြစ်ရပ်ပါ။

အသက်(၄၁)နှစ်ရွယ် အမည်မဖော်လိုသော အမျိုးသမီးတစ်ဦးသည် ဖလော်ရီဒါပြည်နယ်ရှိ သူမ၏ ချစ်သူဟောင်းအိမ်သို့သွားရောက်စဉ် အမျိုးသား၏လက်ရှိချစ်သူ 'အေမီဝင်းတား' ဆိုသော အမျိုးသမီးနှင့် တွေ့၏။ 'အေမီ' က ထိုအမျိုးသမီး၏ ကားဘော်ဒီကို ရန်စသည့်သဘောဖြင့် ဓားမြှောင်ထုတ်ကာခြစ်တော့၏။ ထို့နောက် စိတ်မထိန်းနိုင်သော 'အေမီ' က ယင်းအမျိုးသမီး၏ ဘယ်ဘက်ရင်အုံကို ဓားမြှောင်ဖြင့် အဆက်မပြတ်ထိုးတော့သည်။ ကံကောင်းသည်မှာ ယင်းအမျိုးသမီးသည် ရင်သားလှပရန် ထည့်သွင်းထားသော 'ဆီလီကွန်' နှင့် SALINE ဓာတ်ဆေး

ရည်များကြောင့် သူမ၏နှလုံးသားကို ဓားချက်မမိခြင်းပင်။ "ကျွန်မအတွက်တော့ ရင်တုထည့်သွင်းမှုဟာ အသက်ရှည်ဖို့ အကောင်းဆုံးအရင်းအနှီး ပြုလိုက်တာလို့ ဆိုချင်ပါတယ်" ဟု သူမက ရင်ဖွင့်ခဲ့ပါသည်။

"သူမရဲ့ ရင်အလှကို ခွဲစိတ်ပြုပြင်ခဲ့တာ သုံးလလောက်ပဲ ရှိပါမယ်။ အကယ်၍ ယခင်သုံးလကျော်က ဒီပုံစံမျိုး ဓားထိုးခံရလျှင် အသက်ပျောက်မှာပဲ။ တကယ်တော့ ရင်သားအလှပြုပြင်ထားတာကို ဓားကဖောက်ထွင်းသွားပြီး သွေးနှင့် 'ဆလိုင်း' ခတ်ဆေးရည်များ တစ်ကိုယ်လုံးရွှဲနေတာကို ဓားကိုင်သူက ချောက်ချားသွားပုံရပါတယ်။ သို့မို့ကြောင့် ရင်ဘတ်ကို ဓားက ထိရောက်စွာစူးဝင်ခြင်းမရှိတာပါ။ အဆုတ်နှင့်နှလုံးကို ထိခိုက်မှုမရှိလို့ တော်ပါသေးတယ်။ အဲ· · ·ကျုပ် ဆေးကုလာတာ နှစ်ပေါင်း(၃၀)ရှိပါပြီ။ ဒီလိုအဖြစ်မျိုး ဒီတစ်ခါပဲကြုံဖူးတယ်။ ဒီအဖြစ်လေးကြောင့် ကျွန်တော် အမြင်သစ်တစ်မျိုးကို ရရှိခံစားရပါတယ်" ဟု သူမ၏ရင်အလှပြုပြင်သူ DR. FRANK FILBERTO က ဖြစ်ရပ်မှန်ကို တင်ပြသွားပါသည်။ ထို့ကြောင့် ပညာရှိကို ပေါင်း၊ သမားကောင်းကို ဖက်၊ သူပျက်ကို ခွာ၊ အစစ်သာ ပြု၊ အတုကို ရှောင်ကြပါ' ဟု သတိပေးလျက်· · ·။

REF : FRENCH BREAST IMPLANT COMPANY BOSS CHARGED AND OTHER UPDATE INTERNET NEWS.

# အန္တရာယ်နှင့်
# သူ၏အခြေအရံများ



မကြာသေးမီက ကြေးမုံသတင်းစာတွင် အမျိုးသမီးများခြယ်မှုန်းသော ဈေးကွက်ဝင် နာမည်ကျော် နှုတ်ခမ်းနီတောင့် အမျိုးပေါင်း (၄၀၀)ခန့်ကို စစ်ဆေးရာ 'ခဲ' ဓာတ်များ ပါဝင်နေကြောင်း သိရ၏။ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) ၏ စစ်ဆေးတွေ့ရှိချက်ကို ဝါရှင်တန် ပို့(စ)သတင်းစာတွင် ဖော်ပြထား၏။ ခဲဓာတ်ပါသော နှုတ်ခမ်းနီကိုများစွာ အသုံးပြုပါက ခဲဆိပ်သင့်မှုများမည်ဖြစ်၏။ ခဲဆိပ်ကြောင့် အာရုံကြော၊ ကြွက်သားနှင့် မျိုးပွားအင်္ဂါများ၊ ကျောက်ကပ်များ ပျက်စီးနိုင်ပြီး ကလေးတို့၏ ဉာဏ်ရည်ဉာဏ်သွေးလျော့ကျနိုင်ကြောင်း သိရပါသည်။

စေ့ငုကြည့်က အမျိုးသမီးများ၏ဘဝသည် အမျိုးသားများထက် အန္တရာယ်ပိုများ၏။ အလှဆင်ရင်တုပြဿနာ (အကျိုးဆောင် အမှတ် ၆၆၆ တွင် ဖော်ပြပြီး) မှစ၍ ပဋိသန္ဓေတားဆေးစားသုံးမှု အလယ်၊ ပိန်ဆေးစားသုံးမှုအဆုံး အန္တရာယ်အသွယ်သွယ်က အမျိုးသမီးများအား စောင့်မျှော်နေသည့်နှယ်။

## သန္ဓေတားဆေး၏ အန္တရာယ်

အမေရိကန်နိုင်ငံရှိ "Pfizer" ဆေးကုမ္ပဏီကြီးမှ ထုတ်လုပ်သော 'ပဋိသန္ဓေတားဆေး' ဆေးလုံးကတ်တစ်သန်းခန့်ကို ယခုရက်ပိုင်းအတွင်း ပြန်လည်သိမ်းယူနေ၏။ ပြန်လည်သိမ်းယူနေသော ဆေးကတ်များကား အမှတ်(၁၄)အုပ်စုမှ LO/OVRAL, NORGESTREL နှင့် ETHINYL ESTRA-DIOL အမည်ရှိ ဆေး(၂၈)လုံးပါ ကတ်များ ဖြစ်၏။

ယင်းဆေးကတ်များသည် ပုံပျက်နေပြီး၊ အစီအစဉ်ကျနမှုမရှိသော ဆေးလုံးများဖြစ်၏။ သို့မို့ကြောင့် အချို့အစွမ်းထက်ပြီး အချို့ကား အာနိသင်နိမ့်ကျ၏။ ထိုဆေးကိုသုံးစွဲသော အမျိုးသမီးများကား အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ဝန်မဆောင်ချင်သူများဖြစ်ရာ သူတို့ရှေ့ရေးအတွက် အတိမ်းအစောင်းမခံချင်သူများပါ၏။ နယူးယောက်မှ သားဖွားနှင့်မီးယပ်ဆိုင်ရာ ပရော်ဖက်ဆာကြီး 'ဒေါက်တာ စတီဗင်ဂိုး(လ)စတိန်း' က သန္ဓေတားလိုသူကို သန္ဓေတည်စေသည့်၊ မလိုရာအနာပေါက်သည့် အဖြစ်မျိုးကြုံနိုင်ကြောင်း ထောက်ပြပါသည်။

မျှော်လင့်ထားသည့်အတိုင်း ဆေးအာနိသင်မပြက ဆေးအပေါ် ယုံကြည်မှုကင်းမဲ့ပြီး အမျိုးသမီးထုက "PFIZER" ကုမ္ပဏီထုတ်ဆေးများကို လှည့်ကြည့်တော့မည်မဟုတ်ပါ။ ထိုရောအခါ ဆေးကုမ္ပဏီနာမည်ပျက်၍ ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည်အမှန်ပေ။

## ပိန်ဆေးနှင့် အန္တရာယ်

တစ်ဖန် ပြင်သစ်နိုင်ငံတွင် "MEDIATOR" ဆိုသော ဆေးကို 'ဆီးချို' ကုဆေးအဖြစ် လိုင်စင်ယူထားသော်လည်း နိုင်ငံတစ်ဝန်းတွင် 'ခန္ဓာကိုယ်သွယ်လျ' သည့် 'ပိန်ဆေး' အဖြစ် နာမည်ရခဲ့၏။ သို့သော် ယင်းဆေးကို သုံးစွဲသူ (၁၃၀၀)ခန့် အသေအပျောက်ရှိ၍ ဈေးကွက်မှ

ရုပ်သိမ်းခဲ့ပါသည်။ အမျိုးသားကျန်းမာရေးနှင့် ဆေးဝါးသုတေသနဌာန (INSERM) မှ စုံစမ်းစစ်ဆေးရေး တာဝန်ခံ 'မာမွတ်ဇူရိတ်' က ယင်းဆေးကို ဈေးကွက်တင်ပြီးနောက် (၃၃) နှစ်အတွင်း သုံးစွဲသူ လူ(၃၀၀၀)ခန့် ဆေးရုံတက်ခဲ့ရကြောင်း ပြောကြားသည်ကို (AFP)သတင်းဌာနက ဖော်ပြခဲ့ပါသည်။

လေ့လာစစ်ဆေးကြည့်သောအခါ ၂၀၁၀ ခုနှစ်အထိ MEDIATOR သို့မဟုတ် BENFLUOREX ကို သုံးစွဲသူ (၁၀၀၀) ကျော် (၂၀၀၀) ခန့် အသေအပျောက်ရှိကြောင်း"DRUG SAFETY" ဂျာနယ်တွင် ဖော်ပြထားပါသည်။ MEDIATOR သည် LIPIDS ခေါ် အဆီပရိုတိန်းအဆင့်ကို လျှော့ချနိုင်ပြီး ဆီးချိုသမားတို့၏ သွေးအတွင်းရှိ အချိုဓာတ်ကို ထိန်းချုပ်နိုင်ကြောင်း သိရ၏။ ထို့ပြင် နှုတ်မြိန်မှုကို ဟန့်တား၏။ ဆီးချိုရောဂါရှိ၍ အဝလွန်သူကို ပိန်ချလိုက်သကဲ့သို့ ပြုဆောင်၍ ပိန်သွားစေ၏။ သို့မို့ကြောင့် ယင်းဆေးကို 'ပိန်' ဆေးအဖြစ် လူအများက မှတ်ယူသုံးစွဲနေကြ၏။

၂၀၀၉ ခုနှစ်က ယင်းဆေးကြောင့် လူများ နှလုံးနှင့်အဆုတ်ပိုင်းဆိုင်ရာများ ပျက်စီး၍ အသေအပျောက်ရှိကြောင်း သက်ဆိုင်ရာမှ သိရှိပြီး MEDIATOR ကို ဈေးကွက်မှ ရုပ်သိမ်းခဲ့ပါသည်။ ဆေးထုတ်လုပ်သော ပြင်သစ်နိုင်ငံမှ SERVIER ဆေးကုမ္ပဏီကြီးကိုလည်း သက်ဆိုင်ရာက စုံစမ်းစစ်ဆေး အရေးယူခဲ့ပါသည်။

## အားဖြည့်အချိုရည်နှင့် အန္တရာယ်

ဩစတြေးလျနိုင်ငံတွင် 'ကဖိန်း' ဓာတ်ပါဝင်သော အားဖြည့်အချိုရည်ကို သောက်သုံးသူအများအပြား ဆေးကုသမှုခံယူရကြောင်း သိရပါသည်။ 'ဆစ်ဒနီဆေးတက္ကသိုလ်ကြီး' နှင့် 'နယူးဆောက်(သ)ဝေး(လ)' အဆိပ်ဗေဒဌာနကြီးမှ ကျွမ်းကျင်ပညာရှင်များက အားဖြည့်အချို

ရည် "RED BULL" နှင့် "V" ဗွီတံဆိပ်အချိုရည်ဘူးများကို သောက်သုံးသူများအနက် ဆေးရုံတက်၍ ဆေးကုသမှုခံယူရသူများရှိကြောင်း သက်ဆိုင်ရာသို့ အစီရင်ခံထားပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ (၇) နှစ်အတွင်း လူပေါင်း(၁၂၈)ဦး ဆေးရုံတက်ခဲ့ရ၏။ ထိုသူများကား နှလုံးခုန်နှုန်းမြန်ခြင်း၊ စိတ်အကြီးအကျယ်လှုပ်ရှားခြင်း၊ ဝမ်းဗိုက်မခံရပ်နိုင်အောင် နာကျင်ခြင်း စသော ဝေဒနာများကို ခံစားရကြောင်း ဖော်ပြထား၏။ အချိန်ကြာရှည်စွာ မေ့မြောသွားသူများနှင့် စိတ်ကယောင်ချောက်ချားဖြစ်သူများလည်း ပါဝင်၏။

"တကယ်တော့ ဆယ်ကျော်သက်များဟာ၊ အားဖြည့်အချိုရည်တွေကို အရက်နှင့်ရောစပ်၍၊ သောက်သုံးမှုကြောင့်၊ အဆိပ်သင့်ရတာပါ" ဟု ပညာရှင်တစ်ဦးက "THE MEDICAL JOURNAL OF AUSTRALIA" တွင် ဖော်ထုတ်ရေးသားခဲ့ပါသည်။

ဖြစ်သင့်သည်မှာ ဈေးကွက်ရောက်တော့မည့် အားဖြည့်အချိုရည်ဘူးများတွင် 'ကဖိန်း' ဓာတ်ပါဝင်မှုနှင့် အရက်နှင့်မတည့်သည့်အဖြစ်ကို ဖော်ပြရန် သက်ဆိုင်ရာမှ အမိန့်ထုတ်သင့်ကြောင်း အကြံပြုထားပါသည်။ အားဖြည့်အချိုရည်ဘူးများတွင် 'ကဖိန်းဓာတ်' ပါဝင်မှု (၃၀၀) မီလီဂရမ်ဖြစ်ပြီး၊ ကော်ဖီတစ်ခွက်တွင် ကဖိန်းဓာတ် ၆၅မှ ၁၂၀မီလီဂရမ်ခန့် ပါရှိ၏။ သို့မို့ကြောင့် သုံးစွဲသူများ အဆိပ်သင့်မှုကိုခံစားရပါက နိုင်ငံတော်၏အရေးပေါ်ဖုန်းနံပါတ်ကိုဆက်သွယ်ရန် စားသုံးသူများအား အသိပေးထားပါသည်။

## အချိုစာနှင့်အန္တရာယ်

ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အမေရိကန်သိပ္ပံပညာရှင်ကြီး (၃) ဦးက 'သကြား' သည် ဆေးရွက်ကြီးနှင့် အရက်တို့ကဲ့သို့ လူကို ဒုက္ခပေးတတ်၍ 'ကန့်သတ်' ထားသင့်ကြောင်း အကြံပြုထားပါသည်။ အချိုဓာတ်

သည် လူကိုဝစေ၏။ ခေတ်သစ်လူနေမှုစနစ်အရ ကမ္ဘာတစ်ဝန်းတွင် ကယ်လိုရီများသော အချိုစာများကို စားသုံး၍ နှလုံးရောဂါ၊ ဆီးချိုနှင့်ကင်ဆာရောဂါတို့ကို ဖြစ်စေ၏။ နှစ်စဉ် လူ (၃၅)သန်းခန့်ကို မရဏာလောကသို့ ပို့ဆောင်ခဲ့ကြောင်း ပညာရှင်ကြီးများက ထောက်ပြကြပါသည်။ ဆေးရွက်ကြီးနှင့် အရက်တို့ကပေးသော ဒုက္ခထက် သကြားကလူကိုပေးသော ဒုက္ခက မနိမ့်ကျကြောင်း သိပ္ပံဂျာနယ် "NATURE" တွင် ပညာရှင်ကြီးများက တင်ပြထားပါသည်။

အနောက်နိုင်ငံတွင် သကြားစားသုံးမှုကြောင့် ဇီဝတွင်းဖြစ်ပျက်မှုများပြောင်းလဲပြီး သွေးတိုးရောဂါ၊ 'ဟော်မုန်း' ဖြစ်တည်မှုကို နှောင့်ယှက်ခြင်းနှင့် အသည်းပျက်စီးမှုလည်း ဖြစ်လေ့ရှိကြောင်း သိရပါသည်။

## ရန်ကုန်မြို့နှင့်ရေ

ရန်ကုန်မြို့တော်တွင် ဖြန့်ဝေပေးနေသော ရေများသည် တစ်ခါတစ်ရံ အရောင်များပြောင်းနေလေ့ရှိကြောင်း သတိပြုမိ၏။ ထိုရေဖြင့်ရေနွေးကြမ်းကျိုသောအခါ အဝါရောင်သမ်းမနေဘဲ နီစွေးစွေးအရောင်ဖြစ်နေကြောင်း ဆိုပါသည်။ ရေတွင် သံဓာတ်များ၍ပင် သံဓာတ်လွန်ကဲ၍ ဖြစ်တတ်သော ရောဂါများကို သက်ဆိုင်သူများသိသော်လည်း 'ပညာရှိသတိဖြစ်ခဲ' ဆိုသကဲ့သို့ ဖြစ်သွားပုံရ၏။ ထို့ကြောင့် လူသားအားလုံးကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းလျက်. . .ရေသန့်ကို ပို့လွှတ်ကုသိုလ်ယူကြဖို့ပါ။

REF : PFIZER RECALLS 1 MILLION PACKETS OF BIRTH CONTROL PILLS AND OTHER INTERNET NEWS.

## မစ္စဟူစတန် (သို့မဟုတ်)
## အနုပညာရှင်များအတွက် သင်ခန်းစာ



လူသည် ဆင်းရဲသည့်ဒဏ်ကို ခံနိုင်၏။ သို့သော် ချမ်းသာသည့် ဒဏ်ကို မခံနိုင်ပါ။ ဤစကားမှန်၏။ သံသယဖြစ်ဖွယ်မရှိပါ။ ငွေကြေး၊ ဥစ္စာနေ၊ ရာထူးဂုဏ်သိန်ရှိသူများကား ငါနှင့် ငါသာနိုင်းစရာဟု ထင်ကောင်းထင်နေကြမည်ပင်။ လူ့ဘဝတွင် အထက်ရောက်လေ အဖျက်အမှောင့်များနှင့် ကြုံရလေဟူသော သာဓကလည်း ရှိပါသည်။ 'မိုးမြင့်ထိပ်ဖျား၊ ရောက်လေပြားလည်း၊ လျှောကျနောက်ဆုံး ရှိချေမည်' ဟူသော လောကနိယာမတရားကိုလည်း မမေ့အပ်ပါ။ မှန်ကင်းအစစ်ပင် ထင်းဖြစ်ရပါသေးသည်။ သို့မို့ကြောင့် ငါဆိုသော ငါ၏အကြောင်းကို ကိုယ်တိုင်သိအောင် ဆန်းစစ်လေ့လာထားရပါမည်။ မကောင်းမှုကိုရှောင်၍ ကောင်းမှုကိုဆောင်နိုင်ရန် ကြိုးစားကြရပါမည်။ ထိုရောအခါ ဘဝတွင် အဆင်ပြေလာပါမည်။ ဘဝ၏ ထွက်ရပ်လမ်းဟုဆိုက မမှားပါ။ ယင်းကိစ္စများကို မျက်ကွယ်ပြုလျှင် ထိုသူသည် ဘဝတွင် အကျနာမည်မုချပင်။

## ကြွေရက်ကယ်စော

နာမည်ကျော်အဆိုတော် WHITNEY HOUSTON သည် (၄၈) နှစ်အရွယ်တွင် ကယ်လီဖိုးနီးယားပြည်နယ်မှ 'ဘီဗာလီဟီး(လ) ဟိုတယ်' ရှိ

သူမ၏အခန်းမှ ရေချိုးကြွေဇလားကြီးထဲ၌ ရေနစ်သေဆုံးခဲ့ပါသည်။ လော့(စ)အိန်ဂျလိ(စ) မြို့ရှိ သေမှုသေခင်းစစ်ဆေးရေး အရာရှိရုံးမှ ယင်းကိစ္စကို သတင်းထုတ်ပြန်ခဲ့ပါသည်။

သူမသည် (၁၁.၂.၂၀၁၂)ရက်နေ့တွင် ကုတ်ကင်းသုံးစွဲမှုလွန်ကဲ၍ ထိုအဖြစ်ဆိုးကိုကြုံကြောင်း သက်ဆိုင်ရာက ဖော်ပြထား၏။ သူမသည် အရက်နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို စွဲလမ်းမိ၍ အားတင်းကာ ဖြတ်နေစဉ် လှေလှော်ရင်းတက်ကျိုးရခြင်းဖြစ်၏။ သူမ၏ ကိုယ်ရေသုံးပစ္စည်းများတွင် ဆေးခြောက် BENADRYL, FLEXERIL နှင့် XAN-AX စသော ဆေးများပါဝင်၏။ 'သူမ၏ ဟိုတယ်ခန်းမသို့ ကုတ်ကင်းများကို လူတစ်ဦးက ပို့ဆောင်ခဲ့ပြီး ပြဿနာဖြစ်မှ ယင်းကုတ်ကင်းများကို ပြန်လည်သယ်ယူသွားကြောင်း' ဝက်(ဘ)ဆိုက်တစ်ခု၌ ဖော်ပြထား၏။

မကွယ်လွန်မီက လော့(စ)အိန်းဂျလိ(စ) ၌ကျင်းပသော ဂီတဖြင့်ဂုဏ်ပြုသည့်ပွဲသို့ တက်ရောက်လာပြီး သူမသည် သတင်းထောက်များနှင့်ပင် တွေ့ဆုံဆွေးနွေးခဲ့ဖူး၏။ နောက်ပိုင်းတွင် သူမ၏ သက်မဲ့ခန္ဓာကိုယ်ကြီးကို ရေချိုးကြွေဇလုံကြီးအတွင်း၌ ဂီတထုတ်လုပ်သူ 'ကလိုက်၊ ဒေးဗီစ်' က တွေ့ရှိပြီး အဆိုတော်ကြီး၏ ပြန်ကြားရေးမှူး 'ခရစ္စတင်း ဖော်စတာ' က သူမ၏နာရေးကို ကမ္ဘာသိကြေညာသွားကြောင်း 'သီ လော့(စ)အိန်းဂျလိ(စ)တိုင်း(မ)' သတင်းစာကြီးတွင် ဖော်ပြထား၏။ ချမ်းသာသည့်ဒဏ်ကို မခံနိုင်သည့်သဘောပင်။ ကောင်းရာသုဂတိသို့ လားပါစေသော်။

အဆိုတော်များ၊ အနုပညာရှင်များနှင့် သရုပ်ဆောင်များကလည်း ကြေကွဲဝမ်းနည်းစွာဖြင့် ကျော်ကြားသောအဆိုတော်ကြီး၏ တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော ဘဝဇာတ်သိမ်းမှုကို သူတို့၏ "TWITTER" များတွင် ဖော်ပြဂုဏ်ပြုခဲ့ပါသည်။

## သမီးအတွက် အမွေအမွေ

'ဟူစတန်' သည် ကျန်ရစ်ခဲ့သော သူမပိုင်ငွေကြေး၊ ပရိဘောဂ၊ အဝတ်အထည်၊ လက်ဝတ်ရတနာများနှင့် မော်တော်ယာဉ်များကို သူမ၏ တစ်ဦးတည်းသောသမီး "BOBBI KRISTINA" အား အမွေအဖြစ် တရားဝင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရ၏။

အဆိုတော်ကြီးသည် မူးယစ်ဆေးဝါးသုံးစွဲမှုကို ခက်ခဲစွာ တွန်းလှန်ခဲ့ပုံရ၏။ သူမ၏ သမီးငယ် 'ခရစ္စတီးနား' အတွက် ကြိုးစားခဲ့ခြင်းပင်။ သို့သော် အောင်မြင်မှုမရသည့်ပြင် သူမ၏အသက်ပင် ပါသွားရှာ၏။ ကံ၊ ကုသိုလ်ဟု ဆိုရပါမည်။ သူမကွယ်လွန်သွားပြီးနောက် ငွေကြေးကိစ္စအဝဝကို မိခင်ကြီး "CISSY" က စီမံခန့်ခွဲပြီး အုပ်ထိန်းသူများအဖြစ် သူမ၏အစ်ကိုနှင့် ယောက်မတို့က တာဝန်ယူကြပါသည်။ ဟူစတန်၏ ဆန္ဒအရ သမီးလေး 'ခရစ္စတီးနား' သည် အသက်(၂၁)နှစ်ပြည့်လျှင် အမွေအဖြစ် ငွေအချို့အဝက်ကို ရရှိပြီး (၂၅)နှစ်ပြည့်လျှင် ငွေအများအပြားရရှိပါမည်။ အသက်(၃၀)ပြည့်လျှင် ကျန်ငွေအားလုံးနှင့် ရသင့်ရထိုက်သည်များကို ရရှိမည်ဖြစ်၏။

ဟူစတန်သည် ယခင်လင်တော်မောင် "BOBBY BROWN" ကို စိတ်နာလွန်း၍ အမွေအဖြစ် တစ်ပြားတစ်ချပ်မျှ မပေးခဲ့ပါ။ ဘရောင်းသည် အဆိုတော် တစ်ဦးဖြစ်၏။ သူသည် 'ဟူစတန်' နှင့် ၁၉၉၂ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ပေါင်းသင်းခဲ့၏။ 'ဟူစတန်' ထက် (၅)နှစ်ခန့် ငယ်၏။ သူသည် ဥပဒေနှင့်မလွတ်ကင်းသော အမှုမျိုးစုံကိုကျူးလွန်ခဲ့၍ ရဲစခန်းရောက်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ပင်။ လက်ဝယ် 'ဆေး' တွေ့မှု၊ ရိုက်နှက်မှု၊ ခြိမ်းခြောက်မှု ပြစ်ဒဏ်ကျခံစဉ် ဥပဒေချိုးဖောက်မှုနှင့် အရက်မူးလျက် ကားမောင်းနှင်မှုတို့ ဖြစ်ပါသည်။

## ကွယ်လွန်ပြီးမှ စန်းပွင့်သူ

အဆိုတော်ဟူစတန်ကား အသံသြဇာနှင့် ပြည့်စုံ၏။ နားသောတဆင်သူများ လှိုက်မောခဲ့ကြ၏။ တစ်မျိုးချည်းပဲ ခံစားကြရ၏။ ယခုဤကမ္ဘာလောကတွင် သူမ မရှိတော့ပြီ။ သို့မို့ကြောင့် သူမ၏သီချင်းကိုတသသစွဲနေသူများက "i TUNES"ရှိ သူမ၏ "WHITNEY : THE GREATEST HITS" အယ်လ်ဘမ်မှ သီချင်းများကို ဆူရာရွေးနုတ်၊ သည်းခြေဖြုတ်ကာ အခပေး၍ ကူးယူခဲ့ကြ၏။ ရောင်းအားအကောင်းဆုံး သီချင်းအယ်လ်ဘမ်(၁၀)ခုတွင် 'ဟူစတန်'၏ သီချင်းအယ်လ်ဘမ် (၇)ခု ပါဝင်ကြောင်း AMAZON. COM ဝက်(ဘ)ဆိုက်တွင် ဖော်ပြထား၏။ ဗြိတိန်နိုင်ငံမှလည်း ယင်းသီချင်း အယ်လ်ဘမ်(၇)ခုသည် ယနေ့ ကမ္ဘာ့ထိပ်သီးအယ်လ်ဘမ် (၄၀)စာရင်းတွင် ပါဝင်နေကြောင်း "BRITISH MUSIC" OFFICIAL CHARTS ၌ ဖော်ပြထား၏။ အမေရိကန်နိုင်ငံတွင် (၂၂)ပတ်ကြာ ရေပန်းအစားဆုံးသီချင်းခေတ်ပြားစာရင်းတွင် "ADELE ၏ (21)" အယ်လ်ဘမ်က ပထမနှင့် 'ဟူစတန်' ၏ "WHITNEY: THE GREATEST HITS"က ဒုတိယဖြစ်ကြောင်း BILLBOARD. COMတွင်ဖော်ပြထား၏။

'လော့(စ)အိန်းဂျလို့(စ)' ၌ ၅၄ ကြိမ်မြောက် 'ဂရမ်မီ' ဆုပေးပွဲမတိုင်မီ တစ်ရက်အလိုတွင် 'ဟူစတန်' ကွယ်လွန်ခဲ့ရာ ပွဲတော်သို့ကြွရောက်လာသော နာမည်ကျော်အဆိုတော်များက သူမအတွက် ဆုမွန်ကောင်းများ တောင်းပေးကြပါသည်။ သူမ၏ "I WILL ALWAYS LOVE YOU"ဆိုသော ဂီတခေတ်လမ်းတိုလေးကို ပြသပြီးသောအခါ ခန်းမတွင်းရှိပရိသတ်အားလုံး တစ်ခဲနက်ထိုင်ရာမှထကာ သူမအား ကောင်းချီးပေးခဲ့ကြပါသည်။ အဆိုတော် 'ဂျနီဖာဟာတ်ဆန်' ကလည်း တမလွန်ဘဝသို့ရောက်ရှိသွားသော 'ဂရမ်မီ' (၆)ဆုရှင် 'ဝှစ်တနေ ဟူစတန်' အားဂုဏ်ပြုသည့်အနေဖြင့် သူမ၏ "I WILL ALWAYS LOVE YOU"

ဆိုသောသီချင်းကို ကြေကွဲစွာသီဆိုပြီး ပရိသတ်ကို နှစ်သိမ့်ခဲ့ပါသည်။ အဆိုတော် 'မီလနီ ဖီယိုနာ' ကလည်း 'မစ္စဟူစတန်ရဲ့ ဂီတ အမွေအနှစ်တွေကို ကျွန်မတို့ရဲ့ရင်ထဲ၊ အသည်းထဲမှာ ထာဝရသိမ်းဆည်းထားကြပါစို့' ဟု ရင်နင့်စွာပြောကြားသွား၏။

## ရဲတပ်ဖွဲ့က စောင့်ရှောက်ရသော အုတ်ဂူ

သူမ၏ ရုပ်ကလာပ်ကို နယူးဂျာစီပြည်နယ် 'ဖဲရားဗျူး' သင်္ချိုင်းရှိ ဖခင်ကြီး 'ဂျွန်ဟူစတန်' ၏ အုတ်ဂူဘေးတွင် မြှုပ်နှံခဲ့ပါသည်။ သူမ၏အသုဘကို ရဲတပ်ဖွဲ့က မြေကျသည်အထိ အထူးအစီအစဉ်ဖြင့် လုံခြုံမှုပေးခဲ့ရ၏။ သူမ၏ရွှေကွပ်ထားသော ခေါင်းတလားနှင့် အတွင်းရှိ သူမ၏သက်မဲ့ခန္ဓာပေါ် လွှမ်းထားသော ရတနာပစ္စည်းများကား 'အုတ်ဂူဖောက်ထွင်းခိုးယူသူများ' အတွက် မျက်စိကျစဖွယ်ပင်။ သူမကို ခရမ်းရောင်ဂါဝန်ရှည်ကြီးဖြင့် လွှမ်းခြုံထားပြီး စိန်ရင်ထိုးကြီးဖြင့် အလှဆင်ထား၏။ တန်ဖိုးကြီးသော ရွှေနားဆွဲတစ်စုံနှင့် ရွှေဖိနပ်တို့ကို ဝတ်ဆင်ထားရာ မသမာသူများအတွက် သွားရည်ယိုစရာပင်။ တစ်ဖန် သူမ၏အမှတ်တရပစ္စည်းများကို စုဆောင်းလိုသူ အနုပညာချစ်မြတ်နိုးသူပရိသတ်များက တောင်းဆိုလျှင် ဘနဖူးသိုက်တူးရဲသူများကလည်း စွန့်စားရန်အသင့် ရှိနေကြ၏။ ငွေဒလဟောရမည့် အခွင့်အရေးတစ်ရပ်ပါ။ ယင်းအဖြစ်ကို 'နယူးယောက်ပို့(စ)' သတင်းစာကြီး၌ ဖော်ပြထားပါသည်။ အထူးသဖြင့် အနုပညာရှင်များသည် 'အထက်ရောက်လေ၊ အဖျက်အမှောင့် ပယောဂများလေ' ဟူသော စကားကို မမေ့ဘဲ သတိယှဉ်၍ အသိဝင်နိုင်ရန် တင်ပြရင်း. . .

REF : WHITNEY HOUSTON'S GRAVE SITE "PROTECTED BY ARMED GUARDS" AND OTHER INTERNET NEWS.

## တလွဲဆံပင်ကောင်းကြသူများ



သူတော်ကောင်းတို့သည် မေတ္တာထား၍ ကမ္ဘာကြီး၏ စီးပွားတိုး တက်အောင် ပြုဆောင်၏။ လူတို့ကမူ လောဘ၊ ဒေါသ၊ မောဟ တရား တို့ဖြင့် ကမ္ဘာကြီးကိုရှုပ်ထွေးစေ၏။ စားဝတ်နေရေးအတွက် ရှာဖွေရာတွင် လောဘကိုရှေ့တန်းတင်၏။ ပတ်ဝန်းကျင်ကမူ လောဘကိုအကန့်အသတ် ဖြင့်သာ ခွင့်ပြုလေ့ရှိ၏။ လိုသည်ထက်ပို၍ လောဘတက်က မကောင်းပါ။ တရားဥပဒေကလည်း ခွင့်လွှတ်မည်မဟုတ်ပါ။

ကျွန်တော်တို့မြန်မာနိုင်ငံတွင် ငါးများကို လတ်ဆတ်သည်ဟု ထင်မှတ်မှားအောင် မဲနယ်ရည်ကျဲကျဲတွင် စိမ်ထားလေ့ရှိ၏။ ငါးပါးဟက် များ ပြာနေက လတ်ဆတ်သည်ဟု အဆိုရှိ၍ ထိုငါးများ အဝယ်လိုက်ပါ သည်။ ကြက်များကို သတ်ပြီးက ရေကိုအကြောတွင်းသို့ ဆေးထိုးအပ်ဖြင့် ထိုးသွင်းပြီး နှင်းရေနွေးတွင် စိမ်လေ့ရှိ၏။ ပြည့်ဖြိုး၍အဝါရောင်သမ်းပြီး ပူနွေးနေက လတ်လတ်ဆတ်ဆတ်ကြက်ဟု ထင်ကာ ဝယ်ယူသွားလေ့ရှိ၏။ ထို့ပြင် အစားအသောက်၊ အမှုန့်မျိုးစုံ၊ ပဲလှော်၊ လက်ဖက်၊ ငါးပိနှင့် မှုစ်တို့ကိုပင် ဆေးဆိုး၍ ရောင်းချကြ၏။ အစားအသောက်ဆိုးဆေးဖြစ်က ခွင့်လွှတ်နိုင်သော်လည်း အဝတ်အထည်ဆိုးဆေးမျိုးဖြစ်က တောင်မင်း၊ မြောက်မင်း မကယ်နိုင်သည့် ကိန်းဆိုက်ပါမည်။ အန္တရာယ်ကို မဖိတ်ခေါ်

သင့်ပါ။

ဝိသမလောဘသမားများကား မြန်မာနိုင်ငံသာမက ကမ္ဘာအနှံ့တွင် ရှိ၏။ ညစ်ပတ်မှုတွင်တူသော်လည်း လုပ်နည်းလုပ်ဟန်သာကွဲပြား၏။

အမေရိကန်ပြည်ထောင်စု၊ အိုဟိုင်းအိုးပြည်နယ်၊ မိုးလင်းဟီး(လ) အရပ်ရှိ ရုပ်သံဌာနမှ 'ဒေါက်တာမာမက်အု(စ)' က ပန်းသီးဖျော်ရည်သည် ကျန်းမာရေးအတွက် ကောင်းကြောင်း အမွှမ်းတင်၍ ကြေညာပေးခဲ့သည်။ သို့သော် 'ဖယ်ဒရယ်၊ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ကြီး' နှင့် ထိပ်သီးဆရာဝန်ကြီးများကမူ ထုတ်လုပ်ထားသော ပန်းသီးဖျော်ရည်အများစုတွင် (ARSENIC) စိန်အဆိပ် အနည်းအများပါဝင်နေ၍ ရေရှည်တွင် သောက်သုံးသူ၏ ကျန်းမာရေး ထိခိုက်နိုင်ကြောင်း ထောက်ပြထားပါသည်။

တရုတ်ပြည်၌ (၂၀၀၈)ခုနှစ်က နို့မှုန့်များတွင် မယ်လမင်းဓာတ် ပါဝင်မှုကြောင့် ကလေးများသေဆုံးပြီး လူသောင်းနဲ့ချီ၍ ကျန်းမာရေး ထိခိုက်ခဲ့ပါသည်။ (၂၀၁၁)ခုနှစ်တွင် တရုတ်နိုင်ငံထုတ် နို့မှုန့်များ၌ 'နိုက်ထရိတ်' ဓာတ်များ ပါဝင်နေ၍ ကလေးသုံးဦးသေဆုံးပြီး လူ(၄၀)ခန့် နာမကျန်းဖြစ်ခဲ့ပါသည်။ တစ်ဖန် 'ရှန်ကျန်း' ဒေသမှ ထွက်သော 'ဂျာလကာရည်' ပုလင်းများတွင် အဆိပ်ဓာတ်ပေါင်းများ ပါဝင်၍ စားသုံးသူများ အသေအပျောက်ပင်ရှိကြောင်း သိရပါသည်။

ထို့ပြင် စင်ကာပူနိုင်ငံရှိ စတိုးဆိုင်များမှ ဝယ်ယူလာသည့် ချစ်စဖွယ်ကစားစရာအရုပ်များကို ဆော့ကစားမိသော ကလေး(၁၇)ဦးသည် မူးဝေအော့အန်၍ ဆေးရုံတင်ခဲ့ရပါသည်။ ထိုအရုပ်ကလေးများတွင် ကလေးများကို အော့အန်စေသော ဓာတုပစ္စည်းများ ပါဝင်၍ ဖြစ်သည်။

ငှက်သိုက်ကို ကမ္ဘာက အားဆေးအဖြစ်သိထား၏။ တရုတ်ပြည်ထုတ်(CUBILOSE) ငှက်သိုက်အားဆေးကို နေရာအနှံ့အပြားမှ ဝယ်ယူမှီဝဲကြ၏။ သို့သော် ထိုငှက်သိုက်အားဆေးတွင် 'နိုက်ထရိတ်' ဓာတ်များ

လွန်ကဲစွာပါရှိနေ၍ စားသုံးသူများ အန္တရာယ်ရှိကြောင်း 'ဇီဂျန်' ပြည်နယ်ရှိ စောင့်ကြည့်လေ့လာရေးအဖွဲ့က ထုတ်ဖော်ပြောကြားပါသည်။ အရောင်းဆိုင်(၄၉၁)ဆိုင်၌ ရောင်းချနေသည့် ငှက်သိုက်အားဆေးများကို ရှောင်တခင်စစ်ဆေးကြည့်ရာ တစ်ကီလိုဂရမ်တွင် 'နိုက်ထရိုက်' (၄၄၀၀) မီလီဂရမ် ပါဝင်နေ၏။ သတ်မှတ်နှုန်းမှာ တစ်ကီလိုဂရမ်တွင် (၇၀) မီလီဂရမ် ပါဝင်ရပါမည်။ထိုအနီရောင်ငှက်သိုက်ရိုင်းများကို မလေးရှားနိုင်ငံမှ တင်သွင်းပါသည်။ ယင်းနိုင်ငံသည် ငှက်သိုက်ရိုင်းများကို အကြီးအကျယ် တင်ပို့ရောင်းချသော နိုင်ငံဖြစ်၏။ အစာလည်းအဆိပ်၊ အဆိပ်လည်းအစာဟု သာ ခေါ်သင့်ပါသည်။

နာမည်ကျော် GLAXO SMITH KLINE ကုမ္ပဏီကြီးမှ ထုတ်လုပ်သော ပျို့အန်မှုကို တားဆီးသည့် "ZOFRAN" ဟူသောဆေးကြောင့် နှလုံးစည်းချက်မမှန်သည့် ဝေဒနာတစ်မျိုးတိုး၍ ခံစားရမှုရှိမရှိကို အမေရိကန်နိုင်ငံ ကျန်းမာရေးထိန်းသိမ်းစောင့်ရှောက်သည့် အဖွဲ့ကြီးက အနီးကပ်လေ့လာလျက်ရှိ၏။ နှလုံးကို လှုပ်ရှားစေသော အနုစားလျှပ်စစ် စွမ်းအားအခြေအနေကို ပြောင်းလဲစေသည့် ထိုဆေးကြောင့် ဝေဒနာရှင်များ နှလုံးစည်းချက်မမှန်ဘဲ အသက်ကိုပင် ခြိမ်းခြောက်ခံနေရကြောင်း 'အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ကြီး' (FDA) က ကြေညာချက် ထုတ်ပြန်ထားပါသည်။

'ဂလက်ဇိုစမစ်(သ)ကလိုင်း' ဆေးကုမ္ပဏီကြီးကလည်း 'ဇိုဖရန်' သည် (FDA)၏ ဖော်ပြချက်အတိုင်း ဟုတ်/မဟုတ်ကို ပြန်လည်ဆန်းစစ်မည်ဖြစ်ရာ တစ်နှစ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်းသိရ၏။

ထို့ကြောင့် လတ်တလော ဈေးကွက်တွင်ရှိနေသော ပျို့အန်မှုကို တားဆီးသည့် 'ဇိုဖရန်' ဆေးဘူးများပေါ်တွင် နှလုံးရောဂါဝေဒနာရှင်များ 'မသောက်ရ' ဟူသော စာတန်းကို ရိုက်နှိပ်ထားရန် (FDA)အဖွဲ့ကြီးက

ယင်းဆေးကုမ္ပဏီကြီးသို့ အကြောင်းကြားထားပါသည်။ တိုးတက်သောနိုင်ငံကြီးများ၌ပင် ဖော်ပြပါကိစ္စမျိုးများနှင့် မကင်းကြောင်း သိရ၍ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသားများသည် အစစအရာရာ စားသတိ၊ လာသတိ၊ သွားသတိဖြင့် 'သတိ' ကို ပွားကြပါဟု. . .။

တစ်ဖန် နာမည်ကျော် မဂ္ဂဇင်းကြီးတစ်စောင်၌ ပါဝင်သော (L'O-REAL)အလှကုန်ကြော်ငြာတွင် ရုပ်ရှင်မင်းသမီးကြီး 'ဂျူလီယာရောဘတ်(စ)' နှင့် နာမည်ကြီးမော်ဒယ်(လ) 'ခရစ္စတီးသာလင်တန်' တို့အား လှသည်ထက်လှအောင် အနုစိတ်ဓာတ်ပုံပညာဖြင့် ဖန်တီးယူကာ အသားပေးဖော်ပြခဲ့ပါသည်။ '(L'OREAL)အလှကုန်ကို သုံးစွဲသူတိုင်း သူတို့လိုလှပလာကြမှာပါ' ဟူသော မက်လုံးကိုလည်း ပေးခဲ့ကြ၏။

ဗြိတိန်နိုင်ငံ၏ ကြော်ငြာစိစစ်ရေးကောင်စီက ယင်းအလှကုန်ကြော်ငြာ၏ လှို့ဝှက်ချက်ကို စစ်ဆေးတွေ့ရှိသောအခါ (L'OREAL)ကြော်ငြာကို ဆက်လက်အသုံးမပြုရန်နှင့် နောင်တွင် ဖြစ်နိုင်သည်ထက်ပို၍ ကြော်ငြာခြင်းမပြုရန် အကြောင်းကြားခဲ့ပါသည်။ ကြော်ငြာသလို ဖြစ်မလာ၍ သုံးစွဲသူအလှဖန်တီးရှင်များ နာမည်ပျက်ကြရ၏။

အချို့ကုမ္ပဏီကြီးများကလည်း ဆေးအာနိသင်မရှိဘဲ ကြော်ငြာဖြင့် 'ရိုက်စား' လုပ်သည့်ဓာတ်လမ်းများလည်း ရှိပါသည်။ "BOOB JOB" ခေါ် ရင်သားကြီးရန် လိမ်းရသည့်ဆေးခရင်(မ)ကို ဈေးကွက်တင်ထား၏။ DR.DALIA NIELD ဆိုသော ခွဲစိတ်ကု အလှဖန်တီးရှင်က ယင်း 'ခရင်(မ)' ကို လိမ်းရုံဖြင့် မကြီးထွားနိုင်ကြောင်း အထောက်အထားဖြင့် ဖော်ထုတ်ရှင်းပြခဲ့၏။ ယင်းဆေးကိုထုတ်လုပ်သော "RODIAL" ကုမ္ပဏီမှ တာဝန်ရှိသူက 'ခရင်(မ)' ကို ရင်သားထဲ စိမ့်ဝင်အောင် နှစ်လခန့်လိမ်းမှ တန်ခိုးပြကြောင်း ဆိုပါသည်။ ဆေးသုံးစွဲသူများတွင် နာမည်ကျော် 'စကားလက်ဂျိုဟန်(စ)ဆင်' နှင့် 'ဗစ်တိုးရီးယားဘက်ခမ်း' တို့ ပါဝင်ကြောင်း


ပြန်လည်ချေပခဲ့၏။

'ကျွန်မကတော့ ပြည်သူတွေကျန်းမာဖို့အတွက် အရှိကိုအရှိအတိုင်း တာဝန်အရပြောတာပါ' ဟု 'ဒေါက်တာဒါလီယာနဲလ်' က ဆိုပါသည်။ စံနှုန်းသတ်မှတ်ရေးအဖွဲ့ကြီးကမူ အာနိသင်မရှိသော ဆေးမျိုးကိုထုတ်၍ လူတို့ကို ဒုက္ခမပေးသင့်ကြောင်း ယင်း 'ခရင်(မ)' ကို ကိုးကား၍ ပြောကြားသွားပါသည်။ ထို့ကြောင့် လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းဝေးကြပါစေ' ဟူသော မေတ္တာပို့သမှုကို လက်တွေ့ပြရန် ယခုအချိန်သည် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း ဝိသမလောဘသားတို့အား အသိပေးပါရစေ။

REF : SURGEON VINDICATED IN BOOB-BOOSTING CREAM ROW AND OTHER UPDATE INTERNET NEWS.



# ပညာသတိ ဉာဏ်ရှိအတိုင်း စဉ်းစားပိုင်း၍



ခရစ်နှစ် ၂၀၁၂ခုနှစ်သို့ ရောက်လာပါပြီ။ လူအများက ဝမ်းသာအားရ နှုတ်ခွန်းဆက်သကြိုဆိုကြသကဲ့သို့ လေမဟုတ်အလုပ်ဖြင့် သက်သေပြလျက် ကြိုဆိုသူများလည်းရှိ၏။ ငြိမ်းချမ်းရေးကို တောင့်တကြသူများပါ။ သို့သော် ကမ္ဘာအနှံ့တွင်မူ ဝုန်းဒိုင်းကြဲနေကြသောအသံများကိုကြားနေရဆဲ၊ မည်သည့်အချိန်မှ ထိုအသံများရပ်စဲမည်နည်း။ ကမ္ဘာကြီးငြိမ်းချမ်းပါမှ၊ ကမ္ဘာကြီးနေကောင်းပါမှ ထိုအသံများချုပ်ငြိမ်းမည်ထင်၏။ မြန်မာနိုင်ငံငြိမ်းချမ်းဖို့အတွက် မြန်မာတိုင်း၌ တာဝန်ရှိသကဲ့သို့၊ ကမ္ဘာကြီး ငြိမ်းချမ်းဖို့အတွက် လူသားတိုင်း၏တာဝန်ပါ။ ကြိုးစားကြရအောင်နော်။

တစ်ဖန် သူတော်ကောင်းတို့၏ လမ်းညွှန်မှုကိုလည်း နားထဲတွင်ကြားနေဆဲပါ။ 'လူဖြစ်လာတာကိုက ဒုက္ခတောထဲရောက်လာတာလေ။ လောဘလမ်းမကြီးပေါ်မှာ ဒေါသတွေ ပွားများနေကြလို့ပေါ့။'ဟူ၏။ လက်တွေ့တွင် ကမ္ဘာကြီးသည် သဘာဝဘေးအန္တရာယ်များနှင့် ကြုံဆုံနေရ၏။ အရှေ့အလယ်ပိုင်းမှ စစ်မီးလျှံများကလည်း တောက်လောင်နေဆဲပါ။ ထိုစဉ် 'ဘာနဖူးသိုက်တူး' ရဲသူများက သူတို့နည်းသူတို့ဟန်ဖြင့် ကမ္ဘာကြီးကို ရုပ်ဆိုးအကျည်းတန်ရန် ကြံစည်နေကြသည်မှာ ဝမ်းနည်းဖွယ်ပင်။

## ငှက်သိုက်ကို သတိထား၍ စားကြပါ။

သက်ကြီးရွယ်အိုများအတွက် 'အားဆေး'၊ သူဌေးသူကြွယ်များအတွက် 'ရသာမွန်' ဖြစ်နေသော တန်ဖိုးကြီး ငှက်သိုက်အကြောင်းကို တင်ပြပါရစေ။ ကျောက်လိုဏ်ဂူများ၌ အသိုက်လုပ်၍နေထိုင်သော ငှက်များကား သနားစရာကောင်းလှသည်။ နေထိုင်ရန်အသိုက်ကို သူတို့၏တံတွေးတို့ဖြင့် ဆောက်လုပ်လေ့ရှိ၏။ လူတို့က ယင်းတို့၏အသိုက်များကို မရမက ရှာဖွေရယူကာ ရသာမွန်အားဆေးအဖြစ် စားသုံးလေ့ရှိ၏။ ထိုအခါ ငှက်ငယ်များကား အိုးမဲ့အိမ်မဲ့ ဖြစ်သွားတော့၏။

မကြာသေးမီက မလေးရှားကုမ္ပဏီကြီး(၆)ခုမှ တရုတ်ပြည် ဥမ်ခေါင်းနှင့် ဖူကျန့်ပြည်နယ်များသို့ တင်ပို့လိုက်သော ငှက်သိုက်ရိုင်းများတွင် ကင်ဆာရောဂါဖြစ်စေသော ဓာတုပစ္စည်းများပါဝင်ကြောင်း နိုင်ငံတော်ကုန်ပစ္စည်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့ကြီးက စစ်ဆေးတွေ့ရှိခဲ့ပါသည်။ ယင်းကိစ္စကား အစိုးရချင်း အငြင်းပွားမှုသတင်းဖြစ်၏။

ငှက်သိုက်အချိန် ၇၃ကီလိုဂရမ်ခန့်ကို မလေးရှာမှတင်သွင်းလာရာ တရုတ်စောင့်ကြည့်လေ့လာရေးအဖွဲ့က စံချိန်စံညွှန်းညီ၊ မညီ သမားရိုးကျစစ်ဆေးရာက သွေးအဆိပ်တက်မှုနှင့် ကင်ဆာရောဂါဖြစ်စေသော 'နိုက်ထရိတ်'နှင့် 'Golden Staph' ဘက်တီးရီးယားပိုးများ ပါဝင်နေသည်ကိုတွေ့ရှိ၍ ဈေးကွက်မရောက်မီ မလေးရှားသို့ ပြန်ပို့ခဲ့ကြောင်း 'ရှန်ဟဲ ဒေလီး' သတင်းစာကြီးတွင် ဖော်ပြခဲ့ပါသည်။ တရုတ်တို့သည် ငှက်သိုက်ကို နှစ်ပေါင်းများစွာ စားသုံးခဲ့ကြ၏။ အနီရောင်ငှက်သိုက်ကို အထူးတန်ဖိုးထား၏။ သံဓာတ်ပြည့်ဝသော တောင်ထိပ်များ၌ တည်ရှိနေသည့် ငှက်သိုက်များအတွင်း သံဓာတ်ပျော်ရည်များစိမ့်ဝင်၍ အနီရောင်ဖြစ်သွားပြီး သံဓာတ်၏ အကျိုးအာနိသင်ကို ခံစားရခြင်းပင်။ မလေးရှားမှ တာဝန်ရှိသူများကမူ သူတို့နိုင်ငံမှ မသမာသူများက အနီရောင်ဆေးဆိုးကာ တင်သွင်းခြင်း ဖြစ်

ကြောင်း ရှင်းပြကြပါသည်။ တစ်ဖန် ဟောင်ကောင်သို့တင်သွင်းသည့် ငှက်သိုက်များတွင်လည်း နိုက်ထရိတ်ပမာဏများစွာပါဝင်နေမှုကို စစ်ဆေးတွေ့ရှိကြပြန်သည်။ အသားစိမ်း၊ ငါးစိမ်းတို့တွင်ပါဝင်ရမည့် ပမာဏထက်များပြားနေ၍ အဆိပ်ကို တန်ဖိုးကြီးပေး၍ စားသုံးနေသည်နှင့် တူနေကြောင်း တာဝန်ရှိသူများက ဆိုပါသည်။

## ဆေးဝါးအတု သတိပြု

ဆေးဝါးအတု ရောင်းဝယ်ဖောက်ကားခြင်းအတွက် ကမ္ဘာ့နိုင်ငံအများအပြား ခေါင်းခဲခဲ့ကြ၏။ တရုတ်ပြည်တွင်လည်း ဤအဖြစ်မျိုးကြုံနေရ၏။ 'ပြည်နယ်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့' (SFDA) သည် နိုင်ငံတစ်ဝန်းရှိ ဆေးဝါးတုရောင်းချနေသည့် မှောင်ခိုစခန်းကြီး(၁၈၀၀)ကျော်ကို နှစ်နှစ်အတွင်း စုံစမ်းဖော်ထုတ်နိုင်ခဲ့၏။ အမေရိကန်ဒေါ်လာသန်း (၅၃၀)ကျော်ဖိုး ရောင်းချခဲ့ကြောင်းလည်း သိရ၏။ ထိုလှူပ်ရှားမှုကြီးတွင် အစိုးရဌာနကြီး(၁၃)ဌာနမှ ဥပဒေဘက်တော်သားတစ်သန်းကျော်ပါဝင်၏။ 'အွန်လိုင်း'မှ ဆေးဝါးများကို ကြော်ငြာ၍ ဆေးဝါးအတုများကို ရောင်းချမှုနှင့် ပွဲကျပုံအောရောင်းချမှုတို့တွင် တရားမဝင်ဆေးအမျိုးပေါင်း(၅၀၀၀)ကျော် ပါဝင်ကြောင်း (SFDA)အဖွဲ့မှ ဒုတိယအကြီးအကဲ BIAN ZHENJIA က ထုတ်ဖော်ပြောကြားပါသည်။ ဆေးဝါးမဟုတ်သောပစ္စည်းများကို မသမာသောနည်းဖြင့် ဆေးအဖြစ်ဖန်တီးရောင်းချမှုများလည်း ပါဝင်ကြောင်းသိရ၏။

ထို့အပြင် ဆေးဝါးထုတ်လုပ်သောကုမ္ပဏီကြီးများသို့ ယင်းအဖွဲ့အစည်းက မကြာခဏသွားရောက်လေ့လာပြီး ဆေးအမျိုးပေါင်း(၉၈)မျိုးကို ထုတ်လုပ်မှု ခေတ္တ ရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့၏။ ဤသို့ စည်းကြပ်ထားသော်လည်း ပြဿနာများက ရှိနေမည်ပင်။ ဥပဒေသစ်မပေါ်ပေါက်မီ

အစိုးရဌာနများက ယခုကဲ့သို့ ဟန်ချက်ညီညီပူးပေါင်း၍ ဆေးဝါးတုများ ကိစ္စကို တားဆီးရမည်ဖြစ်ကြောင်း BIAN က အကြံပြုထားပါသည်။

## 'တက်တူး' ထိုးနှံခြင်း၏ နောက်ဆက်တွဲ

ယနေ့ မြန်မာနိုင်ငံရှိ လူငယ်မော်ဒယ်လ်နှင့် အနုပညာရှင်များကြား တွင် ရေပန်းစားနေသောလုပ်ရပ်ကား အသားပေါ်တွင် ထူးဆန်းသောအရုပ် များကို ဆေးမင်ရည်ရောင်စုံဖြင့် ထိုးနှံခြင်း (TATTOO) ဖြစ်၏။ မှတ်သားမိ သည်မှာ ကူးစက်ရောဂါမဖြစ်လိုသူများသည် တစ်ခါသုံးဆေးထိုးအပ်များကို သုံးလေ့ရှိကြောင်းပင်။ သို့သော် ဆေးမင်ရည်ထိုးလျှင် လူ(၁၀၀)အတွက် အပ်(၁၀၀) သုံးနိုင်မည့်အခြေအနေ မရှိသေးကြောင်း သိရ၏။ အကယ်၍ HIV ဗိုင်းရပ်စ်ပိုးရှိသူသုံးသောအပ်ဖြင့် အခြားသူကို 'တက်တူး'ထိုးပေးပါက ထိုသူသည် HIV ပိုးကူးစက်ခံရမည်မုချပင်။ အင်ဒိုးနီးရှားနိုင်ငံ စခန်းသာ ဘာလီကျွန်း၌ ခြစတြေးလျနိုင်ငံသားတစ်ဦး အပန်းဖြေနေစဉ် ထူးခြား သော 'တက်တူး'ရုပ်များကိုမြင်တွေ့ပြီး အမှတ်တရအဖြစ် သူ၏ခန္ဓာကိုယ် တွင် ထိုးနှံခဲ့၏။ နောက်ပိုင်းတွင် ထိုသူအား HIV ရောဂါ ကူးစက်တော့၏။

ထို့ကြောင့် ဘာလီကျွန်း၌ သွားရောက်အပန်းဖြေပြီး တက်တူး ရုပ်များ ထိုးနှံ၍ ဩစတြေးလျတိုက်သို့ ပြန်လာသူများကို HIV နှင့် သွေးမှ တစ်ဆင့်ကူးစက်သော ဗိုင်းရပ်စ်ရောဂါပိုးရှိမရှိ စစ်ဆေးကြရန် သက်ဆိုင် ရာက နှိုးဆော်ထားပါသည်။ အချို့သော အသားထဲသို့ စုတ်ဖြင့် တက်တူး ရုပ်များ ထိုးနှံမှုကြောင့် အဆင်မသင့်က HIV ရောဂါပိုးအပြင် အသည်း ရောင်အသားဝါ(ဘီ)ပိုး၊ (စီ)ပိုးနှင့် ဘက်တီးရီးယားရောဂါပိုးများ ကူးစက် ကြောင်း သိရပါသည်။

## နို့ထွက်ပစ္စည်း သတိပြုစရာ

ကြောက်စရာကောင်းသည့် အဖြစ်အပျက်ပါ။ သို့သော် အချိန်မီ တားဆီးနိုင်၍ သက်ပြင်းချနိုင်ခဲ့သည်ဟု တရုတ်ပြည်နို့ထွက်ပစ္စည်းထုတ်လုပ်သည့် "MENGNIU DAIRY GROUP" က သူ၏ 'ဝက်(ဘ)ဆိုက်' ၌ ဖော်ပြအသိပေးခဲ့ပါတယ်။ နို့ထွက်ပစ္စည်းများကို အသုတ်လိုက်ထုတ်လုပ်စဉ် တစ်ကြိမ်တွင် နို့ထွက်ပစ္စည်းများ၌ ကင်ဆာရောဂါဖြစ်စေသော AFLATOXIN မြင့်မားစွာ ပါဝင်နေ၍ နို့ထွက်ပစ္စည်းများကို ဖျက်ဆီးလိုက်ကြောင်း ဖော်ပြထား၏။

"MDG အုပ်စုက စားသုံးသူများကို စေတနာထားကြပါတယ်။ ကံကောင်းလို့ အဆိပ်သင့်နေတဲ့ နို့ထွက်ပစ္စည်းတွေကို ဈေးကွက်ထဲမရောက်မီ ဖယ်ထုတ်နိုင်ခဲ့တာ သာဓကပါ။ အဲဒီအဖြစ်ကို သင်ခန်းစာယူပြီး နောင်တွင် အထူးကြိုးစား၍ နိုင်ငံတော်နှင့် လူသားထုအတွက် စံချိန်မီနို့ထွက်ပစ္စည်းများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကတိပြုပါတယ်။" ဟု 'ဝက်(ဘ)ဆိုက်'တွင် ဖော်ပြထားပါသည်။

အထက်ပါဖြစ်ရပ်များ မြန်မာနိုင်ငံတွင်လည်း ဖြစ်နေပါတယ်။ သို့မို့ကြောင့် 'မတော်တာကို မမြည်းမစမ်းနှင့်၊ မတော်တာကို မြည်းစမ်းက ဘေးရ၍ ရောဂါပွားတတ်ပုံ'ကို အသိရှိအောင် သတိပေးခြင်းဖြစ်ပါသည်။ စာဖတ်သူများ 'တွင်း၊ ပ' ရောဂါကင်းဝေးကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် . . . ။

REF : BIRD NEST DELICACY COULD CAUSE CANCER AND OTHER UPDATE INTERNET NEWS.

# စာမေးပွဲနှင့် မသမာမှု



ပညာရွှေအိုး လူမခိုးဟူသော စကားရှိ၏။ ရွှေငွေဥစ္စာပစ္စည်းများကို ခိုးသားများက ယူငင်နိုင်သော်လည်း ပညာကိုမူ ခိုးယူ၍မရပါ။ သို့မို့ကြောင့် ကျောင်းသားလူငယ်များသည် ပညာကို ကျားကုတ်ကျားခဲရယူသင့်ကြောင်း ပညာရှိများက မိန့်ကြားခဲ့၏။ လူငယ်များ အသိပညာတိုးပွားမှ နောင်တစ်နေ့ လူကြီးဖြစ်လာလျှင် မိမိနိုင်ငံကို ကောင်းစွာစောင့်ရှောက်နိုင်မည်ဖြစ်၍ နိုင်ငံတော်အစိုးရများက ပညာရေးတွင် ငွေကြေးအမြောက်အမြား ကျခံသုံးစွဲလေ့ရှိပါသည်။ သို့သော် ယနေ့ အီလက်ထရောနစ်ပညာရပ်များ တိုးတက်လာမှုသည် လူငယ်များ၏ ပညာရေးကိုနှောင့်ယှက်နေသည့်နှယ်။

## စားမေးပွဲနှင့် အောက်လမ်းနည်း

ယနေ့ 'အီလက်ထရောနစ်နည်းပညာရပ်' များ မြင့်မားလာမှုကြောင့် ပညာရေးတွင် မသမာမှုများ ပေါ်ပေါက်ခဲ့သည်ဟုဆိုက လွန်အံ့မထင်ပါ။ အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်မှ "BISHOP SULLIVAN HIGH SCHOOL" ကျောင်း၌ ကျောင်းသား (၃၀%)ခန့်သည် စာမေးပွဲမေးခွန်းများကို ရုပ်အင်္ကျီအိတ်ထဲရှိ ဆဲလ်ဖုန်းအကူအညီဖြင့် ဖြေဆိုလေ့ရှိကြောင်း ကျောင်းအုပ်ကြီး 'ဒဲနစ်ပရိုက်(စ)' က သက်ဆိုင်ရာသို့ အစီရင်ခံထား၏။

အတန်းတင်စာမေးပွဲစစ်ပြီးချိန်တွင် ကျောင်းသားများသည် တစ်ခါတစ်ရံ ဆဲလ်ဖုန်း၌ စာရိုက်ပြီး တစ်ဦးနှင့်တစ်ဦး မရသည့်ပုစ္ဆာမျိုးကို ဖြေဆိုပေးလေ့ ရှိ၏။ ယင်းအဖြစ်ကို တာဝန်သိကျောင်းသားတစ်ဦးက တပ်လှန့်လိုက်၍ သိရခြင်းဖြစ်၏။

မကြာသေးမီကလည်း ကျောင်းသားတစ်ဦးသည် 'ထိုင်းအမျိုးသား တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို' မိုဘိုင်း(လ)ဖုန်း' ကဲ့သို့ သုံးနိုင်သော လက်ပတ်နာရီဖြင့် တစ်ဖက်မှပြောနေသောအဖြေများကို ရေးချနေစဉ် သက်ဆိုင်ရာက ဖမ်းမိခဲ့၏။ ထို 'ဖုန်းလက်ပတ်နာရီ' ကို ဓာတ်ပုံရိုက်ယူကာ နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနများသို့ ပေးပို့ခဲ့၏။ ယခုအခါ စာဖြေမည့်ကျောင်း သားများကား နံရံထက်မှနာရီကိုသာ အားကိုးကြရ၏။

## ကလေးနှင့် ကွန်ပျူတာ

တစ်ဖန် နည်းပညာတိုးတက်မှုကြောင့် လူသားတို့အတွက် အကျိုး များသော်လည်း ကလေးတို့၏ဖွံ့ဖြိုးတိုးတက်မှုနှင့် တီထွင်ကြံဆမှုများ အပိုင်းတွင် အလွန်ထိခိုက်နစ်နာကြောင်း ဖော်ပြထားသည့် ဩစတြေးလျနိုင်ငံ မှ အစီရင်ခံစာကလည်း စဉ်းစားစရာပင်။

ယနေ့ ကလေးများသည် ကွန်ပျူတာကို အလွန်အားထားကိုးစား ကြ၍ စာရေးသားမှု၊ လက်ရေးလှရေးသားမှု စသည်တို့ကို ဆောင်ရွက်ရန် မဝံ့မရဲရှိနေ၏။ ထို့ပြင် ကွန်ပျူတာဖန်သားပြင်၌ စာဖြင့် ရေးသားသတင်းပေး ပို့ရာ၌ စာလုံးပေါင်းအမှားအမှန် မလိုအပ်သည့်အပြင် သဒ္ဒါနည်းကျ၊ မကျ စဉ်းစားရန်လည်းမလိုပါ။ စာကိုပြင်ပေးမည့်သူလည်း မရှိပါ။ အဓိကမှာ စာရေး သူ၏ ဆိုလိုချက်ကို လက်ခံသူက သဘောပေါက်ရန်ဖြစ်၏။ သို့မို့ကြောင့် ယနေ့ အင်္ဂလိပ်စာရေးသားရာတွင် စာလုံးမှားပေါင်းသူများ၊ သဒ္ဒါမတတ်၍ စာမတတ်သည့်ကလေးများ ပေါများလာသည်က လက်တွေ့ပင်။ အချို့ကမူ

'တီဗွီဂိမ်း'ကို တစ်နေ့လုံးကစားနေသူများလည်းရှိ၏။

'ကွန်ပျူတာပေါ် လုံး၀အားထားနေတဲ့ကလေးများကား စက္ကူပေါ်၌ စာရေးသားရန် လက်တွန့်နေကြလေ့ရှိပါတယ်။ အဲဒီအချက်ဟာ ဘ၀မှာ ကျရှုံးဖို့လမ်းစပါပဲ' ဟု စိတ်ပညာရှင်ကြီး 'ကင်ဘာလီအိုဘာရိုင်ယင်' က သက်ဆိုင်ရာသို့ အစီရင်ခံထားပါသည်။

## 'ကွက်ရှင်အောက်မယ်'မွေးခွန်းပေါက်တယ်

အောက်ပါအဖြစ်အပျက်များကား ယနေ့ ခေတ်စားနေသော အီလက်ထရောနစ် ပစ္စည်းများကို အသုံးမပြုဘဲ ရှေးတုန်းကလိမ်နည်းကို ပြန်လည်ဆန်းသစ်ထားခြင်းသာ ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံတွင် အခြေခံပညာ အထက်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသားများအား အောင်မှတ် ကောင်းကောင်းရရန် မည်သို့ သင်ကြားသင့်ကြောင်း အကြံပေးသည့်ဆွေးနွေးပွဲသို့ တက်ရောက်လိုသော ကျောင်းသားတစ်ဦးသည် တစ်ရက်လျှင် 'ပေါင်' (၂၃၀)ပေးရကြောင်း တိုးတိုးတိတ်တိတ် သတင်းထွက်နေ၏။ 'ဒေလီး တယ်လီဂရပ်(ဖ)' သတင်းစာကြီးက သက်သေအထောက်အထား ရှိသော အခါ ယင်းကိစ္စကို သတင်းအဖြစ်ဖော်ပြခဲ့၏။

တက်ရောက်လာသော ဆရာများအား သူတို့က စာမေးပွဲကြီးတွင် မျှော်လင့်နိုင်သည့် မေးခွန်းမျိုးကိုသာ ခန့်မှန်းနိုင်ကြောင်း ပြောကြားခဲ့သော်လည်း ဆွေးနွေးပွဲသို့ရောက်လာသည့်ဆရာများကို စာမေးပွဲစစ်ဆေးမည့် ပုဂ္ဂိုလ်အချို့က မေးခွန်းနှင့် အံ၀င်ခွင်ကျသည့်အဖြေများကို လျှို့ဝှက်သင်ကြားပေးကြောင်း ယင်းသတင်းစာကြီးက ရေးသားထား၏။ ထို့ကြောင့် အထက်တန်းစာမေးပွဲ မေးခွန်းပေါက်ကြားမှုကို အမြန်ဆုံးစုံစမ်းစစ်ဆေးအရေးယူရန် အစိုးရက အမိန့်ထုတ်ပြန်ပါသည်။ ယနေ့ ပညာရေးလောကကြီးကား အရည်အချင်းထက် အရေအတွက်ကို ဦးစားပေးနေသည့်ခေတ်ဖြစ်သည်ကို

မသိဟန် ဆောင်နေကြ၏။ ဂုဏ်ထူးဘာယ်နှဘာသာပါရေးကိုသာ ကြိုးစားကြ၏။ ဆရာများကလည်း ရေမြင့်လျှင် ကြာတင့်မည့်အရေးကြောင့် မဖြစ်ဖြစ်သည့်နည်းဖြင့် နည်းကုန်လမ်းပွား၍ ကြိုးစားကြခြင်းပင်။ ခေတ်ရေစီးကြောင်းအတိုင်း မျောပါနေဟန်ပင်။

## ရှက်ဖွယ်လုပ်ရပ်

ကိုယ်နှေ့စဉ် ပြောဆိုရေးသားနေသည့် ဘာသာစကားကိုမကျွမ်းကျင်၍ ဘာသာခြားတစ်ဦး၏အကူအညီကို ယူရသည့်အဖြစ်ပါ။ ရှက်စရာကောင်းလှပါဘိ။ ဩစတြေးလျတိုက်မှ အထက်တန်းကျောင်းသားများနှင့် တက္ကသိုလ်ကျောင်းတော်သားကြီးများသည် ကိုယ့်ကိုယ်ကိုယ်မယုံရဲ၊ ကိုယ့်ကိုယ်ကိုယ်အားမကိုးကြပါ။ ကျောင်းမှ အိမ်စာအဖြစ်ပေးလိုက်သော အင်္ဂလိပ် အစမ်းစာ(အက်ဆေး)များနှင့် သင်္ချာ စသော သိပ္ပံပုစ္ဆာများကို အိန္ဒိယ၊ ပါကစ္စတန်နှင့် အီဂျစ်နိုင်ငံတို့မှတင်ထားသော ဝက်(ဘ)ဆိုက်များသို့ ပေးပို့ကာ ဖြေဆိုခိုင်းလေ့ရှိကြ၏။ တစ်ပုဒ်လျှင် ဖြေဆိုခ နှစ်ဒေါ်လာသာ ပေးရကြောင်း ဩစတြေးလျသတင်းဌာနကြီးက 'နယူး(စ)လီမိတက်' သတင်းစာကြီးသို့ သတင်းပေးပို့ထားပါသည်။

ကျောင်းသားများဖြေဆိုရမည့် အမေးပုစ္ဆာများကို ဖော်ပြပါနိုင်ငံများရှိ ဘွဲ့လွန်၊ ဘွဲ့ရများက သူတို့ဝက်(ဘ)ဆိုက်များမှတစ်ဆင့် ဖြေဆိုပေးလေ့ရှိ၏။ တစ်ခါတစ်ရံ ပုံသေဈေးနှုန်းဖြင့် ငွေပေးချေရပြီး ခက်ခဲနက်နဲသော ပုစ္ဆာအတွက် တစ်ခါတစ်ရံ လေလံစနစ်ဖြင့် အပြိုင်ပွဲဆွဲကြရသည်လည်းရှိ၏။

ပါကစ္စတန်နိုင်ငံ၊ အစ္စလာမာဘတ်မြို့မှ (၂၃)နှစ်အရွယ် ဘွဲ့ရလူငယ် 'မိုဟာမက်အလီခန်'က 'သသီဆန်းဒေးတိုင်း(မ)' သတင်းစာအား အောက်ပါအတိုင်း အင်တာဗျူးစဉ် ပြောကြားခဲ့၏။

"ကျွန်တော့်ရဲ့ အချိန်ပိုင်းအလုပ်တစ်မျိုးပါ။ အဲဒီလိုအလုပ်တွေကို ကမ္ဘာတစ်ဝန်းက လက်ခံရရှိပါတယ်။ ဩစတြေးလျတိုက်၊ အမေရိကန်ပြည်ထောင်စုနဲ့ အင်္ဂလန်နိုင်ငံက ကျောင်းသားတွေတောင် ပါဝင်ပါတယ်" ဟူ၏။ သို့မို့ကြောင့် စာတကယ်မတတ်ဘဲ အထက်တန်းအောင်သူတွေ၊ ဘွဲ့ရသူတွေ အများအပြားရှိနေသည်က လက်တွေ့ပင်။ နိုင်ငံနှင့်လူမျိုး ကျရှုံးခြင်းတစ်ရပ်ပါ။ ထိုနိုင်ငံ လုံးပါးပါးသွားနိုင်ပြီး မဖြစ်သင့်တာ ဖြစ်သွားနိုင်ပါသည်။ သူတို့နိုင်ငံမှာ ပညာရေးနိမ့်ပါးနေပုံကို အမေရိကန်သမ္မတ 'အိုဘားမား' ကလည်း သတိအတန်တန်ပေးဖူးပါသည်။ ဩစတြေးလျရှိ 'နယူးဆောက်သ်ဝေး(လ)တက္ကသိုလ်' ကလည်း မသမာသောနည်းဖြင့် စာမေးပွဲအောင်ရန် ကြိုးစားသည့်ကျောင်းသားကို စာမေးပွဲချပစ်မည် ဖြစ်ကြောင်း ပြင်းထန်စွာ သတိပေးထားပါသည်။ ကျောင်းသားများ အသိပွား၍ သတိထားရန်သင့်ပါပြီ။

ပညာရှိကြီးတစ်ဦး၏ မိန့်ကြားချက်ကို လက်ဆင့်ကမ်းပါရစေ။ ထိုရွှေစကားရပ်ကား . . . "လူတိုင်းမှာ တောင်ကြီးတစ်လုံးကိုဖြိုဖျက်နိုင်တဲ့စွမ်းအားတွေ ရှိပါတယ်။ ဒါပေမယ့် တောင်ကြီးကိုဖြိုရန် ပေါက်ချွန်းကို မကိုင်ချင်ကြလို့ပါ" ဟု ဆိုထား၏။ ပညာရှိတစ်ဦးဖြစ်လိုလျှင် ခိုင်မာသောစိတ်ဓာတ်ဖြင့် ကြိုးစားရပါမည်။ တကယ်ဖြစ်ချင်၊ တကယ်လုပ် အဟုတ်ဖြစ်ပါသည်။ တိုင်းပြည်အတွက် ကျောက်ကောင်းတစ်စေ့၊ ပန်းကောင်းတစ်ပွင့်ဖြစ်အောင် လူငယ်များကြိုးစားကြပါကုန်။

REF : STUDENTS USE CELL PHONES TO CHEAT ON TESTS AND OTHER UPDATE NEWS.

# အားလုံးကို ကျော်ဖြတ်ရမယ်



မြန်မာစာပေတွင် 'ငုပ်မိသဲကိုင်၊ တက်နိုင်ဖျားရောက်' ဟူသော စကားပုံရှိ၏။ ဒီမိုကရေစီနိုင်ငံတော် ဖြစ်တည်ရှင်သန်ရန် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်ရှိသမျှ လုပ်ဆောင်ကြရန် လိုအပ်ကြောင်း တွန်းအားပေးနေသည့် စကားဟုဆိုက မမှားပါ။ ထို့ပြင် မမျှော်လင့်သောဖြစ်ရပ်များ ကြုံတွေ့လျှင်လည်း ကြံ့ကြံ့ခံ၍ ကြိုးစားကြရန်လိုကြောင်း၊ ပန်းတိုင်သို့ အရောက်ချီတက်ရန်လည်း အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်းပင်။ မမျှော်လင့်သော ဖြစ်ရပ်ဆိုသည်မှာ တစ်ချိန်ချိန်တွင် ကြုံရမည်ဟု သဘောပေါက်သင့်၏။ ထိုဖြစ်ရပ်တို့ကား များပြားလှပါဘိ။ သို့မို့ကြောင့် ဆုံကြုံရလေ့ရှိသော အကြောင်းအရာအချို့ကို ရွေးချယ်တင်ပြအပ်ပါသည်။

## သူတို့မှာလည်း သူတို့ပြဿနာနဲ့ပါ

မနီလာမြို့တော် 'အာရှဖွံ့ဖြိုးရေးဘဏ်' (ADB)က စီးပွားရေးလုပ်ငန်း (၄၁)ခုနှင့် လုပ်ငန်းရှင် (၃၈)ဦးကို ငွေထုတ်ချေးပေးထားသော်လည်း ပြန်လည်ပေးဆပ်ခြင်းမရှိ၍ နာမည်ပျက်စာရင်းသွင်း၍ အရေးယူထားကြောင်း သိရ၏။ ၁၉၉၈ ခုနှစ်မှ ယခုအချိန်အထိ နာမည်ပျက်စာရင်းအသွင်းခံရသောလုပ်ငန်း (၅၅၂)ခုနှင့် လုပ်ငန်းရှင်ကြီးများ ပါဝင်

ပါသည်။ မကျေနပ်၍တိုင်တန်းမှု (၁၈၆)မှုကို (ADB) စာရင်းချုပ်ရုံး၏ ဘဏ်စုံစမ်းရေးအဖွဲ့ကြီးက လက်ခံရရှိပြီး စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့ပါသည်။ ဆေးကုသမှုထောက်ပံ့ကြေးငွေ ဒေါ်လာ (၁၀၀)အောက် ရရှိရေးအတွက် ဘဏ်ဝန်ထမ်းများနှင့် ပူးပေါင်းကြံစည်မှုမှသည် ဒေါ်လာ (၁၀)သန်းတန် လမ်းသစ်ဖောက်သည့် လုပ်ငန်းရရှိရေးအတွက် သက်ဆိုင်ရာသို့ လာဘ်ပေးရသည့်အမှုအထိ ပါဝင်၏။

စစ်ဆေးမှု အစီရင်ခံစာအရ (ADB) ဘဏ်မှ ငွေကြေးပံ့ပိုးကာ လုပ်ဆောင်သည့်လုပ်ငန်းမှာ ၇၄%ဖြစ်ပြီး (ADB) ဘဏ်ဝန်ထမ်းများ၏ မသမာမှုက (၁၈%)နှင့် ကျန်ရာခိုင်နှုန်းမှာ ဈေးငွေကို အရင်းရော အတိုးပါ မဆပ်မှုများ ဖြစ်ပါသည်။

## ဒေါ်လာ(၁၀၀)တန် အတုများ

မြန်မာနိုင်ငံမှ ဒေါ်လာကိုင်သုံးသူများကို သတိပေးခြင်းပါ။ အရီဇိုးနားပြည်နယ်မှ ရဲတပ်ဖွဲ့က ဒေါ်လာ(၁၀၀)တန်အတုကို သုံးစွဲရန် ကြံနေသူတစ်ဦးကို ရှာဖွေနေပါသည်။ ထိုသူသည် ညပိုင်းတွင် GOOD WILL STORE နှင့် SAFE WAY STORE တို့တွင် ကုန်ပစ္စည်းများကို ဝယ်ယူပြီး ဒေါ်လာ (၁၀၀)တန်များနှင့် ငွေချေခဲ့ပါသည်။ ထိုဒေါ်လာများ၌ 'သမ္မတအေဘရာဟင်လင်ကွန်း' ပုံ ရေစာဖြစ်နေပြီး 'သမ္မတဘင်ဂျမင်ဖရင်ကလင်း' ပုံ မဟုတ်သည့်အပြင် ဒေါ်လာမျက်နှာပြင်ပေါ်မှ လုံခြုံရေးကြိုးသည်လည်း နေရာလွဲနေ၍ ဆိုင်ဝန်ထမ်းများက စစ်ဆေးနေခိုက် ထိုသူက ရိပ်မိပြီး အပြေးမြန်၍ ရဲတပ်ဖွဲ့က အမိမဖမ်းနိုင်ခဲ့ပါ။

တစ်ဖန် (၁၈.၆.၂၀၁၂)ရက်နေ့က (LIMA) နိုင်ငံ၏ သတင်းစာရှင်းလင်းပွဲ၌ ရဲတပ်ဖွဲ့က ဖမ်းဆီးရမိထားသော အမေရိကန်ဒေါ်လာအတု (၂)သန်းနှင့် ယူရိုငွေအတု(၁.၅)သန်းကို ပြသခဲ့ပါသည်။ ငွေစက္ကူအတုများကို

ပုံနှိပ်သည့်စက်နှင့် ငွေစက္ကူအတုပြုလုပ်သည့် ပစ္စည်းမျိုးစုံကိုလည်း ဗဟုသုတအဖြစ် ပြသထားပါသည်။

## လေယာဉ်မောင်းလိုသလား၊ 'ပိုင်းလော့' လိုင်စင်အတုရမည်

အိန္ဒိယနိုင်ငံမှ ဖြစ်ရပ်တစ်ခုကလည်း သည်းထိတ်ရင်ဖိုပင်။ အစိုးရလေကြောင်းဌာနမှ အရာရှိတစ်ဦးနှင့် အရပ်သား(၃)ဦးကို လာဘ်ပေးလာဘ်ယူမှုဖြင့် သက်ဆိုင်ရာက ဖမ်းဆီးလိုက်သည့်သတင်းပါ။ စုံစမ်းစစ်ဆေးချက်အရ ထိုပုဂ္ဂိုလ်များသည် အတွေ့အကြုံမရှိသေးသော လေယာဉ်မောင်း(ပိုင်းလော့)များကို လေယာဉ်မောင်းနှင်ခွင့်လိုင်စင် ထုတ်ပေး၍ ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ 'ရာဂျစ္စတန်' ပြည်နယ်မှ လေယာဉ်မောင်းသင်တန်းကျောင်း၌ အမောင်းသင်နေသောကျောင်းသားများကို လေယာဉ်မောင်းနှင်ခွင့်အောင်လက်မှတ်အတုများကို ထုတ်ပေးသည့်အတွက် ထိုပုဂ္ဂိုလ်(၄)ဦးကို နယူးဒေလီမြို့၌ ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့မှတာဝန်ရှိ 'ရာဂျန်ဘာဂတ်' က ပြောကြားပါသည်။ အကြောင်းမှာ 'ဘတ်ဂျက်လေကြောင်းလိုင်း' ပိုင် 'အဲယားဘတ်(စ)' (၃၂၀)လေယာဉ်ကြီးသည် လေဆိပ်သို့ ဆင်းသက်စဉ် ပျက်စီးခဲ့၍ ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ လေယာဉ်မောင်းသူ၏ စာရွက်စာတမ်းများကို စစ်ဆေးရာမှ 'လေယာဉ်မောင်းနှင်ခွင့်လိုင်စင်' အတုဖြစ်နေမှန်း သိရတော့၏။

ထိုအပုပ်နံ့ကြောင့် တရားမဝင်ဖွင့်ထားသော လေယာဉ်မောင်းသင်တန်းကျောင်း လာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်သော အရာရှိကြီးများနှင့် မှောင်ခိုပွဲစားများ တသီကြီးပေါ်လာ၏။ ထိုပွဲစားများက အရည်အချင်းမမီသော (ပိုင်းလော့)လေယာဉ်မောင်းများကို မောင်းနှင်ခွင့်လိုင်စင်လုပ်ပေး၍ ဖြစ်၏။ လိုင်စင်အတုကို ကိုင်ဆောင်ထားသော အချို့လေယာဉ်မောင်းနှင်သူများကို နိုင်ငံတစ်နံတစ်လျား၌ ဖွင့်လှစ်ထားသော ခရီးသည်တင်

လေယာဉ်လိုင်းများ၌ပင် အလုပ်သွင်းပေးထားကြောင်း သက်ဆိုင်ရာက ထုတ်ဖော်ပြောကြားပါသည်။ နိုင်ငံပိုင်လေယာဉ်များ ပျက်စီး၍ ခရီးသည် အများအပြား ပျက်စီးမည်ကို လုံးဝဂရုမစိုက်သူများပါတကား။

## ပေါ၊ ချောင်၊ ကောင်းကြိုက်ကြသူများ

တရုတ်နိုင်ငံမှ အီလက်ထရောနစ်ပစ္စည်းအတုများကို အမေရိကန် စစ်လေယာဉ်များ၌ တပ်ဆင်သုံးစွဲနေခြင်းသည် အမျိုးသားလုံခြုံရေး၊ နိုင်ငံ ဂုဏ်သိက္ခာနှင့် တပ်ဖွဲ့ဝင်များ၏လုံခြုံရေးကိုပါ ထိခိုက်နစ်နာကြောင်း မေလ (၂၁)ရက်နေ့က ထုတ်ပြန်သော အထက်လွှတ်တော်အစီရင်ခံစာ၌ ဖော်ပြ ထား၏။

ထိုသတင်းကြောင့် ကမ္ဘာကြီးတုန်လှုပ်သွား၏။ ဒီမိုကရေစီ 'ဘိုးအေ'နိုင်ငံကြီး၏ ပျော့ကွက်ဟုဆိုသော် မမှားပါ။ တရုတ်နိုင်ငံမှ 'အတု'ပညာရှင်များ၏ အီလက်ထရောနစ်ပစ္စည်းအတု တစ်သန်းကျော်ခန့် ကို စစ်လေယာဉ်များ၌ တပ်ဆင်အသုံးပြုနေ၍ ဖြစ်၏။ (XH.60B) ရဟတ်ယာဉ်များ၊ (C.17)နှင့် (C-13OJ)သယ်ယူပို့ဆောင်ရေးလေယာဉ်များ၌ တပ်ဆင်သုံးစွဲနေ၏။ သို့မို့ကြောင့် ယင်းပစ္စည်းများကို ဝယ်ယူအသုံး ပြု သော တာဝန်ရှိ အမေရိကန်အာဏာပိုင်အဖွဲ့ကြီးအား 'အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကော်မတီ'က ဝေဖန်ခဲ့ခြင်းပင်။

## ချဉ်သီးလည်းဆား၊ ဆားလည်းဆား

အတုများခေတ်စားနေသောကာလတွင် အစစ်ကိုပင် အတုဟု ထင်နေရသည့်ကာလပါ။ တရုတ်နိုင်ငံတွင် ရဲအရာရှိပေါင်း(၁၈,၀၀၀)ခန့် ပါဝင်သော ရဲတပ်ဖွဲ့ကြီးသည် ဆေးဝါးအတု စစ်ဆင်ရေးကိုဆင်နွှဲရာ လူ(၂၀၀၀)ခန့်နှင့် ဆေးတုဝါးတု အမေရိကန်ဒေါ်လာသန်း(၁၈၀)ဖိုးခန့်ကို

ဖမ်းဆီးရမိခဲ့၏။ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသောစက်ပစ္စည်းအမျိုး ပေါင်း (၁၁၀၀)ခန့်ကိုလည်း ဖျက်ဆီးကြောင်း 'ပြည်သူ့စောင့်ရှောက်ရေး ဝန်ကြီးဌာန'က ဆိုပါသည်။ ဆီးချို၊ သွေးတိုး၊ အရေပြားနှင့် ကင်ဆာရောဂါ ပျောက်ဆေးများ ပါဝင်၏။ နာမည်ကြီးတံဆိပ်များကို ကပ်ထားသော ဆေးပုလင်းများ ဖြစ်၏။ ယင်းဆေးတုများကို သုံးစွဲသူသည် အသည်း၊ ကျောက်ကပ်နှင့် နှလုံးရောဂါများ ခံစားရကြောင်း ဆိုပါသည်။ အင်တာနက်၊ သတင်းစာနှင့် ရုပ်/သံများ၌ပင် ယင်းဆေးဝါးတုများကို ခပ်ပြောင်ပြောင် ကြော်ငြာလေ့ရှိ၏။ ဝေဒနာရှင်များက ယင်းဆေးဝါးတုများကို အာနိသင် ထက်သော ဆေးများဟု အထင်ရောက်ကာ ဝယ်ယူသုံးစွဲလေ့ရှိ၏။

တရုတ်နိုင်ငံတွင် အဆိပ်သင့်သော ငါး၊ ကလေးအဝတ်အထည်နှင့် ကလေးကစားစရာများ၊ သွားတိုက်ဆေး၊ မော်တော်ကားတာယာ၊ မယ် လမင်းအားဖြည့်နို့မှုန့်၊ ဆေးဝါးတု စသည့် မူမမှန်မှုများ မကြာခဏ ပေါ် ပေါက်နေ၍ အစိုးရက ယင်းကိစ္စမျိုးမဖြစ်ပေါ်ရေးအတွက် ကြိုးစား လုပ် ဆောင်နေပြီး ပြည်သူများအားလည်း အကြိမ်ကြိမ် ကတိပေးခဲ့ဖူးပါသည်။

တစ်ဖန် မြန်မာနိုင်ငံသို့ ပြန်လည်ငဲ့စောင်းကြည့်လိုက်သော် . . .။

'တိုင်းပြည်က နုနု၊ မုန်တိုင်းကပြင်းထန် 'ရေလှုံ့' ရန် မကြုံကြပါနဲ့။

မတရားမှုတွေကြွယ်ဝတဲ့ ကမ္ဘာ့အလယ်မှာ 'ဟန်ချက်' သာလို့ 'ခံ'ကွက်မပါရအောင် ဉာဏ်ဆောင်ယှဉ်တွဲ အနိုင်ကစားရမည့်ပွဲ' ဆိုသည်ကို အသိပေးပါရစေ။ အားလုံးကို ကျော်ဖြတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

REF : ADB SANCTIONS 41 FIRMS, 38 INDIVIDUALS FOR CORRUPTION AND OTHER INTERNET NEWS.

# စင်ကာပူရောက်လျှင် ထားရမည့် "သတိ"



စင်ကာပူနိုင်ငံသည် မြန်မာလူငယ်များ သွားရောက်ပညာဆည်းပူးရာ၊ စီးပွားရှာရာ ဌာနဖြစ်၏။ အဆင့်မြင့်ပုဂ္ဂိုလ်များ၏ သားသမီးများမှသည် အခြေခံလူတန်းစားတို့၏ သားသမီးများလည်း ရှိကြ၏။ အချို့မိဘများက မိမိပိုင်အိမ်ခြံလေးများကို ပေါင်နှံရောင်းချကာ သားသမီးများ၏ အနာဂတ်အရေးဖွံ့ဖြိုးသာယာအောင် ဆောင်ရွက်လေ့ရှိ၏။ လေ့ခွက်ချည်းကျန် အလံမလှဲလိုသူတို့၏ စိတ်ဓာတ်ပင်။ သူတို့သားသမီးများ လေ့လော်ရင်းတက်ကျိုးခဲ့သော် မခက်ပါလော၊ မတွေးဝံ့စရာပါ။ တစ်ဖက်တွင်လည်း စင်ကာပူနိုင်ငံသည် ရာဇဝတ်မှုကျူးလွန်သူနည်းသောနိုင်ငံဖြစ်ကြောင်း သိသူများ၏။ သို့သော် လူရှိလျှင် အပြစ်ပြုသူရှိမည်ပင်။ ကိုယ်က မပြုဘဲလျက် ပြစ်ဒဏ်မခံရအောင်၊ ကိုယ် 'ခံ' မသွားရအောင် စားသတိ၊ သွားသတိ၊ နေသတိ ရှိကြရန် ဤစာဖြင့် သတိပေးတင်ပြခြင်း ဖြစ်ပါသည်။

## ဘယ်သူသေသေ ငတေမာလျှင်ပြီးရော

မကြာသေးမီက စင်ကာပူလုပ်ငန်းရှင်သုံးဦးကို အမေရိကန်နိုင်ငံလုပ် အသင့်တပ်ဆင်အသုံးပြုသော ဘက်စုံသုံး 'ရေဒီယို၊ မိုဒူး(လ်)' ပေါင်း (၆၀၀၀)ခန့်နှင့် ဧရိယာတိုင် (၅၅)ခု အပါအဝင်ကို အီရန်နိုင်ငံသို့

တရားမဝင်ရောင်းချမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ပါသည်။ ထိုကိရိယာများဖြင့် အီရတ်ရှိ မဟာမိတ်တပ်ဖွဲ့ဝင်များကို ဖုံးခွဲတိုက်ခိုက်လေ့ရှိကြောင်း သိရ၏။

အမေရိကန်တို့က ယင်းရေဒီယိုဆက်စပ်ပစ္စည်းများ၏ လမ်းကြောင်းကိုလေ့လာရာမှ အီရန်ကုမ္ပဏီတစ်ခုနှင့် စင်ကာပူအခြေစိုက် ကုမ္ပဏီ (၃)ခုကို ခြေရာခံမိခြင်းဖြစ်ပါသည်။ စင်ကာပူလုပ်ငန်းရှင်များကို စစ်ဆေးရာ သူတို့နှင့်မပတ်သက်ကြောင်း ငြင်းဆိုပါသည်။ အမေရိကန်တို့ကမူ အီရန်အား ကုန်သွယ်မှုပိတ်ဆို့ထားသည့်ကြားမှ စင်ကာပူသား LIM KOW SENG ဆိုသူက ဦးစီးပြီး အီရန်နိုင်ငံသား HOSSEIN LARIJANI အား လက်လွှဲရောင်းချခဲ့၍ မကျေနပ်ပါ။

အမေရိကန်နှင့် စင်ကာပူနိုင်ငံတို့သည် ရာဇဝတ်ဝတ်မှုကျူးလွန်သူကို သက်ဆိုင်ရာနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန် သဘောတူကြပါသည်။ သို့သော် ယခုအမှုတွင် သက်သေအထောက်အထား မခိုင်လုံ၍ အမေရိကန်သို့ တရားခံလွှဲပြောင်းပေးရန် စင်ကာပူနိုင်ငံအနေဖြင့် အကြပ်ရိုက်လျက်ရှိပါသည်။

## အမြဲကံကောင်းနေပါစေ စင်ကာပူ

၂၀၀၁ ခုနှစ်က "JAMAAR ISLAMIAH" အကြမ်းဖက်ကွန်ရက်မှ စင်ကာပူအမျိုးသားအဖွဲ့ဝင်သုံးဦးသည် နိုင်ငံခြားသို့ထွက်ခွာပြီး ၂၀၁၂ခုနှစ် ဇန်နဝါရီလ၌ ပြန်လာစဉ် လေဆိပ်၌ အဖမ်းခံရပါသည်။ ယင်းတို့အနက် 'ဆာရဒင် မိုဟာမက်ဆပြန်' က အာဖဂန်နစ္စတန်သို့ ရှေးဦးစွာသွားရောက်၍ အကြမ်းဖက်သင်တန်းတက်ခဲ့သူပင်။ စင်ကာပူတွင် ထိရောက်သောဖောက်ခွဲမှုများဆောင်ရွက်ဖို့ သူနှင့်အဖော်(၂)ဦးသည် နိုင်ငံတွင်းသို့ပြန်လာပြီး နေရာရွေးရန်ဖြစ်၏။ ကျန်အဖွဲ့ဝင်(၂)ဦးမှာ 'အမ်အာ အဗ္ဗဒူရာမာန်' နှင့် ညီတော်သူ 'အေအာအဗ္ဗဒူရာမာန်' တို့ဖြစ်၏။ စင်ကာပူနိုင်ငံတွင် သူတို့

သုံးဦးအား စစ်ဆေးနေပါသည်။

စင်ကာပူ ဒုတိယဝန်ကြီးချုပ် "TEO CHEE HEAN"က နိုင်ငံခြားရှိ ထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် ပြည်တွင်းလုံခြုံရေးဌာနမှ တာဝန်ရှိသူများ ကြိုးပမ်းမှုကြောင့် အကြမ်းဖက်သမားများကို ဖမ်းဆီးနိုင်ခြင်း ဖြစ်ကြောင်း ပြောကြားပါသည်။ ပြည်တွင်းလုံခြုံရေးဥပဒေဖြင့် ဖမ်းဆီးထားသူပေါင်း (၁၇)ဦး ရှိကြောင်း သိရ၏။ ထို့ပြင် စင်ကာပူနိုင်ငံရှိမြေအောက်ရထားများ၊ ဘတ်(စ်)ကားများနှင့် လမ်းမကြီးများတွင် "CCTV"ကင်မရာများ တပ်ဆင်၍ တိုင်းသူပြည်သားများ လုံခြုံရေးအတွက် သက်ဆိုင်ရာက စောင့်ကြည့်လေ့ရှိကြောင်းသိရ၍ သာဓုခေါ်မိပါသည်။

## အတိုးကြီးယူ၊ ငွေဖြုံအောင်ဖွပ်

ကျွန်တော်တို့လူမျိုးကို အကြွေးရလျှင် 'ဆင်'ကိုပင် ဝယ်ယူမည့်သူများဟု တင်စားပြောဆိုလေ့ရှိ၏။ စင်ကာပူနိုင်ငံတွင် တတ်နိုင်သမျှ ကြွေးကင်းအောင်နေသင့်ကြောင်း၊ အကြံပေးပါရစေ။ ရဲတပ်ဖွဲ့က စင်ကာပူနိုင်ငံတွင် အတိုးမတန်တဆဖြင့် ငွေချေးသူဟုထင်ရသည့် အမျိုးသား(၅)ဦးနှင့် အမျိုးသမီး(၂)ဦးကို ဖမ်းဆီးလိုက်ပါသည်။ 'ဂျူရောင်း' ရဲတပ်ဖွဲ့၏ စစ်ဆေးချက်အရ လူ(၆)ဦးသည် ဘဏ်ငွေစာရင်းဖွင့်ခြင်း၊ သူတို့ပိုင်(ATM) ကတ်နှင့် ပုဂ္ဂလိကမှတ်ပုံတင်အမှတ် (PIN)များကို အပေါင်အဖြစ် အတိုးကြီးစားသူများထံ အပ်နှံထားရကြောင်း အစစ်ခံသွားပါသည်။

အသက်(၅၀)အရွယ်အမျိုးသားနှင့် (၄၂)အရွယ်အမျိုးသမီးတို့ကမူ အတိုးကြီးစားသူများအတွက် ATMစက်များမှတစ်ဆင့် အီလက်ထရောနစ်ရန်ပုံငွေများကို ညွှန်ကြားသည့်အတိုင်းပို့ပေးရကြောင်း ထွက်ဆိုသွားပါသည်။ 'အန်မိုကို' ရဲတပ်ဖွဲ့က အသက်(၂၆)နှစ်အရွယ်တစ်ဦးကို စစ်ချက်ယူခဲ့၏။ သူ၏အမည်ဖြင့် ဘဏ်အချို့တွင် ငွေစာရင်း(၃)ခုကို ဖွင့်ပေးရသည့်

အပြင် ATM ကတ်နှင့် PIN ကတ်များကိုပါ အာမခံအဖြစ် ပေးထားရကြောင်း ပြောပြပါသည်။ စင်ကာပူတွင် တရားမဝင် ငွေချေးသူများသည် စင်ကာပူ ဒေါ်လာ(၃၀၀၀၀) ဒဏ်ကြေးအဖြစ် ပေးဆောင်ရပါသည်။

## အောင်လက်မှတ် အတုတွေကို ရောင်း

မြန်မာနိုင်ငံမှ ငွေကြေးပြည့်စုံသူအများစုသည် သူတို့၏သားသမီးများကို စင်ကာပူနိုင်ငံရှိ နာမည်ကျော်ကျောင်းများတွင် ထားလေ့ရှိ၏။ ပညာရပ်ဆိုင်ရာ စာသင်နှစ်ကုန်ဆုံး၍ စာမေးပွဲအောင်ပါက ပညာရေးဆိုင်ရာ သက်သေခံလက်မှတ်များကို ယင်းကျောင်းများမှ ထုတ်ပေးလေ့ရှိ၏။ သို့သော် 'ပိုးသာကုန် မောင်ပုံစောင်းမတတ်သူ' များလည်းရှိ၏။ ပူစရာမလိုပါ။ စင်ကာပူရှိ စီမံခန့်ခွဲမှု ဖွံ့ဖြိုးမှုတက္ကသိုလ်အပြင် ယင်းတက္ကသိုလ်နှင့် ချိတ်ဆက်ထားသောကျောင်းများမှပင် ပညာရေးသက်သေခံလက်မှတ်ထုတ်ပေးဘိအလား အောင်လက်မှတ်အတုများကို အင်တာနက်မှတစ်ဆင့် ဝယ်ယူနိုင်၏။ တချို့ကို ဒေါ်လာ (S$10000) အထိ ဈေးတင်၍ ရောင်းချကြ၏။ နိုင်ငံတော်ပညာရေးကောင်စီသည် အောင်လက်မှတ်အတုပြုလုပ်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိပါသည်။

## ဆိုးသွမ်းလူငယ်နှင့် စိတ်ကျရောဂါ

ကမ္ဘာပေါ်တွင် ရာဇဝတ်ပြစ်မှုအနည်းဆုံး နိုင်ငံများစာရင်းတွင် 'စင်ကာပူ' နိုင်ငံပါဝင်၏။ သို့သော် ဆိုးသွမ်းလူလည်လူငယ်များလည်း ရှိ၏။ ထိုနိုင်ငံသို့ သွားရောက်ပညာသင်ယူနေသော မြန်မာနိုင်ငံကျောင်းသားများနှင့် ဝန်ထမ်းများသည် ဆိုးသွမ်းလူငယ်များ အန္တရာယ်မှ ကင်းဝေး၍ ရှောင်တိမ်းနိုင်ရန် သတိပေးခြင်းဖြစ်၏။ အစိုးရကလည်း ဆိုးသွမ်းလူငယ်များကို အရေးယူလျက်ရှိပါသည်။

မကြာသေးမီက (၁၉)နှစ်အရွယ် ကျောင်းသားလေး "DARR-EN NG WEIJIE ကို ဂိုဏ်းအဖွဲ့ဝင်များက သူတို့အား ဘုကြည့် ကြည့်သည် ဟုဆိုကာ ပုဆိန်ဖြင့် ခုတ်သတ်ခဲ့ပါသည်။ တစ်ဖန် နှစ်ပတ်ကြာသောအခါ အနားယူနေသည့် လူခုနစ်ဦးကို ဆိုးသွမ်းလူငယ်တစ်စုက ဓားမြှောင်၊ မလေးရှားဓားရှည်များဖြင့် လိုက်လံခုတ်ထစ်၍ ဒဏ်ရာပြင်းစွာရရှိသွားကြောင်း သတင်းစာများက ရေးသားခဲ့ပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ "THE INSTITUTE OF MENTAL HEALTH"ကျောင်းတော်ကြီးက ဦးစီး၍ စင်ကာပူနိုင်ငံသားများ၏ စိတ်ကျန်းမာရေးအခြေအနေများကို လေ့လာခဲ့ပါသည်။ လူ(၁၆)ဦးအနက် (၁)ဦးသည် ဘဝတစ်လျှောက်၌ စိတ်ကျရောဂါခံစားရဖူးကြောင်း ဖော်ပြထား၏။ စင်ကာပူနိုင်ငံကား 'သွားသုတ်သုတ်၊ လာသုတ်သုတ်၊ စားသုတ်သုတ်' ဖြစ်နေ၍ စိတ်ကျရောဂါခံစားရရန် အလေးသာလျက်ရှိ၏။ မုဆိုးမနှင့် တစ်ခုလပ်များက စိတ်ဖိစီးမှုအများဆုံးပင်။ အများအားဖြင့် အသက်(၂၉)နှစ်ဝန်းကျင်တွင် စိတ်ဖိစီးမှုခံရပြီး လူဦးရေ၏ ၁၂%သည် သူတို့တစ်သက်တွင် စိတ်ရောဂါအမျိုးမျိုးကို ခံစားရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါ၏။ ဘဝအဆင်မပြေသော စိတ်ရောဂါခံစားနေရသော မိသားစုမှမွေးဖွားလာသည့် ကလေး၏အနာဂတ်ကို တွေးသာကြည့်ကြပါတော့။

သို့မို့ကြောင့် စင်ကာပူရောက် မြန်မာလူမျိုးများသည် 'လောကကြီးမှာ နေတတ်လျှင် ကျေနပ်စရာတွေပါပဲ' ဟူသောစကားကို သဘောပေါက်၍ 'စိတ်ကိုလည်းပြင်၊ ရုပ်လည်းပြင်၊ ပြင်ဆင်တိုင်းရ၊ ပြုတိုင်းလှ၊ သုခနိဗ္ဗာန်တိုင်လိမ့်မည်' ဟူသော ဆရာတော်ဦးဝိသုဒ္ဓ၏ တရားအနှစ်ကို မမေ့ကြပါနှင့်ဟု သတိပေးလျက် . . . ။

REF: TERRORIST SUSPECTS ARRESTED, DEPORTED BACK TO SINGAPORE AND OTHER UPDATE INTERNET NEWS.

# စာအုပ်စာပေ လူ့မိတ်ဆွေ



ဤကမ္ဘာကြီးတွင် လူလာဖြစ်သည်မှာ တစ်ယောက်တည်းပါ။ သို့သော် လူချင်းတူပါလျက် မည်သည့်အတွက် တစ်ဦးက ကံကောင်းပြီး တစ်ဦးက ကံဆိုးရသနည်း။ တစ်ဦးက အသက်ရှည်၍၊ တစ်ဦးက အသက်တို။ တစ်ဦးက ချမ်းသာ၊ တစ်ဦးက ဆင်းရဲ။ တစ်ဦးက လှပ၊ တစ်ဦးက ရုပ်ဆိုး။ တစ်ဦးက မြင့်မြတ်၊ တစ်ဦးက ဆင်းရဲယုတ်ညံ့။ တစ်ဦးက ဉာဏ်ပညာကြီးပြီး၊ တစ်ဦးက ဉာဏ်နည်းရပါသနည်းဟု 'သုဘလုလင်' က သိနားလည်လို၍ ဘုရားရှင်အား လျှောက်ထားခဲ့ပါသည်။ ဤကိစ္စကို လူသားတိုင်း သိလိုကြ၏။

'သုဘလုလင်၊ ကံ အဆိုးအကောင်းဆိုတာ ရှေးဘဝက ကံ၏စီမံမှုကြောင့်သာ ဖြစ်တယ်။ လူတစ်ဦးနှင့်တစ်ဦး မတူကွဲပြားတာ ကံကြောင့်ပါ။ သက်ရှည်၊ ချမ်းသာ၊ ဉာဏ်ထက်သန်ရန် 'ပစ္စုပ္ပန် ကံ၊ ဉာဏ်၊ ဝီရိယ' တို့နှင့်လည်း သက်ဆိုင်ပါတယ်' ဟု ဘုရားရှင်က ဖြေကြားခဲ့ပါသည်။

ဘုရားရှင်လက်ထက်တော်က မဟာဓနသူဌေးသားဆိုသူဟာ မိမိ၏မိဘဘက်မှ ကုဋေ(၈၀)၊ ဇနီး၏မိဘဘက်မှ ကုဋေ(၈၀) အမွေရ၍ ကြွယ်ဝချမ်းသာခဲ့ပါသည်။ သူဌေးသားသည် စာဖတ်ရန်ပျင်း၍ ကျောင်းမတက်ခဲ့၊ စာမတတ်၍ မကောင်းသောသူများနှင့် ပေါင်းဖော်မိပြီး အကုသိုလ်အလုပ်မှန်သမျှကို လုပ်တော့၏။ မကြာမီ သူတို့ပိုင်ဥစ္စာများ ကုန်ခန်းသွား၍ ခွက်လက်ဆွဲကာ တောင်းစားရတော့၏။ ဥစ္စာဟူသည် မျက်လှည့်မျိုးပါတကား။ ပညာမရှိ၊ ဉာဏ်နတ္ထိနှင့် ဝီရိယမဲ့မှုကြောင့် ထိုဘဝသို့

ရောက်ရ၏။ အကယ်၍ 'မဟာဓနေ' သူဌေးသားသည် စာပေဗဟုသုတရှိပါက ရတနာ၊ စိန်ကျောက်၊ ဇယ်တောက်တမ်းကစားနိုင်သူ ဖြစ်မည်ပင်။ ပညာဟူသည် မြတ်ရွှေအိုးမဟုတ်လော့။ သို့မို့ကြောင့် ကျောင်းသားများအား ကျောင်းနေမပျက်၊ စာကိုကျက်ကြရန် အသိပေးလိုပါသည်။

'ပညာတံခွန်၊ လူရည်ချွန်က၊ မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်း'ဟူသော အဖြစ်ကလည်း ဤသို့ ဤနှယ်။ တောရွာလေးရှိ ဆင်းရဲသောမိဘနှစ်ပါးမှ 'မောင်ကြီးမောင်' ဆိုသူကို မွေးဖွားခဲ့၏။ မည်သည့်ကျောင်းကိုမျှ မတက်နိုင်။ မည်သည့်အတန်းမျှ မရှိခဲ့။ သို့သော် သူသည် တွေ့သမျှစာအုပ်များကို ဖတ်၏။ ဆရာမကြီး ဒေါ်ဒဂုံခင်ခင်လေး၊ ဆရာကြီးပီမိုးနင်းနှင့် ဆရာကြီး ဦးဖိုးကျားတို့၏ စာအုပ်များကိုဖတ်၍ သူသည် စာအုပ်များကို ရေးသားပြုစုခဲ့၏။ သို့မို့ကြောင့် ယနေ့ ပြည်သူကလေးစားသော စာရေးဆရာကြီး 'ငွေဥဒေါင်း' အဖြစ် ရပ်တည်နိုင်ခြင်းဖြစ်ကြောင်း သိရ၏။

ယနေ့ ကျောင်းသား၊ ကျောင်းသူများအတွက် ဖတ်ရန်စာအုပ်များက အသင့်။ စာကြည့်တိုက်များတွင်လည်း စာအုပ်များကအပြည့်။ စာဖတ်ရန် ပျင်းရိသူဖြစ်ပါစေ သူကြိုက်နှစ်သက်သော စာအုပ်မျိုးကို ရှာဖွေဖတ်ရှုစေကာ စာဖတ်ရန် စိတ်အားထက်သန်လာပါမည်။ ယနေ့ နိုင်ငံတစ်ဝန်းတွင် ဘာသာရပ်မျိုးစုံကို ရေးသားထားသည့်စာအုပ်များ ထွက်ရှိနေပါပြီ။ 'စာမြည်း'အဖြစ် ကြိတ်မိတ်၍ဖတ်ကြည့်ပါ။ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည်ကို သဘောပေါက်လာမည် ဖြစ်ပါသည်။

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး 'အိုင်းစတိုင်း'ကပင် တကယ်တော့ ကျုပ်တော်လို့ မဟုတ်ပါဘူး။ ကျုပ်ရှေးက ပညာရှင်ကြီးတွေရဲ့ ပခုံးပေါ်ကို တက်ရပ်ပြီး လောကကြီးကို ကြည့်ခွင့်ရလို့ ကျွန်တော် ဝေးဝေးမြင်ရတာပါ။ ရှေးက စာအုပ်၊ စာပေတွေကို ရေးသားခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ကျေးဇူး

ပေါ့' ဟု ဆရာကြီးက ဝန်ခံခဲ့ပါသည်။ စာပေကျေးဇူး၊ ဝီရိယအကျိုးကို ထောက်ပြခြင်းဖြစ်၏။

'အယ်နီကလပ်' ဆိုသော မိန်းကလေးသည် 'ဝီလဆင်၊ ခရစ်ယာန်အကယ်ဒမီ' မှ (၇) နှစ်အရွယ် ပထမတန်းကျောင်းသူလေး ဖြစ်၏။ မွေးဖွားစဉ်ကပင် လက်နှစ်ဖက်မပါခဲ့ပါ။ သို့သော် 'ငါလုပ်လျှင် ဖြစ်ရမည်' ဟူသော သံမဏိစိတ်ကြောင့်၊ လက်ရေးအလှဆုံးရေးနိုင်သူ အထူးဆုကို 'နီကိုးလပ်မက်ဆင်' အဖွဲ့ကြီးက သူမအား ချီးမြှင့်ခဲ့ပါသည်။ စာအုပ်ထုတ်ဝေသူများကလည်း သူမအား ဒေါ်လာ(၁၀၀၀)ချီးမြှင့်ခဲ့ပါသည်။ သူမ၏ ခွဲ၊ လုံ့လ၊ ဝီရိယအကျိုးအတွက်ပါ။ လက်မရှိသောအယ်နီသည် ခဲတံကို အထာကျအောင် လက်ငုတ်တိုလေးနှစ်ခုကြား၌ထားရှိပြီး လှပသော စာလုံးများကိုရေးပြနိုင်၍ ဖြစ်၏။

'ကလေးမလေးဟာ စာကြိုးစားပြီး တာဝန်လည်း သိတတ်ပါတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ စာလုံးတွေကို ရှင်းလင်းပီသစွာ ရေးနိုင်လို့ ဂုဏ်ယူနေတယ်လေ။ စာတော်ပြီး အတန်းဖော်များနားမလည်တဲ့အတန်းစာများကို သူမက ပြန်ရှင်းပြလေ့ရှိပါတယ်။ ကတ်ကြေးညှပ်၊ ကော်ကပ်၊ အင်္ကျီလဲ၊ ထမင်းစား၊ ရေကူး၊ ဘိုင်စကယ်စီး တာတွေကို သူမတစ်ဦးတည်း လုပ်လေ့ရှိပါတယ်' ဟု သူမ၏ ဆရာမ 'လော်ရာအာ့ပ်'က ချီးကျူးပြောကြားခဲ့ပါသည်။ လူစဉ်မမီ၍သာ ယခုကဲ့သို့ နေရခြင်းဖြစ်၏။ အကယ်၍ လက်နှစ်ဖက်သာပါခဲ့လျှင် . . .။

သုညဘဝမှစခဲ့ရသည့် ကမ္ဘာကျော် 'ဟယ်လင်ကယ်လာ' ဆိုသော ကယ်တင်ရှင်တစ်ဦး၏အကြောင်းကိုလည်း သိထားသင့်၏။ သူမသည် ငယ်စဉ်က ထူးဆန်းသောအဖျားရောဂါကြောင့် ဆွံ့အ၊ နားကန်းသွားခဲ့၏။ မိဘများက ချမ်းသာ၍ အလိုလိုက်ထားရာ ဆိုးသွမ်းသောကလေးတစ်ဦး ဖြစ်သွား၏။ မိဘများက 'ဟယ်လင်'၏နောင်ရေးအတွက် ဆရာမ

'အင်နီဆူလီဖန်' အား သူမအား စာပေသင်ကြားရင်း၊ ပြုစုစောင့်ရှောက်ရန် အပ်နှံခဲ့၏။ ဟယ်လင်သည် အခက်အခဲအမျိုးမျိုးကြားမှ ရုန်းထပြီး 'ရက်ကလိ(ဖ)ကောလိပ်' မှ ဘွဲ့ရယူခဲ့၏။ ထို့နောက် စာအုပ်များကို ရေးသားပြုစု၍ ကမ္ဘာအနှံ့လှည့်ပတ်ပြီး လူမှုရေးကိစ္စများကို အားတက်သရော ဆောင်ရွက်ခဲ့၏။ ရုပ်ရှင်များကပင် သူမ၏အကျိုးဆောင်မှုများကို ရိုက်ကူးပြသခဲ့၍ ကမ္ဘာကျော်ခဲ့၏။ အဓိကမှာ ပညာတတ်များကား ကံမွဲသော်လည်း၊ ဟန်ကျဆဲ'ဟု တင်ပြလိုရင်း ဖြစ်ပါသည်။ 'ပညာရဲရင့် ပွဲလယ်တင့်' ဟူသောစကားကိုလည်း မေ့မထားသင့်ပါ။

သင်္ချာပညာကို စိတ်ဝင်စားသောကျောင်းသားများကိုလည်း အတွေ့ယူထိုက်၏။ အကြိမ်(၅၀)မြောက် အပြည်ပြည်ဆိုင်ရာ အိုလံပစ် သင်္ချာပြိုင်ပွဲကြီး (IMO)ကို ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့ပါသည်။ ဟောင်ကောင်သင်္ချာ အသင်းကြီးမှ အထက်တန်းကျောင်းတော်သား ငါးဦးက ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် နှစ်ခု ရရှိကြပါသည်။ ထိုကျောင်းသားများကား ဟောင်ကောင်ရှိ ကောလိပ်နှင့်ကျောင်းများမှ လက်ရွေးစင်များ ဖြစ်ပါသည်။ (IMO)သင်္ချာပြိုင်ပွဲကြီးသို့ ဟောင်ကောင်ကိုယ်စားပြုသွားရောက်ရန် တစ်နှစ်ခန့် အချိန်ယူရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ခဲ့၏။

ရွှေတံဆိပ်ဆုရရှိသော 'ချင်တိုက်ဝင်' သည် ဘုရင်မကောလိပ်မှဖြစ်ပြီး ငွေတံဆိပ် နှစ်ဆုကို 'ဒိုင်အိုစီစင်' ယောကျ်ားလေးကျောင်းမှ 'ကဲနက်ဟန်'နှင့် 'လီရှောကီကောလိပ်' မှ 'လန်ချိုဟို' တို့က ရရှိ၏။ ကြေးတံဆိပ် နှစ်ခုကို 'လာဆယ်လီကောလိပ်' နှင့် 'လွန်ကောက္ခီကောလိပ်' မှ ချွန်ပင်ငယ်'နှင့် 'ငင်ငိုင်ဖွန်' တို့က ရရှိပါသည်။ သူတို့၏ လျှို့ဝှက်ချက်မှာ သင်္ချာပုစ္ဆာများကို အမြဲသတိရနေပြီး စိတ်တွက်တွက်နေ၍ ဖြစ်ပါသည်။

လူ့လောကတွင် ကံ ကံ၏အကျိုးပေး၊ ကံအလှည့်အပြောင်းလေး

များလည်း ရှိပါသည်။ လှံထမ်းလာသည်ကို မြင်နိုင်သော်လည်း ကံလှမ်းလာသည်ကို မမြင်နိုင်သည့်သဘောပါ။ ဓီချွန်ပြည်နယ်၊ ကွမ်ကျိုးမြို့တွင် 'ရီဟိုင်ဇင်' ဆိုသော ကိုးနှစ်သားလေး နေထိုင်၏။ တစ်နေ့ ထိုကလေးသည် ဦးနှောက်ပိုင်းဆိုင်ရာ လေဖြန်းမှု (CEREBRAL PALSY) ခံစားရပြီး သူနှင့်ပတ်သက်၍ မယုံနိုင်စရာများကို ကြုံကြရ၏။ သူသည် ထူးကဲသော မှတ်ဉာဏ်ကြောင့် ဘာသာခြားစကားများကို တစ်ခါနားထောင်ကာမျှဖြင့် ပြန်လည်ပြောဆိုနိုင်၏။ မိဘ၊ ကျောင်းဆရာများနှင့် အတန်းသားများကပင် အံ့သြခဲ့ကြ၏။

သူသည် ကမ္ဘာပေါ်ရှိနိုင်ငံပေါင်းစုံ၏ အလံတော်များကို မှတ်မိနေပြီး သူနှင့်ဆက်ဆံပြောဆိုခဲ့သော 'ဆဲလ်ဖုန်း'များ၏ နံပါတ်များကို အလွတ်ရနေ၏။ ထို့ပြင် ဘာသာမျိုးစုံက ပြောကြားသည့်စကားမျိုးစုံကို လေယူလေသိမ်းမှန်ကန်စွာဖြင့် ပြောဆိုနိုင်၏။ ကျောင်းသို့ လာရောက် ပညာသင်ကြားနေသော နိုင်ငံခြားသားလေးများနှင့် စကားလက်ဆုံကျရင်း ဘာသာမျိုးခြား၊ စာနှင့်စကားကို တတ်ကျွမ်းလာကြောင်း 'ရီ' က ဆိုပါသည်။ ကျောင်းမှ ဆရာ၊ ဆရာမများက 'ရီ' အား ကျောင်းတော်ကြီး၏ 'ဆဲလ်ဖုန်းလမ်းညွှန်'ဟု တင်စားခေါ်ခဲ့ကြပါသည်။

သို့မို့ကြောင့် 'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသော စကားအတိုင်း၊ ကိုယ်ကြိုက်သည့်စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်လိုက်စမ်းပါ။ စာများများဖတ်သည့်အကျင့်ရလာပါက ဘဝ၏တိုးတက်ရာလမ်းစကို တွေ့ရပြီဟု ယူဆလိုက်ပါ။ ရဲရဲသာလျှောက်စမ်းကြည့်ပါ။ အောင်မြင်မှုပန်းတိုင်ဟာ သင့်လက်တစ်ကမ်းမှာရှိနေသည်ကို အံ့သြစွာတွေ့ရမှာပါ။'

REF : FIRST-GRADER BORN WITHOUT HANDS WINS PENMANSHIP AWARD AND OTHER INTERNET NEWS.

# ဈေးကြီးလာသော အင်္ဂလိပ်စာ



'ဘာသာမျိုးခြား၊ စာစကား၊ သင်ကြားသင့်သည်မှတ်' ဟူသော စကားတစ်ရပ်ရှိပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် ရေပန်းအစားဆုံးသည်လည်း အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားပင် ဖြစ်ပါသည်။ အင်္ဂလိပ်စာတတ်ချင်လျှင် ကြိုးစားရပါမည်။ ထိုင်နေလို့တော့ ဘာမျှဖြစ်လာမည် မဟုတ်ပါ။ အင်္ဂလန်ပြည့်ရှင် ပထမ 'ဂျော့' ဘုရင်မင်းမြတ်သည် အင်္ဂလိပ်စကား လုံးဝမပြောတတ်ပါ။ ထို့ပြင် အင်္ဂလိပ်စာပေတွင် သူ မပါလျှင်မပြီးသည့် စာရေးဆရာကြီး 'ဝီလျံရှိတ်စပီးယား' ၏ သမီးသည်လည်း အင်္ဂလိပ်စာလုံးဝမတတ်ပါ။ သင် သာအင်္ဂလိပ်စာတတ်လျှင် ဂုဏ်ယူစရာ မကောင်းပါလော။ အင်္ဂလိပ်လိုရေးထားသော ဗဟုသုတမျိုးစုံကို လေ့လာခွင့်ကြုံရလို့ပါ။

ယနေ့ ကမ္ဘာတွင် အင်္ဂလိပ်စာသင်ကြားမှု တန်ဖိုးကြီးမားကြောင်း မြန်မာပြည်တွင် လာရောက်ဖွင့်လှစ်သော အင်္ဂလိပ်ကျောင်းများ၏ ကျောင်းလခကိုကြည့်က သိနိုင်ပါသည်။ သို့မို့ကြောင့် ငွေမရှိလျှင် အင်္ဂလိပ်စာကို မသင်ယူနိုင်တော့ပြီလော။ မေးသင့်သည့်မေးခွန်းပါ။ အင်္ဂလိပ်စာ (SELF STUDY) ကို ကိုယ်တိုင်လေ့လာနိုင်သည့် ဝက်(ဘ)ဆိုက်များ၊ 'English Through Pictures' ပုံပြအင်္ဂလိပ်စာသင်ကြားနည်း စာအုပ်များ၊ ဗီစီဒီခွေတတ်ပြားများ ရှိနေပါပြီ။ မြန်မာ့စကားတစ်ရပ်ရှိပါသည်။ 'ကြိုးစားလျှင် ဘုရားဖြစ်နိုင်သည်' ဟု

သုံးနှုန်းလေ့ရှိပါသည်။ ဘုရားဖြစ်ဖို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကျင့်ရပါမည်။ အင်္ဂလိပ်စာတတ်မြောက်ဖို့ကား ဤမျှ ကြိုးစားရန် မလိုပါ။ 'If Man Can DO, I Can DO' 'သူလုပ်နိုင်လျှင် ငါလုပ်နိုင်ရမည်' ဟူသော စိတ်ဓာတ်ကိုမွေး၍ 'အပြတ်၊ ကြဲ' ကြည့်လိုက်စမ်းပါ။

အင်္ဂလိပ်စာ လေ့လာရာတွင် အဓိကမှာ 'ဝေါဟာရ' ကုံလုံမှုပင်ဖြစ်ပါသည်။ ဝေါဟာရကြွယ်ဝပါက အင်္ဂလိပ်စာကို များများဖတ်ရှုနိုင်ပါမည်။ စာများများဖတ်ထားသူသည် စကားပြောရန် ဝန်မလေးတော့။ အရေးအသား၊ အပြောအဆိုနှင့် ကြားနာမှုစွမ်းရည်လည်း တိုးတက်လာပါမည်။ ဤနေရာတွင် 'မှားမှား၊ မှန်မှန်' ပြောဆိုရဲသည့် သတ္တိတော့ မွေးထားရပါမည်။ ပတ်ဝန်းကျင်ကို ရှက်နေစရာမလိုပါ။ ခိုးစားနေခြင်း မဟုတ်ပါ။ တောင်းခံစားသောက်နေခြင်းမဟုတ်ပါ။ မိမိတိုးတက်မှုအတွက် ကြိုးစားနေသည်ဟု ခံယူထားပါ။ စင်ကာပူသားတွေ တိုးတက်လာတာ ဤအယူအဆကြောင့်ပါ။ မည်သည့်ဘာသာစကားကိုမဆို လေ့လာလိုပါက နှုတ်တက်ရွရွရွတ်ဆိုရပါမည်။ မြန်မာတို့သည် ပရိတ်ကြီး (၁၁) သုတ် ပါဠိတော်များကို ဌာန်ကရိုဏ်းကျကျရွတ်ဆိုနိုင်၏။ အဘယ့်ကြောင့်နည်း။ နေ့စဉ်ရက်ဆက် ရွတ်ဆိုကြည့်ပါ။ အလိုအလျောက် ရွတ်တတ်လာနိုင်မည်ပင်။ စာတစ်ပိုဒ်ကို အလွတ်ရအောင်ရွတ်ဆိုရာ၌ ပထမဆုံးအကြိမ် ကြိုးစားရမှုကား အခက်ခဲဆုံးတည်း။ ဒုတိယအကြိမ်ဆောင်ရွက်ခြင်းကား ပို၍လွယ်ကူလာပြီး အကြိမ် (၁၀၀) မြောက် ကြိုးစားခြင်းကား အလွယ်ဆုံးနှင့် အထိရောက်ဆုံးပင်။ ဦးနှောက်တွင် အလိုအလျောက်စွဲသွား၍ ဖြစ်ပါသည်။

အင်္ဂလိပ်စာသင်ယူလျှင် အင်္ဂလိပ်ဘာသာကို အကြမ်းဖျင်းသိ

ထားသင့်ပါသည်။ ယင်းဘာသာရပ်တွင် ဝေါဟာရစာလုံးရေ (၄၉၀၀၀၀) ခန့် ရှိပါသည်။ ဘာသာရပ်ဆိုင်ရာ စာလုံးပေါင်း (၃၀၀၀၀၀) ခန့်လည်းရှိ၏။ 'ထွင်' ၍သုံးသော စကားလုံး 'ဗန်း' စကားများလည်း နေ့စဉ်တိုးပွားနေ၏။ သို့သော် ပညာရှင်အများစု သုံးစွဲသော စကားလုံးကား (၆၀၀၀၀) ခန့်ရှိပါသည်။ ထို့ပြင် အင်္ဂလိပ် ဝတ္ထုတစ်အုပ် ဖတ်နိုင်ရန် ဝေါဟာရ (၄၀၀၀) မှ (၅၀၀၀) ခန့်သာ သိဖို့လိုပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် (Simplified English) လွယ်ကူသော အင်္ဂလိပ်စာဖြင့် ရေးသားထားသောစာအုပ်များ၊ (Abridged) မူရင်းအရသာမပျက် အကျဉ်းချုံးထားသောစာအုပ်များ၊ (Bilingual) အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာပါရှိသော စာစဉ်များ၊ (Comics) ရုပ်ပြ ဇာတ်လမ်းစာအုပ်များလည်း ထွက်ရှိနေပါပြီ။ ဝေါဟာရများများ သိဖို့ မလိုပါ။ ၄၀၀/ ၅၀၀ ခန့်သာ အဓိပ္ပာယ်သိဖို့လိုပါသည်။ ကိုယ်စိတ်ဝင်စားသော လွယ်ကူသည့် အင်္ဂလိပ်စာဖြင့်ရေးထားသော စာအုပ်ကို စတင်ဖတ်ရှုပါ။ ထို့နောက်လွယ်ရာမှ အခက်သို့ တဖြည်းဖြည်းမြည်းစမ်းကြည့်ပါ။ အင်္ဂလိပ်၊ မြန်မာအဘိဓာန်ကို အမြဲအသုံးပြုရန် သတိပေးလိုပါသည်။ ထို့ပြင် ဝေါဟာရ ၅၀၀၀ ခန့်မှတ်မိရန် တစ်နေ့ ၅ လုံးကျက်ပါက ရက်ပေါင်း ၁၀၀၀ အချိန်ယူရပါမည်။ ၃ နှစ်ခန့် ကြာပါမည်။ သင်ယနေ့ဝေါဟာရ မည်မျှမှတ်မိသိရှိ၍ အဘာက်မည်မျှကြီးပြီကို ပြန်လည်စဉ်းစားသင့်ပါပြီ။

ကြိုးစား၍အင်္ဂလိပ်စာကို လေ့လာပါက လိုရာပန်းတိုင်သို့ ရောက်မည်မှချပင်'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်' ဟူသောစကားလည်း ရှိပါသည်။ တစ်ဖန် 'ဂျွန်ဖောင်လာ' ဆိုသော ပညာရှိကြီး၏ စကားကိုလည်း မှတ်သားထားသင့်ပါသည်။ 'လူတိုင်းမှာ တောင်ကြီးတစ်တောင်လုံးကို ရွှေ့ပစ်နိုင်တဲ့ ခွန်အားတွေရှိပါသည်။

မရွေ့နိုင်တဲ့အကြောင်းက 'ပေါက်တူး' ကို မကိုင်ချင်လောက်အောင် ဘဝင်မြင့်နေကြလို့ပါပဲ' ဟုသူက ဆိုခဲ့ပါသည်။

ယနေ့ အိမ်တိုင်းလိုလိုတွင် ရုပ်သံပြစက်နှင့် အောက်စက်များ ရှိနေကြပါပြီ။ သို့မို့ကြောင့် အင်္ဂလိပ်ဘာသာကို သင်ယူရာ၌ တိုးတက်ကောင်းမွန်သော အစီအစဉ်မှာ ယင်းဘာသာစကားကို ပြောကြားသူ၏ 'လေယူလေသိမ်း' ကို နားထောင်တတ်ရန်လိုပါသည်။ ငွေကြေးမကုန်ကျဘဲ ဘာသာစကားတတ်မြောက်မှု စွမ်းရည်မြှင့်တင်ရန်၊ ရုပ်/သံကြည့်ဖို့လည်းလိုအပ်ပါသည်။ ယင်း ရုပ်/သံ ဇာတ်လမ်းများတွင် အောက်ခြေ၌ထိုးပြသော အင်္ဂလိပ်စကားပြောစာတန်းများ 'Movie Subtitles' ကို ဖတ်ရှုရင်း ရုပ်ရှင်၏အရသာကို ခံစား၍ ဇာတ်ကောင်တို့၏ စကားပြောသံကို နားဆင်နိုင်ပါသည်။ ဂရုပြု၍ နားစိုက်ထောင်နေရာမှ ယင်း 'စကားပြော' များကို နားရည်ဝလာမည်ဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံမှ ဒတ်(ချ်) သုတေသီဘာသာဗေဒပညာရှင် 'Holger Mitterer' က အကြံပြုထားပါသည်။

ပိဋကတ်သုံးပုံတွင် စာမျက်နှာ ၁၆၀၀၀ ကျော်ရှိပါသည်။ မြန်မာနိုင်ငံမှ ပိဋကတ်သုံးပုံကို ပထမဆုံး အာဂုံဆောင်နိုင်သော ဆရာတော်ကြီးကား 'ဦးဝိစိတ္တသာရာဘိဝံသ' ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်က အာဂုံဆောင်နိုင်ခဲ့၍ ယင်းဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံရပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် M.A ဘွဲ့ရ ဓမ္မကထိကများလည်း ရှိနေပါပြီ။ ဗုဒ္ဓစာပေကို အင်္ဂလိပ်လို ပို့ချနေကြပါပြီ။ ဝမ်းမြောက်ဂုဏ်ယူစရာပါ။ ကျွန်ုပ်တို့သည် ဆရာတော်ကြီးများလောက် ဉာဏ်ရည်ဉာဏ်သွေး မမြင့်မားသေးသည်ကို ဝန်ခံပါ၏။ သို့သော် ငယ်စဉ်ဘဝမှစ၍ ဖတ်မှတ်လာရသော အင်္ဂလိပ်စာကို ပိုင်နိုင်အောင် သင်ထားသင့်သည်ဟု ဆိုပါရစေ။ ထိုဘာသာသည် မိမိနှင့်ရင်းနှီးနေ

သည် မဟုတ်လော။ တစ်ဖန် တောင်ကိုးရီးယားနိုင်ငံမှ သတင်းတစ်ပုဒ်ကလည်း အင်္ဂလိပ်စာ လေ့လာလိုက်စားလိုသူများကို အားဖြည့်ပေးလိုက်သည့်နှယ်။ ထိုနိုင်ငံရှိ ပညာရေးဝန်ကြီးဌာနသည် ဒေသဆိုင်ရာ ကျောင်းများ၌ 'စက်ရုပ်လူသား' များ (Robots) ကို အင်္ဂလိပ်စာ သင်ကြားရန် တာဝန်ပေးထားပါသည်။ တာဝန်ရှိသူများကလည်း စောင့်ကြည့်လေ့လာခဲ့ကြပါသည်။


ပြည်နယ်မြို့တော် 'Mansan' နှင့် 'Daejon' ရှိကျောင်းများ၌ စမ်းသပ်သည့်အနေဖြင့် အင်္ဂလိပ်စာသင်ကြားနိုင်သော အရည်အချင်းရှိသည့် 'စက်ရုပ်လူသား' များက သင်ကြားပို့ချပေးနေ၏။ ထိုစီမံကိန်းအတွက် ပညာရေးဝန်ကြီးဌာနက 'စက်ရုပ်' နှစ်မျိုးဖြင့်အင်္ဂလိပ်စာကို စမ်းသပ်သင်ကြားပေးနေ၏။ ပထမ 'စက်ရုပ်' မျိုးကား 'မေး၊ ထူး၊ ခေါ်၊ ပြော' သည့် အသံများကိုမှတ်မိ၍ အင်္ဂလိပ်ဘာသာရပ် ဗဟုသုတများကို ဖြန့်ချိနိုင်သည့် စွမ်းရည်များရှိပါသည်။

ကျန်တစ်မျိုးမှာ ရုပ်/သံစက်၊ ကင်မရာ၊ မိုက်ကရိုဖုန်းနှင့် အဝေးထိန်းစနစ်ပါဝင်သော စက်ရုပ်ဖြစ်၍ ဆရာ/ ဆရာမ တစ်ဦးဦးက အဝေးမှနေ၍ စာသင်ကြားပေးသည့်စနစ်ဖြစ်သည်။ သင်ကြားရာ၌ ထိရောက်မှုရှိကြောင်း အကဲဖြတ်ကြပါသည်။

မြန်မာနိုင်ငံ၌ အင်္ဂလိပ်စာကို လေ့လာလိုသော ငွေကြေးမတတ်နိုင်သူများကား မိမိကိုယ်ကိုသာ အားကိုးကြရပါမည်။ တကယ်ဖြစ်ချင်လျှင် တကယ်လုပ်ကြည့်စမ်းပါ။ အကျိုးများ၍ အင်္ဂလိပ်စာ တိုးပွားလာမှာ မုချပင်။ ထိုင်နေလို့တော့ ဘာမျှဖြစ်လာမည်မဟုတ်ပါ။

REF: SOUTH KOREA TO USE ENGLISH - TEACHING ROBOTS AT LOCAL SCHOOLS AND OTHER UPDATE INTERNET NEWS.

# မြန်မာ့ပညာရေးနှင့်
# အပြည်ပြည်ဆိုင်ရာအဆင့်



မြန်မာနိုင်ငံသည် ခြေလှမ်းသစ်များဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေပါပြီ။ နိုင်ငံတော် တိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်၏။ လုပ်ငန်းပိုင်းတွင် ခေတ်မီသိပ္ပံပညာနှင့် နည်းပညာတို့ဖြင့် ဆောင်ရွက်ထားမှုများလည်း ရှိအပ်၏။ ထို့ပြင် ဦးစားပေးအစီအစဉ်အဖြစ် နိုင်ငံသားတိုင်း စာတတ်မြောက်ရန် စဉ်ဆက်မပြတ်ကြိုးစားကြရပါမည်။ ယင်းအခြေအနေများကို တစ်ယောက်ကောင်းဖြင့်မရနိုင်။ ပူးပေါင်း၍ တက်ညီလက်ညီ ဆောင်ရွက်မှုရပါမည်။ ပညာတတ်များနှင့် ပညာရှင်များ အပါအဝင် အရည်အချင်းပြည့်ဝသော လူ့အရင်းအမြစ်များ ပေါ်ထွန်းလာပါက မြန်မာကို ကမ္ဘာက အလေးထားရမည့် အခြေအနေ ရောက်လာပါမည်။ အဓိကမှာ "တက်လာသည့် အစိုးရ၊ ဒို့အစိုးရ" ဆိုသူများ မပါဝင်ရေးနှင့် စည်းကမ်းရှိသော ပုဂ္ဂိုလ်များဖြစ်ရေးပင်။

တစ်ဖန် "ယနေ့ လူငယ်၊ နောင်တွင် လူကြီး" ဖြစ်လာကြမည့် လူငယ်ထုက အနာဂတ်နိုင်ငံတော်ကို ပြုစုပျိုးထောင်ရန် တာဝန်ယူကြရပါမည်။ သူတို့လေးတွေအတွက် နိုင်ငံတော်၏ ပညာ

ရေးသည် ကမ္ဘာ့အဆင့်မီရန် အရေးကြီးပါသည်။ ယနေ့သည် "ပညာ ခေတ်" ဖြစ်၏။ ခေတ်မီနိုင်ငံတိုင်းရှိ လူငယ်လူရွယ်များကား ပညာ ကို "ကျားကုတ်၊ ကျားခဲ" ရှာကြ၏။ သူ့ထက်သူ "နှာတစ်ဖျား" သာအောင် ကြိုးစားကြ၏။ ပညာမြင့်မှ လူမျိုးမြင့်၍ နိုင်ငံတင့်မည် ကို သိကြ၏။ ပညာမဲ့က အများ၏နောက်လိုက် ဖြစ်ရမည်ကို မလို လား။ ဤနေရာတွင် မေးစရာပေါ်လာ၏။ "ပညာမတတ်ပေမယ့် ယနေ့ အထက်တန်း ရောက်နေသူ အများအပြားရှိနေသည်မှာ အဘယ်ကြောင့်နည်း" ဟု မေးခွန်းထုတ်လာပါက "ဆင်းရဲသား တစ်ဦးက ကုသိုလ်ကံကြောင့် သိန်းထီပေါက်သည့်အဖြစ်နှင့် ဥပမာပြ ရပါမည်။ အမှန်တရားကို ပန်းကန်ပြားပေါ်တင်ရပါက စာမတတ်သူ တိုင်းသာ အထက်တန်းရောက်မည်ဆိုလျှင် မည်သည့်မိဘမျှ ငွေကုန် ကြေးကျခံ၊ အချိန်ကုန်ခံ၍ သူတို့ သားသမီးများကို ကျောင်းထား မည်မဟုတ်ပါ။ သို့မို့ကြောင့် ကိုယ့်မိသားစု ချမ်းသာလိုလျှင်၊ ကိုယ့်လူ မျိုး၊ ကိုယ့်တိုင်းပြည် ထိပ်တန်းရောက်လိုလျှင် ပညာကို ကြိုးစား သင်ယူကြရပါမည်။ "ပညာရှာ ပမာသူဖုန်းစား" ဆိုသောနည်းဖြင့် ပညာကို ရှာကြရပါမည်။ သိလို၊ တတ်လို၊ နားလည်လိုသည်များကို ဂရုတစိုက် ဆည်းပူးသည့်သဘောပါ။

ရှေးယခင်က တိုင်းပြည်အချင်းချင်း ကြွယ်ဝချမ်းသာမှုကို ပြိုင်လေ့ရှိ၏။ ထို့နောက် စစ်သည်အရေအတွက်ကို ပြိုင်ခဲ့ကြ၏။ ယနေ့ စစ်အေးကာလ "ပညာခေတ်" တွင် ဉာဏ်ချင်းပြိုင်ကြ၏။ ပညာချင်းပြိုင်ကြ၏။ ယနေ့ မြန်မာနိုင်ငံရှိ ပညာရေးလောကမှ ကျွမ်းကျင်သူများသည် ကုလသမဂ္ဂမှ အေဂျင်စီများ၊ အပြည်ပြည်ဆိုင် ရာ ပညာရေးအဖွဲ့အစည်းများနှင့် အလှူရှင်များ ပူးပေါင်းကာ "ယနေ့ ပညာရေး" ၏ ပျော့ကွက်၊ ဟာကွက်များကို ရှာဖွေ၍ ကုစားရန်

ဆောင်ရွက်နေပါပြီ။ ပြည်တွင်းစစ်ကြောင့် ပြေးလွှားနေရသော မိသားစုများနှင့် ရာသီဥတုဘေးဒဏ်ခံရပြီး နေရာအတည်တကျ မနေထိုင်နိုင်သူများအတွက် "ရွှေ့ပြောင်းကျောင်း" များကို ဖွင့်လှစ်ပေးရန် စီစဉ်နေ၏။ မြန်မာနိုင်ငံ တိုးတက်အောင် ပြုလုပ်လိုသော ပုဂ္ဂိုလ်ကြီးများက နောင်လာနောက်သားများ စားသုံးရန် "အာဟာရ ပျိုးခင်း"ကို စိုက်ပျိုးနေခြင်းဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများ၏ စေတနာကို အလေးထားရပါမည်။

ကမ္ဘာကြီးသည် "ပညာရှာကြီး" ဖြစ်နေ၍ အသိပညာ၊ အတတ်ပညာများကို ယခုအခါ အင်တာနက်မှပင် ရှာဖွေဆည်းပူးနိုင်ပါပြီ။ အင်္ဂလိပ်စာနှင့် ရေးသားထား၍ ကျောင်းသားအများစု လိုက်၍ မမီပါ။ ထို့ကြောင့်အချို့သော ကျောင်းသားများကား "အင်တာနက် ဂိမ်း" ကစားနည်းများကို စွဲလမ်းသွားပါ၏။ မကြာမီ "ကမ္ဘာကုန် ကျယ်သရွေ့ အင်တာနက်ကွန်ရက်" (WORLD WIDE WEB) တွင် အင်္ဂလိပ်ဘာသာ တစ်မျိုးတည်းဖြင့် မဟုတ်ဘဲ ကမ္ဘာ့ဘာသာစကား အမျိုးမျိုးဖြင့် ရေးသားဖော်ပြတော့မည်ဖြစ်ကြောင်းသိရ၏။ မြန်မာ ဘာသာဖြင့် ရေးသားဖော်ပြပါစေဟုသာ ဆုတောင်းရပါသည်။ (၂၀၁၂) ခုနှစ်တွင် အာရှတိုက်ရှိ အင်တာနက်သုံးစွဲသူဦးရေသည် မြောက်အမေရိက (US) ထက် (၃) ဆခန့် များပြားလာ၍ဖြစ်၏။ စာပေရတနာသိုက်ကြီးကို ဖော်ထုတ်လေ့လာရမှာက ကျောင်းသား တိုင်း၏ တာဝန်ဖြစ်ပါသည်။

## အင်တာနက်မှ ပညာရေးအလှူ

တစ်ဖန် အမေရိကန်နိုင်ငံရှိ "မက်ဆာချူးဆက်၊ စက်မှု တက္ကသိုလ်" (MIT) မှပထမဦးဆုံး အင်တာနက်မှတစ်ဆင့်

"အီလက်ထရောနစ်" ဘာသာရပ်ကို အခမဲ့ပို့ချပါတော့မည်။ အွန်လိုင်းစီမံကိန်း (MITX) ၏ ရှေ့ပြေးဆောင်ရွက်ချက်ဖြစ်၏။ ကမ္ဘာကလက်ခံသော သင်ရိုးညွှန်းတမ်းအတိုင်း ပို့ချမည်ဖြစ်ပြီး မည်သည့်နိုင်ငံမှ ကျောင်းသားမဆို စိတ်ဝင်စားက လေ့လာနိုင်ရန် ရည်ရွယ်ပါသည်။ အထက်တန်း ပညာရပ်များအတွက် နည်းပညာပို့ချမှု၏ ပထမခြေလှမ်းပင်။ ကမ္ဘာအရပ်ရပ်မှ ကျောင်းသူ၊ ကျောင်းသားများသည် ကြိုတင်၍ ဝင်ခွင့်ရအောင် လျှောက်ထားရန်မလို၊ အခကြေးငွေပေးရန်လည်းမလိုပါ။ အွန်လိုင်းမှ စာမေးပွဲဖြေလျှင် အောင်မြင်သူကို အောင်လက်မှတ်ချီးမြှင့်မည် ဖြစ်ပါသည်။ (MIT) သည် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ဖြစ်ပြီး လူများကိုယ်စား စက်များကိုသုံး၍ ကျောင်းသားများအား ပညာသင်ကြားခြင်းဖြင့် စက်နှင့် လူသားအပြန်အလှန် အကျိုးများမှုကို လေ့လာလို၍ ဖြစ်ပါသည်။ သာဓုခေါ်သင့်လှပါသည်။

## ခေါင်းဆောင်ကြီးနှစ်ဦး၏ ပညာရေးသက်ပြင်းချသံ

ပညာရေးအတွက် စိတ်မချသော အိန္ဒိယဝန်ကြီးချုပ် "မန်မိုဟန်ဆင်း" က လာမည့် (၂၀၁၇) ခုနှစ်တွင် ပညာရေးသုတေသနလုပ်ငန်းအတွက် ဒေါ်လာ (၈) ဘီလျံ သုံးစွဲရန် အတည်ပြုထားပါသည်။ အိန္ဒိယနိုင်ငံသည် သိပ္ပံပညာနှင့် နည်းပညာပိုင်းတွင် အားနည်းနေ၍ဖြစ်၏။

"အိန္ဒိယနိုင်ငံရဲ့ သိပ္ပံပညာရပ်ဆိုင်ရာ အဆင့်ဟာ ကမ္ဘာ့နိုင်ငံကြီးများနှင့် နှိုင်းယှဉ်က များစွာနိမ့်ကျလာတာကို တွေ့ရပါတယ်။ ဆယ်စုနှစ်အတွင်းမှာ အိန္ဒိယနိုင်ငံထက် တရုတ်နိုင်ငံက နည်းပညာများ သာလွန်နေတာကို လက်တွေ့မြင်နေရပါပြီ" ဟု ဝန်ကြီးချုပ်က အမေရိကန်တို့၏ထိပ်တန်း 'SCIENCE' မဂ္ဂဇင်းကြီးအား ရင်ဖွင့်ခဲ့

ပါသည်။ ယခင်နှစ်ကလည်း "အိန္ဒိယနိုင်ငံ၊ သိပ္ပံပညာရပ်ဆိုင်ရာ ကွန်ဂရက်" တွင် ယင်းကိစ္စကို သူကပင် သတိပေးဖူး၏။ အမေရိကန်သမ္မတ "အိုဘားမား" ကလည်း အမေရိကန်ကျောင်းသားများ "ဘွဲ့" ရအောင် ကျောင်းမတက်လိုသည်မှာ တိုင်းပြည်အတွက် နစ်နာကြောင်း၊ သင်္ချာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဘာသာရပ်များကို ဂရုစိုက်သင်ယူရန်နှင့် ညံ့လျှင် အနာဂတ်အတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို တရုတ်နှင့် အိန္ဒိယကျောင်းသားများက ရယူသွားမည်ဖြစ်ကြောင်း အမေရိကန်ကျောင်းသားများကို အထူးသတိပေးထားပါသည်။ မြန်မာနိုင်ငံမှ ခေါင်းဆောင်များကား ကျောင်းသားများအတွက် မည်မျှစိုးရိမ်နေမည်ကို တွေးဆကြည့်နိုင်ပါသည်။

## သတိထားရမည့် "အင်" တက္ကသိုလ်များ

ပညာရေးလောကတွင် သတိထားရမည့် ကိစ္စလည်းရှိပါသည်။ ကျူရှင်လခများကို အတည်ပြုပြဋ္ဌာန်းလိုက်သည်နှင့် ဆွီဒင်နိုင်ငံတွင် ယခင်က ကျောင်းသားများ ကျောင်းစရိတ်မပေးရပါ။ အခွန်တော်ငွေများမှ ခွဲဝေထောက်ပံ့၍ဖြစ်၏။ ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအနည်းစုသာ အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးလေ့ရှိပါသည်။ သို့သော် ယခင်နှစ်ကစ၍ ကျောင်းသားများလခပေး၍ တက္ကသိုလ်တက်ရမည့် အစီအစဉ်ကို အစိုးရက အကောင်အထည်ဖော်ခဲ့ပါသည်။ သို့မို့ကြောင့် ကျောင်းကောင်းများ ပေါ်ပေါက်လာသကဲ့သို့ "အင်" ကျောင်းများလည်း ပေါ်ပေါက်လာတော့၏။ ဗြိတိန်နှင့် အမေရိကန်နိုင်ငံသို့တိုင် ယင်းတက္ကသိုလ်များ၏ ကြော်ငြာက ပျံ့နှံ့သွား၏။ "အင်" တက္ကသိုလ်များကိုလည်း ခြေရာခံမိတော့၏။ တက္ကသိုလ်များကို "အင်္ဂလိပ်" အမည်ဖြင့် မှတ်ပုံတင်ထားပြီး "စီးပွားစီမံနှင့် ဧည့်ဝတ်

ပျူဋ္ဌာမှုဘာသာရပ်" များကို သင်ကြားပေးကြောင်း ဖော်ပြထား၏။

"အမျိုးသား အဆင့်မြင့်ပညာရေးအေဂျင်စီ" က စစ်ဆေးသောအခါ အချို့တက္ကသိုလ်များကား ဆက်သွယ်၍မရသော ဖုန်းနံပါတ်များနှင့် စာပို့တိုက် လိပ်စာများဖြစ်နေကြောင်း "SYDSVEN-SKAN" သတင်းစာကြီးက ဖွင့်ချခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ယင်းကဲ့သို့သော "အင်" ကျောင်းများ မပေါ်ပေါက်ပါစေနဲ့ဟု ဆုတောင်းလျက်။

REF: INTERNATIONAL LEVEL EDUCATION AND OTHER INTERNET NEWS.



# သူတို့နိုင်ငံမှ
# ခိုးကူးခွေတပ်ပြား ပပျောက်ရေးနည်း



ယနေ့ ကမ္ဘာ့နိုင်ငံအများအပြားတွင် တရားမဝင်ကူးယူထားသော ဓာတ်ပြားများကို ဖမ်းဆီးသိမ်းယူ ဖျက်ဆီးမှုများပြုလုပ်၍ ခိုးကူးမှုပပျောက်အောင် ဆောင်ရွက်နေကြ၏။ ထိုလုပ်ရပ်သည် အနုပညာရှင်များ၏ ထမင်းအိုးမကွဲအောင် ဆောင်ရွက်ခြင်းဖြစ်၍ အနုပညာသမားတိုင်းက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြ၏။ သို့သော် အနုပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ငွေရှင်ကြေးရှင်များ၏လောဘကြောင့် ဓာတ်ပြားတစ်ချပ်၏ဈေးနှုန်းသည် မတန်မရာဖြစ်နေပါက သီချင်းချစ်သူများက ဝယ်ယူနားထောင်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် သီချင်းချစ်သူများက သူတို့ချစ်သော အနုပညာရှင်များ၏အသံကို မဖြစ်ဖြစ်သည့်နည်းဖြင့် နားထောင်ခွင့်ကြုံအောင် လုပ်ကြပေတော့မည်။ အီလက်ထရောနစ်ပစ္စည်းမျိုးစုံရှိနေသည့် ယခုအချိန်တွင် သီချင်းတစ်ပုဒ်၊ ဓာတ်ပြားတစ်ချပ်ကူးယူရန် အခက်အခဲမရှိသည်ကို အနုပညာရှင်များနှင့် ငွေရှင်ကြေးရှင်များသိထားရန် လိုပါသည်။ သောတရှင်များကို စေတနာထားလျှင် အနုပညာရှင်များက နားလည်ပေးရမည်ပင်။ သို့မဟုတ်ပါက အနုပညာပစ္စည်းခိုးယူမှုကို မုချကြုံရပါမည်။ ထို့အတူ ကမ္ဘာအရပ်ရပ်တွင်လည်း 'ခိုးကူးခွေ'များ ပပျောက်ရန် ပုံစံအမျိုးမျိုးဖြင့် ကြိုးစားကြပုံမှာ . . .

## ဒီဂျစ်တယ် ဂီတ တော်လှန်ရေး

နာမည်ကျော်အဆိုတော်ကြီး 'ရော်ဘီဝီလျံ' သည် အောက်တိုဘာလက 'ဘာလင်'ဓာတ်ရုံကြီးတွင် ဂီတဖျော်ဖြေပွဲကျင်းပခဲ့၏။ ထို့ပြင် 'မိုဘိုင်း(လ)ဖုန်း' တစ်သိန်းကို သူ၏ဂီတကွန်ရက်နှင့် ဆက်ကာ တိုက်ရိုက်လွှင့်ထုတ်ဖျော်ဖြေခဲ့ပါသည်။ ယင်းလုပ်ရပ်သည် (Digital Music Revolution) 'ဒစ်ဂျယ်တယ် ဂီတ တော်လှန်ရေး' ကြီး ဆင်နွှဲလိုက်ခြင်းပင်။ 'တီ-မိုဘိုင်း(လ)'နှင့် 'ဆိုနီ အဲရစ်ဆင်' ကုမ္ပဏီကြီးများကထုတ်လုပ်သော ကြိုးမဲ့ဖုန်းများကား အဆိုတော်ကြီးများ၏ ဂီတတော်လှန်ရေးအတွက် အားဖြည့်ကူညီမှုများပင်။

'အဆိုတော်ကြီးဟာ တေးသံသွင်းကုမ္ပဏီတွေနဲ့ မဆက်သွယ်ဘဲ ဘာကြောင့် တယ်လီဖုန်းကုမ္ပဏီကြီးတွေနဲ့ ဆက်သွယ်ရပါသလဲ' ဟု သတင်းသမားတစ်ဦးက မေးခွန်းထုတ်ရာ. . .

'ဒီဂျစ်တယ်ဂီတကို ဗန်းတင်ရောင်းချနိုင်တာဟာ လက်တွေ့လေ။ ဒီနေ့ သီချင်းဓာတ်ပြားတွေကို ရောင်းချတဲ့ဈေးကွက်ဟာ ကျဉ်းမြောင်းလာပါပြီ။ တရားမဝင်ကူးယူမှုတွေကလည်း ပိုပြီးအတင့်ရဲလာကြလို့ပါ' ဟု ရော်ဘီ၏မန်နေဂျာတစ်ဦးက ဖြေကြားခဲ့ပါသည်။

## ခိုးကူးကွန်ပျူတာ ဓာတ်ပြားများကိစ္စ

မကြာသေးမီက မလေးရှားအစိုးရသည် ခိုးကူးထားသော ကွန်ပျူတာဓာတ်ပြားများကို အသုံးပြုသောကုမ္ပဏီကြီးများအား ရှောင်တခင် စစ်ဆေးဖော်ထုတ်၍ ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း ရာဇသံပေးထားပါသည်။

'ကုမ္ပဏီကြီးတွေကို သတိတော့ပေးပါရစေ။ ခိုးကူးဓာတ်ပြားများကိစ္စကို ပေါ့ပေါ့လေးမတွေးကြပါနဲ့။ ပညာရှင်တွေရဲ့ဦးနှောက်ကို ဖောက်စား

သလိုဖြစ်နေတာမို့ တာဝန်ရှိသူများက ရုတ်တရက်ဝင်ရောက်ရှာဖွေပြီး အပြစ်ရှိသူကို တရားစွဲ၊ ထိုက်သင့်တဲ့အပြစ်လည်းပေးဦးမှာ' ဟု အိမ်တွင်းလုပ်ငန်းနှင့် စားသုံးသူများဆိုင်ရာ ဝန်ကြီးဌာနမှ 'ရိုစလင်းမဟာရဒင်'က ရှင်းလင်းပြောကြားပါသည်။ မလေးရှားနိုင်ငံမှ အနုပညာရှင်များသည်လည်း ပုဂ္ဂလိကခိုးကူးဓာတ်ပြားလုပ်ငန်းရှင်များကြောင့် သောကရောက်လျက်ရှိ၏။ ယခင်က ခိုးကူးဓာတ်ပြား ၇၀%ခန့်ကို ကုမ္ပဏီကြီးများက ဈေးသက်သာ၍ အသုံးပြုကြ၏။ နောက်ပိုင်းတွင် ၆၁%အထိ လျော့ကျသွား၏။ သို့သော် တိုက်ပွဲကားမပြီးဆုံးသေး၊ ဆက်၍တိုက်ပွဲဝင်ရဦးမည်ပင်။

အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Business Software Alliance) ခေါ် 'ကွန်ပျူတာဓာတ်ပြားထုတ်လုပ်ရေး မဟာမိတ်အဖွဲ့' ကြီးမှ ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာအရာရှိများ ပူးပေါင်း၍ ခိုးကူးမှုကို အပြတ်နှိမ်နှင်းမည်ဖြစ်ကြောင်း သိရပါသည်။

ဤနေရာတွင် အကြောင်းသင့်၍ ငွေရှင်ကြေးရှင်များ၏ 'စေတနာ' အသွင်တစ်မျိုးကို တင်ပြပါမည်။ ငွေသာသခင်၊ ငွေသာအရှင်ဟုဆိုသူများ၏ 'ဝသီ' ဟု ဆိုပါရစေ။

တစ်နေ့ ညနေပိုင်းတွင် သူဌေးကြီးတစ်ဦးသည် သူ၏ 'လီမော်ဆိုင်း'ကားထဲ၌ မှိန်း၍လိုက်ပါလာစဉ် တစ်နေရာတွင် မြက်များကို စားနေသူနှစ်ဦးကိုတွေ့၍ ဒရိုင်ဘာအား ကားကိုရပ်စေပြီး သူကိုယ်တိုင် ယင်းနေရာသို့သွားရောက်၍ စုံစမ်းမေးမြန်းပါသည်။

"မောင်ရင်တို့ ဘာကြောင့် မြက်တွေကို စားနေကြတာလဲ"

"ထမင်းနှင့် ဟင်း ဝယ်စားဖို့ပိုက်ဆံမရှိလို့ပါ သူဌေးမင်း" ဆင်းရဲသားတစ်ဦး၏အသံ။

"ဒါဖြင့် ငါနဲ့လိုက်ခဲ့လကွယ်"

"ကျွန်တော့်မှာ ဇနီးနှင့် ကလေးနှစ်ယောက်လည်းရှိသေးတယ်

သူဌေးမင်း''

''သူတို့ကိုပါ မင်းနဲ့အတူခေါ်ခဲ့လကွယ်။ ဒါနဲ့ ဟိုဘက်က မောင်ရင်ကော လိုက်မလား''

''ဖြစ်ပါ့မလား။ ကျွန်တော့်မှာ ဇနီးနဲ့ ကလေးခြောက်ယောက် တောင်ရှိတာ''

''အိုး ... အားလုံးကိုခေါ်သာလာခဲ့လကွယ်''

ထို့နောက် မိသားစုနှစ်စုလုံး လီမော်ဆိုင်းကားကြီးနှင့် လိုက်သွားခဲ့ကြ၏။ ကားကကြီးမား၍ လူအားလုံးဆံ့၏။ ကားမောင်းနေစဉ် သူဆင်းရဲသား တစ်ဦးက အရဲစွန့်၍. . .''သူဌေးကြီးက ဆင်းရဲသားတွေကို ထောက်ထား ညှာတာတတ်လို့ အထူးကျေးဇူးတင်ပါတယ်'

''အေးလေ။ မင်းတို့ကို မပြောလည်းမပြီး၊ မတီးလည်းမမြည်မို့ ပြောရဦးမယ်။ ငါ့ခြံထဲက မြက်တွေက နှစ်ပေလောက်ရှိနေပြီကွ'' ဟု သူဌေးကြီးအမိန့်ရှိရာ. . .

''အို ... ဘုရားသခင်'' သူဆင်းရဲမိသားစုထံမှ ပြိုင်တူထွက်လာသောအသံ။

## (၁၀)ဘီလျံမြောက်သီချင်းနှင့် ဒေါ်လာတစ်သောင်း

"APPLE" ဝက်(ဘ)ဆိုက်မှ 'အွန်လိုင်း' မျက်နှာစာတွင် ဖတ်ရှုကြည့်က 'အိုင်ကျွန်း(စ)' "i TUNES" မှ ကူးယူနိုင်သော သီချင်းပုဒ်ရေ (၁၀)ဘီလျံ ရှိပါပြီ။ ရေတွက်ကြည့်ပါ' ဟူသော ကြော်ငြာကိုတွေ့ရပါမည်။ 'ဒီကယ်လီဖိုးနီးယား' ကုမ္ပဏီကြီးက "i TUNES" မှထုတ်လွှင့်ခဲ့သော (၁၀)ဘီလျံမြောက်သီချင်းကို ကူးယူ၍ တင်ပြနိုင်သူအား ဒေါ်လာတစ်သောင်းတန် မေတ္တာလက်ဆောင်ကတ်ပြားကို ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းပေးပို့ထားပါသည်။

ယနေ့ ရေပန်းစားနေသော အကောင်းဆုံးဓာတ်ပြား(၁၀)ချပ်စာရင်းတွင် အဆိုတော် အဒဲလီ၏ "21" သည် ထိပ်ရောက်နေ၏။ ထို့နောက် 'ဒရိတ်' ၏ TAKE CARE၊ ရန်း(ဂ)ဂျီဇီ၏ TM 103: HUSTLERZ AMBITION၊ 'လေဒီအင်တီဘဲ(လ)လမ်'၏ "OWN THE NIGHT"၊ "LMFAO"၏ "SORRY FOR PARTY ROCKING"၊ ဖလောရင့်(စ) ၏ "THE MACHINE"၊ 'ဒီဘလက်ကီး၏ EL CAMINO၊ ကိုး(လ)ပလေး၏ "MYLO XYLOTO"၊ အဆိုတော်ရီဟာန်နာ၏ "TALK THAT TALK" နှင့် စုပေါင်းအနုပညာရှင်များ၏ "Now 40" တို့ဖြစ်၏။ အခကြေးငွေဖြင့် ကူးယူနိုင်၏။

၂၀၀၃ ခုနှစ်ရှေ့ပိုင်းက ဂီတရေစီးကြောင်းသည် ချောမွေ့မှုမရှိပါ။ ဂီတခိုးကူးမှုများ ခေတ်ထ၍ ဓာတ်ပြားများရောင်းအား ကျချိန်ဖြစ်၏။ ထို့ကြောင့် "i TUNES" ဂီတလုပ်ငန်းကြီးကို ထူထောင်ပြီး သီချင်းတစ်ပုဒ်ကို (၉၉)ဆင့်ဖြင့် အစတွင် တွင်ကျယ်စွာဝန်ဆောင်မှုပေးခဲ့၏။ နှစ်ကြာလာသောအခါ APPLE အဖွဲ့ကြီးသည် ရုပ်/သံရှိုးပွဲများ၊ ရုပ်ရှင်နှင့် သရုပ်ဆောင်ရွေးပွဲများအပြင် အခြားအစီအစဉ်များကိုပါ တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

ဖော်ပြပါအကြောင်းအရာများသည် သူတို့နိုင်ငံမှ အနုပညာပစ္စည်းခိုးကူးယူမှုကို ဟန့်တားသည့်လုပ်ရပ်များဖြစ်၏။ အထူးသတိထားရမည်မှာ အနုပညာရှင်များသည် အရင်းရှင်ကြီးများ၏ 'နယ်ရုပ်ကလေးများ ဖြစ်မသွားရေးပင်။ အနုပညာ 'ပွင့်သစ်ပန်း' များ အစဉ်လန်းဆန်းပါစေသော်။

REF : ROBBIE WILLIAMS TAKES NEW STEP INTO DIGITAL MUSIC AND OTHER UPDATE INTERNET NEWS.

# အကျိုးမပြု၊ အဆိုးစု၊ လူကုန်ကူးမှု



လူကုန်ကူးမှုသည် ကမ္ဘာကြီးရင်ဆိုင်နေရသော လူနှင့်လူချင်း ဒုက္ခပေးသည့် ပြစ်မှုကြီးသုံးမျိုးတွင် တစ်မျိုးဖြစ်၏။ ကျန်နှစ်မျိုးကား အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုတို့ဖြစ်၏။ နှစ်စဉ် လူဦးရေ တစ်သန်းမှ နှစ်သန်းခန့်အထိ လူကုန်ကူးခံရပြီး ကမ္ဘာတစ်ဝန်းတွင် လူကုန်ကူးခံရသူပေါင်း သန်း(၃၀)ကျော်ရှိကြောင်း သိရ၏။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကပင် နိုင်ငံတကာအား ပူးပေါင်းတိုက်ဖျက်ကြရန် နှိုးဆော်ထားပါသည်။

လူကုန်ကူးသူတို့ ပစ်မှတ်ထားသောနိုင်ငံများကား ဖွံ့ဖြိုးစနှင့် မဖွံ့ဖြိုးသေးသောနိုင်ငံများ ဖြစ်၏။ အထူးသဖြင့် အစစအရာရာ ပြည့်စုံ၍ စီးပွားရေးမျိုးစုံကို လုပ်ကိုင်နေသော လုပ်ငန်းရှင်ကြီးများအား လက်ချိုးရေတွက်၍ရပြီး မရေတွက်နိုင်သော လက်လုပ်လက်စားဆင်းရဲသားများ အထိနာနေသောနိုင်ငံများပင်၊ စီးပွားရေးမပြေလည်သော ဆင်းရဲသားများကား ကမ္ဘာမီးလောင် သားကောင်ချနင်းကြတော့၏။ ဝမ်းစာအတွက် မိမိတို့၏ ရင်သွေးများကို လူကုန်ကူးသူတို့အား ရောင်းချသူများပင်ရှိ၏။ တစ်ဖန် မြန်မာနိုင်ငံမှ အမျိုးသမီးလေးများ တစ်ဖက်နိုင်ငံသို့ အိမ်ထောင်ဘက်အဖြစ်လည်းကောင်း၊ အိမ်ဖော်အဖြစ်လည်းကောင်း သွားရောက်လုပ်ကိုင်သူ

မည်မျှရှိသည်ကို လေ့လာကြည့်က သိနိုင်ပါသည်။ အမျိုးသားရေး အကျိုးစီးပွားအတွက် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ကျရေးလုပ်ငန်းများ၏ အရှိန်အဟုန်ကို အဆမတန်မြှင့်တင်ပေးနိုင်မှ လူကုန်ကူးမှု အားပျော့လာမည် ဖြစ်ပါသည်။ သို့သော် ကြားကာလတွင် နိုင်ငံတော်အစိုးရက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီး လူကုန်ကူးခံရသူတို့အား အကာအကွယ်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်များအား လူကုန်ကူးလျှင်၊ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်၊ အများဆုံး ထောင်ဒဏ် တစ်သက်ချမှတ်မည်ဖြစ်ကြောင်း သိရ၏။ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်များအား ဂိုဏ်းဖွဲ့၍ လူကုန်ကူးမှုကျူးလွန်လျှင် အနည်းဆုံး ထောင်ဒဏ်အနှစ်(၂၀)မှ အများဆုံး ထောင်ဒဏ် တစ်သက်ချမှတ်မည်ဟုလည်း ဥပဒေက ဆိုထား၏။ ထို့ပြင် ပြည်သူ့ဝန်ထမ်းတစ်ဦးသည် လူကုန်ကူးသူများထံမှ ငွေကြေးပစ္စည်းတစ်စုံတစ်ရာ လက်ခံရယူလျှင် ထိုသူအား ထောင်ဒဏ်(၃)နှစ်မှ အများဆုံး ထောင်ဒဏ်(၇)နှစ်ထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထား၏။

## လူကုန်ကူးမှု ပုံဟန်အစုစု

တရုတ်ပြည်တောင်ပိုင်းရှိ ဌမ်ဒေါင်းပြည်နယ်မှ ကလေးများကို COSTA RICA နိုင်ငံသို့ ခိုးသွင်းနေသူ(၂)ဦးကို တရုတ်အစိုးရက ထိန်းသိမ်းထားပါသည်။ 'ကိုစတာရီကာ'နိုင်ငံမှ တာဝန်ရှိသူများကလည်း တရုတ်ကလေးငယ်(၃၀၀)ခန့်က 'ကိုစတာ ရီကာ' နိုင်ငံရှိ မိဘများနှင့် ပြန်လည်ဆုံတွေ့လို၍ဖြစ်ကြောင်း တင်ပြပြီး ပြည်ဝင်ခွင့်လျှောက်ထားလာကြောင်း' 'ဘီဂျင်းမြူနီစီပယ် လူထုလုံခြုံရေးဗျူရို' သို့ အကြောင်းကြားထားပါသည်။

ယင်းကလေးများ၏ မှတ်ပုံတင်နှင့် မွေးစာရင်းများသည် အတုများဖြစ်နေကြောင်း သက်ဆိုင်ရာသံရုံးမှ သတင်းပေးပို့ထား၏။

တစ်ဖန် တရုတ်နိုင်ငံရှိ ပြည်နယ်(၁၀)ခုတွင် ကလေးများအား လူကုန်ကူးနေသည့် လှို့ဝှက်လုပ်ရှားနေသော ဂိုဏ်းကြီးများ၏ သတင်းအနံ့ကို ရရှိ၍ ထိုပြည်နယ်များမှ ရဲတပ်ဖွဲ့ဝင် (၅၀၀၀)ခန့်က အမှတ်မထင် ထိုးစစ်ဆင်ခဲ့ရာ ကျူးလွန်သူ(၆၀၈)ဦးကို ဖမ်းဆီးရမိပြီး ကလေးငယ်(၁၇၈) ဦးကို ကယ်တင်နိုင်ခဲ့ပါသည်။

နယ်သာလန်နိုင်ငံမှ "TROUW"သတင်းစာကြီးက 'နိုင်ငံတော် လူကုန်ကူးမှု ပပျောက်ရေးဗဟို' မှ ကိန်းဂဏန်းများကို အခြေခံ၍ တင်ပြထားသည်မှာ လူကုန်ကူးမှုပေါင်း (၈၀၉)မှု ဖြစ်ပွားခဲ့ပြီး ဟန်ဂေရီနှင့် တရုတ်ပြည်မှ အမျိုးသမီး(၇၆၃)ဦး ပါဝင်ကြောင်း သိရ၏။ အချို့နိုင်ငံများတွင် အမျိုးသမီးအချောအလှများကို လိင်ကျွန်ပြုရန်အတွက် လေလံတင်၍ ရောင်းချခြင်းများ ယနေ့ထိ ရှိနေသေးကြောင်း RADIO EXPATICAက ကြေညာသွားပါသည်။

မကြာသေးမီက (၁၅)နှစ်အရွယ် မက္ကစီကင်းမြီးကောင်ပေါက်မိခင် "KALA ZEPEDA" ထံသို့ အမျိုးသမီးတစ်ဦး လာရောက်ပြီး သူမ၏ (၉)လအရွယ် သမီးငယ် "CAMILA"လေးကို 'ကိုယ်ဝန်ဖျက်ချမှုပပျောက်ရေးလှုံ့ဆော်မှု' သတင်းဓာတ်ပုံရိုက်ကူးလို၍ (၂)ပတ်ကြာ ရိုက်ကူးမှုအတွက် $ 755 (ပီဆို ၁၀၀၀၀)ပေး၍ သဘောတူခဲ့၏။ 'ကာလာဇီပီဒါ'သည် တစ်လလျှင် လုပ်ခ ($ 180) သာရရှိ၍ ဖြစ်၏။ အချိန်တန်၍ ကလေးငယ်အား ပြန်မပို့သောအခါ မိခင်ကြီးက သက်ဆိုင်ရာသို့ တိုင်ကြား၍ သမီးလေး 'ကမီလာ' နှင့် အခြားကလေး(၉)ဦးကို အချိန်မီကယ်တင်နိုင်ခဲ့ပါသည်။ တာဝန်ရှိသူများက သူတို့လက်လှမ်းမမီ၍ နိုင်ငံခြားသို့ပို့လိုက်သည့် ကလေးအရေအတွက် မည်မျှရှိသည်ကို မခန့်မှန်းနိုင်ကြောင်း ထုတ်ဖော်

ပြောကြားပါသည်။

ထို့ပြင် နီပေါအမျိုးသမီး(၇၃)ဦးနှင့် ကလေးငယ်များကို အလုပ်ရှာပေးမည်ဟု မက်လုံးပေး၍ ခေါ်လာသည့် လူကုန်ကူးသူများကို အိန္ဒိယနိုင်ငံ နယ်စပ်ဒေသတွင် ဖမ်းဆီးရမိခဲ့ပါသေးသည်။ အမျိုးသမီးများနှင့် ကလေးငယ်များကို လူကုန်ကူးသူများလက်မှ နီပေါရဲတပ်ဖွဲ့နှင့် တာဝန်သိပြည်သူများ၏ ကြိုးပမ်းမှုကြောင့် ကယ်တင်နိုင်ခဲ့ကြောင်း နီပေါအမျိုးသားသတင်းအေဂျင်စီ (RSS) က သတင်းပေးပို့ထားပါသည်။

အာဖရိကတိုက်၏ တတိယမြောက် ရွှေထုတ်လုပ်သော 'မာလီ' နိုင်ငံ၏ ရွှေမိုင်းများသတင်းကလည်း ရင်နာစရာပင်။ ရွှေမိုင်းများတွင် အသက်(၆)နှစ်အရွယ် ကလေးငယ် (၄၀၀၀၀)ခန့် လုပ်အားပေးနေကြ၏။ ရွှေတူးသည့်မြေအောက်ဥမင်လိုဏ်ခေါင်းများကို လေဝင်/လေထွက်ပေါက်များ ဖောက်ပေးရခြင်း၊ သတ္တုရိုင်းအစိုင်အခဲကြီးများကို သယ်ယူပို့ဆောင်ပေးရခြင်း၊ သတ္တုရိုင်းများကိုထုခြေ၍ ရွှေကျင်ပေးရခြင်း စသည့်အလုပ်များကို ကလေးများက တာဝန်ယူရ၏။ ရွှေကျင်ရာတွင် ပြဒါးဓာတ်ကို သုံးလေ့ရှိရာ ယင်းအနံ့ကို ကလေးများရှူရှိုက်မိလျှင် ပင်မအာရုံကြောစနစ် ပျက်ပြားလေ့ရှိကြောင်း သိရ၏။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ကြီးကလည်း ယင်းကိစ္စကို ကန့်ကွက်ထားပါသည်။ ကလေးများကား လက်လှုပ်မှ ပါးစပ်လှုပ်ရသည့်ဘဝဖြစ်၍ ယင်းအလုပ်ကို အန္တရာယ်များမှန်းသိသော်လည်း ဆက်၍လုပ်ဆောင်နေကြ၏။ လူကုန်ကူးခံရသည်ထက် ဆိုးရွားလှ၏။

အီဂျစ်နိုင်ငံတွင်လည်း မွေးကင်းစကလေးငယ်များကို မွေးစားရန်ကြံရွယ်သူ(၁၁)ဦးအား အီဂျစ်နိုင်ငံရှိ တာဝန်ရှိပုဂ္ဂိုလ်များက ခေါ်ယူစစ်ဆေးနေပါသည်။ ယင်းအမျိုးသမီး(၁၁)ဦးတွင် အမေရိကန်နိုင်ငံသူနှစ်ဦးလည်း ပါဝင်ပါသည်။ ထိုအမျိုးသမီးများသည် မွေးကင်းစမိန်းကလေးတစ်ဦးကို

အီရိုစ်ပေါင်(၂၀၀၀၀)/ အမေရိကန်ဒေါ်လာ(၃၆၀၀)၊ ယောက်ျားလေးတစ်ဦး လျှင် အီရိုစ်ပေါင် (၂၅၀၀၀)ဖြင့် လိုက်လံဝယ်ယူနေကြပါသည်။

ယနေ့ သူဌေးသူကြွယ်များက ကလေးသူငယ်များကို ဝယ်ယူသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးရှိ၏။ မိမိတို့ရင်သွေးအတွက် ကျူဖော်လောင်ဖက်ရရန်၊ အစေအပါးအဖြစ်ထားရန်၊ လိင်ကျွန်ပြုရန်အပြင်၊ မော်တော်ယာဥ်များ စက်ပျက်က 'အရန်သင့်ထားစက်ပစ္စည်း (SPARE PARTS) များကဲ့သို့ပင်ဖြစ်သည်။ ဥပမာ - သူဌေးသူကြွယ်များ၏ ကိုယ်ခန္ဓာရှိ အင်္ဂါအစိတ်အပိုင်းများတွင် ရောဂါကျရောက်၍ပျက်စီးခဲ့သော် သူတို့မွေးစားထားသော ကလေးငယ်များ၏ အင်္ဂါအစိတ်အပိုင်းများကို ခွဲစိတ်ရယူ၍ ထိုပုဂ္ဂိုလ်များ၏ ခန္ဓာကိုယ်တွင် အစားထိုးတပ်ဆင်ရန် ကြိုတင်ဆောင်ရွက်ထားခြင်းပင်။ သက်ရှိလူသားများကို "အရန်သင့်ထားစက်ပစ္စည်း" အဖြစ် ဖန်တီးထားခြင်းတည်း။ ငွေရှိလျှင် ကျောက်ကပ်၊ နှလုံးစသော ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများကို အစားထိုးလဲလှယ်၍ ရရှိနိုင်သော်လည်း ရောဂါပိုးကင်းစင်သော အင်္ဂါအစိတ်အပိုင်းများကို ရရှိရန် အလွန်ခက်ခဲ၏။

သို့မို့ကြောင့် မိဘများသည် ကိုယ့်ရင်သွေးများကို ချစ်ခင်ကသားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ကြပါဟု ဆန္ဒပြုလျက်· · ·။

REF: DUTCH FIND MORE HUMAN TRAFFICKING VICTIMS AND OTHER UPDATE INTERNET NEWS.

# အကြမ်းဖက်မှုနောက်ကွယ်၌



(၂၀၀၉) ခုနှစ်က "Fort Hope" စစ်စခန်းကို တိုက်ခိုက်မှုနောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် Aurora ရုပ်ရှင်ရုံအတွင်း၌ တိုက်ခိုက်မှုကြောင့် အမေရိကန်တို့သည် တစ်ကိုယ်တော် မိုက်ရူးရဲသေနတ်သမားများကို ရွံမုန်းနေ၏။ (၁၄.၁၂.၁၂) ရက်နေ့တွင် "Sandy Hook" မူလတန်းကျောင်းတွင် လူရမ်းကားတစ်ဦး သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်မှုကြောင့် ကလေးငယ်နှစ်ဆယ်နှင့် လူကြီးခြောက်ဦးသေဆုံးခဲ့၍ အမေရိကန်တို့ အထူးတုန်လှုပ်သွား၏။ သေနတ်ထိန်းချုပ်ရေးဥပဒေ၏ ပျော့ညံ့မှုကြောင့်ဟုလည်း စုတ်သပ်ခဲ့ကြ၏။

အကြမ်းဖက်အက်ရှင်ရုပ်ရှင်၊ တေးဂီတနှင့် ဗီဒီယိုဂိမ်း

အကြမ်းဖက်မှုကို အသားပေးထားသော ဟောလီးဝုဒ်မှ ရုပ်ရှင်ကားများနှင့် အကြမ်းဖက်မှုကို အရင်းတည်၍ အကျိုးအမြတ်ရရှိရေးကို ဆောင်ရွက်နေသည့် ဗီဒီယိုဂိမ်းထုတ်လုပ်မှု ကော်ပိုရေးရှင်းကြီးများကြောင့်ဖြစ်ကြောင်း "အမျိုးသားရိုင်ဖယ်အဖွဲ့ချုပ်" (NRA)

"ကိုယ့်ကိုကိုယ်ဖျက် သံချေးတက်ဆိုသလို အမေရိကန်လူငယ်များအတွက် ရက်စက်မှု သရုဖူဆောင်းသော ဂိမ်းခွေများကို ကုမ္ပဏီကြီးများက သူ့ထက်ငါသာအောင် ပြုဆောင်ထုတ်လုပ်နေကြပါတယ်။ ဒါဟာ ဂိမ်းကစားသူများရဲ့ စိတ်ဓာတ်ကို ပျက်ပြားအောင်လုပ်တဲ့လမ်းစပေါ့။ ထုတ်လုပ်ထားတဲ့ အခွေတွေက "Bullet Storm" "Grand Theft Auto"၊ "Mortal Kombat"၊ "Splatter House" စတာတွေပေါ့။ ဒါ့အပြင် "Kindergarten Killers" (သူငယ်တန်းကျောင်းသားများကို သတ်ဖြတ်သူများ) ဆိုသည့်ဂိမ်းကို အွန်လိုင်းတွင် လွန်ခဲ့သော ၁၀ နှစ်ခန့်ကပင်တင်ထား၍ အပျင်းပြေကစားနိုင်ပါတယ်" ဟု (NRA)ဥက္ကဋ္ဌကဆိုပါသည်။

ထို့အပြင် "Natural Born Killers" ဆိုသော သွေးအေးသည့် လူသတ်သမားများ ဇာတ်လမ်းကို ရုပ်သံများ၌ မကြာခဏကြည့်နေရ၍ ငရဲသို့ဖြတ်လမ်းမှသွားသူများ အကြိုက်တွေ့နေပါသည်။ တစ်ဖန် ကြမ်းကြမ်းရမ်းရမ်း သရုပ်ဆောင်ထားသည့် ရုပ်ရှင်နှင့်သီဆိုထားသော သီချင်းခွေများလည်းရှိ၏။ အကြမ်းဖက်လှုပ်ရှားမှုများ ပါဝင်သော ဗီဒီယိုဂိမ်းများနှင့် ဗီဒီယိုသီချင်းခွေများကို နာရီပေါင်းများစွာ ကစားခြင်း၊ နားသောတဆင်ခြင်းဖြင့် ထိုသူသည် ရန်လိုသူတစ်ဦးအသွင်ဆောင်သွားနိုင်ပြီး အကြိမ်ကြိမ်ကစားခြင်း၊ နားဆင်ခြင်းဖြင့် စိတ်ဓာတ်ခက်ထန်လာပြီး သတ်ချင်ဖြတ်ချင်သည့်စိတ်များ တဖွားဖွား ပေါ်လာလေ့ရှိကြောင်း သိပ္ပံပညာရှင်များက ဆိုပါသည်။ အမျိုးသမီးများ မလုံ့တလုံ ဝတ်စား၍သွားလာမှုကြောင့် ရာဂသမားများကို လက်ယပ်ခေါ်ရာရောက်ပြီး ယခုရက်ပိုင်းအတွင်း အိန္ဒိယနိုင်ငံ၌ "ကာမေသုမိစ္ဆာ" အမှုများ ဖြစ်ပေါ်ခဲ့၏။ အိန္ဒိယအမျိုးသမီးများတွင် ကိုယ့်ကိုယ်ကို ကာကွယ်ရန် လက်နက်ငယ်များကို လျှို့ဝှက်ဝယ်ယူကိုင်တွယ်

သည့်အဆင့် ရောက်နေ၏။ ဆွာဇီလန်နိုင်ငံတွင်မှု အကြမ်းဖက်မှုများ၏ တစ်စိတ်တစ်ပိုင်းသည် 'လည်ပတိုက်၊ ချက်ဖော်၊ စကပ်တို'' များကြောင့်ဟု ထောက်ပြပြီး စကပ်တိုဝတ်သူများကို ဖမ်းဆီးရန် အမိန့်ထုတ်ထားပါသည်။

ရုပ်ရှင်နှင့် ရုပ်သံဌာနများကလည်း နိုင်ငံတော်ကို ကာကွယ်ရန် တတ်အားသမျှ လိုအပ်သည်များကို ပြုပြင်သွားမည်ဖြစ်ကြောင်း ''အမေရိကန်ရုပ်ရှင် အစည်းအရုံး'' (MPPA)၏ သဘောထားကို ထောက်ခံသွားပါသည်။ သို့သော် ပြည်သူလူထုက ဟောလီးဝုဒ်မှ ထုတ်လုပ်သည့် ဒုန်းဒိုင်းကြဲနေသည့် ရုပ်ရှင်ကားများကိုကြည့်ပြီး (MPPA) အဖွဲ့ကြီးကို သံသယဝင်နေပါသည်။

မင်နီနစ်ကြောင်းဖြတ် ကြက်ခြေခတ်လော့

''စင်ဒီဟွတ်(ခ)'' မူလတန်းကျောင်း၌ ဖြစ်ပေါ်ခဲ့သော ကြေကွဲဖွယ်ရာ ဖြစ်ရပ်သည် ဟောလီးဝုဒ်ရုပ်ရှင်လောက၌ တစ်စိတ်တစ်ပိုင်း တာဝန်ရှိကြောင်း ကမ္ဘာကျော်ပုဂ္ဂိုလ် ငါးဆယ်ကျော်က သူတို့၏ သဘောထားကို ဖော်ပြကြပါသည်။ ထိုပုဂ္ဂိုလ်များတွင် ''ဘီယွန်းဆေး၊ စလီနာဂိုမက်(စ)၊ ဂျနီဖာ အန်နစ်စတန်၊ ရီ(စ) ဝစ်တာစပွန်း၊ ကင်မရွန်းဒိုင်းယပ်(စ)'' တို့ပါဝင်ပြီး သေနတ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် အနိဋ္ဌာရုံမျိုး နောက်မပေါ်ပေါက်ရန် သက်ဆိုင်ရာသို့ တောင်းဆိုထားပါသည်။

''ကျွန်တော်တို့ သရုပ်ဆောင်တဲ့ အကြမ်းဖက်မှုတွေဟာ ရုပ်ရှင်ကြည့်ပရိသတ်ကို မလွှမ်းမိုးနိုင်ဘူးလို့ မပြောလိုက်ပါနဲ့။ ရုပ်ရှင်ကြည့်ပြီး အတုခိုးသူတွေ၊ တိုက်ခိုက်ရေးဗီဒီယို ကစားနည်းတွေကြည့်ပြီး လက်တည့်စမ်းသူတွေ ပေါများလာတာ လက်တွေ့ပါ'' ဟု

ကြည့်ပြီး အတုခိုးသူတွေ၊ တိုက်ခိုက်ရေးဗီဒီယို ကစားနည်းတွေကြည့်ပြီး လက်တည့်စမ်းသူတွေ ပေါများလာတာ လက်တွေ့ပါ'' ဟု လူမည်းမင်းသား Jamie Foxx က ဝေဖန်ထားပါတယ်။

ဤနေရာတွင် ဆီးရီးယားနိုင်ငံမှ အကြမ်းဖက်မှုဆန့်ကျင်သည့် ကလေးငယ်တစ်ဦး၏ ရင်နင့်သံကိုလည်း မျှဝေပေးပါရစေ။ မင်္ဂလာရှိသော ခရစ်စမတ်ပွဲနေ့တွင် မျက်ရည်စကိုသုတ်ရင်း ''အို…ဘိုးဘိုးကြီး စန်တာကလော့စ်…အိမ်မရှိရာမဲ့နေတဲ့ ကျွန်မတို့ကို တန်ဖိုးကြီးတဲ့လက်ဆောင်တွေ ပေးမယ့်အစား စောင်တွေနဲ့ အနွေးထည်တွေ ယူလာပါလားဟင်။ တိုင်းပြည်လုံခြုံရေးနဲ့ တည်ငြိမ်ရေးကိုတော့ ဘိုးဘိုးဆောင်ရွက်ပေးဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ဘိုးဘိုးတို့အဲ့ဖွယ်ကမ္ဘာက မေတ္တာဆေးလုံးလေးတွေကို ဆီးရီးယားပြည်သူပြည်သားတွေကို မျှဝေပေးနိုင်မလားဟင်။ ဖြစ်နိုင်ကောင်းပါတယ်နော်'' ဟု ''ကင်ဒါ'' ဆိုသော ဆီးရီးယားသူလေးက သူမ၏ Facebook စာမျက်နှာတွင် ရေးသွင်းထားပါသည်။ ကလေးငယ်တစ်ဦး၏ ငြိမ်းချမ်းရေးအတွက် တောင့်တမှုပါ။

အခြားကလေးငယ်များကလည်း ''ဘိုးဘိုးကြီး ဆီးရီးယားကိုလာရင် ဝတ်စုံနီကြီးကို ဝတ်မလာပါနဲ့။ အနီရောင်သွေးတွေဟာ ဗွက်ပေါက်နေပြီး လမ်းလျှောက်တိုင်း ခြေမျက်စိထိမြုပ်နေလို့ပါပဲ။ အနီရောင်ကို ကျွန်တော်တို့ အမုန်းဆုံးပဲ'' ဟုဆိုသူများလည်းရှိ၏။

''ဘိုးဘိုးကြီး ဆီးရီးယားကိုလာရင် ဗိုက်ရွှဲရွှဲကြီးနဲ့ဆို ဒီက အစာငတ်ရေငတ်နေလို့ ပိန်လိမ်ခြောက်ကပ်နေတဲ့ သူတွေက မနာလိုဖြစ်ပြီး ပေါက်ကွဲသွားကြလိမ့်မယ်။ သတိတော့ထားပါ'' ဟု ဆိုသူကဆို၏။ တကယ်တော့ ဆီးရီးယားနိုင်ငံရှိ ခရစ်ယာန်တို့၏ အနာဂတ်ကားမည်းမှောင်နေသည့်နှယ်။

## သေနတ်သမားအတွက် သေနတ်သမား

ဒီဇင်ဘာ ၂၄ ရက်နေ့က မူလတန်းကျောင်းသူ၊ ကျောင်းသားလေးများက သေနတ်ပစ်ခံရသော သူငယ်ချင်းများနှင့် ဆရာ၊ ဆရာမခြောက်ဦးတို့အတွက် မှတ်တိုင်များစိုက်ထူပြီး အောက်မေ့ဖွယ် အခမ်းအနားများကို ကျင်းပကြ၏။ မိဘများက ဖြေဆည်၍မရအောင် ပူဆွေးကြရ၏။ ယင်းကိစ္စနှင့်ပတ်သတ်၍ လော့စ်အိန်ဂျလိစ်တွင် တရားမဝင်ကိုင်ဆောင်သော သေနတ် (၁၈၀၀) ကျော်ကို လက်ဆောင်ကတ်ဖြင့် ရဲတပ်ဖွဲ့က လဲလှယ်ပေး၏။ ပစ္စတိုနှင့် ပြောင်းတိုသေနတ်များကို ဒေါ်လာ ၃၀၀။ တိုက်ခိုက်ရေး လက်နက်များကို ဒေါ်လာ ၂၀၀ ပေး၍ဝယ်ယူ၏။ အမျိုးသမီးတစ်ဦးကမူ သူမ၏ ရိုင်ဖယ်နှစ်လက်၊ ပစ္စတိုသေနတ် လေးလက်ကို လာရောက်အပ်နှံ၏။ ကိုယ့်ကိုယ်ကို ကာကွယ်ရန် ဝယ်ယူထားကြောင်းပြောပါသည်။ လူအများစုကမူ ယင်း လူသတ်လက်နက်များ မသမာသူများလက်သို့မရောက်ရန် အရေးကြီးကြောင်း အကြံပြုပါသည်။

အမျိုးသား ရိုင်ဖယ်အသင်း (NRA)မှ တာဝန်ရှိသူ ဝိန်းလာပီ ရဲရီက တင်ပြသည်မှာ "သေနတ်ကိုင်ဆောင်ထားတဲ့ အကြမ်းဖက်သမားတစ်ဦးကို ရင်ဆိုင်ဖို့ မှန်မှန်ကန်ကန်ရှိပြီး တာဝန်သိတဲ့ သေနတ်သမားတစ်ဦးလိုပါတယ်။ "နိုင်ငံတော်ရှိ ကျောင်းများကို ကာကွယ်သည့် ဒိုင်း" (The National School Shield) အစီအစဉ်ကို အကောင်အထည်ဖော်ရန် လက်နက်ကိုင်တစ်ဦးစီ ကျောင်းတိုင်း၌ထားရှိရန် ရန်ပုံငွေလိုအပ်ကြောင်း အမေရိကန်ကွန်ဂရက်သို့ အတည်ပြုချက်ရယူရန် တင်ပြထား၏။ တစ်ဖက်တွင်လည်း တစ်နိုင်ငံလုံး၌ တရားမဝင် လက်နက်များကိုင်ဆောင်မှုကို ပိတ်ပင်ရန်လည်း အကြံပြုထား၏။ သို့သော် အမေရိကန်တစ်ဝန်းတွင် မှောင်ခိုလက်နက် ဈေးကွက်

များကရှိနေဆဲပင်။ ထို့ပြင် သေနတ်ထုတ်လုပ်သည့် ကုမ္ပဏီကြီးများ၏ အရောင်းမြှင့်တင်ရေး သေနတ်ပြပွဲများကလည်း မကြာခဏ ကျင်းပလေ့ရှိပါသည်။ သို့မို့ကြောင့် အမေရိကန်နိုင်ငံသည် အကြမ်းဖက်မှုများကို ထိရောက်စွာ ကာကွယ်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်…။

REF: WAR OF BLAME BUT NO SOLUTION AFTER US SCHOOL MASSACRE AND OTHER UPDATE INTERNET NEWS.


TERRORISM
RELIGION
ALERT
DREAD
TARGETS
PSYCHOLOG
WORL
FACTS
TARGET
CONSPIRACY
PROBLEM
TOTALITARIANISM
TODAY
WAR
TARGET
ALERT
DEATH
SHOOT
SITUATION
GEOPOLITICS

# လမ်းပေါ်မှာ လမ်းပျောက်နေကြသူများ



မြန်မာနိုင်ငံသည် အေးချမ်းငြိမ်သက်စွာဖြင့် ဒီမိုကရေစီနိုင်ငံသစ်သို့ အသွင်ကူးပြောင်းနေစဉ် လက်ဆော့၊ ခြေဆော့၊ ပါးစပ်ဆော့သူများလည်း များပြားလာသည့်နှယ်။ ယနေ့တိုင် ကတ္တရာလမ်းမပေါ်၌ ကွမ်းတံတွေးထွေး၍ကောင်းတုန်း၊ အလှဆင် ထုံးသုတ်ထားသော နံရံ၊ ဆေးသုတ်ထားသည့် အုတ်တံတိုင်းများပေါ်တွင် "စပရေး" မှုတ်ဆေးဖြင့် ဒီဇိုင်းမျိုးစုံကို ရေးဆွဲသူများလည်းရှိ၏။ အကြောင်းမဲ့ ကားမှန်ခွဲသူ၊ ကားသစ်များ၏ ကိုယ်ထည်ကို သံချွန်များဖြင့် ခြစ်သူ၊ စီးပွားရေးအတွက် ကားသစ်ကြီးများ၏ တံဆိပ် (LOGO) များကို တိတ်တခိုးခွာ၍ ရောင်းချသူများလည်း ပေါ်လာ၏။ တန်ဖိုးကြီးကားများကို စီးနင်းပြီး ကားပေါ်မှ အမှိုက်ပစ်သူ၊ ကွမ်းတံတွေး ထွေးသူများလည်း မရှားပါ။ "စည်းကမ်းဆိုတာ လူ၏တန်ဖိုး" ကို မေ့လျော့နေသူများပင် "အချိန်မီချုပ် အစုတ်သက်သာ" ဆိုသော စကားအရ ယင်းကိစ္စများကို ဆောလျင်စွာ ရပ်တန့်အောင် ပြုလုပ်သင့်၏။ သို့မဟုတ်က ဒုစရိုက်အသွင်ဖြင့် ကြီးထွားလာပြီး ရှိပြီး အေးငြိမ်းမှုပင် ယုတ်လျော့သွားနိုင်၏။ မြန်မာနိုင်ငံတွင် အတွေ့ရနည်းသော ဒုစရိုက်မှုများလည်း ယနေ့ ခေါင်းထောင်ထလာ၏။ လူငယ်များ မော်တော်

ဆိုင်ကယ်စီး၍ အုပ်စုဖွဲ့သောင်းကျန်းမှု၊ သန်းခေါင်ယံတွင် လမ်းမကြီးများပေါ်၌ စိတ်လွတ်ကိုယ်လွတ် ကားမောင်းပြိုင်ပွဲများ ကျင်းပမှုများ ခေတ်စားလာ၏။ အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်မည့် ကိန်းဆိုက်နိုင်၍ "ပျက်အစဉ်၊ ပြင်ခဏ" ဆိုသကဲ့သို့ သတိထား၍ ထိန်းမတ်ရန်လိုပါသည်။ မြန်လေကောင်းလေပင်။

အချို့သော ပုဂ္ဂိုလ်များက သတ္တိဆိုတာ အလွဲသုံးရန်မလိုကြောင်း၊ သတ္တိကို အလွဲသုံးက "မိုက်ရူးရဲ" ဘွဲ့သာရသွားမည်ဖြစ်ကြောင်းဆိုပါသည်။ အကယ်၍ ကားမောင်းပြိုင်လိုလျှင် ရန်ကုန်မြို့ကလမ်းများပေါ်၌ ပြိုင်မောင်းလျှင် အသက်အန္တရာယ်ရှိ၏။ ကိုယ့်နိုင်ငံတွင် ကားမောင်းနှင်မှုကို စနစ်တကျလေ့ကျင့်ပြီး နှစ်စဉ်ကျင်းပသည့် "ASEAN- INDIA CAR RALLY" ကားမောင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ အနိုင်ရလျှင် ကိုယ်တိုင်လည်းဂုဏ်ရှိ၊ မြန်မာနိုင်ငံလည်း ဂုဏ်တက်မည် ဖြစ်ပါသည်။ ယင်းပြိုင်ပွဲမျိုးကို ဝင်ပြိုင်မည်ကြံလျှင် "DEATH RACE", "FAST AND FURIOUS" နှင့် "FAST FIVE" ကဲ့သို့သော ဗီဒီယိုရုပ်ရှင်ကားများကို ဦးစွာကြည့်ပြီးမှ ဆုံးဖြတ်ပါဟု အကြံပြုလိုပါသည်။ ယင်းအဖွဲ့အစည်းက ကျင်းပသည်ကို တရားဝင်ဝင်ရောက် ယှဉ်ပြိုင်ခြင်းသည် မြန်မာ့သတ္တိကို ကမ္ဘာကသိအောင် ပြခြင်းမည်ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုများ စိုးမိုးနေ၏။ အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၌မူ လူအစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခြင်းသည် ထမင်းစားရေသောက်သည့်သဘော သက်ရောက်နေ၏။ ကမ္ဘာ့ရာဇဝင်ကို ပြန်လှေလာက ကမ္ဘာဦးလူသားတို့သည် အသက်အိုးအိမ်ကို ကာကွယ်ရန် အနှောင့်အယှက်ပြုသည့် တိရစ္ဆာန်ကြီးများကို သတ်ဖြတ်ကြ၏။ ထို့ပြင် ရန်သူမျိုးနွယ်စုမှ

အမျိုးသားများကို သတ်ဖြတ်ပြီး သူတို့၏ ဇနီးနှင့် သမီးရတနာများကို သိမ်းပိုက်၏။ ရန်သူတို့ပိုင် ဥစ္စာပစ္စည်းများကိုလည်း လုယူ၏။ ဤမျှ အကျိုးအမြတ်ရှိသောအလုပ်၊ စိတ်လှုပ်ရှားစရာကောင်းသည့် အလုပ်မျိုး ကမ္ဘာပေါ်တွင် မရှိနိုင်ဟု ရှေးဦးလူသားတို့ ထင်မှတ်မှားခဲ့ကြ၏။ ယနေ့ ယင်းမျိုးဗီဇသည် ယောကျ်ားတိုင်းတွင် အနည်းနှင့်အများရှိနေ၏။ သို့မို့ကြောင့် စည်းကမ်းဖောက်ဖျက်လိုသော ၂၁ ရာစု၊ လူရမ်းကားတို့မှာ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်ခြင်း မရှိကြတော့ပါ။ တစ်ဖန် မီးလောင်ရာလေပင့်သည့်နယ် အရက်နှင့်စိတ်ကို ပြောင်းလဲစေသော မူးယစ်ဆေးဝါးတို့ကြောင့် လူယဉ်ကျေးများပင် လူရမ်းကားများဖြစ်ကုန်၏။ မကြာသေးမီကပင် လားရှိုးမြို့၌ "WY" တံဆိပ်ပါ ပန်းရောင်စိတ်ကြွဆေးပြား ကျပ် (၁၄၈) သန်းဖိုးဖမ်းမိသည့် သတင်းကသက်သေပင်။ တစ်ဖန် လက်ပံတောင်း "တောင်ကြေးနီစီမံကိန်းကိစ္စနှင့် ရခိုင်ပြည်နယ်မှ အဓိကရုဏ်းစသည်တို့ကြောင့်" "ဒီမိုကရေစီ" ရောင်ခြည်လေး ညှိုးမှိန်သွားမှာ စိုးရိမ်နေကြ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့မှ ယနေ့ထိ ပြည်သူလူထုဆုတောင်းနေသည့် "မြန်မာနိုင်ငံ ဘေးမသန်းဘဲ၊ အေးချမ်းပါစေ" ဆိုသည်ကို မေ့မထားကြပါနှင့်။

တကယ်တော့ အဖျက်အမှောင့် လုပ်ရပ်ဆိုသည်မှာ ပြုလုပ်သူအနေနှင့် ပင်ပန်းဆင်းရဲခြင်း မဖြစ်သော်လည်း အခွန်ထမ်းပြည်သူလူထု၏ပစ္စည်း၊ သို့မဟုတ် အစိုးရပိုင် ပစ္စည်းများဖြစ်ပါက တိုင်းပြည်ကို ပြုပြင်တည်ဆောက်ရန် လျာထားသည့်ငွေများကို ယင်းကိစ္စအတွက် အဟောသိကံ အသုံးပြုရ၍ နိုင်ငံတော်အတွက် များစွာနစ်နာပါသည်။ အဖျက်အမှောင့်လုပ်ရပ်ကို သတ္တိဟုယူဆ၍မရပါ။ စွမ်းရည်သတ္တိ စသည်တို့ကို လိုအပ်မှသာပြသရန် ပညာရှင်များက လမ်းညွှန်


ထားပါသည်။ သက္ကရာဇ် ၅၃၆ ခုနှစ် ပုဂံပြည် နရပတိ စည်သူ မင်းကြီးလက်ထက်၌ "ရန်မန်ငထွေ" ဟူသော သူရဲကောင်းတစ်ဦး ရှိပါသည်။ တစ်ခါသော်မင်းကြီးက ရွှေကြက်ယက်ဘုရား (၂) ဆူကို ထီးတော်တင်ရန် ရွှေဖောင်တော်ဖြင့် ဆန်တက်ခိုက်၊ မိကျောင်းကြီး တစ်ကောင်က ဖောင်တော်ကို ကျောထက်၌တင်ထား၍ ဖောင်တော် ရှေ့ဆက်မလျှော်နိုင်ခဲ့ပါ။ ထိုစဉ် သူရဲကောင်း ရန်မန်ငထွေသည် အချိန်ကိုက် "သတ္တိ" ပြသွားဖူး၏။ သူသည်ရေအောက်သို့ဆင်းပြီး မိကျောင်းကြီးအား သန်လျက်တော်ဖြင့်ထိုးသတ်၍ ဖော်တော်ကို လိုရာ သွားနိုင်အောင် ပြုခဲ့၏။ သူသည် ကျားရဲ၊ ဆင်ရိုင်းများကို တစ်ယောက်တည်း သတ်နိုင်စွမ်းရှိ၍ သူ့အား "အနန္တသူရိယ" ဘွဲ့ကို ချီးမြှင့်၏။ ဓားပြ၊ သူခိုး၊ သူပုန်တို့ကား သူ့အား ဖိန့်ဖိန့်တုန်အောင်ကြောက်၏။ အဓိကမှာ စွမ်းရည်နှင့်သတ္တိကို လိုအပ်မှ ထုတ်သုံးကြရန် အသိ ပေးခြင်းဖြစ်၏။

တစ်ဖက်တွင်လည်း မကောင်းဆိုးဝါး အပြုအမူများတွင် "ညစ်ထိုးထိုး" သည့် ကိစ္စများလည်းပါ၏။ လူဆိုသည်မှာ ချမ်းသာသူက ပိုချမ်းသာလို၏။ ဆင်းရဲသူကလည်း ချမ်းသာလိုသည် မှာ သဘာဝပင်။ လူတန်းစား ပဋိပက္ခကလည်း မဖြစ်သင့်တာကို ဖြစ်လာရန် တွန်းအားပေးနေသည့်နှယ်။ တစ်ဖန် ယနေ့ခေတ်ပေါ် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများကို သုံးစေ၍ ထိုပုဂ္ဂိုလ် ၏စိတ်ကို အတိုင်းအတာတစ်ခုထိ "စေ့ဆော်" ပေးခြင်းဖြင့် သတ္တိ ကြောင်သူကို သူရဲကောင်းကြီးဖြစ်အောင် ဖန်တီးနိုင်ကြောင်း သိရ၏။ ယနေ့ စစ်ဖြစ်နေသည့် နိုင်ငံများ၌ အသေခံဗုံးခွဲသူများ တစ်နေ့တခြား များပြားလာသည်မှာ ယင်းဆေးဝါးများကြောင့်ဟုဆို၏။ လူဆိုသည်မှာ ကိုယ့်အသက်ကို နှမြော၏။ သို့သော် ယင်းဆေးဝါးများကြောင့် ကိုယ့်

အသက်ကိုပင် များစွာတန်ဖိုးမထားကြတော့ပါ။

ယနေ့ မြန်မာနိုင်ငံ၏ ဦးတည်ချက်မှာ ဒီမိုကရေစီ ပန်းတိုင်သို့ အေးချမ်းစွာ လျှောက်လှမ်းနိုင်ရေး ဖြစ်ပါသည်။ နိုင်ငံတော်အနေနှင့် လူငယ်ထု၏အင်အားများစွာ လိုအပ်နေ၏။ ယနေ့ လူငယ်၊ နောင်ဝယ်လူကြီးဖြစ်လာမည့်သူများ မဟုတ်လော။ သူတို့လေးတွေ လုပ်ချင်ရာလုပ်၍ ဖြစ်ချင်ရာဖြစ်နေသည်ကို ကြည့်မနေနိုင်ပါ။ လမ်းပေါ်မှာ လမ်းပျောက်နေသူများ မဖြစ်စေလိုပါ။ သူတို့၏ မွန်းကျပ်မှုကို ဖြေလျှော့ပေးရန် နည်းလမ်းရှာရပါမည်။ တိုင်းပြည်ကောင်းစားရေးအတွက် တန်ဖိုးရှိသည့်အလုပ်များကို လုပ်ရန်အခွင့်အရေး များစွာရှိပါသည်။ "ကြိုးစားလျှင် ဘုရားဖြစ်နိုင်သည်" ဟု မြန်မာ့ဆိုရိုးစကားရှိ၏။ ဘုရားဖြစ်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကျင့်ကြံရ၏။ မဖြစ်နိုင်ပါ။ "တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်" ဆိုသော စကားအတိုင်း ဂေါ့(ဖ)ချန်ပီယံ "တိုက်ဂါးဝုဒ်"၊ ဘောလုံးတိုက်စစ်မှူး "ရွန်းနီ"၊ (၀၀၇) အက်ရှင်မင်းသား "ဒယ်နီယယ်ကရိတ်" တို့လိုဖြစ်အောင်ကြိုးစားလျှင် ဖြစ်တန်ရာ အခြေမြင့်ပါသည်။ မြန်မာနိုင်ငံ အနာဂတ်အရေးကို လှပစွာ မြင်လိုသူတိုင်း၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ကြရပါမည်။

# အလှူရဲ့သူတို့၏ အလှူပွဲ



'ငြိမ်းချမ်းမှုရလိုသူဟာ စစ်ပြင်နေစရာ မလိုပါဘူး။ စစ်တိုက်ဖို့လည်း မလိုပါဘူး။ စစ်ဆင်နွှဲပြီး အနိုင်ကြဲလို့ရတဲ့ပွဲဟာ ငြိမ်းချမ်းရေးမဟုတ်ပါဘူး။ သူများကို အနိုင်ယူတာထက် ကိုယ့်အတ္တကို အနိုင်ယူတာကမှ တကယ့်ငြိမ်းချမ်းမှုပါ။ ပြီးတော့ 'အတ္တ' ထက် 'ပရ'ကို ဦးစားပေးလျှင်တော့ အတိုင်းထက်အလွန်ပေါ့' ဟု သူတော်ကောင်းတို့က မိန့်ကြားခဲ့ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် 'ပရဟိတ' လုပ်ငန်းကို လုပ်ကိုင်နေသူများ၊ ရှေးယခင်ကထက် တိုးတက်များပြားလာပါပြီ။ သူတော်ကောင်းတရား ထွန်းကားလာသည့်သဘောပါ။ သာဓုခေါ်ရပါမည်။ သို့မို့ကြောင့် အနောက်နိုင်ငံများ၏ အလှူရဲသူတို့၏ အလှူပွဲများကို လေ့လာကြည့်ကြပြီး၊ ကောင်းမှုမြတ်နိုးကောင်းအောင် ကြိုးစားကြပုံကို· · ·။

### ဒေါ်လာ (၁၄)သန်းတန်၊ မော်တော်ယာဉ်နံပါတ်ပြား

အလှူရဲသူတစ်ဦးသည် 'မော်တော်ယာဉ် အမှတ်(၁)' ဟူသော နံပါတ်ပြားကို လက်ဝယ်ရရှိရန် ကမ္ဘာ့စံချိန်အဖြစ် အမေရိကန်ဒေါ်လာ (၁၄)သန်း သုံးစွဲခဲ့ကြောင်း 'အဘူဒါဘီ' အလှူတော် လေလံပွဲကျင်းပသူများက ဆိုပါသည်။ အသက် (၂၅)နှစ်အရွယ် 'ဆာအစ်၊ အဗ္ဗဒယ်(လ) ကောရီ' ဆိုသူက ဒေါ်လာ(၁၄)သန်း သုံးစွဲလိုက်၍၊ သူ၏ဆွေမျိုးတစ်ဦး

တင်ထားသော ယခင်နှစ်က စံချိန်ကိုပင် ချိုးလိုက်ကြောင်းသိရ၏။

ယင်းစံချိန်ကို ဂင်းနစ် ကမ္ဘာ့စံချိန်များစာအုပ်တွင်၊ မှတ်တမ်းတင်နိုင်ရန်၊ အကြောင်းကြားမည်ဖြစ်ကြောင်း သိရ၏။ 'ညီညွတ်သော အာရပ်စော်ဘွားများနိုင်ငံ' တွင် တည်ဆောက်နေသော၊ အရေးပေါ်အထူးကုအဆင့်မြင့် ဆေးရုံကြီးတစ်ရုံဆောက်လုပ်ရန် ရန်ပုံငွေအဖြစ် ယင်းလေလံပွဲမှ ရရှိသော ငွေများအား ပံ့ပိုးမည် ဖြစ်ပါသည်။

## ဒေါ်လာသန်း(၇၅၀) အုံ့ပွယ်အလှူ

ပရဟိတဒါနရှင်ကြီး၊ မိုက်ခရိုဆော့(ဖ) ဥက္ကဋ္ဌ 'ဘီ(လ)ဂိတ်(စ)' က နည်းပါးလာသော အပြည်ပြည်ဆိုင်ရာ "AIDS" ရန်ပုံငွေကို အားဖြည့်သည့်အနေဖြင့် ဒေါ်လာသန်း(၇၅၀)ကို ထည့်ဝင်မည်ဟု ကတိပြုခဲ့ပြီး၊ အစိုးရကိုလည်း၊ ဝေဒနာရှင်များအသက်ရှည်ရေးအတွက်၊ ကူညီထောက်ပံ့ပါရန် တိုက်တွန်းခဲ့၏။ "AIDS"၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ၊ ရန်ပုံငွေအဖွဲ့အစည်းသည် ဂျီနီဗာတွင် အခြေစိုက်ထား၏။

'ယခုအချိန်တွင် ကမ္ဘာ့စီးပွားရေးမပြေလည်မှုများ ရှိနေသော်လည်း ယနေ့ စိတ်ဆင်းရဲမှုဒဏ်ကို အလူးအလဲခံစားနေရသည့် လူသားများအတွက် ကူညီမှုကိုတော့ မဖြတ်သင့်ပါ' ဟု မစ္စတာဂိတ်(စ)က နှစ်ပတ်လည် ကမ္ဘာ့စီးပွားရေး ဖိုရမ်တွင် ပြောကြားသွားပါသည်။ "Michael Kazatchkine" ဆိုသော အမှုဆောင်အရာရှိ၏ အလွဲသုံးစားပြုမှုကြောင့် ဖော်ပြပါရောဂါကုသရေးရန်ပုံငွေကို သက်ဆိုင်ရာက (၂၀၁၄)ခုနှစ်အထိ ရပ်ဆိုင်းခဲ့၍ ဖြစ်၏။ သို့မို့ကြောင့် 'ဘီ(လ)နှင့်မီလင်ဒါဂိတ်(စ) ဖောင်ဒေးရှင်း' က ဒေါ်လာသန်း(၇၅၀) ထည့်ဝင်ရန် ကတိပြုခဲ့ခြင်းပင်။ လွန်ခဲ့သည့် (၁၀)နှစ်က စတင်တည်ထောင်ခဲ့သော ယင်းဖောင်ဒေးရှင်းက ဝေဒနာရှင်များ

အတွက် ဒေါ်လာသန်း(၇၅၀)ကိုလည်း၊ ထိုအချိန်က ထည့်ဝင်ခဲ့သေးကြောင်း သိရပါသည်။ ကြက်သီးထစဖွယ်ကောင်းလောက်အောင် အလှူရဲသူပါ။

## ဆာဘွဲ့ရ အဆိုတော်ကြီး၏အလှူ

ဆာဘွဲ့ရ၊ အဆိုတော်ကြီး 'ဆာအဲ(လ)တန်ဂျွန်' ကလည်း နာမည်ကျော်အနုပညာရှင်များပါဝင်သော ပျော်ပွဲ၊ ရှင်ပွဲတစ်ခုကို ဦးစီးကျင့်ပခဲ့ပြီး၊ ရရှိသော ဒေါ်လာ ၁.၃သန်းကျော်ကို "AIDS" ဝေဒနာရှင်များအတွက် "THE ELTON JOHN AIDS FOUNDATION" အတွက် သူကိုယ်တိုင် ဦးဆောင်၍ မင်ဟက်တန်မြို့ရှိ၊ စီပရီရာနီဝေါ(လ)စထရီ' အဆောက်အအုံကြီးတွင် (၁၀)ကြိမ်မြောက် "ENDURING VISION"ဆိုသော ပျော်ပွဲရှင်ပွဲ တစ်ခုကို ဖန်တီးခဲ့ကြောင်း "DAILY STAR CO. ,UK" ဝက်(ဘ)ဆိုက်တွင် ဖော်ပြထားပါသည်။

အနုပညာရှင်များဖြစ်သော 'အဲလက်(စ)ဘော်(လ)ဒွင်'၊ 'ဂျွန်ဘွန်ဂျိုဗီ'၊ 'ကယ်လီရှူသာဖို့ (သ)'၊ 'ဆာရာဖာဂူဆန်' စသော ပုဂ္ဂိုလ်ကြီးများက ဝိုင်းဝန်းကူညီကြပါသည်။ ထိုပွဲတော်သို့ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး 'အန်ဒရူးကူအိုမို' လည်း တက်ရောက်အားပေးခဲ့၏။

## စေတနာကိုအရင်းအနှီးပြု၍

စေတနာကို အရင်းအနှီးပြု၍ ရုပ်ရှင်မင်းသမီးကြီး "UMA THURMAN" ကလည်း သူမ၏ ရွေ့ပွဲလာပရိသတ်များအား ငတ်မွတ်မှုဘေးကို ရင်စီးခံနေရသော 'အာဖရိက ဦးချို' အရပ် (HORN OF AFRICA) ရှိ ဒုက္ခသည်များကို ကယ်တင်ရန် ငွေကြေးပစ္စည်းများစသည်များကို လှူဒါန်းကြရန် လှုံ့ဆော်ခဲ့ပါသည်။ သူမကလည်း တတ်စွမ်းသမျှ ထည့်ဝင်လှူဒါန်းခဲ့သည့်အပြင်၊ ပွဲကြည့်ပရိသတ်များ မျက်ဝါးထင်ထင် မြင်တွေ့ခံစား

နားလည်နိုင်ရန် သတင်းကားတိုလေးကို ရိုက်ကူး၍ ပြသခဲ့ပါသည်။

သူမက (၂၀၁၀)ခုနှစ် 'ဟေတီငလျင်ကြီး' နှင့် (၂၀၀၄)ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် မွေးသွားသော ဆူနာမီတို့ထက် အာဖရိကဦးချိုအရပ်မှ အငတ်ဘေးက ပို၍ဆိုးရွားကြောင်း တင်ပြခဲ့သည်ကို "DAILY STAR CO. ,UK" က၊ အွန်လိုင်းတွင် ထပ်ဆင့်ဖော်ပြခဲ့ပါသည်။ ဒေါ်လာများများ လှူရန်မလိုဘဲ (၁၀) ဒေါ်လာစီလှူ၍ တစ်ဆင့်စကားတစ်ဆင့်ပွားကာ ကူသိုလ်ပြုကြပါရန် သူမက ချစ်ပရိသတ်ကြီးအား မေတ္တာရပ်ခံထားပါသည်။

## အလှူခံပုံးထဲက ရွှေချောင်း

ဘယ်လာရုရှပြည်နယ်၏မြို့တော် 'BREST" ရှိ အလှူခံပုံးတစ်ခုတွင် ရွှေချောင်းတစ်ချောင်း ရောက်ရှိနေကြောင်း၊ မကြာသေးမီက သတင်းတစ်ပုဒ်တွင် ဖော်ပြထားပါသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို ပြန်လည်မွမ်းမံပြင်ဆင်ရန်၊ ကုန်စုံဆိုင်တစ်ဆိုင်တွင် အလှူခံပုံးတစ်ပုံးကို ထားရှိပါသည်။ ရွှေချောင်းတစ်ချောင်းကို မမျှော်လင့်ဘဲ အလှူခံပုံးထဲ၌ တွေ့ရကြောင်း ONT ရုပ်/သံတွင် ဖော်ပြခဲ့ပါသည်။ ထို့ပြင် ရွှေချောင်းသည် စစ်မှန်ပြီး ဒေါ်လာ (၅၀၀၀၀)တန်ကြောင်း၊ အာမခံကဒ်ပြားကိုပင် အမည်မဖော်လိုသူက လှူဒါန်းခဲ့ကြောင်း သိရ၏။

ဘုရားကျောင်းရှိ စတိုလုံခြုံရေးတာဝန်ခံက ထိုရွှေချောင်းကို ဘုရားကျောင်းအုပ်ချုပ်သူထံ သွားရောက်လှူဒါန်းရာ အုပ်ချုပ်သူက မသင်္ကာ၍ လက်မခံကြောင်း ပြောကြားပါသည်။ ထိုလူရွယ်က နောက်ဆုံးတွင် ရွှေချောင်းကို အလှူခံပုံးထဲသို့ ထည့်လိုက်ဟန်တူ၏။ ဘုရားကျောင်းမှ တာဝန်ရှိသူတစ်ဦးကမူ ယင်းရွှေချောင်းသည် ဘုရားကျောင်း ပြန်လည်ပြင်ရန် လုံလောက်သောရန်ပုံငွေဖြစ်ကြောင်း မုဒိတာစကား ပြောကြားခဲ့သည်။

## ခွေးတွေအတွက် အမွေ

Alexander Mcqueen ကား ရာဂလှူ့ဆော်မှုနှင့် ပတ်သက်သော ဖက်ရှင်ဒီဇိုင်းတွင် ကျွမ်းကျင်၏။ အများနှင့်မတူ တစ်မူထူးခြားစွာဆောင် ရွက်တတ်၍ ထင်ပေါ်ကျော်ကြား၊ နာမည်ကြီးလိုသူများ ဝိုင်းဝိုင်းလည်နေ၏။ သူသည် ယခင်နှစ်က ကိုယ့်ကိုယ်ကိုယ်သတ်သေသွားပြီး၊ သူပိုင် ပေါင်စတာလင် (၁၆)သန်းကို ချန်ထားခဲ့ပါသည်။ သေတမ်းစာတွင် သူမရှိ သည့်နောက် သူ၏အချစ်တော် 'မင်တာ'၊ 'ဂျူ(စ)' နှင့် 'ကာလမ်' ဆိုသည့် ခွေးကြီးသုံးကောင်ကို အသက်ရှင်သရွေ့ ပြုစုစောင့်ရှောက်ကြရန်၊ ပေါင်ငွေ(၅၀၀၀၀)ကို ခွဲဝေပေးခဲ့ပါသည်။

ကျန်ငွေများကို သူ၏မိသားစုဝင်များနှင့် အိမ်တော်ထိန်းများအား အမွေအဖြစ် မြက်မြက်ကလေး ခွဲဝေပေးခဲ့၏။ သူ၏မိခင်အသုဘကို မချမီ တစ်ရက်အလိုတွင် သူသည် လန်ဒန်ရှိ သူ၏တိုက်ခန်း၌ အိပ်ဆေးများကို သောက်ပြီး၊ ကြိုးဆွဲချ သေဆုံးခဲ့ကြောင်း "THE DAILY TELEGRAPH" သတင်းစာကြီးတွင် ဖော်ပြထားပါသည်။ အပူမစဲသည့် အလှူပွဲတကား။

အချုပ်ကိုဆိုရသော်၊ 'သုံးတန်စေတနာ၊ ဖြူစင်လန်းလို့၊ ပေးကမ်း ဝေမျှ၊ လှူနိုင်စေ' ဆိုသော ကလေးဘဝမှ ကဗျာရွတ်သံလေးကို နားတွင် ကြားယောင်လာပါတော့သည်။

Ref: BILL GATES PLEDGES $ 750 MILLION TO TROUBLED AIDS FUND AND OTHER UPDATE INTERNET NEWS.

# အတုယူစဖွယ် အထည်ချုပ် စီးပွားရေး



ယနေ့ မြန်မာနိုင်ငံသည် ခြေလှမ်းသွက်သွက်ဖြင့် 'ရွှေခေတ်'ကို ရောက်ရန် လှမ်းနေပါသည်။ ရွှေဘုံ၊ ရွှေနန်း၊ ရွှေကြငှန်းတို့ကိုလည်း မြင်နေရပါပြီ။ နိုင်ငံခြားတိုင်းနိုင်ငံများမှလည်း ရင်းနှီးမြှုပ်နှံမည့်သူများ လာရောက်ပါတော့မည်။ သူတို့၏ငွေကြေးအရင်းအနှီးနှင့် နည်းပညာများဖြင့် တိုင်းပြည်၏ သယံဇာတပစ္စည်းများကို ကုန်ချောအဖြစ် ထုတ်လုပ်၍ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ခြင်းဖြင့်၊ လိုအပ်သော ဘဏ္ဍာငွေများ ရလာနိုင်ပါသည်။ ငွေသည် တိုင်းပြည်၏တိုးတက်မှုအတွက် လိုအပ်၏။ သို့သော် အဓိက လူသာဖြစ်ပါသည်။ ယနေ့ နေရာအနှံ့အပြားတွင် မခက်ခက်အောင်လုပ်၍ စီးပွားရှာနေကြသည့်အကျင့်ကြောင့် ဆင်းရဲသားများ ဆင်းရဲတွင်းနက်ခြင်း ဖြစ်ကြောင်း လူပြောများနေပါသည်။ ညာဘက်နားရွက်ကို ညာဘက်လက်ဖြင့် တိုက်ရိုက်မကိုင်ဘဲ၊ ဦးခေါင်းကိုကျော်၍၊ ညာဘက်လက်ဖြင့် ဘယ်ဘက်နားရွက်ကို ကိုင်လေ့ရှိကြသည့်သဘောပါ။ တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာ၍ သတ္တဝါအပေါင်း ဆင်းရဲစေသည့်နည်းဖြစ်ပါသည်။ 'သူလည်းအကျိုးရှိ၊ ကိုယ်လည်းမနစ်နာ' ဆိုသော နည်းလမ်းမျိုးကို မသိကြလေရော့သလား ဟု မေးချင်၏။

ယခုလို အစစအရာရာကို ပြုပြင်ပြောင်းလဲ၍ 'တစ်' ကပြန်စချိန်တွင် မခက်ခက်အောင်လုပ်တတ်သည့်သူများ ခေါင်းထောင်ထလာကဒုက္ခပင်၊ ဒီမိုကရေစီသည် ပို၍ဝေးသောနေရာမှ ထို့ထက်ဝေးသောနေရာသို့ရောက်သွားနိုင်၏။ သို့မို့ကြောင့် နိုင်ငံတော်ကြီး အချိန်တိုအတွင်း တိုးတက်ထွန်းကားလာရန်၊ သူတို့နိုင်ငံမှ လုပ်နည်းကိုင်ဟန်များကို အတုယူ၍၊ မြန်မာနိုင်ငံသားတို့လုပ်ကိုင်မည့် ကမ္ဘာကြိုက်ပစ္စည်းကောင်းများကို တီထွင်ကြံဆကာ၊ တက်ညီလက်ညီလုပ်ကိုင်ရင်း၊ ရွှေအိပ်မက်ကြီးကို အကောင်အထည်ဖော်ကြရအောင်နော်။

## အနွေးထည်မဟုတ်သော အအေးထည်

နိုင်ငံအချို့မှ လုပ်နည်းကိုင်ဟန်များကို လေ့လာရသော်· · ·

အိန္ဒိယနိုင်ငံတောင်ပိုင်း 'ကေရာလာ' ပြည်နယ်တွင် နေပူထဲ၌အလုပ်လုပ်နေရရှာသော အလုပ်ကြမ်းသမားများအတွက် အပူဒဏ်ခံ'အအေးထည်' များကို တီထွင်စမ်းသပ်ထုတ်လုပ်ကြရန် ဒီဇိုင်းပညာရှင်များနှင့်သုတေသနအဖွဲ့အစည်းများအား အစိုးရက ဖိတ်ခေါ်ထား၏။ တင်ပြလာသော အအေးထည်များအနက် အသင့်တော်ဆုံး နမူနာအထည်(၁၀)မျိုးကိုပညာရှင်များက ရွေးချယ်ပြီး တီထွင်သူများအား အနုစိတ်မွမ်းမံဆောင်ရွက်ရန် ရူပီတစ်သိန်းစီ အစိုးရက မတည်ပေးမည်ဖြစ်ပါသည်။ ယင်းအထည်(၁၀)မျိုးအနက်၊ အကောင်းဆုံး အအေးထည်ထုတ်လုပ်သူအား ရူပီတစ်သန်းဆုချီးမြှင့်ပြီး ရှေ့ပြေးအထည်ပုံစံတူများကို ထုတ်လုပ်ရန်လည်း နိုင်ငံတော်ကငွေကြေးအလုံအလောက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရ၏။

တစ်ဖက်တွင်လည်း ငလျင်ဒဏ်နှင့် ဆူနာမီဒဏ်ကို အလူးအလဲခံခဲ့ရသော ဂျပန်နိုင်ငံ၌ လျှပ်စစ်ဓာတ်အားပြတ်လပ်ပြီး နိုင်ငံတစ်ဝန်း ပူပြင်းသော ရာသီဥတုဒဏ်ကို ကြုံတွေ့နေရ၏။ စီးပွားရေးအမြင်ကျယ်သော

'ကူချိုဖူကူ' ကုမ္ပဏီကြီးက အသေးစားလျှပ်စစ်ပန်ကာငယ် နှစ်လုံးတပ်၊ ခန္ဓာကိုယ်ကိုအေးမြစေသည့် အင်္ကျီ(ဂျာကင်)များအား ထုတ်လုပ်ရောင်းချရာ ရောင်းမလောက်အောင်ဖြစ်ခဲ့၏။ ပန်ကာငယ်များကို အားသွင်း၍ 'လစ်သီယမ်အိုင်ယွန်' ဘက်ထရီတစ်လုံးနှင့် ချိတ်ဆက်အသုံးပြုလျှင် (၁၁)နာရီခန့် အသုံးပြုနိုင်ကြောင်း သိရ၏။ ထွက်ရှိလာသောလေတို့သည် ဂျာကင်အတွင်း လှည့်လည်ကာ ခန္ဓာကိုယ်ကိုအေးမြစေပြီး ကော်လံနှင့် လက်အနားခေါက်များမှတစ်ဆင့် ပြင်ပသို့ ထွက်သွားလေ့ရှိ၏။ ချွေးများကို ခြောက်သွေ့စေပြီး ခန္ဓာကိုယ်ကိုအေးမြစေကြောင်း သိရ၏။ အိန္ဒိယနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကား အကြံတူကြ၏။ သူတို့၏ရည်ရွယ်ချက်ကလည်း အခြေခံလုပ်တန်းစားများအကျိုးကို ရှေ့တန်းတင်ထား၍ သာစုခေါ်ဖို့ ကောင်းလှ၏။ သူတို့နိုင်ငံ၌ မခက်ခက်အောင်လုပ်သူများရှိသော်လည်း နေရာမရ၍၊ ဝင်မတိုးနိုင်၍ ဖြစ်ပုံရ၏။

## ရန့်သင်း 'ဒီနင်း(မ)' ဂျင်းဘောင်းဘီ

အတုယူစဖွယ်ကောင်းသော အထည်ချုပ်စီးပွားရေးအကြောင်းကလည်း စိတ်ဝင်စားစရာပင်။ ဒေါ်လာ(၁၅၀)ဖြင့် (RESPBERRY) 'ရပ်(စ)ဘယ်ရီအသီး' နံ့သင်းပျံ့သော ဂျင်းဘောင်းဘီတစ်ထည်ဝယ်ယူကာမျှဖြင့် ပုံမှန် 'ပင်းမင်း' ဆိုင်ကိုပို့ပြီး ဖွပ်လျှော်သန့်စင်ခ သက်သာသွားစေမည်ဟု ကမ္ဘာကျော် 'ဒီနင်း(မ)' ဂျင်းအဝတ်အထည်ကုမ္ပဏီကြီးက ကြော်ငြာခဲ့၏။

ယင်းဂျင်းဘောင်းဘီကို အထပ်ထပ်အခါခါ ဝတ်ဆင်ပြီး မလျှော်ဘဲနေနိုင်ကြောင်း၊ 'ဒီနင်း(မ)' ကုမ္ပဏီကြီးက သူ၏ဂျင်းဘောင်းဘီကို ဝယ်ယူသူများအား မက်လုံးပေးထား၏။ 'ဒီဂျင်းဘောင်းဘီတွေကို အလုပ်မအားသူများ၊ အလျှော်အဖွပ်ပျင်းသူများ၊ ပင်းမင်းဆိုင်ပို့ပြီး လျှော်ဖွပ်ခမပေးလိုသူများအတွက် ရည်ရွယ်ထုတ်လုပ်ထားတာပါ။ အထပ်ထပ်အခါခါ

ဝတ်ပြီး ဘောင်းဘီမှ အနံ့ဆိုးထွက်တော့မယ်လို့ထင်ရင် ဘောင်းဘီကို အမာခံ တစ်ခုခုဖြင့် ခြစ်လိုက်ပါက 'ရပ်(စ်) ဘယ်ရီသီး' နံ့လေး သင်းပျံ့ထွက်လာမှာပေါ့။ ပတ်ဝန်းကျင်ကလည်း အဲဒီရနံ့လေးကြောင့် ဘောင်းဘီဝတ်သူကိုပင် ကျေးဇူးတင်သွားမှာဖြစ်ပါတယ်။ အထူးစီမံပြုလုပ်ထားတဲ့ အလွန်သေးငယ်သောရနံ့ကလေးများပါဝင်သည့်အလွှာနဲ့ ဂျင်းဘောင်းဘီကို မံထား၍ ဖြစ်ပါတယ်' ဟု ပြောခွင့်ရပုဂ္ဂိုလ် 'ဘာဇက်ထရီနို'က "THE MIRROR"သတင်းစာကြီးသို့ သတင်းပေးပို့ထားပါသည်။

'ဒီနင်း(မ)ဂျင်းအထည်တွေကို ချစ်တတ်သူတွေဟာ ရက်ပေါင်းများစွာ အဲဒီ ဂျင်းဘောင်းဘီကို မလျှော်ဖွပ်တဲ့အတွက် ကာလရှည်ကြာစွာ အသစ်အတိုင်း ရှိနေမည့်သဘောလည်း ပါတယ်လေ။ ဘောင်းဘီဟာ သိပ်ညစ်ပတ်လာရင်တော့ လျှော်ဖွပ်ပေးရမှာပေါ့။ လျှော်ဖွပ်ခအတွက် ငွေကုန်ကြေးကျသက်သာတာတော့ အမှန်ပါပဲ' ဟု ထိုပုဂ္ဂိုလ်ကပင် ထပ်မံ၍ ယင်းဘောင်းဘီကို ဝတ်ဆင်သူများအား အသိပေးထားပြန်၏။

ယခုကဲ့သို့ အနံ့ထည့်ထားသောဂျင်းဘောင်းဘီများ လူကြိုက်များ၍ ရောင်းအားကောင်းလာပါက ပန်းသီးနံ့၊ ငှက်ပျောသီးနံ့၊ ဂရိတ်ဖရုသီးအနံ့၊ ယူကလစ်အနံ့နှင့် ပူရှိန်းနံ့တို့ ပါးလွှာထပ်ထားသော ဂျင်းဘောင်းဘီများကို ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း သိရပါသည်။ ၂၀၁၁ခုနှစ် ဒီဇင်ဘာလက တရုတ်ပြည်ရှိ ကုမ္ပဏီကြီးတစ်ခုကလည်း 'သူ့ဘာသာသန့်စင်သောတီရှပ် (SELF-CLEANING T-SHIRTs) များကို ထုတ်လုပ်တော့မည်ဖြစ်ကြောင်း 'ဆိုက်(ဒ)ရှီး' စာစောင်တွင် ပါရှိလာ၏။ သို့ဆိုက လူတစ်ဦးလျှင် အင်္ကျီ(၂)ထည်၊ ဘောင်းဘီ(၂)ထည်ဖြင့် လုံလောက်နေလျှင် ဗီရိုနှင့် သေတ္တာကြီးများကို ဝယ်ယူရန်မလိုတော့၍ ကိုယ်ပိုင်သုံးရန် ငွေပိုများထွက်


လာမည်ဖြစ်ကြောင်း ယင်းစာစောင်က ထောက်ပြခဲ့ပါသည်။

အဓိကတင်ပြလိုသည်မှာ သူတို့နိုင်ငံမှ လုပ်နည်းလုပ်ဟန်များကို အတုယူ၍ 'ရွှေအိပ်မက်ကြီး' ကို အကောင်အထည်ဖော်နေစဉ်' မခက်ခက်အောင်လုပ်တတ်သော ခက်ခက်ကိုမှလိုချင်သည့်ပုဂ္ဂိုလ်များ'ပေါ်လာနိုင်ပါသည်။ အကျင့်ဆိုသည်မှာ ဖျောက်ဖျက်နိုင်ခဲ၍ ဖြစ်ပါသည်။ ယနေ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် မြန်မာ့ နား၊ မျက်စိနှင့် မသင့်၍ ရှောင်ကြဉ်ကြရန် မေတ္တာရပ်ခံထားသော်လည်း လုပ်မြဲလုပ်၍ ရှိမြဲရှိနေကြသည်ကို မကြည့်ဘဲမြင်နေရ၍ ဖြစ်ပါသည်။

ယခုလို အရေးကြီးသောအချိန်တွင် အနှီလို ပုဂ္ဂိုလ်မျိုးများပေါ်ပေါက်လာလျှင် ဒီမိုကရေစီသည် ပို၍ဝေးသောနေရာမှ ထို့ထက်ဝေးသောနေရာသို့ ရောက်သွားနိုင်၏။ ဒီမိုကရေစီပျိုးပင်လေးကို တယုတယစိုက်ပျိုးနေကြသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာပြည်သူ၊ ပြည်သားများ အသိယှဉ်၍ သတိအစဉ်ထားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလျက် . . .။

REF : INDIA SEEKS "COOL JACKET" DESIGN TO HELP HOT LABOURERS AND OTHER UPDATE INTERNET NEWS.

# တီထွင်ဆန်းစစ် စွမ်းအင်သစ်များ



ကမ္ဘာပေါ်တွင် လူသားများကို အကျိုးပြုနေသော စွမ်းအင်သုံးမျိုးရှိ၏။ (၁) မီးခိုးမှိုင်းထွက်သောစွမ်းအင်၊ (၂) အသစ်ပြန်လည်ဖြစ်ထွန်းသောစွမ်းအင်နှင့် (၃) အစားထိုးစွမ်းအင်ခေါ် ပြည့်ဖြိုးမြဲစွမ်းအင်တို့ ဖြစ်ကြ၏။ ရုပ်ကြွင်းလောင်စာများဖြစ်သည့် ရေနံကုန်အမျိုးမျိုးသည် မီးခိုးထွက်၍ ပတ်ဝန်းကျင်ကိုသာမက လတ်တလော ကမ္ဘာကြီးကိုပင် ခြိမ်းခြောက်လျက်ရှိ၏။ သစ်ပင်၊ သစ်သား၊ ဇီဝဖြစ်စဉ်များကား စွမ်းအင်ထုတ်ယူပြီးသည့်တိုင် အသစ်ပြန်လည်ဖြစ်ထွန်းလေ့ရှိ၏။ ထို့ကြောင့် အမှတ်(၁) စွမ်းအင်နှင့် အမှတ်(၂) စွမ်းအင်များကို အသုံးမပြုဘဲ အမှတ်(၃) ပြည့်ဖြိုးစွမ်းအင်ကို အသုံးပြုခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှု၊ ရာသီဥတုဖောက်ပြန်မှု၊ အိုဇုန်းလွှာပါး၍ ပေါက်ကွဲမှုကို လျှော့နည်းသက်သာစေကြောင်း အဲဒီ လေ့(ဒ်)ကွန်ပျူတာ သိပ္ပံတက္ကသိုလ်ပညာရှင်ကြီးများက အကြံပြုထားပါသည်။

## လေရဟတ်စွမ်းအင်

ထို့ကြောင့် ဩစတြေးလျနိုင်ငံတွင် လေရဟတ်ကြီးများ တပ်ဆင်၍ တာဗိုင်စက်ကြီးများကို တည်ဆောက်ထားရန် လေကြောင်းကျ

၍ ကျယ်ဝန်းသောမြေနေရာများကို သိပ္ပံနည်းကျရှာဖွေလျက် ရှိကြ၏။ နိုင်ငံအနှံ့အပြားတွင် 'လေ' စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်ကို ထုတ်ယူသုံးစွဲနေကြ၏။ အကျိုးများစွာရှိကြောင်း သိရပါသည်။ သဘာဝစွမ်းအင်ဖြစ်၍ ကုန်ခန်းသွားရန် ပူစရာမလိုပါ။

## နေရောင်ခြည်စွမ်းအင်

ဆာဟာရ သဲကန္တာရသည် ကမ္ဘာ့အကြီးဆုံး သဲကန္တာရကြီးဖြစ်၏။ နေရောင်ခြည်စွမ်းအင် အရင်းအမြစ် အကြွယ်အဝဆုံးဖြစ်၍ ကမ္ဘာ့လျှပ်စစ်ဓာတ်အားလိုအပ်ချက်၏ ၅၀%ကို ထောက်ပံ့နိုင်ကြောင်း ဂျပန်နိုင်ငံနှင့် အယ်လ်ဂျီးရီးယားတက္ကသိုလ်များမှ သိပ္ပံပညာရှင်များက ခန့်မှန်းထား၏။ ယခုအခါ သဲကန္တာရတွင် 'နေရောင်ခြည်မှ စွမ်းအင်ထုတ်ယူသည့်စက်ရုံကြီးများကို တည်ဆောက်နေကြ၏။ ထို့ပြင် သဲမှုန်များကို အဆင့်မြင့်နည်းပညာဖြင့် 'ဆူပါကွန်ဒတ်တာ'များ ထုတ်လုပ်ကာ ယင်းလျှပ်ကူးပစ္စည်းများဖြင့် လိုအပ်သည့်နေရာသို့ လျှပ်စစ်ဓာတ်ကို ပေးပို့မည်ဖြစ်ကြောင်း သိရပါသည်။

နေစွမ်းအင်ထုတ်လုပ်သော 'ချပ်ပြား' များအတွက် ရင်းနှီးမြှုပ်နှံရသောငွေသည် နျူးကလီးယားစွမ်းအင်အတွက် သုံးစွဲရသောငွေထက်နည်းကြောင်း သိရ၏။ ထို့ပြင် 'နျူးဓာတ်ပေါင်းဖို' များသည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားပါက လူနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်များစွာပေးတတ်ကြောင်းပင်။ ထို့ပြင် 'နျူးကလီးယား စွန့်ပစ်လောင်စာများသည် ကာလကြာသည်နှင့်အမျှ အန္တရာယ်ပို၍ကြီးကြောင်း ပညာရှင်များက ထောက်ပြထားပါသည်။

## မီးတောင်များမှ ဘူမိစွမ်းအင်

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းငယ်ပေါင်းတစ်သောင်းကျော်ဖြင့် ဖွဲ့စည်းထား၏။ 'မီးရှင်' မီးတောင်ပေါင်း (၂၀၀)ကျော်ရှိပြီး ယင်းတို့မှ ဘူမိစွမ်းအင်အလုံအလောက် သုံးစွဲနိုင်၍ ပတ်ဝန်းကျင်ကို အန္တရာယ်ပြု နေသော ကျောက်မီးသွေးများကို မသုံးတော့ပါ။ အနာဂတ်ကာလတွင် အစိုးရက ဘူမိစွမ်းအင်ကိုသုံးစွဲမှု၌ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားပါသည်။

## အောက်ဆီဂျင်ဓာတ်ငွေ့သုံး အင်ဂျင်စက်

အာကာသသုံး ဒုံးပျံယာဉ်များတွင် အောက်ဆီဂျင်နှင့် ဓာတု လောင်စာများကို ရောနှောသယ်ဆောင်၍ လောင်ကျွမ်းစေခြင်းဖြင့် ဒုံးပျံအရှိန်ကို ရရှိ၏။ အိန္ဒိယအာကာသအေဂျင်စီက လေထုထဲရှိ အောက်ဆီဂျင်ဓာတ်ငွေ့ကို အသုံးပြုနိုင်သည့် အင်ဂျင်စက်များကို စမ်း သပ်နေကြ၏။ အောင်မြင်ပါက အိန္ဒိယဒုံးပျံများသည် အလေးချိန်ပေါ့ ပါးပြီး ပို၍ကြီးမားသော ဂြိုဟ်တုများကို လွှတ်တင်နိုင်ပါမည်။ ထိုအခါ ကမ္ဘာ့ဂြိုဟ်တုဈေးကွက်တွင် ဦးဆောင်နိုင်ငံတစ်ခု ဖြစ်လာနိုင်ပါသည်။

## အသုံးပြုပြီးသည့် ဟင်းရွက်ဆီ

ဟိုတယ်များ၊ စားသောက်ဆိုင်ကြီးများနှင့် မိမိတို့အိမ်များမှ ကြော်လှော်ပြီးသည့် စားဆီများကို မစွန့်ပစ်ဘဲ အနာဂတ်အတွက် တန်ဖိုး ရှိသော လောင်စာအဖြစ် အသုံးပြုနိုင်ကြောင်း သိရ၏။ ရုပ်ကြွင်း လောင်စာများထက် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ အခြေခံအကြော်ဆီက သန့် စင်၏။ စနစ်တကျထုတ်လုပ်ထားသော ယင်းဓာတ်ငွေ့ဖြင့် လျှပ်စစ် ဓာတ်အားပေးစက်၊ မော်တော်ကား၊ ကွန်ပျူတာ၊ ရေခဲသေတ္တာစသည် များတွင် စိတ်ချစွာ အသုံးပြုနိုင်၏။

## အဂ္ဂါဇီဝပိုးမျိုးမှ လောင်စာ

ဘက်တီးရီးယားပိုးတို့မှ ခန္ဓာကိုယ်ဖွဲ့စည်းမှုနှင့် အနုမြူမှုန်ခန့် သေးငယ်သော ဝါယာကြိုးများအကြောင်းကို စေ့ငုပြီး 'အီလက်ထရုတ်' ဒီဇိုင်းများကို ပုံစံထုတ်ကာ လိုအပ်သောလျှပ်စစ်ဗို့အားရရှိရေးအတွက် 'ပိုး' အရေတွက်ကို လိုတိုး၊ ပိုလျှော့၊ မွေးမြူခဲ့ကြ၏။ ဤနည်းဖြင့် လျှပ်စစ်ဓာတ်အား အဆမတန်ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်သည့်သဘောကို သိရ၏။ သို့သော် အသေးစိတ်လေ့လာရန် လိုအပ်၏။ သက်ရှိသတ္တဝါတိုင်း အနုစားလျှပ်စစ်ဓာတ်ကို ကိုယ်ပိုင်ထုတ်လုပ်၏။ ဥပမာ-လူသည် ခန္ဓာကိုယ်အတွင်း၌ သွေးလည်ပတ်ရန် သူ၏နှလုံးကို အနုစားလျှပ်စစ်ဓာတ်က နှိုးဆွပေး၏။ ထို့ပြင် ဦးနှောက်က စဉ်းစားဝေဖန်ဆုံးဖြတ်နိုင်ရန်လည်း လုပ်ဆောင်ပေး၏။

## စံမတူအစွမ်းရေး ဘက်ထရီ

သယ်ယူပို့ဆောင်ရလွယ်ကူသော 'စီလီကွန်' အခြေခံ လျှပ်စစ်ဓာတုပစ္စည်းများဖြင့် တည်ဆောက်ထားသော ဓာတ်ခဲများကို အစွမ်းရေးမှ ပရော်ဖက်ဆာ 'ယာအိန်အီလီ'၊ အမေရိကန်မှ ပရော်ဖက်ဆာ 'ဒစ်(ခ)ဘီ၊ မက်ဒေါ်နယ်' နှင့် ဂျပန်နိုင်ငံမှ ပရော်ဖက်ဆာ 'ရီကာ၊ ဟာဂီဝါရာ' တို့က ပူးပေါင်းတီထွင်ခဲ့ကြ၏။ ထိုဓာတ်ခဲကို နာရီပေါင်း (၁၀၀၀)ခန့် အသုံးပြုနိုင်ပြီး မသုံးဘဲကြာရှည်သိမ်းဆည်းထားသည့်တိုင် အရည်အသွေးကျဆင်းခြင်းမရှိကြောင်းသိရ၏။ သမားရိုးကျနှင့် ပြန်လည်ဓာတ်အားဖြည့်နိုင်သော ဓာတ်ခဲများအဖြစ် နှစ်မျိုး ထုတ်လုပ်ထား၏။

## လျှပ်စစ်ဓာတ်အား ထောက်ပံ့မည့်မော်တော်ယာဉ်

ဂျပန်နိုင်ငံရှိ နီဆန်းကားကုမ္ပဏီသည် လျှပ်စစ်ပြတ်ချိန်တွင် နေအိမ်ကို နှစ်ရက်ကြာ ဓာတ်အားထောက်ပံ့ပေးနိုင်မည့် မော်တော်ကားတစ်မျိုးကို ၂၀၁၂ခုနှစ် မတ်လခန့်တွင် စီးပွားဖြစ်ထုတ်လုပ်ရန် ရည်မှန်းထား၏။ "LEAF"ဟု အမည်ပေးထားသော ယင်းကား၌ 'လစ်သီယွန်၊ အိုင်းယွန်' ဘက်ထရီးအိုးကို တပ်ဆင်ထား၏။ အား အပြည့်သွင်းပြီးပါက (၂၄)ကီလိုဝပ်နာရီရှိပြီး နေအိမ်ရှိ လေအေးပေးစက်၊ ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များကို တစ်ပြိုင်နက် သုံးနိုင်ကြောင်း သိရ၏။

## အနာဂတ်အတွက် ကျင်ငယ်ရည်လောင်စာ


ကျင်ငယ်ရည်ကို (MICROBIAL FUEL CELL) 'အနုဇီဝပိုးလောင်စာဓာတ်အိုး' (MFC) ၌ လောင်စာအဖြစ်အသုံးပြုနိုင်ရန် "BRISTOL ROBOTIC LAB" နှင့် 'ဘရစ်စတိုတက္ကသိုလ် သုတေသနဌာနမှ' ပညာရှင်များ ပူးပေါင်း၍ကြိုးပမ်းနေကြ၏။ (MFC) သည် နည်းပညာသစ်တစ်ခုဖြစ်ပြီး လူသုံးစက်ရုပ်များအတွက် လိုအပ်သော လျှပ်စစ်ဓာတ်ကို ထုတ်လုပ်ပေး၏။ (DR.IOANNIS IEROPOULOS) သည် ကျင်ငယ်ရည်မှ ဘက်တီးရီးယားပိုးများကို မွေးမြူ၍ ပြိုကွဲပျက်စီးရာမှရရှိသည့် စွမ်းအင်ကို (၄)နှစ် ကြာသုတေသနပြုပြီး (MFC) ဓာတ်အိုး၌ အသုံးပြုနိုင်ပုံကို လက်တွေ့ပြသခဲ့၏။ ထို့ကြောင့် (EPSRC) အဖွဲ့ကြီးက သူ့ကို ပေါင်ငွေ (၅၆၅၅၆၁) ထောက်ပံ့ခဲ့ပါသည်။

ပထမပိုင်းတွင် (ECO BOT 3)ခေါ်သောစက်ရုပ်ကို ၃½ နှစ်ခန့် စမ်းသပ်တီထွင်ခဲ့ရ၏။ ယင်းစက်ရုပ်ကို အခြေခံကာ ဒေါက်တာ "IEROPOULOS" သည် ယင်းစက်ရုပ်၌ (MFC) ဓာတ်အိုးအတွဲ

လိုက်ထည့်သွင်း၍ စွမ်းအင်အဆက်မပြတ်ရရှိအောင် ဖန်တီးခဲ့၏။ ထို့ပြင် လျှပ်စစ်ဓာတ်အားဖြင့် တိုက်ရိုက်ဆက်သွယ်အသုံးပြုရန်လည်း စီမံထား၏။ ယနေ့ ခေတ်စားနေသည့် လျှပ်စစ်နှင့် ဓာတ်ခဲနှစ်မျိုးသုံး ပစ္စည်းမျိုးဖြစ်၏။

ယခုတင်ပြထားသည်မှာ 'ထိရောက်အကျိုးရှိ၊ ဈေးနှုန်းချိုသာ၊ ဉာဏကာတွက်' ပြည့်ဖြိုးမြဲစွမ်းအင်များအကြောင်း ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် သင့်လျော်သောစွမ်းအင်အချို့ကို ရှာဖွေတင်ပြထားခြင်း ဖြစ်ပါသည်။

Ref: URINE: WASTE PRODUCT OR FUTURE POWER SOURCE AND OTHER UPDATE INTERNET NEWS.



# ဆင်းရဲခြင်းမှ လွတ်ကင်းရန်



"လူဖြစ်လာလျှင် လူဖြစ်ရသည့်ဒုက္ခကို ကြုံရပါမည်။ အနည်းနှင့်အများသာ ကွာခြား၏။ သူဌေးလည်း သူဌေးဒုက္ခ၊ ဆင်းရဲသားလည်း ဆင်းရဲသားဒုက္ခရှိမည်ပင်။ ကမ္ဘာတစ်ဝန်းတွင် (၂၀၁၁) ခုနှစ်၌ ပြည်တွင်းစစ်၊ သဘာဝဘေးအန္တရာယ်နှင့် အထူးစီမံကိန်းများ ဖော်ဆောင်မှုကြောင့် လူ (၇၂)သန်းခန့်သည် အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်သွားရကြောင်း "ကမ္ဘာ့ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့" ကအပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ကျရောက်မှု အစီရင်ခံစာတွင် ဖော်ပြထား၏။ လူ (၁၆.၄) သန်းသည် မူလတိုင်းပြည်ကို စွန့်ခွာပြီး "ဒုက္ခသည်" (REFUGEES)အဆင့်ခံ ယူထားကြ၏။ လူ (၄၁.၄) သန်းကား ကိုယ့်နိုင်ငံ၌ပင် အိုးမဲ့အိမ်မဲ့ ဘဝရောက်ရှိနေပြီး ကျန်သူများကား သက်ဆိုင်ရာနိုင်ငံများတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံထားသူများ ဖြစ်နေ၏။ ယင်းတို့အနက် ပါလက်စတိုင်း လူမျိုး ၅ သန်းခန့်သည် အရှေ့အလယ်ပိုင်းတွင် (၁၉၄၀) ခုနှစ်မှစ၍ ကုလသမဂ္ဂ၏ UNRWA အေဂျင်စီမှ ထောက်ပံ့ထားသော ရွက်ထည်တဲများ၌ နေထိုင်ကြရ၏။

စစ်ဘေးဒဏ်ကြောင့် ကိုယ့်နိုင်ငံ၌ မနေနိုင်၍ အရပ်တစ်ပါး

သို့ ပြောင်းရွှေ့လာသူများကား (၂၀၁၁) ခုနှစ်တွင် လူ (၇၂) သန်း၊ (၂၀၁၀) ခုနှစ်တွင် (၁၀၁) သန်း၊ (၂၀၀၉) ခုနှစ်တွင် (၇၅) သန်း၊ (၂၀၀၈) ခုနှစ်တွင် (၉၂.၃) သန်းခန့် ရှိပါသည်။ ထို့ပြင် သဘာဝဘေးဆိုးများဖြစ်သည့် လျှင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည်တို့ကြောင့်လည်း ဒုက္ခရောက်သူများ ပို၍များလာ၏။ တစ်ဖန် ကမ္ဘာကြီးသည် စီးပွားပျက်ကပ်နှင့် ကြုံရ၍ တစ်ပူပေါ် နှစ်ပူဆင့်သည့်နှယ်။

ယနေ့ ကမ္ဘာ့စီးပွားပျက်ကာလတွင် မဟာသူကြွယ်ကြီးများ၏ သာဓုခေါ်ဖွယ် လုပ်ရပ်များကလည်း မှုဒိတာပွားစရာပင်။ RAND O' DONNEL သည် နိုင်ငံအကျိုးပြုခေါင်းဆောင်ဖြစ်၏။ သူသည် "စကာဂျစ်" ခရိုင်မှ လူမှုရေးလိုအပ်ချက် ဖြည့်ဆည်းဆောင်ရွက်သည့် အသင်းအတွက် တစ်ဦးလျှင် "တစ်" ပဲနိသာ လှူဒါန်းပါရန် စည်းရုံးလှုံ့ဆော်ခဲ့၏။ (မှတ်ချက်-တစ်ပေါင်=ပဲနိ ၁၀၀=၀.၆၃ ဒေါ်လာ)

ဒေါ်လာ တစ်သန်းအလှူခံရရှိက "THE NORTH COAST CREDIT UNION" ဘဏ်၌အပ်နှံပြီး အတိုးဒေါ်လာ (၂၀၀၀၀) ကို လိုအပ်သလို အသုံးပြု၏။ သန်းပေါင်းများစွာ အလှူငွေရရှိ၍ အတိုးလည်း များစွာရရှိ၏။ ယင်းအတိုးငွေများဖြင့် "စကာဂျစ်" ခရိုင်ရှိ ဆင်းရဲသားများ အရေးပေါ်လိုအပ်နေသော အစားအသောက်၊ အဝတ်အထည်၊ သယ်ယူပို့ဆောင်ရေးနှင့် အထွေထွေလိုအပ်ချက်များကို ဖြည့်ဆည်းပေး၏။ လူတိုင်းလှူဒါန်းနိုင်သော ငွေကြေးပမာဏဖြစ်ပြီး အများအကျိုး ဆောင်ရွက်ရန်အတွက် ထိရောက်မှုရှိ၏။

လူမှုရေးဒုက္ခများကို ကယ်တင်လိုသူများလည်း ကမ္ဘာအနှံ့တွင်ရှိနေ၏။ တရုတ်မဟာသူဌေးကြီး ဘီလျံနာ "CHEN GUANG-

BIAO" ကလည်း ဒုက္ခများမြောင် လူတို့ဘောင်ကို မမြင်တွေ့လိုပါ။ ဒုက္ခသည်များကို တစ်နိုင်တစ်ပိုင် ကူညီရလျှင် ကောင်းမည်လော၊ သို့မဟုတ် မဟာသူကြွယ်ကြီးများနှင့် ပူးပေါင်း၍ကူညီရလျှင် ကောင်းမည်လောဟု တွေးဆခဲ့၏။ သို့မို့ကြောင့် "ချန်" သည် အမေရိကန်နိုင်ငံရောက်ခိုက် တွေ့ဆုံမိတ်ဆွေဖြစ်ခဲ့သော သူကြွယ်ကြီး "ဘီ(လ)ဂိတ်"၊ "ဝါရင်းဘတ်ဖက်" နှင့်အခြားသူကြွယ် (၃၈) ဦးအားပီကင်းမြို့၌ သူကိုယ်တိုင်ဦးစီးကျင်းပသည့် "အလှူရေစက် လက်နှင့်မကွာ" အမည်ပေးထားသော ညစာစားပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့၏။

ဒုက္ခရောက်နေသော ကမ္ဘာသူ၊ ကမ္ဘာသားများအား သူကြွယ်ကြီးများက သူတို့ကွယ်လွန်လျှင် သူတို့ပိုင်ပစ္စည်းဥစ္စာတစ်ဝက်ကို လှူဒါန်းရန် ကတိထားသည်ကို အတည်ပြုရန်ဖြစ်၏။ လူဦးရေများပြားသော အိန္ဒိယနိုင်ငံတွင် ဆင်းရဲသားနှင့် ချမ်းသာသူများကား မိုးနှင့်မြေပမာကွာခြား၏။ ချမ်းသာသူများကို လက်ချိုးရေတွက်နိုင်သော်လည်း၊ ဆင်းရဲသားများက အနမတဂ္ဂပင်။ စေတနာရှင် DATA-WIND အဖွဲ့မှ (၄၅) ဒေါ်လာတန် "AAKASH" ခေါ် ဟင်ဒူဘာသာဖြင့် "မိုးကောင်းကင်" ဟုခေါ်ဆိုသည့် ကွန်ပျူတာအသေးစား "TABLET" များကို ထုတ်လုပ်၍ ဆင်းရဲသားများအား ပံ့ပိုးခဲ့၏။ အစိုးရ၏ပံ့ပိုးမှုဖြင့် ကျောင်းသားနှင့် ဆရာ၊ ဆရာမများကို (၃၅) ဒေါ်လာဖြင့် ရောင်းချပေး၏။ အမေရိကန်မှ ဈေးအပေါဆုံး APPLE i PAD TABLET သည် (၄၉၉) ဒေါ်လာဖြစ်ပြီး၊ KINDLE FIRE TABLET သည် (၁၉၉) ဒေါ်လာဖြစ်၏။ ဈေးနှုန်းများကိုနှိုင်းယှဉ်ကြည့်က စေတနာ၏တန်ဖိုးကို သိနိုင်၏။ "ဒေတာဝင်း" အဖွဲ့၏ အဆိုအရ "အာကက်(ရှ)တက်ဗလက်" လုံးရေ တစ်သိန်းကိုလစဉ်

ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သိရ၏။ သန်း (၂၂၀) ခန့်ရှိသော အိန္ဒိယကလေးပရိသတ်အတွက် တတ်နိုင်သမျှ အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

တစ်ဖန် "မက်ဆာချူးဆက်" စက်မှုတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ ပရော်ဖက်ဆာ "NICHOLAS NEGROPONTE" သည် သူတီထွင်ထားသော ဒေါ်လာတစ်ရာတန် နမူနာလက်ဆွဲကွန်ပျူတာတစ်လုံးကို ပြသပြီး "ကလေးတစ်ဦးလျှင် ကွန်ပျူတာတစ်လုံးပိုင်ရမည်" (ONE LAPTOP PER CHILD)ဟူသောဆောင်ပုဒ်ကို လက်တွေ့အကောင်အထည်ဖော်ခဲ့၏။ ယင်းကိစ္စကို သူကိုယ်တိုင် ကုလသမဂ္ဂ အဆောက်အအုံ၌ ရှင်းပြခဲ့၏။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများရှိ ကလေးငယ်များအတွက် တန်ဖိုးနည်းကွန်ပျူတာများကို အမြတ်မတင်ဘဲ ရောင်းချခြင်းဖြင့် ဈေးကွက်သစ်တစ်မျိုး ပေါ်ပေါက်လာမည်ဟုဆို၏။ အစိမ်းနှင့်အဖြူရောင် တွဲဖက်၍ ဖန်တီးထားသော အသေးစား "XO" ကွန်ပျူတာများကို ဥရုဂွေး၊ အာဂျင်တီးနား၊ ဘရာဇီး၊ ပါကစ္စတန်၊ ယိုးဒယား၊ နိုင်ဂျီးရီးယားနှင့် လစ်ဗျားနိုင်ငံများက သူတို့နိုင်ငံမှ ဆင်းရဲသားများအတွက် ဝယ်ယူရန် ကမ်းလှမ်းထား၏။

ယင်းလုပ်ရပ်သည် ကွန်ပျူတာကို လူတိုင်းဝယ်ယူသုံးစွဲနိုင်ရန် နည်းပညာကျွမ်းကျင်သူများ ပေါ်ပေါက်လာရန်ပင်။ အင်တာနက်ဆက်သွယ်မှု လျင်မြန်ပြီး ပြောဆိုဆက်သွယ်မှု ကြည်လင်ပီသရန်လို၏။ သို့သော် ဗဟုသုတ အထွေထွေနှင့် ဘာသာရပ်ဆိုင်ရာတို့ကို ဝက်(ဘ)ဆိုက်တွင် အင်္ဂလိပ်လို ရေးသားထား၍ ဖတ်မှတ်တတ်ရန်လို၏။ ယနေ့ မြန်မာနိုင်ငံတွင် အင်္ဂလိပ်စာ တတ်မြောက်ရန်နိုင်ငံခြားမှ လာရောက်ဖွင့်လှစ်သော ကျောင်းများရှိနေပါပြီ။ ကျောင်းလခကို ဒေါ်လာဖြင့်ပေးရပါသည်။ သို့ဆိုက ဆင်းရဲသား၊ လက်လုပ်

လက်စားများ အင်္ဂလိပ်စာတတ်ရန် မဖြစ်နိုင်တော့ပြီလော။ ငွေရှိသူသာ ပညာတတ်များဖြစ်ပြီး ဆင်းရဲသူများကား "နင်းပြား" ဘဝမှ လွတ်လမ်းမရှိသည့် သဘောဆောင်နေ၏။ သို့သော် သက်ဆိုင်ရာမှ ဆောင်ရွက်နိုင်သည်မှာ အစိုးရကျောင်းများတွင် အင်္ဂလိပ်စာ တတ်ကျွမ်းသူပညာရှင်များက တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ်၊ စေတနာလုပ်အားပေးခြင်းဖြင့် ကျောင်းသားများ အင်္ဂလိပ်စာ တော်လာနိုင်ပါသည်။ အချို့မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများ၌ နိုင်ငံရပ်ခြား ဘာသာမျိုးစုံကို အခမဲ့သင်ကြားပေးလျက်ရှိပါသည်။ သာဓုခေါ်စရာပါ။ စေတနာဆရာများ ပေါ်လာမည်ဟုလည်း ယုံကြည်ပါသည်။

တစ်ဖန် အင်တာနက်ဝက်(ဘ)ဆိုက်တွင် မြန်မာစာဖြင့် ရေးသားထားသည့် ဘာသာရပ်ဆိုင်ရာ ပညာပေးအစီအစဉ်များ ပေါ်ပေါက်ပါစေဟုလည်း ဆုတောင်းမိပါသည်။ သို့သော် လက်တွေ့တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ဘာသာရပ်နည်းပညာမျိုးစုံပါဝင်သော အကြောင်းအရာများကို နားလည်ရန်သာ အစွမ်းကုန်ကြိုးစားကြရပါမည်။ နေရိပ်ထဲ၌နေချင်လျှင် နေပူထဲကိုတော့ ဖြတ်လျှောက်ရပါမည်။ ပညာတတ်များ ပေါများလာလျှင် လုပ်ငန်းနှင့်ပတ်သက်သော အခွင့်အရေးများ ပေါ်ပေါက်လာပြီး ဆင်းရဲမှု၏ ကွာခြားခြင်းလည်းများစွာ ရှိတော့မည်မဟုတ်ပါ။ အဓိကမှာ စာဖတ်လျှင် စာတတ်မည်။ စာတတ်လျှင် နိုင်ငံအကျိုးကို တစ်နည်းနည်းဖြင့် သယ်ပိုးနိုင်၏။ ကိုယ်လည်းအကျိုးရှိ နိုင်ငံလည်းအကျိုးရှိသည့် လုပ်ရပ်ပင်။

REF : SOME (72) MILLION LIVING AS REFUGEES AROUND GLOBE IN 2011: RED CROSS AND UPDATE OTHER INTERNET NEWS.

# ရှေးဟောင်းပစ္စည်းနှင့် အနုပညာပစ္စည်းများ ဝယ်မည်ကြံလျှင်



မြန်မာတို့သည် စီးပွားရေးမျက်စိပွင့်လာပြီးဖြစ်၍ ယခုအချိန်တွင် ကမ္ဘာ့အနှံ့အပြားသို့ ခြေဆန့်လျက်ရှိနေပါပြီ။ ထို့ပြင် စီးပွားဖြစ်အနုပညာပစ္စည်းများကို ကမ္ဘာ့အနှံ့မှ ဝယ်ယူရောင်းချနေသူများ ရှိနေသည်က မြန်မာကို ကမ္ဘာက သိစေသည့်အချက်ပင်။ တစ်ဖန် မြန်မာနိုင်ငံမှ ပုဂ္ဂလိကပန်းချီ၊ ပန်းပု အနုပညာပစ္စည်းများကို နိုင်ငံခြားသားများက တယုတယ ဒေါ်လာဖြင့် ဝယ်ယူစုဆောင်းနေကြသည်ကလည်း အားရစရာပင်။ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော မြန်မာ့ကျောက်စိမ်းအရောင်းပွဲတော်ကလည်း ကမ္ဘာ့စီးပွားရေးလောကတွင် ရေပန်းစားလျက်ရှိပါသည်။ ထို့အတူ အာရှတိုက်တစ်လွှားတွင်လည်း အနုပညာပစ္စည်းရောင်းချသည့် ပွဲတော်များ အများအပြားရှိပါသည်။ ဟောင်ကောင်တွင် အနုပညာပစ္စည်းများကို နှစ်စဉ်ရောင်းချသည့် (ART HK) နှင့် 'ခရစ်စတီး၊ ဟောင်ကောင်' ဆောင်းဦးပေါက်အနုပညာပစ္စည်းအရောင်းပွဲတော်တို့ရှိ၏။ နှစ်စဉ် မေလတွင် ကျင်းပလေ့ရှိပါသည်။

အချို့သော အနုပညာပစ္စည်းအရောင်းပွဲတော်များကား ဩစတြေးလျတိုက် 'မဲလ်ဘုန်း' မြို့တော်တွင် နှစ်စဉ် ဇူလိုင်လတွင်လည်းကောင်း၊ ကနေဒါနိုင်ငံ 'တိုရန်တိုမြို့၌ နှစ်စဉ် အောက်တိုဘာလ၌လည်းကောင်း

ကျင်းပလေ့ရှိ၏။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်များသည် ကမ္ဘာ့အနုပညာပစ္စည်းများကို နိုင်ငံရပ်ခြားမှ ဝယ်ယူစုဆောင်းလိုပါက သတိထား၍ အသိပွားရန်လိုအပ်ပါသည်။ သို့မဟုတ်က ကမ္ဘာ့လူလည်ကြီးများ၏သားကောင် ဖြစ်သွားနိုင်ပါသည်။ မြွေပါလည်းဆုံး၊ သားလည်းဆုံးသည့် ကိန်းဆိုက်နိုင်ပါသည်။ ထို့ကြောင့် အတွေ့အကြုံရှိ၍ ယင်းလုပ်ငန်း၌ ကျွမ်းကျင်သူ "ROSIE MILINE" ၏တင်ပြချက်ကို လေ့လာကြည့်ကြပါဟု တိုက်တွန်းပါရစေ။

'အဓိကမှာ သင့်ရင်ကိုခုန်စေသော အနုပညာပစ္စည်းမျိုးမဟုတ်လျှင် ဝယ်ယူရန်စိတ်မကူးပါနဲ့။ အနုပညာပစ္စည်းစုဆောင်းခြင်းဆိုသည်မှာ မိမိအသိဉာဏ်နှင့် စိတ်ခံစားမှုတို့ လိုက်လျောညီထွေရှိမှသာ ယင်းပစ္စည်းကို ဝယ်ယူသင့်ပါတယ်။ အနုပညာပစ္စည်းများကိုမြင်ရုံမျှဖြင့် သင့်ရင်ထဲတွင် ငြိမ့်ခနဲခံစားရက ဝယ်ယူလိုက်ပါ။ စိတ်ဓာတ်အတွက် ခွန်အားတစ်မျိုးလို့ မှတ်ယူရပါမယ်။ ထိုပစ္စည်းကို အရင်းအနှီးအတွက် ဝယ်ယူခြင်းဖြစ်က တစ်နေ့မဟုတ်တစ်နေ့ ဈေးအတက်အကျနှင့် ကြုံရမည်မုချပင်။ အနုပညာပစ္စည်းကို မြတ်နိုးလွန်း၍ ဝယ်ယူလိုက်ပါက ထိုအရာကို အရိပ်တကြည့်ကြည့် ငေးမောနေရသည်ထက် မည်သည့်နေရာမျှ ယင်းခံစားမှုမျိုးကို မပေးနိုင်ပါ' ဟု အသိပေးထားသူလည်းရှိ၏။

အထက်ပါ အကြံပြုချက်များကို စင်ကာပူရှိ "RED SEA GALLERY" ပိုင်ရှင်နှင့် အနုပညာပစ္စည်းအကဲဖြတ်သူ 'မစ္စတာခရစ်ချာချီ' က တင်ပြထားပါသည်။

အနုပညာပစ္စည်းတစ်ခုကို ဝယ်ယူမည်ကြံလျှင် ယင်းပစ္စည်းနှင့် ပတ်သက်သော ဗဟုသုတအဖြာဖြာ ကြိုတင်၍ လေ့လာထားရပါမည်။ ဤနေရာတွင် အတွေ့အကြုံသည် ခွန်အားတစ်မျိုးဖြစ်ပါသည်။ အတုအပကို ရှောင်နိုင်ရန် "LOUISA BUCK" နှင့် "JUDITH GREEN"တို့ ရေးသား

သော "THE CONTEMPORARY ART COLLECTOR'S HANDBOOK (ခေတ်ပြိုင်အနုပညာပစ္စည်းစုဆောင်းသူများလက်စွဲ)၊ "THE ART NEWS PAPER (အနုပညာသတင်းစာ)၊ "ART IN AMERICA" (အမေရိကန်နိုင်ငံမှအနုပညာ)၊ "FLASH ART" (လျှပ်တစ်ပြက်အနုပညာ) စသည့်စာအုပ်များကို ရှာဖွေလေ့လာထားသင့်ပါသည်။ အကယ်၍ အနုပညာရှင်တစ်ဦးအကြောင်း၊ သို့မဟုတ် အနုပညာပစ္စည်းတစ်ခု၏ လက်ရှိပေါက်ဈေးကိုသိရှိနားလည်လိုပါက 'အင်တာနက်၊ ဝက်(ဘ)ဆိုက်' တွင် ရှာဖွေလေ့လာနိုင်ကြောင်း ဖော်ပြထား၏။

အနုပညာပစ္စည်းကို ဝယ်ယူမည်ဆိုလျှင် ငွေကြေးပြည့်စုံပြီး၊ နောက်ခံသမိုင်းကြောင်းကောင်းသော ပြခန်းများမှသာ ဝယ်ယူသင့်ပါသည်။ အပြည်ပြည်ဆိုင်ရာပြပွဲများ၌ ပါဝင်ပြသသော ပြခန်းများသာဖြစ်သင့်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၊ လန်ဒန်မြို့တော်နှင့် ပြင်သစ်နိုင်ငံများရှိ နာမည်ရပြခန်းများမှသာ စိတ်ချစွာဝယ်ယူသင့်ကြောင်း လန်ဒန်ရှိ နာမည်ကျော် အနုပညာအတိုင်ပင်ခံ ANDERSON O'DAY က အကြံပြုထားပါသည်။

အနုပညာပြခန်းမှ ဝယ်ယူသည့်ပစ္စည်းအတွက် သင့်အား (Discount) လိုသည်ထက်ပို၍လျှော့ပေးလျှင် သတိထား၍ဝယ်ပါလေ။ ပိုင်ရှင်သည် ထိုပစ္စည်းပေါ်တွင် ဈေးအဆမတန် တင်ထား၍ ဖြစ်နိုင်ပါသည်။ နာမည်တစ်လုံးနှင့်နေသော အရောင်းပြခန်းများက သူတို့အနုပညာပစ္စည်းကို ၁၀%ခန့်သာ လျှော့ပေးလေ့ရှိ၍ပင်။ ထို့ကြောင့် ပြခန်းပိုင်ရှင်နှင့် 'ဒစ်(စ)ကောင့်' ကိစ္စကို အပြင်းအထန် မငြင်းခုံသင့်ပါ။ တစ်ဖန် သေးငယ်သော ပန်းချီကားတစ်ချပ်သည် ကြီးမားသောပန်းချီကားတစ်ချပ်ထက် ဈေးပေါမည်ဟု ပုံသေမမှတ်သင့်ပါ။ ပညာရှင်၏ လက်ရာ၊ အရည်အသွေးက အဓိကကျပါသည်။ ယင်းအနုပညာရှင်သည် ဂုဏ်ပြုဆုတံဆိပ် အမျိုးမျိုးရရှိထားသူသော်လည်းကောင်း၊ နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးက ထိုအနုပညာရှင်

၏လက်ရာကို အမြတ်တနိုး ဝယ်ယူစုဆောင်း၍သော်လည်းကောင်း၊ ဖြစ်နိုင်ပါသည်။ ယင်းဖြစ်ရပ်များကို အနုပညာ 'ကက်တလောက်' များတွင် ဖော်ပြထားပါသည်။

အကယ်၍ VINCENT VAN GOGH ၏ ပန်းချီကားတစ်ချပ်ကို 'ထိုင်း' ဈေးကွက်မှဝယ်ယူမိပါက မူရင်းကိုဝယ်ခဲ့သည်ဟု ကိုယ်ကထင်နေသော်လည်း သိမ်မွေ့သောပြဿနာမျိုးစုံရှိနိုင်၍ အထူးဂရုပြု၍ ဝယ်ယူသင့်ကြောင်း အကြံပေးလိုပါသည်။ 'နောက်ပေါက်သည့်ရွှေကြာပင်' ပြခန်းအချို့က 'ဗင်ဆင့်ဗန်ဂိုး' စတိုင်(လ)ရေးဆွဲထားသည့် ပုံဟုပြောရန် 'တွန့်' နေလေ့ရှိ၏။ ထိုအခါ အစစ်နှင့်လွဲ၍ အတုနှင့် တွဲခဲ့ရသည့်ဝါသနာရှင်များ ပေါ်လာတော့၏။

အထူးသတိပေးလိုသည်မှာ သင်တတ်နိုင်သော တန်ဖိုးကိုပေး၍ ပန်းချီကားကောင်းများကို ဝယ်ယူစုဆောင်းပါ။ ပန်းချီကားတစ်ကားတန်ဖိုးဖြင့် ပန်းချီကားနှစ်ကား ဝယ်ယူရရှိပါက အသိယှဉ်၍ သတိဝင်သင့်၏။ အနုပညာမမြောက်သော ပန်းချီကားများသာ ဖြစ်ရန်သေချာ၏။ 'ငှစ်' ကြီးများကလည်း အနီးလို ပုဂ္ဂိုလ်မျိုးကို မျှော်လင့်လေ့ရှိကြောင်း အမြဲသတိရနေပါ။

ငွေများများသုံး၍ အနုပညာပစ္စည်းများကို ဝယ်ယူစုဆောင်းကာ ရင်းနှီးမြှုပ်နှံလိုပါက ယုံကြည်ရသော လုပ်ငန်းအကြံပေးသူများအား အခကြေးငွေပေး၍ ငှားရမ်းလုပ်ဆောင်သင့်၏။ ထို့ပြင် ကော်မရှင်ကိုသာယူ၍ အနုပညာပစ္စည်းရောင်းချသူနှင့် လက်ဝါးရိုက်ထားသူများကို သတိထား၍ ကြည့်ရှောင်ပါ။

နာမည်ကြီးပြခန်းအချို့သည် ဝယ်ယူသူအဆင်ပြေရန် ဝန်ဆောင်မှုမျိုးစုံကို ဆောင်ရွက်၏။ ဝယ်ယူပြီးအနုပညာပစ္စည်းများကို သင်္ဘောဖြင့်လိုရာအရပ်သို့ တင်ပို့ပေး၏။ ဝင်ကုန်ထွက်ကုန်စာရွက်စာတမ်းများရရှိရေး၊ ပျက်စီးဆုံးရှုံးမှု အာမခံထားရှိရေးကိုလည်း ဆောင်ရွက်ပေး၏။ EXHIBIT-

ION AND FINE ART TRANSPORTERS (ICEFAT)က ယင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေး၏။

အထူးသဖြင့် နိုင်ငံပိုင်အမွေအနှစ်များဖြစ်သည့် ရှေးဟောင်းပစ္စည်းများဖြစ်၏။ ဟောင်းနွမ်းသောပစ္စည်းများဖြစ်၍ အတုလုပ်ရန်လွယ်ကူ၏။ နေရာအနှံ့အပြားတွင်၊ ခိုးတူးကြသူများလည်းပေါ၏။ ထို့ပြင် ရှေးဟောင်းပစ္စည်းများကို တိုင်းပြည်သို့ တင်သွင်းမှု၊ တိုင်းပြည်မှ ထုတ်ယူသွားမှုနှင့် ပတ်သက်၍ တိကျသော ဥပဒေများပြဋ္ဌာန်းထား၏။ ထို့ကြောင့် သတိနှင့် ဆောင်ရွက်ကြရန်၊ အာဆီယံယဉ်ကျေးမှုပြတိုက်မှ ညွှန်ကြားရေးမှူး DR. KENSON KWOKက နှိုးဆော်ထားပါသည်။

(၂၅-၂-၂၀၁၁) ရက်နေ့က ဟောင်ကောင်ရှိ 'ဆွတ်(ဒ်)ဘီလေလံခန်းမ' တွင် ရှေးဟောင်းပစ္စည်းအကြီးပြပွဲကို ကျင်းပခဲ့ပါသည်။ အာရှတိုက်ဆိုင်ရာ 'ဆွတ်(ဒ်)ဘီ' လေလံပွဲ၏ ဒုတိယဥက္ကဋ္ဌ "Nicolas Chow" က ရှေးဟောင်းပန်း၊ သစ်တော်သီးထည့်သည့် ကြွေဖြင့်ပြုလုပ်ထားသော ဇလုံနှင့် အဖုံးတို့ကို ကိုင်တွယ်ပြသ၍ ဓာတ်ပုံရိုက်ခံနေသောပုံဖြင့် ကြော်ငြာလေ့ရှိ၏။ ထိုဇလုံနှင့် အဖုံးတို့ကို ရောင်စုံပန်းပွင့်၊ ပန်းခင်းများဖြင့် တန်ဆာဆင်ထားပြီး ဒေါ်လာ (၅.၁)သန်းမှ ဒေါ်လာ(၇.၇)သန်းခန့် တန်ကြောင်း ခန့်မှန်းထားကြပါသည်။ အချို့ ရှေးဟောင်းပစ္စည်းများသည် ပညာရှင်များ၏ စစ်မှန်ကြောင်း ထောက်ခံချက်ပါရှိသော်လည်း အတုဖြစ်နေတတ်၏။ ထောက်ခံစာကို အတုလုပ်၍ပင်။

REF : HOW TO BUY ART ABROAD: BY ROSIE MILNE.

# အစွံထုတ် အပေါက်မြန် ကြော်ငြာဟန်



ယနေ့ကြော်ငြာ၏ တန်ဖိုးအား မြန်မာတို့သိရှိလာသည်ကို ကျေနပ်အားရမိ၏။ ကိုယ်ဖန်တီးသည့်ပစ္စည်းကို အကောင်းဆုံးဖြစ်အောင်လုပ်၍ ထိရောက်မှုရှိပြီး အကျိုးများစေကာ ပြည်သူလူထုသို့ အမြတ်အစွန်းအနည်းဆုံးဖြင့် ရောင်းချနိုင်လျှင် ယင်းပစ္စည်း "ပေါက်" မည်ပင်။ ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် လုပ်ရပ်ဖြစ်၍ သာဓုခေါ်ကြပါမည်။

တစ်ဖန် စွန့်ဦးတီထွင်သူများက သူတို့၏အတွေးများမှ ပေါ်ထွက်လာသည့် ကြော်ငြာကို ကမ္ဘာကြီးသို့ တင်ပြပုံမှာ "သူဌေးဖြစ်၊ ခွေးဖြစ်" ကြော်ငြာနည်းဟုပင် ခေါ်ထိုက်၏။ ကြောက်ခမန်းလိလိ (၂၃) ကားမြောက် "ဂျိမ်း(စ)ဘွန်း" ရုပ်ရှင်ကားကို အင်္ဂလန်နိုင်ငံတွင် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့က ပြသပါသည်။ ယင်းဇာတ်ကား၏ ရုပ်ရှင်ရွေ့ရတုသဘင်ပွဲနှင့် တိုက်ဆိုင်နေပါသည်။ စီးပွားရေးဆန်သော ကုန်ပစ္စည်းကြော်ငြာများကို တမေ့တမောပြသပြီး မိနစ် (၃၀) ခန့်ကြာမှ ပရိသတ်တို့ကြည့်လိုသည့် "SKY FALL" ရုပ်ရှင်ကိုကြည့်ရ၍ ရွှေပွဲလာတို့ စိတ်ပျက်ခဲ့ရကြောင်း "ဒေလီး၊ မေး(လ)" သတင်းစာကြီးက ရေးသားခဲ့ပါသည်။

ထောက်လှမ်းရေးသမား "ဂျိမ်း(စ)ဘွန်း" နှင့်ပတ်သက်သော ကြော်ငြာ (၅) မျိုးတွင် "HEINEKAN" ဘီယာ၊ "အိုမီဂါ" နာရီနှင့် "ဘွန်း" သုံးလေ့ရှိသည့် မုတ်ဆိတ်ရိတ်ပြီးနောက် ဖျန်းပက်ရသော "နံ့သာရည်" တို့ပါဝင်၏။ အဆိုတော် "ADELE" ၏အဖွင့်တေးကို မကြားရမီ ဇာတ်လိုက်ကျော် "ဒယ်နီရယ်ကရိတ်" ၏ လှုပ်ရှားမှုကိုပြသပြီး မြင်ကွင်းသည် သူ၏ လက်၌ပတ်ထားသော "အိုမီဂါ" လက်ပတ်နာရီပေါ်တွင် ပျံ့ဝဲနေ၏။ သို့မို့ကြောင့် ရှေ့ပွဲလာများက "အဒဲလီ" ၏အဖွင့်တေးသံ မကြားရမီပင် ကြော်ငြာဝင်နေ၍ စိတ်ပျက်မိကြောင်း သူတို့၏ "TWITTER" စာမျက်နှာတွင် ဖော်ပြခဲ့ကြပါသည်။

"ဒီလောက်များတဲ့ ကြော်ငြာတွေကို "စကိုင်းဖော" ရုပ်ရှင်မပြသမီ ကြိုပြနေလို့ "ဘွန်း" ရုပ်ရှင်ကားကိုကြည့်ရမှာ သိပ်စိတ်မဝင်စားတော့ဘူး" ဟု ဝေဖန်သူများလည်း ရှိပါသည်။ သူတို့သည် "စကိုင်းဖော" စတင်ပြသချိန်၌ စိတ်ပိန်ခဲ့ကြဟန်တူ၏။ ယခင်က "ဘွန်း" သည် တန်ဖိုးကြီးသော "MARTINI" အရက်ကို သောက်သုံးလေ့ရှိသော်လည်း ယခု "ဟန်နီကန်" ဘီယာကိုမော့ပြီး "SONY" ကုမ္ပဏီမှထုတ်သည့် အီလက်ထရောနစ်ပစ္စည်းများကို သုံးနေ၍ ရှေ့ပွဲလာတို့ "တစ်မျိုးကြီးပဲ ခံစားရကြောင်း ဝေဖန်ခဲ့ပါသည်။ "ဟန်နီကန်" ဘီယာနှင့် ပတ်သက်သော ကြော်ငြာများကို "ဒယ်နီရယ်ကရိတ်" ပါဝင်သော "CASINO ROYALE" နှင့် "QUANTUM OF SOLACE" တွင် ဖော်ပြရန် ညှိနှိုင်း၍ ပြသခဲ့ပြီးဖြစ်၏။ သို့သော် "စကိုင်းဖော" တွင် "ဘွန်း" ကိုယ်တိုင် "ဟန်နီကန်" ဘီယာကို သောက်ပြခဲ့၏။ ကြော်ငြာနည်းတစ်မျိုးပါ။ အဓိကမှာ ကိုယ့်ပစ္စည်း "ပေါက်" သွားဖို့ပင်။

စွန့်ဦးတီထွင် ကြော်ငြာရှင်များနှင့် "စကိုင်းဖော" ရုပ်ရှင်ကား ထုတ်လုပ်သူများ မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို အသေးစိတ် မသိရသော်လည်း သက်ဆိုင်သူများက ကြော်ငြာခအဖြစ် ပေါင်(၂၉) သန်းရရှိပါသည်။ ယင်းငွေပမာဏသည် "ဘွန်း" ရုပ်ရှင်ကား ထုတ်လုပ်မှု၏ ၃၃% ဖြစ်ကြောင်းသိရ၏။ (၂၁)ရာစု၏ နောက်ဆုံးပေါ် ကြော်ငြာနည်းတစ်မျိုးပါ။ ထိရောက်မှုရှိ၍သာ ပိုင်ရှင်များက သူတို့၏ ပစ္စည်းအတွက် ဤမျှအကုန်အကျခံခြင်းပင်။ တစ်ဖက်ကကြည့်လျှင် ကမ္ဘာ့ဈေးကွက်ကို ထိန်းချုပ်လိုက ငွေကြေးတွန့်တိုနေ၍ မဖြစ်ပါ။ အဓိကမှာ လူသားတို့အတွက် အကျိုးပြုသည့် ကုန်ပစ္စည်းများဖြစ်ပါက ကမ္ဘာကြီးက လက်ကမ်းကြိုဆိုနေမည် မဟုတ်လော။

"ဂျိမ်း(စ)ဘွန်း" ရုပ်ရှင် "ဒေါက်တာနိုး" သည် စုံထောက်ကြီး (၀၀၇)၏ ပထမဆုံးသော ဇာတ်လမ်းဖြစ်၏။ နှစ်(၅၀) ပင်ကြာညောင်းခဲ့ပါပြီ။ ရွှေရတုသဘင်ကိုပင် ကျင်းပခဲ့ပါသည်။ "ဂျိမ်း(စ)ဘွန်း" အမှတ်တရပစ္စည်း အမျိုးပေါင်း (၅၀) ကိုရောင်းချပြီး ရောင်းရငွေများကို "ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့် အခြားဆက်နွယ်နေသည့် အဖွဲ့အစည်းများအား လှူဒါန်းပါသည်။ အမှတ်တရပစ္စည်းများကို (၀၀၇) ရုပ်ရှင်ထုတ်လုပ်သည့် "EON" ကုမ္ပဏီက ပံ့ပိုးပါသည်။ (၅.၁၀.၂၀၁၂) ရက်နေ့က ကျင်းပသည့် "ကမ္ဘာ့ဂျိမ်း(စ)ဘွန်း" နေ့၌လန်ဒန်ရှိ ခရစ်စတီးရုံးတွင် လေလံပစ်ပါသည်။ ကြော်ငြာပေါက်သွား၍ ငွေကြေးသဲသဲလှုပ်ရရှိပါသည်။

ဖော်ပြပါပစ္စည်းများအနက် "စကိုင်းဖော" ဇာတ်ကားတွင် "ကရိတ်" မောင်းနှင်သည့် "အက်(စ) တန်မာတင်" ကား၏ အချိုး $\frac{1}{3}$ ရှိသည့် ပုံစံတူကားငယ်လည်းပါရှိပါသည်။ ထို့ပြင်

"QUANTUM OF SOLACE" ၌ "ကရိတ်" မောင်းနှင်သော (၂၀၀၈) ခုနှစ်ထုတ် တံခါးနှစ်ပေါက်ပါ "အက်(စ)တန်မာတင်" ကားကို ခရစ်စတီးလေလံပွဲ၌ ဒေါ်လာ (၃၈၉၀၀၀) ဖြင့် ရောင်းချနိုင်ခဲ့ပါသည်။ "ကာစီနိုရိုင်ရယ်" ဇာတ်ကားတွင် "ကရိတ်" ဝတ်ဆင်ခဲ့သည့် ဘောင်းဘီတို အပါအဝင်၊ ရေကူးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများကိုပေါင် (၄၄၅၀၀) ဖြင့် လေလံဆွဲသူပေါ်လာပါသည်။ "ဘွန်း" ဇာတ်ကားများတွင် စုံစမ်းထောက်လှမ်းရေးဌာနမှူး "M" (အမ်) အဖြစ် သရုပ်ဆောင်လေ့ရှိသူ "JUDI DENCH" ကထုတ်ဖော်ပြောကြားသည်မှာ "အဲ ဒီရေကူးဝတ်စုံတွေမှာ "ကရိတ်" ရဲ့အငွေ့အသက်တွေ ကျန်ရှိနေဆဲပါ။ လုံးဝလျှော်ဖွပ်သန့်စင်ထားခြင်း မရှိသေးလို့ပါဘဲဟူ၏။ အမွှမ်းတင်တတ်မှုသည်လည်း ကြော်ငြာအတွက်အားသာချက်ဟု ယူသော်ရကောင်း၏။

ဒုတိယတန်ဖိုးအကြီးဆုံး လေလံပွဲတွင် ပါဝင်သည့်ပစ္စည်းမှာ "စကိုင်းဖော" ရုပ်ရှင်ကားတွင် "ကရိတ်" ပတ်ထားသည့် "တိုက်တေနီယမ်" သတ္တုဖြင့်ဖန်တီးထားသော "အိုမီဂါ" လက်ပတ်နာရီဖြစ်ပါသည်။ လေလံပစ်သူများက လက်ပက်နာရီကို ပေါင် (၈၀၀၀) ခန့် ရရှိမည်ဟု မျှော်မှန်းထားသော်လည်း ပေါင် "၁၅၇၃၀၀" ဖြင့် အမည်မဖော်လိုသူ တစ်ဦးက ဝယ်ယူသွားပါသည်။ တစ်ဖန်ဗြိတိသျှအဆိုတော် "အဒဲလီ" ၏ လက်မှတ်ရေးထိုးထားသောမူရင်း "စကိုင်းဖော" ဇာတ်ဖွင့်သီချင်း တိပ်ခွေကို ရှေးယခင်က "ဂျိမ်း(စ) ဘွန်း" အဖြစ် သရုပ်ဆောင်ခဲ့သော မင်းသားကြီး "ရော်ဂျာမိုး" က လာရောက်ပေးလှူခဲ့ပါသည်။ ယင်းတိပ်ခွေကိုလည်း ပေါင် (၁၃၈၀၀) ဖြင့် လေလံပွဲ၌ အစွံထုတ်နိုင်ခဲ့ပါသည်။ "ဘွန်း" ဇာတ်ကားများနှင့် ပတ်သက်သည့် အမှတ်တရပစ္စည်း (၁၁) မျိုး

ရောင်းရငွေမှာ ပေါင် (၇၅၂၁၀၀)ဖြစ်၏။ ယင်းငွေများကို သက်ဆိုင်ရာ ရန်ပုံငွေလိုအပ်နေသည့် အဖွဲ့အစည်းများသို့ ပေးလှူခဲ့၏။ "ဘွန်း" ရုပ်ရှင်ကားများ "နှစ် (၅၀) မြောက် ရွှေရတုသဘင်" ကို အလှူ ဒါနပြုကြသူငါ အစီအစဉ်ဖြင့် အဓိပ္ပာယ်ရှိရှိ ကျင်းပခြင်းဖြစ်၍ သာဓုခေါ်အပ်ပါသည်။ တစ်နည်းအားဖြင့် တင်ပြရသော် "ကြော် ငြာ၏တန်ခိုး" ဟုဆိုပါရစေ။


"ဒယ်နီယယ်ကရိတ်" က သူပါဝင်သရုပ်ဆောင်သည့် "စကိုင်းဖော" ဇာတ်လမ်းအောင်မြင်မှု အကြီးအကျယ်ရသည်မှာ အဆိုတော် "ADELE" ၏ဇာတ်ဖွင့်တေးက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း ခံစားမိ၏။ ထုတ်လုပ်သူများကလည်း အဆိုတော် "အဒဲလီ" ၏ ဂီတတန်ဖိုးကို နားလည်၏။ လတ်တလော သူတို့ ကြော်ငြာခပေါင် (၂၉) သန်းရလိုက်၍ဖြစ်၏။ ကျေးဇူးတရား ကို နားလည်သော "ကရိတ်" က လွန်ခဲ့သော (၅) ပတ်ခန့်က မွေးဖွားသန့်စင်ခဲ့သော "အဒဲလီ" ၏ပထမသားငယ်နှင့် သူမထံသို့ "ကျေးဇူးကမ္ဘာ" ခရစ်စမတ်လက်ဆောင်" အထုပ်ကြီးကို ပေးပို့ခဲ့ ပါသည်။ "ကရိတ်" လက်ရေးဖြင့် ကိုယ်တိုင်လက်မှတ်ရေးထိုးထား သည့် ယင်းလက်ဆောင်ထုပ်ကြီးအကြောင်းကို "DAILY STAR" သတင်းစာက တစ်ခမ်းတစ်နား ဖော်ပြခဲ့ပါသည်။

ယင်းလက်ဆောင်ထုပ်ကြီးတွင် "စကိုင်းဖော" ဇာတ်ကား၌ "ကရိတ်" စီးနင်းသော "အက်(စ)တန် မာတင်" ပုံစံတူကားငယ် လေးနှင့် ဒီဇိုင်နာ "TOM FORD" တီထွင်ဆန်းသစ်ထားသော ကလေးကစားစရာ မျိုးစုံပါဝင်၏။ ထို့ပြင် တန်ဖိုးကြီးသော မှန်ပေါင် များ၌ ထည့်သွင်းထားသော ရုပ်ရှင်ဇာတ်ဝင်ခန်း ဓာတ်ပုံများ "မာတီ နီ" အရက်သောက်ရန် ဖန်ထည်ပစ္စည်းမျိုးစုံနှင့် "ကရိတ်"


ပတ်လေ့ရှိသည့် "အိုမီဂါ" လက်ပတ်နာရီ အသစ်တစ်လုံးတို့ပါဝင်၏။ အဓိကမှာ ကုန်ပစ္စည်းများကို ဆန်းသစ်သော၊ အကြံထိရောက်သော ကြော်ငြာမှုကြောင့် ဝင်ငွေသဲသဲလှုပ် ရရှိခြင်းဖြစ်၏။

အထူးသဖြင့် မြန်မာရုပ်/သံများ၌ ကြော်ငြာနေသည့် ကုန်ပစ္စည်းကြော်ငြာအချို့ကား အသံပိုင်းဆိုင်ရာ အားနည်း၍လော၊ သို့မဟုတ် စကားမပီမသ ပြောကြ၍လောမသိ။ ဆိုလိုရင်းကို သဘောမပေါက်ကြကြောင်း လူပြောများနေ၏။ အချို့ပြကွက်များသည် သရုပ်ဆောင်များ၏ လှုပ်ရှားမှုများနှင့် ကြော်ငြာသည့်ပစ္စည်း ပတ်သက်ဆက်စပ်မှု မရှိသည်ကိုလည်း တွေ့ရ၏။ ကြော်ငြာရှင်များသည် မိမိတို့ပစ္စည်းကို "ပေါက်" အောင်လုပ်လို၏။ သို့သော် ဤမျှငွေကြေး အကုန်အကျခံကာ ကိုယ့်ပစ္စည်း "မြောင်း" ထဲရောက်အောင် လုပ်နေကြသည်ဟု ခံစားရ၍ ရင်နာမိ၏။ အဟောသိကံ မဖြစ်သင့်ကြောင်း တင်ပြရင်း...။

REF: (30) MINS OF ADS BEFORE "SKY FALL" BEGINS AT THEATRES AND UPDATE OTHER INTERNET NEWS.



# အရှုံးဗလာ အမြတ်သေချာသည့် လုပ်ငန်းများ



လူနှင့်လူချင်း ပေါင်းသင်းဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး အပေးအယူမျှရန်လို၏။ မိမိရယူလိုသည်ကို အခြားသူများက ဖြည့်ဆည်းပေးစေလိုလျှင် သူတို့လိုအပ်သည်ကို မိမိကဦးစွာ ပေးဆပ်နိုင်အောင် ကြိုးစားရပါမည်။ အများအကျိုးဆောင်၊ ကိုယ့်အကျိုးအောင်သည့် လုပ်နည်းကိုင်ဟန်ပင်။ အရှုံးမရှိ မုချအောင်မြင်သော လုပ်ငန်းများကို လုပ်ကိုင်သူများကား ယင်းနည်းကို အသုံးပြုသူများတည်း။ ကမ္ဘာပေါ်တွင် ကြီးပွားရေးနည်းလမ်း အမြောက်အမြား ရှိသည့်အနက် တစ်ပါးသူတို့၏ လိုအပ်ချက်ကိုသိပြီး ဖြည့်ဆည်းပေးသည့်နည်းထက် ကောင်းသောနည်းသည်မရှိ။ နောက်ဆုံးပေါ် "WINDOW 8" ကို ထုတ်လုပ်သော "မိုက်ခရိုဆော့(ဖ)" ကုမ္ပဏီ၊ တိုယိုတာ၊ ဟွန်ဒါ၊ ဟွန်ဒိုင်းမော်တော်ကား ကုမ္ပဏီကြီးများ၊ HTC, SAMSUNG, HUAWEI လက်ကိုင်ဖုန်းစသော ကုမ္ပဏီကြီးများကား ယင်းနည်းကိုသုံး၍ အကျိုးခံစားနေကြရပါပြီ။ ယခုတင်ပြမည့် စီးပွားရေးလုပ်ငန်းကား လူအများက ဖြစ်နိုင်သည်ဟု ထင်ထားသည့် အတွေးတို့ထက်ပို၍ လုပ်နိုင်စွမ်းရှိကြောင်း ပြသသည့် သူမတူလုပ်ငန်းကြီး တစ်ခုအကြောင်း ဖြစ်ပါသည်။

## စံမတူလုပ်ငန်း

အင်္ဂလန်နိုင်ငံတွင် ဘုန်းမီးနေလ တောက်ပတော်မူခဲ့သော ဘုရင်ဧကရာဇ်ကြီးများ၊ ဆွေတော်မျိုးတော်များ၊ ထိပ်တန်းနိုင်ငံရေး ခေါင်းဆောင်များ၊ အနုပညာရှင်များ၊ တီထွင်သူများနှင့် မကောင်းဆိုးရွား လူသတ်သမားများကို တစ်စုတစ်ဝေးတည်းထားရှိရာ နေရာတစ်ခု ရှိ၏။ ထိုရုပ်ဝန်းကား "MADAME TUSSAUD WAXES MUSEUM" (မဒမ်တူးဆော့ဒ်၏ ဖယောင်းရုပ်တု ပြတိုက်ဖြစ်၏။) ကမ္ဘာကျော်ကြား ရှားမှရှားသည့်နေရာပင်။ ရုပ်ပိုင်းသျှတ္တရ ပညာရှင်များ အတွက် တန်ဖိုးမဖြတ်နိုင်သော သက်ရှိစာအုပ်ကြီးတစ်အုပ်ဟု ဆိုသော် ရကောင်း၏။

ပြတိုက်ကြီးကို (၁၇၆၁) ခုနှစ်က ပြင်သစ်ပြည်၌ ဖွင့်လှစ်ပြသခဲ့ရာမှ (၁၈၀၂) ခုနှစ်၌ အင်္ဂလန်နိုင်ငံသို့ ပြောင်းရွှေ့ပြသခဲ့၏။ ကမ္ဘာလှည့်ခရီးသွားများ တစ်ခုတ်တရ သွားရောက်ကြည့်ရှု လေ့လာသည့်နေရာတည်း။ လန်ဒန်မြို့တော် "မယ်ရီလီဘုန်းလမ်းမကြီး" ပေါ်ရှိ ကျယ်ဝန်းသော သုံးထပ်အဆောက်အအုံကြီးတွင် ဖွင့်လှစ်ထားရာ ကမ္ဘာအနှံ့မှလာရောက် လေ့လာသူများကား တစ်နှစ်လျှင် တစ်သိန်းခွဲခန့်ရှိ၏။ ပြတိုက်ကြီး၏ ဆောင်ပုဒ်ကား "ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများနှင့် တစ်ဒင်္ဂဆုံစည်းမှု အစီအစဉ်" ဖြစ်၏။ ကမ္ဘာသိပုဂ္ဂိုလ်ကြီးများကို လူတိုင်းကတွေ့သိလိုကြသည် မဟုတ်လော။

ပြခန်းကြီးကို ခင်းကျင်းထားပုံကလည်း သဘာဝကျလှပါဘိ "HEROES" ခေါ်" ရဲဝံ့သူများ၏ ကမ္ဘာ" ပြခန်းတွင်ကမ္ဘာကျော် လက်ဝှေ့ချုပ်ယံကြီး "မိုဟာမက်အလီ" က ပရိသတ်သို့နှုတ်ဆက်နေဟန် ရုပ်တုကြီးကား သက်ရှိတစ်ဦးပမာပင်။ ဝန်းကျင်၌ တိုးတိတ်ညင်သာသော "အလီ" အားချီးကျူးသံ (CATCH ME IF YOU

CAN) ခေါ် ‶မိအောင်ဖမ်းပေရော့″ ဆိုသည့် သီချင်းသံလေးက ဝဲပျံနေ၏။ ‶မဒမ်တူးဆော့ဒ်ရဲ့ လက်ရာမြောက်လှတဲ့ ‶မာရီလင်မွန်ရိုး″ ရုပ်တုဟာ ပရိသတ်ကြီးကို ညို့ယူဖမ်းစားနေတယ်လို့ ဆိုတာထက် ကရုဏာသက်အောင် သရုပ်ဆောင်နေရော့သလားဟု ထင်ရပါတယ်။ သူမရဲ့ အမူအရာကား လမ်းလျှောက်ရင်းလမ်းပျောက်နေသည့်ဟန်၊ စိတ်ဓာတ်ပြိုကွဲနေတဲ့သဏ္ဌာန်ပါ။ နောက်ခံတေးသွားနုနုလေးက ‶I AM THROUGH WITH LOVE″ ‶(အချစ်၌ပျော်ဝင်ခြင်း) ဆိုတဲ့အတွက် ကြားရသူတွေရဲ့ ရင်တွင်းမှာ လှုပ်ခတ်သွားကြောင်း သိရ၏″ ဟု TIME မဂ္ဂဇင်းက ချီးကျူးထား၏။

အဆိုတော် ‶အဲလ်ဗစ်ပရက်စလေ″ ၏ ရုပ်တုကြီးကို လူအုပ်ကြီးက စူးစူးရဲရဲ ကြည့်နေကြပုံကား အံ့သြလောက်၏။ သူသီဆိုထားသော ‶WOODEN HEART″ (ခံစား၍မရသော နှလုံးသား) သီချင်းက ပရိသတ်ကြီးကို လွှမ်းဆော်နေသလိုပင်။ ပျိုပျိုအိုအို ကျား၊ မ မရွေး သူ့အားမေတ္တာထားပုံမှာ တစ်မူထူး၏။ မြီးကောင်ပေါက်မလေးများကား ညှို့ဓာတ်မိနေသည့်အလား တစ်ရစ်ဝဲဝဲ၊ တဝဲလည်လည်။

ကမ္ဘာကျော်သူများတွင် ‶TWIGGY″ ဆိုသော ‶ပိန်ပိန်သွယ်သွယ် သစ်ကိုင်းခြောက်နှယ်″ ဟုဆိုရမည့် မော်ဒယ်လ်လေးလည်းပါ၏။ သူမကိုအားကျပြီး ဝသူများပိန်အောင်၊ ပိန်သူများသွယ်လျအောင် ပြုခဲ့ကြ၏။ အမျိုးသမီးအများစုသည် သူမကိုကြည့်ပြီး ပိန်ချင်စိတ်ပေါက်ခဲ့ကြ၏။ ‶THE TABLEAUX″ မည်သော နိပါတ်ပုံပြင်၊ ရာဇဝင်ကို ခင်းကျင်းပြသသောအခန်း၌ ‶SLEEPING BEAUTY″ ခေါ် ‶အိပ်ပျော်နေသော လှမိမယ်″ ကိုရှုစားနိုင်၏။ သူမ၏ ဖြူနုသောအသားစိုင်များကို ရွှေဝါရောင်ဆံကေသာများက ဖွဖွရွရွလေးနမ်းနေသည့်နှယ်၊ သူမ၏သွယ်လျသော ကိုယ်လုံးလေးက ဖြူဖွေး

သော ဓာအနားသတ် မွေ့ရာထက်တွင် အိပ်ပျော်နေရှာ၏။ သူမ၏ ရွှေရင်အစုံကား ညင်သာစွာခုန်လှုပ်နေ၏။ ခေတ်ပေါ်နည်းပညာဖြင့် ဖန်တီးထားခြင်းဖြစ်၏။ "THE HALL OF KINGS" (ဘုရင်မင်းတရားကြီးများ၏ ခန်းမ) တွင် "အဋ္ဌမမြောက် ဟင်နရီ" ဘုရင်ကြီးက သူ၏မိဖုရား (၆) ဦးကို ရှုတည်တည်ဖြင့် ကြည့်နေပုံကား အသက်ဝင်လှ၏။ သူသည် မင်းဆိုးမင်းညစ်တစ်ပါးပင်။ သူ၏ မိဖုရားကြီးများကို ငြီးငွေ့သောအခါ သူသည်ရက်စက်စွာ ရှင်းပစ်လေ့ရှိသောကြောင့်တည်း။

"CHAMBER OF HORRORS" ခေါ် "ကြောက်မက်ဖွယ် ခန်းမကျယ်" တွင် ပြင်သစ်ပြည်၌ အသုံးပြုသော "ဂီလိုတင်း" ခေါင်းဖြတ်စက်နှင့် သွေးစွန်းနေသော ဓားသွားကြီးကို ပြသထား၏။ ရာဇဝတ်သားများအား အကျဉ်းချလေ့ရှိသော မြေတိုက်ခန်းတွင် လျှပ်စစ်မီး၊ နီ၊ ပြာ၊ ခရမ်းရောင်တို့ဖြင့် လူတို့၏ စိတ်ဓာတ်ကို ချောက်ချားအောင် ဖန်တီးထား၏။ (၁၈၇၃) ခုနှစ်က ပါရှားပြည်မှ "ရှားဘုရင်ကြီး" သည် ယင်းပြခန်းသို့ ရောက်ရှိစဉ် "ဂီလိုတင်း" ခေါင်းဖြတ်စက်၏ လုပ်ဆောင်ပုံကို မျက်မြင်လေ့လာလို၍ နောက်တော်ပါတစ်ဦးအား ခေါင်းဖြတ်ခံရန် ညွှန်ကြားလိုက်၏။ သို့သော် ပြတိုက်ကြီးက ဘုရင်ကြီး၏ဆန္ဒကို မလိုက်လျောနိုင်ခဲ့။ ရာဇဝတ်ပြစ်မှုဖြစ်မှာစိုး၍ ဘုရင်ကြီးအား တောင်းပန်၍ လွှတ်လိုက်ရသောဟူ၏။ အံ့တစ်ပါးပင်။

ကမ္ဘာကျော် မည်သည့်ပုဂ္ဂိုလ်ကို သင်မြင်တွေ့လိုသနည်း

ထိုပြတိုက်တွင် "အဲလ်ဘတ်အိုင်စတိုင်း"၊ မာတင်လူသာကင်း၊ မဟာတ္တမဂန္ဒီကြီး၊ သမ္မတ အေဘရာဟင်လင်ကွန်း၊ သမ္မတ

အိုဘားမားနှင့် မီရှယ်အိုဘားမား၊ သမ္မတဘီ(လ)ကလင်တန်၊ သမ္မတကနေဒီနှင့် ဂျက်ကလင်းကနေဒီ၊ အဲလစ်ဇဘက် ဘုရင်မကြီးနှင့် လော့ဒ်စနိုဒင်၊ မင်းသမီးဒိုင်ယာနာ။ အိန္ဒိယရုပ်ရှင်မင်းသားကြီး အမိတာဘချန်းနှင့်ဇနီး၊ ချေးမအက်(ရှ) ဝါယာရှိုင်းဘချန်း၊ ရှာရွတ်ခန်း၊ ကရီနာကပူးရ်၊ မင်းသမီးကြီး မာရီလင်မွန်ရိုး၊ အဲလီးဇဘက်တေလာ၊ အဆိုတော် အေမီဝိုင်းဟောက်၊ အဲလဗစ်ပရက်စလေ၊ ချာလီချက်ပလင်၊ ဘီတယ်(လ)ဂီတအဖွဲ့ဝင် (၄) ဦးနှင့် အခြားသက်ရှိ နာမည်ကျော် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ အဆိုတော် အမျိုးသား၊ အမျိုးသမီးများ၏ ရုပ်လုံးများကို ပြသထား၏။ ကြည့်ရှုသူပရိသတ်ကား ဝင်လာမစဲ တသဲသဲပင်။ ဤမျှများပြားလှသော ရုပ်တုများအတွက် လုံခြုံရေးကလည်း အလွန်အရေးကြီး၏။ လက်ရာမြောက်အနုပညာပစ္စည်းများ ဖျက်ဆီးမှု၊ ခိုးယူမှုမခံရအောင် စောင့်ရှောက်ရသည့်ကိစ္စကား မလွယ်လှပါ။ ခေတ်ပေါ်အီလက်ထရောနစ် ပစ္စည်းများကို ဈေးကြီးပေး၍ သုံးစွဲကြရပါသည်။

## အမြတ်သေချာသည့်လုပ်ငန်း

ပြတိုက်လုပ်ငန်း သက်ဆိုးရှည်ရန်၊ ငွေကြေးပြည့်စုံမှ ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသည်များ၏ "ဧည့်ဝင်ကြေး" ဖြင့် ယခုအချိန်တွင် ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ ဖယောင်းရုပ်တုများကို လန်ဒန်မြို့၊ နယူးယောက်မြို့၊ ဝါရှင်တန်မြို့၊ လာဗေးဂတ်(စ)၊ အမ်စတာဒမ်၊ ရှန်ဟဲမြို့တော်ကြီးများရှိ "မဒမ်တူးဆော့ဒ်" ဖယောင်းပြတိုက်များတွင် တွေ့ရှိနိုင်ကြပါပြီ။


လူအမျိုးမျိုး၊ စိတ်အထွေထွေဟု အဆိုရှိ၏။ "ကြောက်မက်ဖွယ် ခန်းမကြီး" ၌ထားရှိသော ဖယောင်းရုပ်တုများ၏ မျက်နှာ၊

ပုံပန်းသဏ္ဍာန်များကား တစ်ဦးနှင့်တစ်ဦး မတူကြ။ သို့သော် ကြောက်စရာကောင်းပုံကား တစ်ပုံစံတည်းပင်။ ထိုသူများ သက်ရှိထင်ရှားရှိစဉ်က ရက်စက်ယုတ်မာခဲ့သလို ယခုတိုင် လန့်ထိတ်စဖွယ် အရိပ်အငွေ့များကို ခံစားမိကြောင်း လာရောက်ကြည့်ရှုသူ ပရိသတ်ကြီးက မှတ်တမ်းတင် ရေးသွင်းခဲ့ကြ၏။ ရက်စက်မှု၊ ကောက်ကျစ်မှု၊ ယုတ်မာမှုတို့ကို ယင်းဖယောင်းရုပ်လုံးများက ဖော်ပြနေကြ၍လော။ တွေးစရာပါ။ ထိုရောအခါ "မျက်နှာဘယ်လောက် ချိုချို၊ စိတ်ယုတ်မာလျှင် အလကား၊ စိတ်စင်ကြယ်မှ ပတ္တမြား" ဟူသော စကားကို ပြေး၍ သတိရလိုက်မိ၏။

REF : ILLUSTRATED GUIDE TO MADAME TUSSAUD WAXES MUSEUMS.


Tussauds
HOLLYWOOD

## သဘာဝဘေးအန္တရာယ်နှင့်
## တိရစ္ဆာန်တို့၏ဆဋ္ဌမအာရုံ



၂၀၁၁ ခုနှစ်အတွင်းက ဂျပန်နိုင်ငံသည် ပြင်းထန်သောဆူနာမီရေလှိုင်းဒဏ်ကို ခံခဲ့ရ၏။ နယူးဇီလန်နိုင်ငံတွင် ငလျင်ဒဏ်ကြောင့် အပျက်အစီးများ တောင်လိုပုံခဲ့၏။ ထို့အပြင် အာဖရိကဦးချိုနိုင်ငံများ (THE HORN OF AFRICA)တွင် အငတ်ဘေးဆိုက်ခဲ့၏။ တစ်ဖန် ဖီလစ်ပိုင်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများလည်း ရေကြီးမှုကို အလူးအလဲခံစားခဲ့ရ၏။ ယင်းဒုက္ခမျိုးစုံကို 'ကုလသမဂ္ဂ'၏ "THE CENTRAL EMERGENCY RESPONSE FUND" မှ ရန်ပုံငွေဖြင့် ကုစားခဲ့ရ၏။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ယင်းရန်ပုံငွေအဖွဲ့ကြီးသို့ ပေးဆပ်ရန်ရှိသော ငွေများကို တာဝန်ရှိသောနိုင်ငံများက လျစ်လျူရှုထားကြောင်း ယင်းအဖွဲ့ကြီး၏ အတွင်းရေးမှူး 'အန်ဒရူးမစ်ချယ်' က မီဒီယာများသို့ အသိပေးထားပါသည်။

ထိုစဉ် မိုးများ၍ မြေပြိုမှု၊ ဂေဟစနစ်ပျက်ပြားမှု၊ ပင်လယ်ရေတွင် ဓာတုဖြစ်စဉ် ပြောင်းလဲ၍ သန္တာကျောက်တန်းများပျက်စီးမှု၊ ရေမျက်နှာပြင်မြင့်တက်လာမှု၊ ရေထုပူနွေးလာ၍ ရေအရည်အသွေး(PH)အဆင့် လျော့နည်းကာ ရေနေသတ္တဝါတို့၏ပေါက်ဖွားမှုနှုန်း ထိခိုက်လာမှုများ ဖြစ်ပေါ်လာပြန်သည်။ အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံများ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရန် အလားအလာရှိကြောင်း ဩစတြေး

လျှနိုင်ငံမှ သိပ္ပံပညာရှင်များက "THE AGE" သတင်းစာအား သတင်းပို့ထားပါသည်။

တစ်ဖန် 'အင်ဒီးယန်နှင့်စွန်ဒ' မည်သော ဧရာမကျောက်ဖျာကြီးများသည် ဘင်္ဂလားပင်လယ်အော် အရှေ့ဘက်ခြမ်း၌ တည်ရှိရာ ယင်းတို့၏လှုပ်ရှားမှုကြောင့် ငလျင်ကြီးများ၊ စူနာမီလှိုင်းလုံးကြီးများသည် အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြန်မာနှင့် ဘင်္ဂလားဒေ့(ရှ်)နိုင်ငံတို့တွင် ဖြစ်ပေါ်နိုင်ကြောင်း ဩစတြေးလျမှ သိပ္ပံပညာရှင်ကြီး 'ဖီး(လ)ကမ်းမင်း' ကလည်း "THE JOURNAL NATURE" တွင် ရေးသားထားပါသည်။

## တိရစ္ဆာန်များနှင့် ဆဋ္ဌမအာရုံ

ထိုအနိဋ္ဌာရုံဖြစ်ရပ်များနှင့် ပတ်သက်၍ တရုတ်ပြည်ရှိ လျှောင်နင်ပြည်နယ်မှ သဘာဝဘေးအန္တရာယ် စောင့်ကြည့်လေ့လာရေးဌာနတွင် အိမ်မွေးတိရစ္ဆာန်လေးများကို မွေးမြူထားပါသည်။ ဖူကျူးပြည်နယ်ရှိ 'ဖူကျူး' မြေငလျင်တိုင်းတာရေးစခန်းတွင်လည်း နို့တိုက်တိရစ္ဆာန်ငယ်များ၊ တွားသွားတိရစ္ဆာန်လေးများ၊ ရွှေငါးနှင့် ကြက်၊ ငှက်မျိုးစုံအကောင်(၃၀)ခန့်ကို မွေးမြူထား၏။ တာဝန်ရှိသူများက တိရစ္ဆာန်လေးများ၏ ထူးခြားသောအပြုအမူ၊ အနေအထိုင်၊ အစားအသောက်များကို လေ့လာ၍ သဘာဝဘေးအန္တရာယ်များကျရောက်မည်ကို ခန့်မှန်းနိုင်ကြောင်း ဆိုပါသည်။ အဆင့်မြင့်နည်းပညာရပ်တို့ဖြင့် ဖန်တီးထားသော အန္တရာယ်အချက်ပေးစက်ကိရိယာများပင် တစ်ခါတစ်ရံ 'တိရစ္ဆာန်များ၏ ဆဋ္ဌမအာရုံ' ကို လိုက်၍မမီကြောင်း ဝန်ခံထားပါသည်။ ရုရှားနိုင်ငံတွင် 'ချာနိုဘိုင်း(လ)' နျူးကလီးယားဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ချိန်က အိမ်နီးချင်း ပိုလန်နိုင်ငံက လုံးဝမသိပါ။ သို့သော် ထိုနေ့တွင် ပိုလန်ရှိ ပျားကောင်လေးများက သူတို့ဦးတည်ရာအရပ်မှ 'တပ်ခေါက်'

ပြန်လာပြီး ပျားအုံထဲ၌ ရက်ပေါင်းများစွာ ခိုအောင်းနေခဲ့ကြပါသည်။ ထူးခြားဖြစ်စဉ်ပါ။ နှစ်ရက်ခန့်ကြာမှ နိုင်ငံအနှံ့ဖွင့်လှစ်ထားသော အလို အလျောက် 'နှူ' သတင်းပေးပို့သည့်ဌာများက သက်ဆိုင်ရာသို့ သတင်း ပေးပို့ကြပါသည်။

၁၉၇၅ ခုနှစ်က တရုတ်နိုင်ငံ၊ ဟိုင်ချန်ဒေသ၌ ငလျင်ကြီးမလှုပ်မီ မြွေများသည် ၄င်းတို့နေထိုင်ရာတွင်းများမှ ထွက်လာသည်ကို လူများက သတိပြုမိကြ၏။ ၂၀၀၉ ခုနှစ်က အီတလီနိုင်ငံ၏ L'AQUILA မြို့ရှိ ရေအိုင်များ၌ကျက်စားသော ဖားသတ္တဝါများသည် ငလျင်မလှုပ်မီ လူသွား လမ်းများပေါ်သို့ အစုလိုက်အပြုံလိုက် တက်လာကြပါသည်။ မြေအောက်ရှိ ရေထုအတွင်း ဓာတုဖြစ်စဉ်ပြောင်းလဲမှုကို ကြိုတင်ခံစားနိုင်၍ဖြစ်ကြောင်း ပညာရှင်များက ဆိုပါသည်။

တိရစ္ဆာန် 'ဂုရု' လေး နှစ်ကောင်အကြောင်းကိုလည်း အကြောင်း တိုက်ဆိုင်၍ တင်ပြပါမည်။ 'ပေါ(လ)' ဆိုသော ရေဘဝဲကောင်လေးသည် ကမ္ဘာ့ဘောလုံးပွဲတွင် မည်သည့်အသင်းနိုင်မည်ကို အမှန်အကန်ဟောကြား ခဲ့၏။ ဘောလုံးဝါသနာရှင်တိုင်း မှတ်မိနေမှာပါ။ မျက်လုံးစွေနေသော 'ဟေဒီ'ခေါ် သစ်ပင်နေ သားပိုက်ကောင်လေးကလည်း ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလက ဟောလီးဝုဒ်တွင် အော်စကာဆုရမည့်ရုပ်ရှင်ကားနှင့် အနုပညာရှင်များကို အမှန်အကန်နိမိတ်ပေးခဲ့သည်ကိုလည်း ရုပ်ရှင်ချစ် ပရိသတ်ကြီး မေ့နိုင်မည်မဟုတ်ပါ။

## အသက်သခင် ကျေးဇူးရှင်လေးများ

ယနေ့ခေတ်ပေါ် အီလက်ထရောနစ်ပစ္စည်းများထက် လူနှင့်နီးစပ် သော တိရစ္ဆာန်ငယ်လေးများကို စောင့်ကြည့်လေ့လာခြင်းဖြင့် သူတို့၏ 'ကြိုတင်နိမိတ်ပြမှု'ကို အားထားသင့်ကြောင်း ဗိုလ်မှူးကြီး 'အေအီးပိုဝယ်'

ဆိုသူက သူ၏မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

ပြင်သစ်ပြည် 'အိုလင်း(စ)ဗီး(လ)'မြို့မှ လူတစ်ဦးသည် 'ခိုများကို လှောင်အိမ်၌ထည့်၍ မွေးထားရာ တစ်နေ့ နံနက် ၁ နာရီခန့်တွင် 'ခို' များက အတောင်ပံများကို တဖျပ်ဖျပ်ရိုက်ခတ်၍ စူးရှသောအော်ညည်းသံများပြုရာ အိပ်မောကျနေသူများ လန့်နိုးသွား၏။ ခဏကြာသော်တော်လည်းသံကြီးကို ကျွန်တော်ကြားရ၍ အိပ်ရာမှလန့်နိုးလာသော ဇနီးနှင့်ကလေးများကိုဆွဲကာ အိမ်ထဲမှ ပြေးထွက်နိုင်ခဲ့ပါသည်။ မိသားစု အထိအခိုက်မရှိသော်လည်း အိမ်ကြီးကားမြေပေါ်သို့ လုံးဝပြိုကျသွားခဲ့ပါသည်။ ဘုရားသခင်ရဲ့ စောင့်ရှောက်မှုကြောင့်ပါ။

ကျွန်တော်တို့အရပ်ထဲက 'ကော်စတာ' မိသားစုမှာ နွားမတစ်ကောင်ရှိပါသည်။ တစ်နေ့ နွားမလေးဟာ 'ဘွတ်အဲ' သံမစဲ အော်မြည်ပြီးသူမရဲ့သားငယ်နွားပေါက်လေးကို ခေါ်နေဟန်တူ၏။ နွားမကြီးသည်အကြောက်အကန်ရုန်း၍ ချည်ထားသော ခေါင်းပိုင်းမှ ကြိုးပြတ်သွား၏။ ထို့နောက် သူမသည် သားငယ်နွားသားပေါက်လေးကို ဦးဆောင်ကာအတန်ငယ်ဝေးသော လယ်တဲတစ်လုံးသို့ ထွက်ပြေးသွားကြ၏။ မကြာပါ ငလျင်ဒဏ်ကြောင့် နွားမိသားစုမွေးထားသည့် အဆောက်အအုံလေးမြေပေါ်သို့ ပြိုကျသွားပါသည်။

တစ်ခါက ယဉ်ကျေးလိမ္မာသော ခွေးနက်လေးတစ်ကောင်သည် မရပ်မနားအူနေ၍ သခင်က ရိုက်နှက်နေသည့်ကြားမှ ဆက်လက်၍အူနေခဲ့ပါသည်။ ရိုက်လေ အူလေဖြစ်နေ၍ မကောင်းဆိုးရွားကပ်နေသည်ထင်ပြီး လယ်သမားကြီးက သူ၏ခွေငယ်အား စိတ်မချ၍ ညပိုင်းတွင် သူ့အိပ်ရာဘေး၌ အိပ်စေခဲ့ပါသည်။ မကြာမီ လယ်သမားကြီးပေါ်သို့ လယ်တဲကြီးပြိုကျခဲ့ပါသည်။ ခွေးနက်လေးကို မည်သည့်နေရာတွင်မျှ ရှာ၍မတွေ့တော့ပါဟု ဗိုလ်မှူးကြီးက မှတ်တမ်းတင်ခဲ့ပါသည်။

၁၉၇၅ ခုနှစ်ဝန်းကျင်က အောက်မြန်မာနိုင်ငံကို လေပြင်းမုန်တိုင်း မွှေသွားခဲ့၏။ ရန်ကုန်မြို့တွင် ထိုစဉ်က 'ရွှေငါး' မွေးသည့်ရောဂါထချိန် ဖြစ်ပါသည်။ တစ်နေ့တွင် ရွှေငါးများ ရေထဲ၌ ဂနာမငြိမ်သွားလာလှုပ်ရှားနေ သည်ကို တရုတ်တန်းလူထုက ပို၍ သတိထားမိပါသည်။ မကြာမီ လေပြင်းမုန်တိုင်းတိုက်ခတ်ရာ ဂိုဒေါင်များ၊ အဆောက်အအုံများနှင့် လုပ်ငန်း မျိုးစုံ ပျက်စီးခဲ့၏။ ရန်ကုန်မြို့တွင်းမှ သင်္ဘောငယ်လေးများနှင့် သမ္ဗန်များ ကုန်းပေါ်သို့ ရောက်ရှိခဲ့သည်။

သဘာဝလောကကြီးကား ဆန်းကြယ်လှ၏။ တစ်ဖက်ကကြည့်ပါ က သဘာဝတရားက တိရစ္ဆာန်များအား (HANDICAP) အသာပေး၊ အကြောပေးထားသည့်သဘောဟု ဆိုနိုင်၏။ သပိတ်လွယ်ငှက်သည် မြေအောက်၌တွားသွားနေသော တီကောင်တို့၏အသံကို ကြားနိုင်ကြောင်းသိ ရ၏။ အမေရိကတိုက်၊ အပူပိုင်းဒေသရှိ အသေးစား "PIRANHA" 'ပီရန်ဟာ' ငါးသည် (၁၅)မိုင်အကွာအဝေးမှ သွေးညှီနံ့ကို ခံစားသိရှိနိုင်ပြီး ယင်းနေရာသို့ အရောက်သွားနိုင်စွမ်းရှိကြောင်း သိရ၏။ တိရစ္ဆာန်တို့၏ ဆဋ္ဌမအာရုံကား စွမ်းရည်မြင့်မားလှပါဘိ။ ပြော၍မယုံ၊ ကြုံဖူးမှသိမည်ပင်။

REF : WORLD "DANGEROUSLY UNPREPARED" FOR FUTURE DISASTERS AND OTHER UPDATE INTERNET NEWS.

# မြန်မာ့ငလျင်နှင့် ကမ္ဘာ့အမြင်





ငလျင်လှုပ်သည်ကို ရင်သိမ့်တုန် ခံစားရသည့်အခါလည်း ရှိ၏။ တစ်ခါတစ်ရံ ငလျင်လှုပ်သည်ကို လုံးဝမသိလိုက်သည့် အကြိမ်များလည်း ရှိသည်ပင်။ နှစ်စဉ်နှစ်တိုင်း အကြိမ်ပေါင်းများစွာ ငလျင်လှုပ်လေ့ရှိ၏။ သို့သော် လှုပ်မှန်းပင်မသိကြ။ မသိမသာ လှုပ်ခတ်၍ပင်။ ငလျင် (၅) ကြိမ်လှုပ်လျှင် (၁) ကြိမ်ခန့်သာ လှုပ်မှန်းသိနိုင်၏။ အကြိမ် (၅၀၀) တွင် (၁) ကြိမ်ခန့်သာ သတ္တဝါနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးနိုင်ကြောင်း သိရ၏။ ကမ္ဘာ့အပေါ်ယံလွှာမြေထုသည် အလွန်ကြီးမားသော ပြတ်ရွေ့ကြောကြီးများပေါ်တွင် ဖြစ်တည်နေ၏။ ရောမကျောက်ဖျာ၊ ကျောက်ချပ်ကြီးများနှင့် တူ၏။ ကျောက်ချပ်ကြီးများသည် တစ်နေရာမှ တစ်နေရာသို့ အလွန်နှေးကွေးစွာ အမြဲရွေ့လျားနေကြ၏။ ပြတ်ရွေ့ကြောကြီးများ တစ်ခုနှင့်တစ်ခု အရှိန်အဟုန်ဖြင့် ထိခိုက်မိခြင်း၊ တစ်ခုနှင့်တစ်ခု အင်အားအပြည့်ဖြင့် ဆန့်ကျင်တွန်းကန်ခြင်းတို့ကြောင့် ငလျင်လှုပ်သည်ဟု အမည်တပ်ခဲ့ကြ၏။ ကယ်လီဖိုးနီးယားပြည်နယ် တစ်လျှောက်၌ တည်ရှိသည့် ''SAN ANDREAS FAULT'' ပြတ်ရွေ့ကြောကြီးများ တစ်ချပ်နှင့်တစ်ချပ် အားပြိုင်လှုပ်ခတ်မှုကြောင့် ငလျင် မကြာခဏလှုပ်လေ့ရှိ

ပါသည်။ လျှင်ပြင်းအားကို "MAGNITUDE" ဟုခေါ်ပြီး ပြင်းအားကို "SEISMOGRAPH" ခေါ် ကိရိယာဖြင့် တိုင်းထွာ၍ "RICHTER SCALE" ဖြင့် အမှတ်စဉ်တပ်၍ ဖော်ပြလေ့ ရှိ၏။ "ရစ်(ချ်)တာ စကေး" တွင် သုညအမှတ်မှ အမှတ်စဉ် (၈) အထက်ထိ ဖော်ပြလေ့ ရှိပါသည်။ အမှတ်တစ်ခုနှင့် တစ်ခုသည် "ပြင်းအား" (၁၀)ဆ ကွာခြား၏။ လျှင်ပြင်းအား အမှတ် (၆) သည် အမှတ် (၅) ထက် (၁၀)ဆ ပြင်းထန်ပြီး အမှတ် (၄) ထက် ပြင်းအားအဆ (၁၀၀) ရှိကြောင်းပင်။ ထို့ပြင် "ရစ်(ချ်)တာ စကေး" အမှတ် (၄) နှင့် ယင်းအောက်၌ ဖော်ပြထားသော အမှတ်စဉ်များကား သာမန်လျှင်လှုပ်ခတ်မှုများသာဖြစ်၏။

## ကမ္ဘာ့မှတ်တမ်းဝင် လျှင်ကြီးများ

(၂၀) ရာစုအတွင်း မှတ်တမ်းတင်ခြင်းခံရသော လျှင်ကြီးများကား (၁၉၂၃) ခုနှစ်တွင် ဂျပန်နိုင်ငံ "ယိုကိုဟားမားမြို့"၌ ရစ်(ချ်)တာစကေး (၈.၃) အဆင့်လှုပ်ခဲ့ရာ လူနှစ်သိန်းခန့် အသက်ဆုံးရှုံးခဲ့၏။ (၁၉၂၇) ခုနှစ်တွင် တရုတ်ပြည် "နန်ရှန်ပြည်နယ်"၌ (၈.၃) အဆင့်ဖြင့် လှုပ်ခတ်ရာ လူနှစ်သိန်းခန့်ပင် အသက်ဆုံးခဲ့၏။ တစ်ဖန် (၁၉၇၆) ခုနှစ်တွင် တရုတ်ပြည် "တန်ရှန်ပြည်နယ်"၌ (၈.၂) အဆင့် လျှင်လှုပ်ပြန်ရာ လူ (၂၄၂,၀၀၀) ကျော် အသက်ဆုံးရှုံးခဲ့ပြန်သည်။

တစ်ခါတစ်ရံ ပြင်းထန်သော လျှင်ကြီးများလှုပ်သော်လည်း အသေအပျောက် နည်းသည့်ကာလများလည်း ရှိ၏။ လူနေကျဲသော ဒေသများ၌ လှုပ်ခတ်သွား၍ပင်။ (၁၉၃၃) ခုနှစ်က ဂျပန်နိုင်ငံတွင် ပြင်းအား (၈.၉) အဆင့် လျှင်လှုပ်ခဲ့သော်လည်း လူ (၂၉၉၀) ခန့်

သာ အသေအပျောက်ရှိပြီး (၁၉၅၀) ပြည့်နှစ်က အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်၌ (၈.၇) အဆင့် ငလျင်လှုပ်ခဲ့သော်လည်း လူ (၁၅၃၀)ခန့်သာ အသက်ဆုံးရှုံးခဲ့ပါသည်။

အထူးခြားဆုံးမှာ ဂျာဗားကျွန်းစု "ဆွန်ဒ" ရေလက်ကြား၌ (၂၉.၈.၁၈၈၃) ရက်နေ့က "ကမ္ဘာပျက်တော်လည်းသံ"ကြီးကို ကြားရပြီး "KRAKATOA" ကျွန်းသည် ကမ္ဘာ့ရေပြင်မှ စုံးစုံးမြုပ်ပျောက်ကွယ်သွား၏။ ပတ်ဝန်းကျင် တုန်ခါမှုကား ကမ္ဘာကြီးကို သုံးကြိမ်တိုင် လွှမ်းပတ်ခဲ့ပြီး သိပ္ပံပညာရှင်များပင် ယနေ့တိုင် ရှင်းလင်းနိုင်ခြင်းမရှိသေးသည့် ပြဿနာတစ်ရပ်ဖြစ်နေပါသည်။ သို့မို့ကြောင့် ငလျင်လှုပ်လျှင် လူမနေသောဒေသများ၌သာလှုပ်ရန် ဆုတောင်းရမလိုပင်။

## မြန်မာနိုင်ငံရှိငလျင်ကြောကြီးများ

မြန်မာနိုင်ငံရှိ အကြီးမားဆုံး ငလျင်ကြောကြီးမှာ "စစ်ကိုင်းပြတ်ရွေ့ ငလျင်ကြော" ဖြစ်၏။ အန္တရာယ်ရှိသော ငလျင်ကြောဟုခေါ်သော်ရကောင်း၏။ ယင်းပြတ်ရွေ့ကြောပေါ်တွင် စစ်ကိုင်း၊ ရွှေဘို၊ မန္တလေး၊ အမရပူရ၊ ကျောက်ဆည်၊ သပိတ်ကျင်းစသော မြို့များတည်ရှိ၏။ စစ်ကိုင်းပြတ်ရွေ့ကြောသည် (၁၀) နှစ်လျှင် (၉) လက်မနှုန်းခန့် ရွေ့လျားနေလေ့ရှိ၏။ လွန်ခဲ့သော နှစ်ပေါင်း (၆၀) မှ (၈၀) အတွင်း "ရစ်(ချ်)တာစကေး" (၇.၀) အဆင့်ရှိ ငလျင်ကြီးများ ယင်းအရပ်၌ လှုပ်ခဲ့ဖူး၏။ အပျက်အစီး အထိအခိုက်များလည်းရှိ၏။

ဒုတိယအကြီးမားဆုံးမှာ "ရခိုင်ငလျင်ကြော" ဖြစ်၏။ သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ စသည့်ဒေသများ ပါဝင်၏။ နှစ်ပေါင်းများစွာကြာမှ တစ်ကြိမ်လှုပ်တတ်၏။ (၁၉၆၇) ခုနှစ်က ငလျင်တစ်ကြိမ်လှုပ်ခဲ့၏။ "ပြင်ဦးလွင်၊ နောင်ချို၊ ရပ်စောက်ပြတ်ရွေ့ကြော" လည်း

ရှိ၏။ အင်းလေးကန်ကို ဖြတ်လျက် ကယားပြည်နယ်အထိ ရောက်ရှိ၏။ သို့သော် ရွှေလျားမှု နှေးကွေး၏။ (၁၉၁၂) ခုနှစ်က 'ရစ်(ချ်)တာစကေး' (၈.၀) အဆင့်ထိ လှုပ်ခဲ့ဖူး၏။

## မြန်မာ့ငလျင်

(၁၁.၁၁.၁၂) ရက်နေ့ နံနက် (၇) နာရီ (၄၂) မိနစ်ခန့်တွင် ရွှေဘိုမြို့၏ မြောက်ဘက် (၄၅) မိုင်ခန့်နေရာကို ဗဟိုပြု၍ အင်အား "ရစ်(ချ်)တာစကေး" (၆.၈) အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခု လှုပ်သွား၏။ တစ်ဖန် နံနက် (၇) နာရီ (၅၉) မိနစ်ခန့်တွင် သပိတ်ကျင်းမြို့မှ အနောက်တောင်ဘက် (၄) မိုင်ခန့်နေရာကို ဗဟိုပြု၍ အင်အား "ရစ်(ချ်)တာစကေး" (၅.၀) အဆင့်ရှိ ငလျင်တစ်ခုနှင့် နံနက် (၈) နာရီ (၂) မိနစ်ခန့်တွင် သပိတ်ကျင်းမြို့မှ အနောက်တောင်ဘက် (၁၂) မိုင်ခန့်အကွာရှိ နေရာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး (၅.၀) အဆင့်ရှိ မြေငလျင်တစ်ခု ထပ်မံလှုပ်ခဲ့ပြန်သည်။

ယင်းငလျင်များကြောင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ စစ်ကိုင်း၊ ရွှေဘို၊ ကျောက်မြောင်း၊ ခင်ဦး၊ မန္တလေး၊ အမရပူရ၊ စဉ့်ကူ၊ ကျောက်ဆည်နှင့် သပိတ်ကျင်းမြို့နယ်များတွင် စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ လူနေအိမ်များ၊ ရုံး၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် တည်ဆောက်ဆဲလုပ်ငန်းအချို့ ပျက်စီးပြီး ပြည်သူအချို့ ထိခိုက်ဒဏ်ရာရကာ သေဆုံးခဲ့ကြပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ကြီးအနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။ ယခုအချိန်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် တတ်နိုင်

သမျှ ကူညီထောက်ပံ့ကြရန် ဆော်ဩထားပြီး လှူဒါန်းသူများကလည်း မစဲ၊ အင်တိုက်အားတိုက် ပြုပြင်ဆောင်ရွက်သူများလည်း အမြဲပင်။

## ငလျင်ဒဏ်ခံရသူများ၏ နောက်ပိုင်းတာဝန်

သဘာဝ ဘေးအန္တရာယ်ဆိုသည်မှာ ခန့်မှန်းရန်ခက်၏။ မည်သည့် အန္တရာယ်မျိုးကိုမဆို ကြိုတင်ကာကွယ်နိုင်က အကောင်းဆုံးပင်။ မြေငလျင်လှုပ်နေစဉ် စိတ်ကိုတည်ငြိမ်အောင်ပြု၍ အဆောက်အအုံများ၊ သစ်ပင်ကြီးများအောက်မှ အမြန်ဆုံး ထွက်ခွာသွားသင့်၏။ ဓာတ်တိုင်၊ လျှပ်စစ်ဓာတ်ကြိုးများ အောက်တွင် မနေသင့်ပါ။ ဓာတ်လှေကားကို မသုံးဘဲ ရိုးရိုးလှေကားကိုသာ သုံးပါ။ မီးပျက်က ဓာတ်လှေကားအတွင်း ပိတ်မိနိုင်၍ဖြစ်၏။ အင်အားကြီး ငလျင်ကြီးများ လှုပ်ပြီးတိုင်း နောက်ဆက်တွဲ မြေငလျင်များလှုပ်လေ့ရှိပါသည်။ အိမ်အတွင်း၌ရှိနေလျှင် အိမ်ပြင်သို့ အမြန်ပြေးထွက်ပါ။

ထူးထူးခြားခြား မှတ်တမ်းတင်ထားသည့် "နောက်ဆက်တွဲငလျင်ဖြစ်ရပ်" လည်းရှိပါသည်။ (၁၈၁၁) ခု၊ ဒီဇင်ဘာလ (၁၆) ရက်မှ (၁၈၁၂) ခု၊ ဖေဖော်ဝါရီလ (၇) ရက်နေ့ထိ အမေရိကန်နိုင်ငံ မစ်ဇူရီပြည်နယ်ရှိ NEW MADRID မြို့နားတွင် (၈.၇) အဆင့်ရှိ နောက်ဆက်တွဲ ငလျင်များ မကြာခဏလှုပ်၍ အနောက်အလယ်ပိုင်းတွင် အပျက်အစီးများ တောင်လိုပုံသွားပြီး "မစ်စစ်စပီ မြစ်ကြီးပင်" ရေကြောင်းပြောင်းလဲသွားကြောင်း ဖော်ပြထားပါသည်။

"ရစ်(ချ)တာစကေး" သို့မဟုတ် ငလျင်ပြင်းအား

| ပြင်းအား | ထိခိုက်မှု |
| --- | --- |
| ၁-၂ | လူမသိလိုက်သော ငလျင်လှုပ်မှု။ |
| ၂-၃ | ပြင်းထန်မှုမရှိ၊ ငလျင်လှုပ်ခြင်းကို သတိထားမိသူ နည်း၏။ |
| ၃-၄ | တုန်ခါမှုကို လူတို့ခံစားရ၊ မျက်နှာကြက် မီးသီးများ လှုပ်ရှား။ |
| ၄-၅ | အပျက်အစီးရှိ၊ အဆောက်အအုံ နံရံပြို၊ အက်ကြောင်း များပေါ်။ |
| ၅-၆ | လေးလံသော အရာဝတ္ထုများ နေရာရွေ့၊ မခိုင်သော အိမ်များပြို။ |
| ၆-၇ | ခိုင်ခံ့သောအိမ်များ ပျက်စီး၊ အုတ်တံတိုင်း/နံရံပြို။ |
| ၇-၈ | အဆောက်အုံပြို၊ မြေပပ်ကြားအက်၊ မြေအောက်ပိုက်လိုင်းကွဲကြေ။ |
| (၈) မှ အထက် | အဆောက်အအုံ/တံတားများ အကြီးအကျယ်ပျက်စီး၊ မြေကြောခေါက်တွန့်။ |

REF : THE NLM, ကြေးမုံသတင်းစာ၊ THE WORLD ALMANAC AND STRANGER THAN SCIENCE.


New Tiger
မြန်မာသာသနာ့သမိုင်းတွင်
ရဟန္တာဟု ထင်ရှားကျော်ကြားခဲ့သော
ဆရာတော်ကြီးများ
ကောင်းပြည့်စုံ


အမြူရောင်ကြယ်
မြန်မာ့သားကောင်းမိခင်ကြီး
ဒေါ်ခင်ကြည်
အမြူရောင်နှလုံးသားပိုင်ရှင်
သမီးအောင်ဆန်းစုကြည်
ကောင်းပြည့်စုံ




အထင်ကရ ရှင်သန်နေသူများ
နေစိုးထက်





ဖုန်းရွှေ
ပြေပြစ်ချောမွေ့နေတဲ့အိမ်
မိုးဇော်ဦး
FENG SHUI


ဒီလိုပြောချင်သည်
မြတ်ဘုရားရွှေတိဂုံ
ဆောင်းပါးများစုစည်းမှု
သခင်အောင်ပေ



# နားစွန် နားဖျား ကြားမိသော...

ညကျော်ထွန်း (ရေနံ)

- ဆန်းကြယ် အံ့ဖွယ် ရုကာပေါင်း ဓမ္မစေတီခေါင်းလောင်း
- ထူးထွေသည့် အံ့ရာသောစ်
- အသိလေးပွား သတိလေးထား တယ်လီဖုန်းစကား
- အကယ်၍သာ
- လမ်းတံတားနှင့် အန္တရာယ်
- ဖိမ်ခံကားများ ယာဉ်အန္တရာယ် ကင်းဝေးရေး
- ကားသစ် ဝယ်မည်ကြံလျှင်
- ဘဝနေဝင်ချိန်နှင့် သုတေသီများ
- အလှဆင် ရင်တုပြဿနာ
- အန္တရာယ်နှင့် သူ၏အခြေအရံများ
- မစ္စဟူစတန် (သို့မဟုတ်) အနုပညာရှင်များအတွက် သင်ခန်းစာ
- တလွဲဆံပင် ကောင်းကြသူများ
- ပညာသတိ ဉာဏ်ရှိအတိုင်း စဉ်းစားပိုင်း၍
- စာမေးပွဲနှင့် မသမာမှု
- အားလုံးကို ကျော်ဖြတ်ရမယ်
- စင်ကာပူရောက်လျှင် ထားရမည့် "သတိ"
- စာအုပ်စာပေ လူ့မိတ်ဆွေ
- ဈေးကြီးလာသော အင်္ဂလိပ်စာ
- မြန်မာ့ပညာရေးနှင့် အပြည်ပြည်ဆိုင်ရာအဆင့်
- သူတို့နိုင်ငံမှ ခိုးကူးစာတ်ပြား ပပျောက်ရေးနည်း
- အကျိုးမပြု၊ အဆိုးစု၊ လူကုန်ကူးမှု
- အကြမ်းဖက်မှု နောက်ကွယ်၌
- လမ်းပေါ်မှာ လမ်းပျောက်နေကြသူများ
- အလှူရှိသူတို့ရဲ့ အလှူပွဲ
- အတုယူစဖွယ် အထည်ချုပ်စီးပွားရေး
- တီထွင်ဆန်းသစ်၊ စွမ်းအင်သစ်များ
- ဆင်းရဲခြင်းမှ လွတ်ကင်းရန်
- ရှေးဟောင်းပစ္စည်းနှင့် အနုပညာပစ္စည်းများ ဝယ်မည်ကြံလျှင်
- အစွဲထုတ် အပေါက်မြန် ကြော်ငြာဟန်
- အရှုံးဗလာ အမြတ်သေချာသည့် လုပ်ငန်းများ
- သဘာဝဘေးအန္တရာယ်နှင့် တိရစ္ဆာန်တို့၏ ဆဋ္ဌမအာရုံ
- မြန်မာ့ငလျင်နှင့် ကမ္ဘာ့အမြင်